http://www.cherrythitsar.org



http://www.cherrythitsar.org

**ချမ်းမြေ့ရတနာစာအုပ်တိုက်**

တ-၆/၈၇၊ ၆၅လမ်းနှင့် ငုပြာလမ်းထောင့်

ချမ်းမြသာစည်မြို့နယ်၊ မန္တလေး။

၀၂-၈၀၂၈၂

## ဗိုလ်တာဝန်အရေးသုံးပါး

* ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက် သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစံနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

http://www.cherrythitsar.org

ချမ်းမြေ့ရတနာ

နေဝင်းမြင့်

# အိုင်ဒီယာအက်ဆေးများ

ဖြန့်ချိရေး
**Echo Media**
အမှတ် ၁၅၈၊ ၁၆၈၊ အခန်း ၁၇
ပထမထပ်
မဟာဗန္ဓုလပန်းခြံလမ်း (အလယ်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၁-၂၅၄၂၅၂
wintiger @ mptmail.net.mm

http://www.cherrythitsar.org

စာမူခွင့်ပြုချက်အမှတ်
၁၅၁၃/ ၂၀၀၃ (၈)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၁၄၆၁/ ၂၀၀၃ (၁၂)

စီစဉ်ထုတ်လုပ်သူ
လှပိုင်

ပထမအကြိမ်
အုပ်ရေ (၁၀၀၀)
ဇွန်လ၊ ၂၀၀၄

မျက်နှာဖုံးဒီဇိုင်း
သူရိန်

ကွန်ပျူတာစာစီ
m & a

အတွင်းဖလင်
ကိုဦးနှင့်ညီများ

စာအုပ်ချုပ်
ဖူးပွင့်မွှေး

ဦးခင်မောင်သိန်း၊ သလ္လာဝတီစာပေ (၀၇၄၇)
တိုက် ၂၄၀/၃၊ ၂၅ ရပ်ကွက်၊
ဧေယျာသုခလမ်း၊ သုဝဏ္ဏမှ ထုတ်ဝေ၍
ဒေါ်ခင်အေးမြင့် (ရာပြည့်အော့ဖ်ဆက်–၀၅၉၀၁)
အမှတ် ၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံးနှင့် အတွင်းစာသားများကို ပုံနှိပ်သည်။

တန်ဖိုး–၁၂၀၀ ကျပ်

http://www.cherrythitsar.org

# မာတိကာ


| | | |
|---|---|---|
| (၁) | ဟမ်ဘာဂါ | ၁ |
| (၂) | ပတ်ဝန်းကျင်၊ ဓမ္မနှင့် မိမိ . . . | ၁၀ |
| (၃) | သစ်ခွပင်များ | ၁၈ |
| (၄) | မြသန်းတင့် CD - ROM | ၂၄ |
| (၅) | လွန်းကျင်း | ၃၃ |
| (၆) | ရေဒီယို | ၄၀ |
| (၇) | မိုးတိမ်များ | ၄၇ |
| (၈) | သစ်ရွက်ဖျော်ရည် | ၅၄ |
| (၉) | အိမ်ကလေး | ၆၁ |
| (၁၀) | အိမ်ကလေး (၂) | ၆၉ |
| (၁၁) | ဆံပင်ညှပ်ခြင်း | ၇၆ |
| (၁၂) | မေ့ခြင်းသစ်ပင် | ၈၃ |
| (၁၃) | အင်ပရယ်ရှင်နစ်ဇင် အိပ်မက် | ၉၀ |
| (၁၄) | မြောက်ဘက်မြင်းများ | ၉၈ |
| (၁၅) | မနက်ဖြန်၏ မနက်ခင်းများ | ၁၀၆ |
| (၁၆) | အေးစက်စက် ကုမ်ရာသီ | ၁၁၅ |
| (၁၇) | ညဏ်ရည်ကိန်းလျှော့ ကြွက်တစ်ကောင် | ၁၂၂ |
| (၁၈) | ရှုပ်ဒိုးများ | ၁၃၁ |
| (၁၉) | တိတ်ဆိတ်လှည်းများ | ၁၃၇ |
| (၂၀) | ရန္တပိုအိုးကလေး အေးပါဘိ | ၁၄၆ |
| (၂၁) | ဟိမဝန္တာသို့ တမ်းချင်း | ၁၅၃ |
| (၂၂) | အသေရဲ့သူများ | ၁၆၆ |
| (၂၃) | ပိတောက်ပွင့်တဲ့ ရာသီ | ၁၇၇ |
| (၂၄) | ရွှေမန္တလေး . . . ဝေးဝေး သကြ်န် | ၁၈၃ |
| (၂၅) | ဆောင်းခိုငှက်၊ ဆောင်းပွင့်နှင့် စကားပင်အောက်က တစေ | ၁၉၀ |


■

# ဟမ်ဘာဂါ

## (၁)

မွန့်ပယ်လီယေးဘူတာရုံကိုရောက်တော့ ညနေလေးနာရီရှိပြီ။ ရထားထွက်ချိန်က ၄း၁၃ နာရီ။ ကြီးမားလွန်းသည့် ဘူတာရုံကြီးထဲက သူစီးရမည့်သို့ Track Line သို့ရောက်အောင် တော်တော်ကလေး မေးပြီးမှရောက်သည်။ ရထားတံခါးပေါက်တွေကမဖွင့်သေးပါ။ရထားတံခါးဝမှာ လူတော်တော်များများတန်းစီထားကြပြီ။ သူ့မှာ ထူးထူးထွေထွေ မပါပါ။ သူ့သေတ္တာတွေ၊ ပစ္စည်းပစ္စယတွေက ပါရီမှာ ကျန်ရစ်ခဲ့သည်။ သည်မြို့ကလေးကို နှစ်ရက်လောက်သူရောက်နေခြင်းဖြစ်သဖြင့် အတက်ချီကော့စ်ထဲမှာ ဘောင်းဘီတစ်ထည်၊ တီရှပ်နှစ်ထည်၊ ရှပ်အင်္ကျီတစ်ထည်လောက် ထည့်ကာ ထွက်လာခဲ့ခြင်းဖြစ်သည်။

မွန့်ပယ်လီယေး (Montpellier) ကို နှစ်ရက်လောက်အတွင်းမှာပဲ သူလွမ်းဆွတ်နေသည်။ သန့်ရှင်းသပ်ရပ်သော မြေထဲပင်လယ်ကမ်းခြေနှင့် မနီးမဝေးက မြို့ကလေး။ ရာသီဥတုကလည်း မြေထဲပင်လယ်ရာသီဥတု ပူပူနွေးနွေး။ ပြင်သစ်နိုင်ငံ အော်လီလေဆိပ်က လေယာဉ်စီးလာတော့ လေယာဉ်အဆင်းမှာ

http://www.cherrythitsar.org



ပြာလဲ့ကျယ်ပြန့်သည့် ပင်လယ်ကမ်းစပ်ဘေးမှာ လေယာဉ်က အချိန်တော်တော် ကြာကြာ ဝဲကာ ပျံသန်းနေတာကို လေယာဉ်ပြတင်းဝက သူငေးကြည့်နေခဲ့ သေးသည်။

'ဒါ မြေထဲပင်လယ်လေ။ မွန့်ပယ်လီယေး မက်ဒစ်တာရေး နီးယန်း လေဆိပ်ကို ဆင်းတော့မယ်။ မင်းက အလည်သက်သက်ပဲလား'

သူ့ဘေးက ပြင်သစ်အမျိုးသမီးကြီးက ပင်လယ်ကို ငေးနေသော သူ့ကို ခပ်တိုးတိုးပြောနေခြင်းဖြစ်သည်။ ပြင်သစ်မှာ အင်္ဂလိပ် ဘာသာစကား ကြားရခဲသည်။ သို့သော် သည်အချိန်ကတော့ ခြွင်းချက်ဖြစ်လိမ့်မည်။ ကမ္ဘာ့ဖလား ဘောလုံးပွဲပရိသတ်က လူမျိုးပေါင်းစုံဆိုတော့ ခဏသိမ်းထုပ်ထားသော အင်္ဂလိပ် ဘာသာစကားကို ပြင်သစ်လူမျိုးတချို့က ဖုန်ခါကာ ပြန်သုံးနေချိန်လေ။

'ကျွန်တော် မွန့်ပယ်လီယေးမှာ ဘောလုံးပွဲကြည့်မလို့ပါ။ မနက်ဖြန် နှစ်နာရီမှာ ကန်မယ့်ပွဲလေ'

'ကောင်းလိုက်တာ'

ပြင်သစ်အမျိုးသမီးကြီးက ဒါပဲပြောသည်။ လေယာဉ်က ပင်လယ် ကမ်းစပ်ဆီကို နိမ့်ဆင်းနေသည်။ ခါးပတ်တွေ ပတ်ခိုင်းနေပြီ။ ပြင်သစ်နိုင်ငံ ပေမယ့် Air France လေယာဉ်တွေ မဟုတ်ပါ။ အင်္ဂလိပ်ပိုင် လစ်ဘာတီလေ ကြောင်းက ဝင်ဆွဲနေးနေခြင်းဖြစ်သည်။ သည်လိုနှင့် မွန့်ပယ်လီယေးကို ရောက် သည်။ မနက်ပိုင်းမှာ စိုက်ပျိုးရေး သုတေသနဗိမာန်က ဆန်နှင့် သီးနှံဌာန၊ ဆီအုန်းဌာန၊ အပူပိုင်းသစ်သီးများဌာနတွေကိုအစီအစဉ်အတိုင်း သူရောက်သွားခဲ့ သည်။ ပြီးတော့ အာဆိုးလို့ခေါ်သည့် ရပ်ကွက်ထဲက ဟိုတယ်အာဆိုးမှာ တစ်ည အိပ်သည်။ ဟိုတယ်အာဆိုးက ကြယ်နှစ်ပွင့်အဆင့် ဂလေဆီယာဟိုတယ်ကလေး ဖြစ်သည်။ ဟိုတယ်ပိုင်ရှင်သားအဖက သူ့ကို ကောင်းကောင်းကြိုဆိုသည်။ ပါရီက Fax ပို့ထားတာက တော်တော် အဆင်ပြေသွားသည်ကော။ သည်လို ဘောလုံးပွဲရက်တွေမှာ ဟိုတယ် ခန်းနေရာရဖို့ တော်တော်ခက်သည်။

'မင်းလာမယ်လို့ မင်နစ်စထရီက ဖက်စ်ပို့ထားတယ်။ မင်းနာမည်က ဘယ်လိုအသံထွက်သလဲ'

'ခင်မောင်ဝင်း၊ ဝင်းလို့ခေါ်ရင် ရပါတယ်'

'ဝင်း၊ မစ္စတာဝင်း ဟိုတယ်အာဆိုးက ကြိုဆိုပါတယ်'

'ကျေးဇူးတင်ပါတယ်'

သည်လိုနှင့် ဟိုတယ်အာဆိုးက အခန်းကျဉ်းကလေးထဲမှာ သူခဏလှဲ နေလိုက်သည်။ မနက်ကတော့ သူစိုက်ပျိုးရေးသုတေသန ဗိမာန်က တာဝန်ရှိ

http://www.cherrythitsar.org



ညော့်ကြိုပြင်သစ်အမျိုးသမီးနှစ်ဦးနှင့်အတူ ထမင်းစားခဲ့ပြီးသား။ အင်း ထမင်းတော့ လည်း မဟုတ်ပါ။ ထမင်းနှင့်တူသော ဆန်ပေါင်းလက်တစ်ဆုပ်စာကလေးကို ပဲသီးစိမ်းပြုတ်နှင့် ရောထားသည့် ဘုရားစူးလွတ် ထမင်းဖြစ်သည်။ ကိုရင်တွေ ဆွမ်းခံတော့ ပါလာတတ်သည့် ဆွမ်းဟင်းခွက် တစ်ခွက်စာ မရှိတရှိ ထမင်းကလေး နည်းနည်းဖြစ်သည်။ ကျန်တာက ဒိန်ခဲလက်နှစ်ဆစ်လောက်၊ ပန်းသီးတစ်ခြမ်း၊ ချော့ကလက်ချိုအီအီတစ်လုံး၊ ဝိုင်နီတစ်ပုလင်း၊ နို့ချဉ်ဘူးလေး တစ်ဘူး၊ ငါးဝမ်းတွင်းသား ခပ်ပြားပြားတစ်ချပ်နှင့် စောစောက ပြောသည့် ထမင်းနှင့် ပဲသီးပေါင်းနည်းနည်းသာ ဖြစ်သည်။ သူ့ကို ညော့်ခံသောအမျိုးသမီး တွေကတော့ စားရင်းက မေးခွန်းတော်တော် များများမေးနေသည်။

'ကျွန်မတို့ ဌာနကြီးက နေရာတော်တော်များများကို လေ့လာခဲ့ပြီနော်၊ ကျေနပ်ရဲ့လား ပြီးတော့ ဘယ်လိုမြင်သလဲ'

'ကျွန်တော်ကတော့ ဆေးရုံကြီးနဲ့ တူတယ်ထင်တာပဲ'

ပြင်သစ်အမျိုးသမီးနှစ်ယောက်က စားလက်စခက်ရင်းနှင့် ဓားကို လွှတ်ချကာ သူ့ကိုငေးကြည့်နေကြသည်။ စိတ်ဆိုးသွားတာ မဟုတ်သော်လည်း သည်လိုနိမိတ်ပုံမျိုးလာလိမ့်မည် ထင်ထားပုံမရပါ။ ခပ်ချောချော မျက်လုံးပြာမ ကလေးက ချက်ချင်းပြုံးလိုက်ကာ 'ရှင်းပြပါဦး' ဟု ထပ်မေးသည်။

'ဒီလိုပါ မနက်က ကျွန်တော်ရောက်ကတည်းက သုတေသနဗိမာန်ကြီး ကို မြင်လိုက်ရတော့ ကျွန်တော့်ဘဝမှာ ပထမဆုံးနဲ့ အကောင်းဆုံးတွေ့လိုက်ရတဲ့ ဌာနကြီးလို့ ခံစားလိုက်ရတယ်'

'ဝမ်းသာပါတယ် ဆက်ပါဦး'

'နောက်ဌာနတွေ တစ်ခုချင်းလိုက်လေ့လာခွင့်ရတော့ ကမ္ဘာမြေရဲ့ နောက်ဆုံးပေါ် ဂေဟဗေဒဝေဒနာတွေကို သက်သာရာ သက်သာကြောင်း ပြုစုပျိုးထောင် သုတေသနပြုနေတဲ့ ဌာနကြီးဆိုတာ သိလိုက်ပြီ ဆိုပါတော့။ ကမ္ဘာ့ပတ်ဝန်းကျင်ပြဿနာ၊ လယ်ယာစိုက်ပျိုးရေးနည်းပညာ၊ သီးနှံအထွက်တိုး ရေးကိစ္စတွေ၊ မြေဆီလွှာပြဿနာ၊ နောက် ကမ္ဘာ့ရာသီဥတုနဲ့ စိုက်ပျိုးမြေ အသွင်ပြောင်းတဲ့ ကိစ္စတွေ၊ ထားပါတော့ ဒါတွေအားလုံးဟာ ယနေ့ကမ္ဘာကြီးရဲ့ စားနပ်ရိက္ခာပြဿနာတွေပဲ မဟုတ်လား။ သည်ပြဿနာတွေ ကုစားပေးနေတဲ့ ဆေးရုံကြီးပဲလို့ ကျွန်တော်မြင်မိတယ်'

'တော်ပါသေးရဲ့ရှင်'

အလျှောက်ကောင်းလို့လား မသိပါ။ နောက်ထပ် ဝိုင်တစ် ပုလင်း ထပ်ရောက်လာသည်။ ကင်းတဲထဲမှာ ထမင်းစားချိန်ဆိုတော့ လူတော်တော်

http://www.cherrythitsar.org



များများ စားသောက်နေကြသည်။ သူကတော့ ငါးဝမ်းပျဉ်းသားကို ဓားနှင့်ဖွဲ့ကာ ဖွဲ့ကာ၊ ခက်ရင်းနှင့် စိုက်ကာ စိုက်ကာ တစ်တုံးချင်းစားသည်။ ပဲသီးပြုတ်ထမင်းကို တော့ ခက်ရင်းနှင့်ပဲ ပါသလောက်စားနေရသည်။ ပြင်သစ်မှာက သူတွေ့သမျှ ဇွန်းမပါတတ်ပါ။ နို့ချဉ်ဘူးဖွင့်ကာ သောက်လျှင်၊ ဒါမှမဟုတ် ချော့ကလက်တုံး ဖွဲ့စားလျှင် သုံးရသည့် ဇွန်းသေးသေးကလေးတစ်ချောင်းသာ အနားမှာ ရှိတတ် သည်။ သည်ဇွန်းကလေးနှင့် ကော်စားဖို့ကလည်း မကောင်းနိုင်။ ထားပါတော့၊ သူထမင်းမဝပါ။ အမျိုးသမီးနှစ်ယောက်ကတော့ လက်နှင့် ယက်စားသလို ပြောင်စင်အောင် စားတတ်တာကို သူအားကျနေသည်။ စိုက်ပျိုးရေးသုတေသန ဗိမာန်ရှိရာ မြို့ပြင်က မွန့်ပယ်လီယေးမြို့တွင်းကို တော်တော်လာခဲ့ရသည်။ အာဆိုးရပ်ကွက်ကို ရောက်တော့ ညနေစောင်း။ ဟိုတယ် အာဆိုးက အခန်း ကျဉ်းလေးထဲမှာ လှဲအိပ်နေရင်းက သူ ပြန်ဆာလာသည်။ စောစောစီးစီးထွက် စားမှ တော်ကာကျမည်။ ပါရီမှာတော့ ကိစ္စမရှိ။ သူတည်းနေသည့် ဟိုတယ်ကြီး က မြို့လယ်မှာ ဖြစ်သည်။ ဘယ်နား ဘယ်ဆိုင် ရှိတာလောက်တော့ သူသိပါ သည်။ အခုကတော့ ပါရီ မဟုတ်။ ပါရီနှင့် ဝေးလံသော ပင်လယ်ကမ်းခြေ တစ်နေရာ။

ချက်ချင်းလိုလိုပါပဲ။ မြို့တွင်းကို ထွက်လာခဲ့သည်။ ဟိုတယ် အာဆိုး မန်နေဂျာက သူ့ကို မြေပုံကလေး တစ်ချပ်ပေးသည်။ ဟိုတယ်ရှိသည့် တည်နေ ရာကို မင်နှင့် ဝိုင်းပေးလိုက်သေးသည်။ လမ်းပျောက်နေလျှင် တက္ကစီသုံးပါဟု လည်း မှာသည်။ ကိစ္စမရှိ။ မြန်မာပီပီ လမ်းမှတ်ပြီး တော်တော်ဝေးဝေးကို လျှောက်လာခဲ့သည်။

မြို့တွင်းမှာတော့ ကြီးမားသော ပြဇာတ်ရုံကြီးရှိသည်။ ရေပန်းတွေ တဖွားဖွားကျနေသည့် ကြေးရုပ်ထုကြီးရဲ့ ဘေးမှာတော့ မြို့လယ်ကွင်းကျယ်ကြီးရှိ သည်။ ကွင်းကျယ်ကြီးဘေးက အဆောက်အဦးတွေက ဟောင်းမြင်းသလောက် လက်ရာကောင်းသည်။ ညနေခင်း ညို့ရီရီ မြေထဲပင်လယ်ရာသီဥတု။ သစ်ပင် တွေက ခဲရောင် တောက်ပနေသည်ကော။ စိမ်းဖန့်သော သစ်ရွက်တွေပေါ်မှာ နေရောင်ခြည်ရှိသည်။ လူတွေကတော့ ရှိသမျှ ကဖေးဆိုင်နှင့် စားသောက်ဆိုင် တွေမှာ အပြည့်။ သူဘာစားရမှာလဲ။ သူ့မှာ ပြင်သစ်သုံး ဖရန့် တော်တော်များ များ ရှိနေသည်။ ပြင်သစ် အကြွေစေ့တွေကိုလည်း သူနားလည်နေပြီ။ ထမင်း . . . ဘယ်လိုမှ မရနိုင်ပါ။ ဗီယက်နမ်ဆိုင်တွေ၊ ဒါမှမဟုတ် အိန္ဒိယစားသောက် ဆိုင်တွေမှာ ထမင်းနှင့်ဟင်းရတတ်သည်ဟု ပါရီကမိတ်ဆွေတွေက ပြောဖူး သည်။ ဒါတောင် သူတစ်ခါမျှ မရောက်ဖူးခဲ့။ ဘားဂက်လို့ခေါ်သည့် ပြင်သစ်

http://www.cherrythitsar.org



ဟမ်ဘာဂါ ချောင်းတစ်တောင်လောက်ကို စားနေရတာ ကြာခဲ့ပြီ။ ထမင်းစား ချိန်ရောက်တိုင်း သူအမှတ်တရ ရှိနေတတ်တာကတော့ သူ့အိမ်က ကြက်ဥကြော် ဒယ်အိုးကလေးနှင့် ထမင်းပေါင်းအိုးဟောင်းကလေး ဖြစ်သည်။ ထမင်းပေါင်းအိုး ကလေးကို ဘဝ၏ သူတစ်ခါဖူးမျှ အရေးတကြီး အမှတ်တရ အဆင်တန်ဆာလို့ မသတ်မှတ်ခဲ့ဖူးတာကို သူ ဝန်ခံရမည်။

ပါရီရောက်ကတည်းက ထမင်းငတ်ခဲ့သော သူအဖို့ ထမင်းပေါင်းအိုး လေးကို သတိရနေတတ်တာကိုပဲ သူအံ့သြနေရတော့သည်။ ခုလည်း သူဘာစား ရမှာလဲ။ တွေ့ပြီ။ ထမင်းဆိုင်မဟုတ်။ မက်ဒေါနယ် ဟမ်ဘာဂါဆိုင်ကလေး။ ထုံးစံအတိုင်း လူတွေ တန်းစီနေသည်။ ခဏနေတော့ ဖိုင်ဘာလင်ပန်းကြီးကြီးထဲ မှာ ကြက်သားနှင့် ဂျုံကို ကြိတ်ကာ ကြော်ထားသည့် အသားတုံး ဆယ်တုံး လောက် ထည့်ထားသည့် စက္ကူဘူးတစ်ဘူးပါသည်။ လက်ညှိုးချောင်းအရွယ် အာလူးကြော် လက်တစ်ဆုပ်လောက်ကတော့ ခွက်ထဲမှာ ထိုးထိုးထောင် ထောင်။ ဟမ်ဘာဂါတစ်လုံးထည့်ထားသည့် စက္ကူဘူးလှလှတစ်ဘူးနှင့် ကိုကာကို လာရည် စက္ကူဘူးတစ်ဘူး။ အားလုံး ငါးဆယ့်သုံးဖရန့် ကျသည်။ ကိုးဒေါ်လာ နီးပါး။ မြန်မာငွေနှင့်ဆိုတော့ သုံးထောင်နီးပါးပေါ့။ ဘုရား . . . ဘုရား . . . ။ ဘာပဲဖြစ်ဖြစ် ကွင်းကျယ်ကြီးထဲက လူတွေကျပ်သပ်နေသည့် ဟမ်ဘာဂါ စားသောက်ဆိုင် စားပွဲလွတ် တစ်နေရာမှာ ဝင်ထိုင်ရင်း အာလူးကြော်ကို စားသည်။ ကြက်သား ကြိတ်ကြော်ကို စားသည်။ ချဉ်စပ်ရည် ထုပ်ကလေးကိုပင် သူမဖောက်ဖြစ်ပါ။ သည်နှစ်မျိုးကုန်တော့ ဝမ်းတောင့်သွားပြီ။ ကိုလာကိုလာ သောက်လိုက်တော့ အိုကေ။ ဟမ်ဘာဂါကို မစားနိုင်တော့။

'ဘားစားခဲ့သလဲ အဆင်ပြေရဲ့လား'

ညပိုင်းတာဝန်ကျ ပြင်သစ်အဘိုးအိုက သူရောက်ရောက်ချင်း သော့ ထုတ်ပေးကာ မေးသည်။ ပြီးတော့ သူ့ကောင်တာပေါ်က ပန်းခြောက်တွေ ထည့် ထားသည့် ဝါးဘန်းကလေးကို ထိုးပေးသည်။ သူက အားရပါးရရှူလိုက်ကာ ပြန်တင်ထားလိုက်သည်။ ဒါလည်း ပြင်သစ်ယဉ်ကျေးမှုတွေထဲက တစ်ခု၊ သူ့အခန်းထဲ ပြန်ရောက်တော့ တီဗီက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ပွဲစဉ်တစ်ပွဲ၊ တိုက်ရိုက်ထုတ်လွှင့်နေသည်။ ပြင်သစ်စံတော်ချိန် ညနေ ငါးနာရီခွဲ တစ်ပွဲ၊ ညကိုးနာရီ တစ်ပွဲ လွှင့်နေကျ။ ခုတင်ပေါ်မှာ လှဲအိပ်ရင်း ဘောလုံးပွဲကို ပြီးအောင် ကြည့်နေသည်။ ပြီးတော့ ကိုယ်လက်သန့်စင်ကာ အိပ်ဖို့ ပြင်သည်။ စားပွဲပေါ်မှာ ဟမ်းဘာဂါဘူးကလေး။

http://www.cherrythitsar.org



'မနက်ကျရင်တော့ မကောင်းနိုင်တော့ဘူး ထင်တယ်။ ပြီးတော့ ဒါကမ္ဘာကျော် မက်ဒေါနယ်ဟမ်ဘာဂါ။ တစ်ကိုက်တော့ ကိုက်ကြည့်မှ ကောင်းမယ်'

သူ့ စိတ်ထဲတွေးနေမိခြင်းဖြစ်သည်။ သည်လိုနှင့် သူ့ အသက်လေးဆယ်ကျော်အတွင်း ပထမဆုံး စားဖူးသည့် မက်ဒေါနယ်လ် ဟမ်ဘာဂါ တစ်ကိုက်ကို သူကြိုက်သွားခဲ့သည်။ စားနေကျ ဟမ်ဘာဂါမျိုးမဟုတ်။ ပျော့ပျောင်းပြီး နူးညံ့နေသည့် ရသ။ ဆိမ့်မွှေးမွှေး အရသာ။ ဒါပေမယ့် သူမစားနိုင်တော့ပါ။ နှစ်ကိုက်လောက် ကိုက်ပြီးတော့ စားပွဲပေါ်က ဘူးထဲ ပြန်ထည့်လိုက်သည်။ မနက်လင်းတော့ ဟိုတယ်အောက်ထပ်မှာ နံနက်စာဆင်းစားသည်။ ပြီးတော့ ပြန်တက်လာကာ အဝတ်အစားလဲ၊ ဟမ်ဘာဂါ လက်ကျန်ကို အမှိုက်ပုံးထဲ ထည့်လိုက်ကာ အောက်ဆင်းလာခဲ့သည်။

'ညနေဟိုတယ် ပြန်မလာတော့ဘူး။ ကနေ့တစ်နေလုံး လည်မယ်။ ညနေရှစ်နာရီခွဲမှာ ဘောလုံးကွင်းမှာဘောလုံးပွဲကြည့်မယ်။ ပြီးရင် တီဂျီဗီ (TGV) နဲ့ ပါရီပြန်မယ်။ အရာအားလုံးအတွက် ကျွန်တော် ကျေးဇူးတင်ပါတယ်'။ ဟိုတယ်မှာ တာဝန်ကျသူလေးက ပြင်သစ်သူကလေး ဖြစ်နေပြန်ပြီ။ ပြင်သစ်သူကလေးက ဟိုတယ်အာဆိုးအမှတ်တရ မွန့် ပယ်လီယေး ရှုမျှော်ခင်းပုံ တစ်ပုံ လက်ဆောင်ပေးသည်။ မဂ္ဂဇင်းတချို့နှင့် အင်္ဂလိပ်ဘာသာ သတင်းစာတချို့ ပေးသည်။ သည်လိုနှင့် မွန့်ပယ်လီယေးကို သူတစ်နေကုန် လည်သည်။ ပင်လယ်ကမ်းခြေတွေ၊ တံငါရွာကလေးတွေ၊ ပြီးတော့ ပြတိုက်တချို့နှင့် ဈေး။ သည်တစ်ခါတော့ သူ ဝယ်တတ်သွားပြီ။ ဟမ်ဘာဂါ တစ်ဘူးထဲ ဝယ်လိုက်သည်။ အီဗီယင်ရေသန့်တစ်ဘူးနှင့် အဆင်ပြေသွားသည်။ ညနေ ဘောလုံးပွဲကြည့်တော့လည်း မွန့်ပယ်လီယေးဘောလုံးကွင်းကြီးရှေ့မှာ မက်ဒေါနယ် ဟမ်ဘာဂါဆိုင်တွေ တန်းစီနေသည်။ ပြင်သစ်ကမ္ဘာ့ဖလားပွဲ၏ တရားဝင်စားသောက်ဆိုင်လိုင်စင်ရထားတော့ ပြင်သစ်တစ်နိုင်ငံလုံးမှာ မက်ဒေါနယ်ဟမ်ဘာဂါဆိုင်တွေ မှိုလိုပေါက်နေချိန်လေ။ ဘောလုံးပွဲ အားလပ်ချိန်ပေးတော့ ဟမ်ဘာဂါနှင့် ကိုကာကိုလာ တစ်ပုလင်းကိုင်ကာ သူများနည်းတူ ခပ်သုတ်သုတ် ဝါးလိုက်ရသေးသည်။ မွန့်ပယ်လီယေးက အပြန်မှာတော့ လေယာဉ်ခရီးစဉ် မဟုတ်တော့။ တီဂျီဗီ (TGV) အမြန်ရထားစီးဖို့ စီစဉ်ထားတော့ ဘူတာရုံကို လေးနာရီရောက်အောင် ပြေးရသည်။

ဘူတာရုံကြီးထဲက မက်ဒေါနယ်ဟမ်ဘာဂါ တစ်ဘူးဝယ်ကာ တီဂျီဗီရှေ့မှာ တန်းစီလိုက်သည်။ ဟန်ကျချင်တော့၊ ပါရီအထိ သူ့ထိုင်ခုံဘေးမှာ လူမရှိ။ ရထားလမ်းဘေး ရှုခင်းတွေကိုငေးရင်း ဟမ်ဘာဂါ စားလာခဲ့သည်။

http://www.cherrythitsar.org



အမြန်ရထားက လမ်းမှာ နင်းမ်စ်နှင့် အာဗီညောင်ဘူတာနှစ်ခုမှာပဲ ရပ်ကာ ပါရီသို့ မရပ်မနား . . .။

(၂)

ပါရီမှာ နေခဲ့ရသည့် ရက်တွေမှာတော့ ဟမ်ဘာဂါ မစားဖြစ်ပါ။ ဘားဂက်ကို ပြန်စားနေရပြီ။ တစ်တောင်လောက်ရှည်သော ပေါင်မုန့်မာမာ ချောင်းကြီးကို ထက်ခြမ်းခွဲကာ ဆလပ်ရွက်၊ ခရမ်းချဉ်သီးလွှာ၊ ကြက်သားလွှာ၊ ကြက်ဥပြုတ်လွှာနှင့် နို့နှစ်ဆမ်းထားသည့် ဟမ်ဘာဂါပုံစံ တစ်မျိုး ဖြစ်သည်။ တစ်ချောင်းကို ၁၈ ဖရန့် ပေးရသည်။ သူတည်းခိုသည့်ဟိုတယ်နှင့် တော်တော်ကလေးဝေးသော လမ်းထောင့်မှာ လောင်ဖူးလို့ နာမည်ပေးထားသည့် တရုတ်စားသောက်ဆိုင် တစ်ဆိုင်ရှိသည်။ တစ်ခါတော့ သူစွပ်ရွတ်ဝင်သွားကာ ထမင်းကြော်ရသလား မေးသည်။

'ရပါတယ်၊ ကြက်သားထမင်းကြော်တစ်ဘူးကို နှစ်ဆယ့်ကိုး ဖရန့်ပါ'

သူလန့်သွားသည်။ ဖရန့်သုံးဆယ်ပဲထား။ ငါးဒေါ်လာနှင့် တန်ဖိုးညီသည်။ မြန်မာငွေနှင့် ဆိုရင် နှစ်ထောင်နီးပါး။ သို့သော် သူဝယ်ဖို့ ဆုံးဖြတ်ကာ တစ်ဘူးပေးပါဆိုတော့ ညခုနှစ်နာရီမှ ဆိုင်ဖွင့်သတဲ့။ သူက ဆိုင်သန့်ရှင်းရေး လုပ်နေချိန် ရောက်သွားခဲ့ခြင်း ဖြစ်သည်။ ညနေပိုင်းဘောလုံးပွဲ တိုက်ရိုက်လွှင့်တာကို ကြည့်ပြီးချိန်ဆိုလျှင် အတော်ပဲ။ ဒါပေမယ့် သူမှာ ထမင်းကြော်လေး တစ်ဘူးရဖို့ တော်တော်ဝေးဝေး လျှောက်ရသည်။ ဟိုတယ်ခန်းမှာ ပုဆိုးနှင့် လွတ်လွတ်လပ်လပ် နေတတ်သည့် သူ့အဖို့ ထမင်းကြော်တစ်ဘူးသွားဝယ်တိုင်း ဘောင်းဘီရှည်ဝတ်၊ ခြေအိတ်စွပ်၊ ရှူးဖိနပ်စီး ပြန်လုပ်နေရသည်။ ပြီးတော့ ပြင်သစ် နွေဦးပေမယ့် မိုးတွေ ဝေါခနဲ ရွာနေလျှင်လည်း မသွားနိုင်တော့တာ ရှိသေးသည်။

ဒါပေမယ့် ပါရီမှာနေခဲ့ရသည့် ရက်တွေမှာတော့ ဘားဂက် တစ်လှည့်၊ ထမင်းကြော်တစ်လှည့်။ နေ့ခင်း နေ့လယ်ကတော့ ရောက်တတ်သည့်နေရာတွေမှာ ကြုံရာစားလိုက်တာမျိုးလည်း ရှိသည်။ ညစာကတော့ သေချာပါသည်။ ဘားဂက်တစ်ချောင်းကို ရေနှင့် မျောချလိုက်ရုံသာ။ ထမင်းကြော်ရသည့်တိုင် ကြာတော့လည်း သွားမဝယ် ဖြစ်တော့။ နှမြောတာလည်း ပါသည်။ အရသာ မရှိတာလည်း ပါသည်။ ပြီးတော့ ခဲဘူးကလေးက သေးသေးကလေး။ မဝ။

နောက်ပိုင်းတော့ လောင်ဖူးကို သိပ်မရောက်တော့ပါ။ ညနေပိုင်း လေ့လာခရီးက ပြန်လာကတည်းက ဟိုတယ်ထဲမဝင်ခင် ဘားဂက်တစ်ချောင်း ဝယ်ထားဖြစ်တာ များသည်။ အိပ်ခါနီး အာညောင်းအောင် ဝါးရင်းက

http://www.cherrythitsar.org



ညစာကိစ္စပြီးလိုက်ရတာများသည်။ ဘာပဲဖြစ်ဖြစ်၊ ဘားဂက်ပင် ဖြစ်စေ၊ ဟမ်ဘာဂါပင် ဖြစ်စေ၊ သူ့အတွက် ထမင်းမဟုတ်ပါ။ သည်အတွက် အူတကြုတ်ကြုတ်နှင့် ချင်ခြင်းမပြေညများကို သူကျော်ဖြတ်ရတိုင်း ထမင်းကိုသာ သူ သတိတရ ရှိနေတတ်သည်။ သူ့စိတ်ထဲမှာ အငွေ့တထောင်းထောင်းထမင်းနှင့် ငါးပိချက်တွေ ချည်း မြင်နေသည်။ တစ်ခါတစ်ခါ ထမင်းစားချင်လွန်းသည့်အခါ ဘာကိုရယ် မသိဘဲ သူ လွမ်းနေတတ်သည်။

သိပ်မခံမရပ်နိုင်အောင် ခံစားမှုပြင်းလာလျှင်တော့ လောင်ဖူးကို ပြေးရပြန်သည်လေ။

(၃)

မင်္ဂလာဒုံလေဆိပ်က ထွက်လိုက်တော့ ညနေတော်တော် စောင်းပြီ။ မနက်ရှစ်နာရီကတည်း ထိုင်းကို ရောက်နေခဲ့သော သူ့အဖို့ လေဆိပ်ထမင်းဆိုင် တစ်ခုမှာ ထိုင်းထမင်းဟင်း စားနိုင်သော်လည်း သူ မစားခဲ့ပါ။ ထိုင်းလေဆိပ်ထဲမှာ တစ်နေကုန် အချိုရည် နှစ်ဘူး၊ သုံးဘူးနှင့် ပေနေခဲ့သည်။ ညနေလေးနာရီကျော်ကျော် လေယာဉ် ထွက်တော့လည်း လေယာဉ်ပေါ် မှာ ထမင်းမကျွေးပါ။ ဥရောပစာ တွေပဲ ဖြစ်နေသည်၊ ကိစ္စမရှိ။ မိနစ်လေးဆယ်ကျော်ကျော်လောက် အတွင်းမှာ ကိုယ့်တိုင်းပြည်ကိုယ် ရောက်တော့မည်။ ထမင်းခံစားမှုကို တင်းကျပ်စွာ မျိုသိပ်ရင်း လေဆိပ်မှာ လာကြိုနေသည့် ကိုတင်ဝင်းကို ထမင်းဆိုင်ကောင်းကောင်းတစ်ဆိုင်ကို မောင်းခိုင်းလိုက်သည်။ ကိုတင်ဝင်းကလည်း ဆယ်မိုင်ကုန်းအဝေးပြေးကားဂိတ်က မြန်မာထမင်းဆိုင်တွေဆီကို မောင်းပေးသည်။

'ကိုယ့်လူတော့ ထမင်းများ ငတ်လာသလားဗျာ'

ကိုတင်ဝင်းက ဟင်းတွေမှာရင်းက နောက်သည်။ ခဏနေတော့ သူ့ရှေ့မှာ ဆန်ကောင်းကောင်း မွှေးမွှေး ထမင်းအုပ်တစ်အုပ် ရောက်လာသည်။ ပြီးတော့ ဟင်းတွေ။ ပူပူနွေးနွေး။ ငါးပိချက်နှင့် တို့စရာတွေကလည်း အစုံပါပဲ။ ထမင်းတွေကို ကြည့်ရင်း သူငိုင်သွားကော။ သည်လိုကျတော့လည်း သူ့မှာ စားချင်သည့် အာသာဆန္ဒတွေ မရှိပြန်တော့။ ကိုတင်ဝင်းကတော့ အားရပါးရ စားနှင့်နေပြီ။ သူက တော့ မစားဖြစ်သေး။ သည်တစ်ခါတော့ ဆယ်မိုင်ကုန်း မြန်မာထမင်းဆိုင်ကလေးမှာ သူတကယ်ရှိနေသော်လည်း သူ့မှာ စားချင်စိတ်တွေ ပျောက်နေသည်။ ပြောလျှင်လည်း ခံရတော့မည်။ အခုတော့လည်း သူစားချင်နေတာ မက်ဒေါနယ် ဟမ်ဘာဂါ ဖြစ်နေပြန်သည်။ ပျော့ ပျောင်းနူးညံ့

http://www.cherrythitsar.org



သော သုံးထပ်လွှာ မက်ဒေါနယ်ဟမ်ဘာဂါကိုပဲ အာသာ ငမ်းငမ်း သတိရနေသည်။ ဆယ်မိုင်ကုန်းမှာ မက်ဒေါနယ် ဟမ်ဘာဂါ မရနိုင်မှန်း သိသော်လည်း သူသတိရနေသည်။ အလို . . . ဆေးထားသည့် လက်တွေတောင် ခြောက်နေပါပကော။ ။

■

*(စာမပေါင်းမျှ၊ ၁၉၉၉၊ မတ်လထုတ်)*

http://www.cherrythitsar.org

# ပတ်ဝန်းကျင်၊ ဓမ္မနှင့် မိမိ . . .

(၁)

သည်တစ်ခေါက် ရန်ကုန်ကို ပြေးပြေးလွှားလွှား ရောက်ခဲ့သည်။ ကျွန်တော် ကိုယ်ရေးကိစ္စတွေက များနေသဖြင့် မဂ္ဂဇင်းတိုက်များ၊ မိတ်ဆွေများနှင့် သိပ်မတွေ့ခဲ့ရပါ။ ဆရာမ မိုးမို (အင်းလျား) ဆုပေးပွဲမှာတော့ ဆရာ၊ ဆရာမ တော်တော်များများကို တွေ့ခွင့်ရခဲ့သည်။ မဂ္ဂဇင်းတိုက် သုံးတိုက်ကိုပဲ ရောက်နိုင်ခဲ့သည်။ ရွှေအမြုတေ၊ မဟေသီနှင့် ရနံ့သစ်။ ရန်ကုန်ဗိသုကာ ပြဖြစ်နေသည့်'ထန်းရိပ်ညို ပန်းချီပြပွဲ'၊ 'အဝေးပြေးလမ်းမ' ပန်းချီ ပြပွဲတွေကိုလည်း ကသုတ်ကရက် ရောက်ခဲ့ပါသည်။ ဆရာ ပါရဂူ အိမ်ကိုလည်း မရောက်မဖြစ် သွားတွေ့နိုင်ခဲ့သည်။ စာအုပ်တိုက် နှစ်တိုက်ဖြစ်သည့် ရာပြည့်နှင့် မုံရွေးကို ရောက်တော့ စာအုပ်လက်ဆောင်တွေ ပေးလိုက်သေးသည်။ ဆရာ ချစ်ဝင်းမောင်နှင့် ဆရာအောင်ဝေးတို့က စာအုပ်တွေ ရှာပေးသည်။ အားမာန်သစ်ကိုတော့ ဖျပ်ခနဲ။ ဆရာလူထုစိန်ဝင်းကိုတော့ ကျွန်တော့်ပုံပြင်စာအုပ်အတွက် အမှာတောင်းတာနှင့် အမှာစာသွားယူတာကို အကြောင်းပြုကာ နှစ်ခါတွေ့ခွင့်ရခဲ့သည်။ အမှာစာသာ သွားတောင်းသော်လည်း ဆရာနှင့်စကားကောင်းကောင်း

http://www.cherrythitsar.org



မပြောခဲ့ရ။ သည်ကြားထဲ အမှာစာ တစ်ပတ်အတွင်း ရေးပေးဖို့ ပူဆာခဲ့ရသေးသည်။ ဆရာကလည်း ကနေ့ခေတ်လူသားနှင့် အလုပ်သဘောကို သိနေသူဆိုတော့ နားလည်ခွင့်လွှတ်စွာ အသော့အလျင် ရေးပေးခဲ့သည်။ 'ခန' ကိုတော့ နှုတ်ဆက်ရုံ။

ကျွန်တော် ပြောချင်တာက ရန်ကုန်ရောက်ခိုက် ဖုတ်ပူ မီးတိုက် ပြေးလွှားခဲ့ရတာတွေကို ပြောလိုရင်း ဖြစ်ပါသည်။ သို့သော် တစ်ရက်မှာတော့ ကျွန်တော် တစ်နေရာမှာ တစ်နေကုန်ပေးလိုက်သည်။ ကျွန်တော်နှင့် ဆရာ သန်းစိုးနိုင် ကမ္ဘာအေး ဘုရားဝင်းထဲကို တစ်ရက်ရောက်သွားသည်။ ဝိသာခါ တန်ဆောင်းပေါ်က ဗုဒ္ဓဝင် CD-Rom အနုပညာခန်းကို ရောက်သွားခဲ့ခြင်း ဖြစ်သည်။ မန္တလေးသား ဂီတပညာရှင် စန္ဒရား ဦးသိန်းမောင်ဆီ သွားကြခြင်း ဖြစ်သည်။ ဆရာက ရောက်ရောက်ချင်း ဗုဒ္ဓဝင် CD- Rom ထဲက တီးခတ်ထားမှု တွေကို ဖွင့်ပြသည်။ အဖွင့်တီးလုံးသံက ခန်းမထဲမှာ ဟိန်းနေသည်။ 'စံရာတောင် ကျွန်း'ထဲက ထုတ်နှုတ်တီးခတ်ထားသည့် ဂီတကို နားထောင်ရင်း သီချင်းကြီးတွေ အသံလွှင့်ခဲ့ဖူးတာကို ကျွန်တော် သတိရနေသည်။ ကျွန်တော်တို့ တီးဝိုင်းကို ထိုစဉ်က ကူညီခဲ့သည့် စန္ဒရားဆရာတွေမှာ ဦးရည်နွယ်၊ ဦးဟန်စိန်၊ ဦးသိန်းဟန် စသူတို့ ဖြစ်သည်။ မဟာဂီတအဆိုကိုတော့ ပန်တျာ ဦးကျော်ညွှန့်၊ ဦးလွန်းမြင့် (ကြိုးတပ်တူရိယာဌာန) တို့က သင်ပေးခဲ့သည်။ ကျွန်တော်တွေးနေစဉ်မှာပင် ဆရာဦးသိန်းမောင်က ဗုဒ္ဓဝင်သီချင်းတွေ ပြီးတော့ မန္တလေးက ဆရာမြို့မငြိမ်း၏ သီချင်းများ ဩစက်စတြေးရှင်း တီးခတ်မှုကို ဆရာက ကွန်ပျူတာမှ တစ်ဆင့် ဖွင့်ပြနေပြန်သည်။

"ကျွန်တော်က "Techo-Music" လို့ နာမည်ပေးထားတယ်။ ကမ္ဘာမှာ လည်း ရှိပါတယ်။ ကွန်ပျူတာထဲမှာ Instruments တွေပါတယ်ဗျ။ Strings ဆိုရင် String Instruments တွေ တော်တော်ပါတယ်။ Percussion အုပ်စုတွေလည်း ပါတယ်။ ကျွန်တော်က ခေါ်တီးရုံပါပဲ။ စိတ်တိုင်းတော့ မကျလှသေးဘူး။ ကျွန်တော် ဂီတနဲ့ ပြတ်နေတာ ၁၅ နှစ်ရှိပြီ။ အားတော့ မရဘူးဗျ။ ဒါ ဂီတအစစ် တော့ မဟုတ်ဘူးလားလို့ ခံစားရတယ်။ ကျွန်တော့်မှာ ဒုတိယ သဘာဝတစ်ခု အမြဲရှိတယ်။ ဒါလည်း ဒုတိယ သဘာဝဂီတလိုပဲ သဘောထားလိုက်တယ်။ တူရိယာစစ်စစ်ကို လက်နဲ့ ရိုက်ခေါက်တီးလိုက်ရတာ မဟုတ်တော့ အာလယ တော့ မပြေဘူးပေါ့ . . . "

Techno Music စက်ဂီတကို ကျွန်တော်တို့ ကြားနေရပြီ။ ဂီတဆရာက အစစ်အမှန် သဘောကို တက်မက်နေပုံရသည်။ ကျွန်တော်တို့ ခံစားသူတွေက

http://www.cherrythitsar.org



ကော။ ကျွန်တော်တို့ အနာဂတ်သည် ဘယ်လောက်များ စက်ဆန်နေဦးမှာလဲ။ စက်ဂီတကို အနာဂတ်ကြို ဂီတ အဖြစ် ကျွန်တော်တို့ လက်ခံနိုင်မှာကရော သေချာရဲ့လား။ ပညာရှင်တွေထဲက ကွန်ပျူတာက လူ့စိတ်ကို လွှမ်းမိုးသွားမှာ စိုးရိမ်နေကြသည်။ လူသား၏ ဦးနှောက်ကို စက်က လွှမ်းမိုးလာနိုင်ခြေ ရှိမရှိ တွက်ဆကြသည်။ လူ့ဦးနှောက်ကိုတော့ မသိ။ လူ့နှလုံးသားကိုတော့ စက်ဂီတ လွှမ်းမိုးစပြုပြီ။ Techo-Music ဂီတဖြင့် တီးခတ်ထားသော ‘ယဉ်တစ်ကိုယ်မယ်’ သည် ဝိသာခါတန်ဆောင်းထဲမှာ သူ့ဝမ်းဗိုက်ကို သူ ဗျောတီးနေလေသည်။

(၂)

ဒုတိယကမ္ဘာစစ်ကြီးအပြီး အံ့ကြွမှုကြီးတွေထဲမှာ စက်မှု တော်လှန်ရေး (Technological Revolution) သည် အမြင်သာဆုံး ဖြစ်ခဲ့သည်။ ဒါကိုပဲ စက်မှု ပေါက်ကွဲမှု (Technological Explosion) လို့ တင်စားသူက တင်စားသည်။ သည်အထဲမှာ အဏုမြူစွမ်းအင်နှင့် ယန္တရားဗေဒတွေလည်း ပါဝင်ပါသည်။ ၁၉ရာစု အင်္ဂလန်စက်မှု တော်လှန်ရေးထက် ပိုမို အားကောင်းသော ပေါက်ကွဲမှု ကြီး ဖြစ်သည်။ သည်ပေါက်ကွဲမှုက လူ့အဖွဲ့အစည်း၏ သဘောလက္ခဏာ တော်တော်များများကို ဦးစောက် ကျွမ်းပြန်ပြောင်းလဲပစ်နိုင်ခဲ့သည်။ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး။ စာပေနှင့် အနုပညာကတော့ ချက်ချင်းကြီး ပြောင်းလဲသွား တာ မဟုတ်သော်လည်း ခပ်ဖြည်းဖြည်း သက်ရောက်မှုတော့ရှိသည်။ C.P Snow က “Genetic Engineering”ကြောင့်တော့ ကဗျာတစ်ပုဒ် ထွက်မလာဘူးပေါ့ဗျာ။ ဒါပေမယ့် သည် ဩဇာကတော့ ရှိခဲ့တယ်” လို့ ပြောခဲ့သည်။ သည်ဩဇာကြောင့် ပဲ ကျွန်တော်တို့ အနုပညာမှာလည်း ရူပါရုံ (Vision) တွေ ပြောင်းခဲ့တာ၊ အတွေး အခေါ်တွေ ပြောင်းခဲ့တာ၊ ဖွဲ့တည်မှုပြောင်းခဲ့တာ၊ စိတ်ကူး စိတ်သန်းသစ်များ ဖြစ်ထွန်းလာတာတွေရှိခဲ့သည်။ တစ်ချိန်တည်းမှာပဲ လူ့အဖွဲ့အစည်းက အနာဂတ်ကို မျှော်မှန်းသည်။ အနာဂတ်ဆိုတာ ပစ္စုပ္ပန်မဟုတ်သော မလာသေး သည့် ကာလအပိုင်းအခြားသက်သက် သဘောတော့မဟုတ်။ ထွေပြားသော သဘောရှိသဖြင့် ‘အနာဂတ်များ’ လို့ ခေါ်နေကြရပြီ။ ကျွန်တော်တို့ ရှေ့မှာ ၂၁ ရာစုရှိသည်။ ၂၁ ရာစုကလည်း အထွေထွေအပြားပြား သဘောလက္ခဏာ ဖြင့် ကျွန်တော်တို့ ရှေ့မှာ ရှိနေခြင်းဖြစ်သည်။ အနာဂတ်ကို ရှောင်လွှဲချင်လို့ တော့မရ။ မိတ်ဆွေအဖြစ်နဲ့လား၊ ရန်သူအဖြစ်နဲ့လား မသေချာသော်လည်း ကျွန်တော်တို့မှာ အနာဂတ်နှင့် စီးချင်း ထိုးချင်းထိုး၊ အနာဂတ်နှင့် ကောက်သင်း အတူကောက်ချင်ကောက် တစ်ခုခုတော့ ရွေးချယ်ရတော့မည်။ သူတို့ဆီမှာတော့

http://www.cherrythitsar.org



ဒါကိုပဲ ဘာသာရပ်အဖြစ် ရှုမြင်နေကြသည်။ အနာဂတ်ရေးရာ ပဏ္ဍိတများ (Think Tanks)၊ အနာဂတ် ပုံစံများ (Futuribiles) စသည့် အသင်းအဖွဲ့တွေက ဒါကိုပဲ စေ့ငုနေသည်။

"အနာဂတ်မှာ 'ဖြစ်နိုင်ချေ' အနာဂတ်၊ 'ဖြစ်ဖွယ်က' အနာဂတ်နဲ့ 'ဖြစ်တန်ရာ' အနာဂတ်တွေရယ်လို့ ရှိတယ်။ ဖြစ်နိုင်ချေ အနာဂတ်တွေကြားမှာ ဖြစ်ဖွယ်ရာ အနာဂတ်ရှိပြီး ဖြစ်ဖွယ်ရာ အနာဂတ်တွေကြားမှာ ဖြစ်တန်ရာ အနာဂတ်တွေ ရှိနေတာပါ။ ဖြစ်နိုင်ချေ အနာဂတ်ကို ပုံဖော်မှုက အနာဂတ်ဝါဒရဲ့ 'အနုပညာ' ဖြစ်တယ်။ ဖြစ်ဖွယ်ရာ အနာဂတ်ကို ပုံဖော်မှုက အနာဂတ်ဝါဒရဲ့ 'သိပ္ပံပညာ' ဖြစ်ပြီး ဖြစ်တန်ရာ အနာဂတ်ကို ပုံဖော်မှုက အနာဂတ်ဝါဒရဲ့ 'နိုင်ငံရေး' ဖြစ်လာလိမ့်မယ်"

စာပေနှင့် အနုပညာ၊ သိပ္ပံနှင့် နိုင်ငံရေးသည် ၂၁ ရာစု၏ အသွင်လက္ခဏာ ဖြစ်လာလေမလား။ ရာစုသစ်တစ်ခုကို ကူးပြောင်းတိုင်း 'ခေတ်ပြောင်းနာ'ကိုတော့ ခံစားကြရလိမ့်မည်။ ဒါကတော့ သေချာပါသည်။ 'ခေတ်ပြောင်းနာ' အတွက် တချို့က ပဋိဇီဝဆေးဝါးတွေ ဖော်စပ်နေသည်။ တချို့က ဖြစ်လာတော့မှ 'တောင်မရိုးခေါက်ခါးခါး' ကို ပြုတ်သောက်ဖို့ စဉ်းစားထားပုံရသည်။

(၃)

ကုန်လွန်ခဲ့သည့် ၂၀ ရာစုအတွင်း ကမ္ဘာ့စာပေကို ကြည့် လျှင် အမျိုးအစား လေးမျိုးသာ ရှိခဲ့သည်ဟု ပညာရှင်တွေရေးတာ ဖတ်ဖူးပါသည်။ တစ်မျိုးက သမိုင်းဝင်ပုဂ္ဂိုလ်တွေကို စိတ်ကူး စိတ်သန်းသစ်များနှင့် ရောမွှေကာ ရေးသည့် သမိုင်းနောက်ခံ ဝတ္ထုကြီးများ (Docudrama) တွေ ဖြစ်သည်။ ဒုတိယ တစ်မျိုးကတော့ အထူးဘာသာရပ်တွေကို သေသေချာချာ လေ့လာရေးသားသည့် ဝတ္ထုများ (Age Of Specialization)တွေဖြစ်သည်။ နောက်တစ်မျိုးကတော့ အတွေးအမြင်ဝတ္ထုများ (Philosophical Novel) မျိုး ဖြစ်သည်။ စတုတ္ထတစ်မျိုးကတော့ သိပ္ပံအခြေခံဝတ္ထုများဖြစ်သည့် ဆိုင်ဖိုင် (Si-Fi) တွေ။

အနာဂတ်ဝတ္ထုအနုပညာသစ်၊ ဒါမှမဟုတ် စာပေအနုပညာသစ်က ရော ဘာပါလဲ။ 'Documentalism'လို့ ပြောနေသည်။ 'မော်ကွန်း ကမ္ပည်းဝါဒ' လား။ သတင်းအချက်အလက်ဝါဒ' လား။ စိတ်ကူးယဉ်ဝါဒ၊ ဓမ္မဓိဋ္ဌာန်ဝါဒတိုက်ပွဲ အကြောင်းတွေ ပြောနေဟာ ကပဲ အချိန်တွေ ကုန်လှပြီ။ ကျွန်တော်တို့ နိုင်ငံ၏ သမိုင်း၊ ပထဝီဝင်၊ လူမှုရေးစိတ် အခြေခံ၊ ဘာသာအယူဝါဒ၊ အတွေးအခေါ်၊

http://www.cherrythitsar.org



လောက အမြင်၊ နိုင်ငံရေးအခြေအနေ၊ လူ့အဖွဲ့အစည်းတွင် ပွင့်လင်းမှု၊ ထွင်းဖောက်မြင်သာမှု။ ဒါတွေနဲ့လည်း ဆိုင်ပါလိမ့်မည်။

(၄)

စီးပွားရေးကလည်း ကျွန်တော်တို့အတွက် အရေးကြီးပါသည်။ အမျိုးသားစီးပွားရေး စည်ပင်မှုကို ကျွန်တော်တို့ မေ့ထားလို့ မရပါ။ စီးပွားရေးမူဝါဒတွေအကြောင်း ကျွန်တော်မသိ။ သို့သော် ၂၁ ရာစု စီးပွားရေး ခံယူချက်အဖြစ် ကမ္ဘာက 'Societal Marketing Concept'ကို ပြောနေသည်။ ချစ်ခြင်းမေတ္တာ သဘောပါသည့် ရောင်းရေးဝယ်တာ ခံယူချက်ဖြစ်သည်။ 'စိတ်ထားတတ်တော့ မြတ်တယ်'၊ 'ဈေးရောင်းတတ်တော့ ကုသိုလ်ရတယ်'၊ 'ကုသိုလ်လည်းရ ဝမ်းလည်းဝ' . . . ။ ကျွန်တော်တို့လူမျိုးမှာ ရှိပြီးသား အသိအမြင် ဖြစ်သည်။ စားသုံးသူတို့၏ အပြုအမူ (Consumer Behavior) က ဆင်းသက်လာသည့် သည်ခံယူချက်က ၁၉၅၀ နှစ်များ နောက်ပိုင်း တဖြည်းဖြည်း ထွန်းကားလာသည်။ သည်တုန်းကတော့ ထုတ်လုပ်ရေး အဓိက (Production Orientation) သာဖြစ်သည်။ 'ဈေးပေါ ပေါ၊ သင့်သင့်မြတ်မြတ်၊ များများထုတ်လုပ်' ဆိုလျှင် လုံလောက်ပြီလို့ ထင်ခဲ့ကြသည်။ နောက်တော့လည်း ပိုရောင်းရဖို့ (Selling Orientation) ဖြစ်လာသည်။ စားသုံးသူတွေကို ထည့်မစဉ်းစားဘဲ ထုတ်လုပ်သူက ကြိုတင်ဆုံးဖြတ်ပြီး ထုတ်လုပ်နေသည့် (Pre-determined goods) ထုတ်ကုန်တွေပဲ ဖြစ်နေခဲ့သည်။ ဒါတွေက စားသုံးသူ ကျေနပ်မှုကို မရနိုင်မှန်း သိလာတော့ ဈေးကွက်က Concept သစ်တွေ ပေါ်ထွန်းဖို့ တောင်းဆိုလာရတော့သည်။ ကျင့်ဝတ်သစ်တွေ ပေါ်ထွန်းလာရတော့သည်။ စားသုံးသူတွေ အကြိုက် ထုတ်လုပ်လာရသည်။

"အခုတော့ လူ့ဘောင်လောကကိုပါ ထည့်သွင်းစဉ်းစားတဲ့ ဈေးကွက် ရောင်းဝယ်မှုသဘောတွေ စီးပွားရေးနယ်ပယ်မှာ တွေ့လာရပါတယ်။ နိုင်ငံတကာ စံချိန်စံညွှန်းတွေ ဖြစ်တဲ့ နိုင်းသောင်ဇင်စီးရီးစ်၊ ဖိုတင်းသောင်ဇင် စီးရီးစ်တွေဟာ ဒါပါပဲ။ ဆိုပါတော့ ကလိုရိုဖလူ ယိုရို ကာဗွန်ဖြစ်တဲ့ CFC ဓာတ်ငွေ့ဟာ အိုဇုန်းလွှာကို ထိခိုက်စေတယ် ဆိုတာမျိုးကို သိလာတော့ သည်ဓာတ်ငွေ့ပါတဲ့ ထုတ်ကုန်တွေကို လျှော့လာကြတယ်။ ကိုယ့်စီးပွားရေးဟာ သူတစ်ပါးကို မထိခိုက်စေရဘူး။ လောကပတ်ဝန်းကျင်ကို မထိခိုက်စေရဘူးဆိုတဲ့ ခံယူချက်ဖြစ်ပါတယ် . . . "

ပညာရှင်တစ်ယောက်က ကျွန်တော့်ကို ရှင်းပြခဲ့ခြင်း ဖြစ်သည်။

http://www.cherrythitsar.org



(၅)

တတိယထောင်စုနှစ်။ မနေ့တစ်နေ့က မဂ္ဂဇင်းတစ်ခုမှာ အမျိုးသား အဆိုတော် လူငယ်တစ်ဦးကို ၂၁ ရာစုမှာ ဘာလုပ်ဖို့ စိတ် ကူးထားပါသလဲလို့ အင်တာဗျူးဆရာက မေးသည်။ အဆိုတော် လူငယ်က “အဲသည့်နေ့မနက် ထွက်မယ့်နေကို စောင့်ကြည့်မယ်”ဟု ဖြေတာ ဖတ်လိုက်ရသည်။ သူဘာကြောင့် အဲသလို ဖြေသလဲ ကျွန်တော် မသိသော်လည်း ရာစုသစ်၏ ပထမဆုံး နေမင်းကို စောင့်ကြည့်ချင်သည့် သူ့စိတ်ကူးကတစ်ဆင့် ကျွန်တော် တွေးမိတာတွေ ရှိသည်။ ကျောက်ခေတ်လူသားတွေကလည်း နေမင်းကို စောင့်ကြည့်နေခဲ့ဖူးတာ သေချာလျှင် နှစ်သန်းပေါင်းများစွာ ကျော်လွန်ခဲ့သော်လည်း ကျွန်တော်တို့မှာ ခံစားမှု ရှိနေသေးသည်ကော။

ပြင်သစ်စာရေးဆရာကြီး ဆာ၊ အာသာစီကလပ်ကတော့ ထောင်စုနှစ် ဟောကိန်းတွေ ကြိုထုတ်နေသည်။ သက္ကရာဇ် ၂၀၂၅ တွင် အာရုံကြောဆိုင်ရာ သုတေသန ဖွံ့ဖြိုးလာမှုကြောင့် Brain Cap တွေ ပေါ်လာမည်။ သည်အတွက် လူတွေ ခေါင်းတုံးတုံးကြရမည်။ သည်အာရုံဖမ်း ကိရိယာက တကယ့်အဖြစ် အပျက်ကိုရော၊ စိတ်ကူး ရုပ်ပုံကိုပါ ခံစားနိုင်စေမည်ဟု ဆိုသည်။ သည်အတွက် လိမ်ညာမှုတွေ ပပျောက်သွားမည်။ စိတ်ချင်းဆက်သွယ်နိုင်မည်ဟု ဆိုသည်။

ထားပါတော့။ ကျွန်တော်တို့ ရင်ဆိုင်ရမည့် ရာစုသစ်နှင့် လူသား ဆက်ဆံရေးထက်စာလျှင် လူလူချင်း ဆက်ဆံရေးက အရေးပါနေဦးမှာ သေချာ ပါသည်။ ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါး ဆက်ဆံရေးစနစ်ကတော့ လူရှိနေသရွေ့ ရှိနေလိမ့်မည်။ လူ့ဘဝသည် ‘ဒုလ္လဘ’ ဆိုတာမျိုးကို ကျွန်တော်တို့ လိုအပ်မှ ပြောသည်။ ကျန်သည့် အချိန်မှာတော့ ‘ဒုလ္လဘ’ အချင်းချင်း ပဋိပက္ခ တွေနှင့် ပြီးနေသည်။ မြတ်စွာဘုရားက အာရုံတစ်ခုခုကို အသေးစိတ်လိုက်မိ လျှင် ချစ်ခြင်း၊ မုန်းခြင်း၊ ခံစားမှု ဖြစ်ပေါ်တတ်သည်ဟု ဟောခဲ့သည်။ အာရုံကို မြင်ခါမျှ၊ ကြားခါမျှ သဘောထားနိုင်အောင် ဖြည့်ဆည်းဖို့ ဟောတော်မူခဲ့သည်။ လူသည် အရာတိုင်းကို ‘အရိယသစ္စာအမြင်’ ဖြင့် မရှုမြင်ဘဲ ‘သမ္မုတိသစ္စာအမြင်’ ဖြင့်သာလျှင် ကြည့်သူများသည်။

ဘာသာတရားကတော့ လူ့အဖြစ်ကို ‘အတိတ်ကံ ကြီးမားသူများ’ မှသာ ရနိုင်သည်ဟု ဆိုသည်။ အတိတ်ကံ ကြီးမားသူချင်း လောကထဲမှာ ဆုံရတာကိုပဲ ကျွန်တော်တို့ ဝမ်းမမြောက်နိုင်ကြ။ အချင်းချင် လေးစားထိုက်သူလို့ မမြင်ကြ။ “အချင်းချင်း လေးစားထိုက်သူများဟု မြင်နိုင်လျှင် မိမိကိုယ်ကို

http://www.cherrythitsar.org



နှိမ့်ချပြီးသားလည်း ဖြစ်သည်။ အရာရာကို ခွင့်လွှတ်ပြီးသားလည်း ဖြစ်သည်။ ပြဟ္မစိုရ်တရား ပွားများပြီးသားလည်း ဖြစ်သည်” ဟု မြောင်းမြတိုက်သစ် ပဋ္ဌာနတာရုံ ဆရာတော်ကြီး၏ ‘ကိုယ်ကျင့်မင်္ဂလာ’ မှာ ဖတ်ရသည်။

(၆)

မင်္ဂလာသုတ်သည် လောကမှာ လူအဖြစ် မင်္ဂလာရှိရှိ နေနိုင်ရေး ‘ဘဝနေနည်း’ ဖြစ်သည်။ အလေးထားရမည့် အချက်သုံးချက်သာ ရှိသည်။ ‘ပတ်ဝန်းကျင်’၊ ‘ဓမ္မ’ နှင့် ‘မိမိ’ ဖြစ်သည်။ လောကဓိပတိ၊ ဓမ္မာဓိပတိ၊ အတ္တာဓိပတိ ဆိုပါစို့။ ဤသုံးပါးပြည့်စုံလျှင် သုစရိုက်ကံနှင့် ပုညကိရိယာ ထွန်းကားသော လူ့ဘောင်ဖြစ်ဖို့ သေချာပြီဟု ဆိုသည်။ ‘ခေတ်ပြောင်းနာ’ အတွက် ပဋိဇီဝဆေး လူ့အဖွဲ့အစည်း ဖြစ်ဖြစ်၊ တောင်မရိုးခေါက်ပြုတ်ရည် လူ့အဖွဲ့အစည်း ဖြစ်ဖြစ်၊ ပတ်ဝန်းကျင်၊ ဓမ္မနှင့် မိမိသည်သာ အကောင်းဆုံးဆေးဖြစ်သည်။ အရေးကြီးတာက ‘ချစ်ခြင်းမေတ္တာ’ ကို တည်ဆောက်နိုင်ဖို့သာ ဖြစ်သည်။

■

(မဟေသီ/ ၂၀၀၁ ဇန်နဝါရီ)

http://www.cherrythitsar.org

# သစ်ခွပင်များ

ကျွန်တော်တို့ အိမ်မှာ ပန်းပင်တော်တော်များများ ရှိပါသည်။ လေးထပ်တိုက်အပေါ်ဆုံးမှာဆိုတော့ မြေစိုက်ပန်းပင်များ မဟုတ်ကြ။ အိုးစိုက်ပန်းပင်များ ဖြစ်ကြသည်။ နှင်းဆီပင် ဆယ်ပင် ခန့်ရှိခဲ့ဖူးသော်လည်း သံချေးဖြူကျသဖြင့် နှစ်ပင်လားပဲ ကျန်သည်။ တစ်ပင်က မြန်မာနှင်းဆီခေါ်သည့် ဆုပ်ဆုပ်ဖွေးဖွေးပွင့်တတ်သည့် နှင်းဆီမျိုးဖြစ်သည်။ တစ်ပင်က ဥရောပစပ်သော ကပြားနှင်းဆီဖြစ်သည်။ အပွင့် နီနီသေးသေးကလေးတွေ ဆန်ကွဲကြဲ ပွင့်တတ်သည့် နှင်းဆီမျိုး။ တော်တော်များများကတော့ Kiss me quick လို့ ခေါ်ကြသည့် 'နမ်းလှည့်ပါ' ပန်းပင်ကလေးတွေ။ အကြီးဆုံး ဒင်္ဂါးကျပ်ပြားအရွယ်မှသည် အငယ်ဆုံး ကြယ်သီးလောက်အထိ အရွယ်စုံပွင့်ကြသည်။ အရောင်တွေက လည်း အမျိုးမျိုး၊ လိမ္မော်၊ လိမ္မော်ဝါ၊ နို့နှစ်၊ ဆင်စွယ်၊ အဝါတောက်တောက်၊ အနီမောင်းမောင်း။ ကန္တာရ နှင်းဆီခေါ်ကြသည့် အင်ဒိုနီးရှားစကားပင်တွေကတော့ ပန်းပွင့်တွေ တွန်းထိုးထွက်လာရတာမျိုး ဖြစ်သည်။ ပွင့်ချပ်ဖျားကလေးတွေက ပန်းခရမ်း၊ ပွင့်ချပ်အူသားကတော့ အဖြူ။ ဂမုန်းနွယ်အပင်တွေထဲက ကျောက်စိမ်းဂမုန်း၊ မယ်တော်ကြီးဂမုန်းတွေက စိမ်းလန်းလှသည်။

http://www.cherrythitsar.org



သူတော်ဖြူပိန်းပင်ကြီးကတော့ ပုံပျက်ပန်းပျက် ထွားကျိုင်းသလောက် သန္တေပျက်နေလေသည်။

'သည်အပင်ကလေးက ငယ်ငယ်တုန်းကတော့ ချစ်စရာ ကောင်းပါရဲ့။ ပိန်းရွက်တစ်ရွက်ထဲမှာကိုပဲ အစိမ်းနဲ့အဖြူ စပ်ကျားကြီးတွေနဲ့ သိပ်လှတာ။ အခုတော့ အဖြူမပါတော့ဘူး။ သာမန်ပိန်းပင်ကြီးတစ်ပင်နဲ့ မထူးတော့ဘူးနော်။ နုတ်လိုက်ရမလား'

ဟုတ်တော့လည်း ဟုတ်နေသည်။ ဘာကြောင့်မှန်းမသိ။ အဖြူရောင်တွေ ပြောက်တိပြောက်ကျားပါတတ်လို့ သူတော်ဖြူခေါ်ကြသည့် သည်အပင်မှာ အဖြူတွေ ပါမလာတာကြာပြီ။ သာမန်ပိန်းရိုင်း ပင်တစ်ပင်နှင့် တူနေသည်။ သူတော်လူဝတ်လဲသွားတာများလား။ တကယ်ကျတော့ နုတ်မပစ်ရက်ပါ။ မလှတော့သည့် ပန်းပင်တစ်ပင်ကို နုတ်ပစ်ခြင်းကိုပင် ရက်စက်ခြင်းလို့ ကျွန်တော် ခံစားရလို့ဖြစ်သည်။ သည်အခါမျိုးတွင် အက်ဆေးဆရာ ဂျိမ်းစ်၊ အက်ဖ်ဖစ်က်စ် (James F. Fixx)၏ အသုံးကလေးကိုကျွန်တော်သတိရတတ်သည်။ 'Loafer's heart, Smoker's Lung, drinker's Liver'။ ပန်းပွင့်သည် ဖြစ်စေ မပွင့်သည် ဖြစ်စေ၊ သန္တေပျက်သည်ဖြစ်စေ မပျက်သည်ဖြစ်စေ ပန်းပင်တွေကတော့ တေလေဂျပိုး၏ နှလုံးသားမဟုတ်။ ဆေးလိပ်သမား၏ အဆုတ်မဟုတ်။ အသောက်သမား၏ အသည်း မဟုတ်။ မြင့်မြတ်ခြင်း၏ ခန္ဓာအိမ်သာလျှင် ဖြစ်သည်။

ပန်းပင်တွေက နွေဦးပေါက်ရာသီကို သဘာဝအားဖြင့် သိကြဟန်တူပါသည်။ သည် ရာသီမှာ အပင်တိုင်းလိုလို ပွင့်ကြသည်။ စကြံလမ်းကျဉ်းကျဉ်းကလေးမှာ စိုစိုဖတ်ဖတ် ပွင့်နေကြတာကို ကြည့်ရင်း ရှင်လောင်းလှည့်ပွဲကို ကျွန်တော် အမှတ်တရ နေတတ်ပါသည်။ မြေဖူရောင်ပန်းပွင့်တွေ ခဲနေအောင် ပွင့်တတ်သည့် နမ်းလှည့်ပါ ပန်းပင်အုပ်ဖားဖားကြီးကိုတော့ ကွမ်းတောင်ကိုင်လို့ ကျွန်တော်ထင်သည်။

ကျွန်တော်တို့ အိမ်ရှေ့မှာ ဧရာဝတီမြစ်ရှိသည်။ မြစ်ဘေးက တာရိုးပေါ်မှာတော့ လက်ပံပင်ကြီးတွေ ရှိသည်။ နွေဦးပေါက်ရာသီမှာ လက်ပံပွင့်တွေ ရဲနေအောင် ပွင့်တတ်ကြသည်။ အိမ်ဝစင်္ကြံပေါ်က ပန်းပွင့်များ၊ မြစ်တာရိုးပေါ်က လက်ပံပင်နှင့် သူတို့၏ အပွင့်များ၊ ခပ်ဝေးဝေး ရေတိမ်မြစ်ရိုးထဲက သင်္ဘောဖြူဖြူများ၊ မလင်းအုံ့မှိုင်း စစ်ကိုင်းမင်းဝံတောင်ရိုး၏ အလှကို နွေဦးပေါက်ရာသီမှာ ကျွန်တော်တို့ဇနီးမောင်နှံ ခံစားနေကျ။

http://www.cherrythitsar.org



အိမ်နောက်ဖေးမှာတော့ သစ်ခွပင်ကလေးတွေ ရှိသည်။ ပြတင်းပေါက် သံဆန်ခါကွက်ကြီးတွေမှာ စီကာရီကာ ချိတ်ထားသည့် သစ်ခွပင်ကချည်း ငါးပင်ရှိသည်။ အိုးစိုက်သစ်ခွကတော့ လေးပင်။ ပြတင်းပေါက် သံဆန်ခါကွက်ပေါ်က သစ်ခွပင်တွေက မင်္ဂလာဒုံပျိုးဥယျာဉ်က ကျွန်တော် ဝယ်ယူခဲ့ခြင်း ဖြစ်၏။ မြေအိုးစိုက် သစ်ခွတွေကတော့ မိုးညှင်းဘူတာက ဝယ်လာခဲ့တာ မှတ်မိသည်။ (မိုးညှင်းဘူတာမှာ သစ်ခွပင်ကလေးတွေ ဗန်းထဲထည့်ရောင်းတာကို ကျွန်တော် အင်မတန် သဘောကျသည်။ ကျွန်တော်ရောက်ဖူးသလောက် တခြားမြို့တွေမှာ သည်ယဉ်ကျေးမှုမရှိ။)

'သစ်ခွပင်ကလေးတွေက လေညင်းကို ကြိုက်တယ်။ လေထဲက ရေငွေ့ကို သဘာဝအားဖြင့် စုပ်ယူကြတယ်။ သစ်ခွတွေကို နာမည်ဘယ်သူပေးတာလဲ မသိဘူး။ နာမည်ကလေးတွေ သိပ်လှတာပဲ။ သန္တာလေးတဲ့။ ယမင်းရွှေဝါတဲ့။ သဇင်ကြီးပန်းရောင်တဲ့၊ သဇင်ယပ်တောင်တဲ့။ ရွှေတူမောက် ခမ်းဝါတဲ့။ မြဆစ်ကြိုးတဲ့။ ခရမ်းရောင်လွင်ပြင်တဲ့'

ကျွန်တော်ဇနီးက 'ရေမှုန်ဖျန်းဆွတ်ဘူး'နှင့် ရေဖျန်းရင်း ပြောတတ်သည်။ သစ်ခွနာမည်အားလုံးလှကြတာတော့ မဟုတ်ပါ။ ခရမ်းအာမည်း၊ ကျားဗဟုန်း၊ မှော်ပိတ်ရှမ်း၊ မြွေမင်းသား၊ နဂါးမောက်၊ ဇော်မုတ်ဆိတ်၊ ပိတုံးကျားလို ကြောက်စရာ နာမည်တွေရှိတာကိုတော့ သိပုံမရ။ သည်လိုနှင့် အိမ်ရှေ့က သစ်ပင်ပန်းပင်ကလေးတွေကလည်း ပွင့်ကြ။ အိမ်အနောက်က သစ်ခွတွေကလည်း ပွင့်ကြ၊ ဘာပြဿနာမှ မရှိ။ ရာသီမတူလို့ ပန်းပွင့်ချိန်မတူကြတာဘဲရှိသည်။ သစ်ခွတွေက ပွင့်ချင်သလို ပွင့်ကြသည်။ တစ်ပင်က ဆွတ်ဆွတ်ဖြူ တစ်ပင်က ပွင့်ဝါဝါမှာ အညိုဖောက်၊ တစ်ပင်က အပွင့်ဝါဝါမှာ အဖြူဖောက်၊ မြဆစ်ကြိုး သစ်ခွပင်ကလေးကတော့ အဝါနှင့် ရွှေအိုရောင်၊ ဆင်စွယ်ရောင်တွေ ရောထွေးနေတတ်သည်။ ဂနိုင်နံဘေးပေါက် သစ်ခွပင်တွေနှင့် မရိုးမစွဲတူသည်။ ရာသီမကျလျှင်တော့ ပန်းပွင့်သည့် ရိုးတံတို့ အိမ်တွင်းပုန်းနေတတ်ကြသည်။ တစ်ရက်မှာတော့ ကျွန်တော်တို့ ပုပ္ပားဘက် ရောက်ခဲ့ကြသည်။ သဘာဝတောစိုးသစ်ပင်ကြီးတွေပေါ်မှာ ပေါက်ကြသည့် သစ်ခွပင်သန်သန်ကြီးတွေ ဝယ်ဖြစ်ခဲ့ကြသည်။ လက်ဖျံလောက် မရှိတရှိ သစ်ငုပ်တွေမှာ ကပ်ချည်ထားသည့် တောသစ်ခွပင်ကြီးတွေကိုယ်က သန့်စွမ်းလှသည်။ အရွက်ကြီးတွေက အပြန့်ထူထူ။ အရွက်ကားကား။ အရိုးအဆစ်ကြီးကြီး။ အစိမ်းရောင်က မှောင်နေအောင် စိမ်းလွန်းလှသည်။ သစ်ငုပ်တွေမှာ ဖက်ထားသည့် လေရှူ မြစ်တွေက ဂျူးမြစ်သန်သန်ကြီးတွေလို ပွယောင်းယောင်း။

http://www.cherrythitsar.org



'ဘာမျိုးရယ်လို့တော့ မသိဘူး၊ တောထဲတောင်ထဲမှာ လိုက်ရှာရတဲ့ အပင်တွေ၊ အင်မတန်ရှားတယ်။ တစ်ပင်ငါးရာပဲပေး'

ပုပ္ပားသူအမေအိုက ရောင်းလိုက်ခြင်း ဖြစ်သည်။

သည်လိုနှင့် ပုပ္ပားသစ်ခွတွေ အိမ်ရောက်လာခဲ့သည်။ နေရာသီးသန့် မရှိတော့ သံဆန်ခါကွက်တွေမှာပဲ တွယ်ချိတ်ထားရတော့သည်။ မင်္ဂလာဒုံ ဥယျာဉ်က ဝယ်ခဲ့သည့် အပင်များနှင့် ဘေးချင်းယှဉ်လျက် ဖြစ်သွားတော့ ရေလောင်းရတာလည်း လွယ်သည်။ မိုးညှင်းဘူတာက ဝယ်ခဲ့သည့် သစ်ခွပင် တွေက အိုးစိုက်ဆိုတော့ သူတို့အပေါ်က ပုပ္ပားသစ်ခွတွေကိုရော၊ မင်္ဂလာဒုံ ဥယျာဉ်က အပင်တွေကိုပါ မော့ကြည့်နေကြတာမျိုးနှင့် တူနေသည်။ ပြီးတော့ သည်နေရာက ကျွန်တော်တို့ ထမင်းစားစားပွဲနှင့်နီးတော့ ထမင်းစားရင်း သစ်ခွပင်ကလေးတွေကို ခံစားနိုင်သည်။ လေညင်းသုန်သုန်မှာ လေရှူမြစ်တွေ အချင်းချင်းတိုးဝှေ့ ပွတ်တိုက်နေသည်။ ဘယ်အပင်ကမှတော့ မပွင့်ကြသေး။ ရိုးတံပွပွကြီးတွေမှာ အပွင့်တွေ ရောက်လာဖို့ စောင့်စားနေကြတာမျိုး။ တစ်မနက်ခင်းမှာ ကျွန်တော်နှင့် ကျွန်တော့်ဇနီး ကော်ဖီသောက်နေကြတုန်း စကားပြောသံတွေ ကြားရသည်။ ဘယ်သူတွေ ပြောနေကြတာပါလိမ့်။

'မဖြစ်နိုင်ဘူး . . . ဘယ်လိုမှကို မဖြစ်နိုင်ဘူး။ မင်းတို့နဲ့ ငါတို့ တွဲနေလို့ မဖြစ်ဘူး။ ငါတို့က မြို့သားတွေ၊ မင်းတို့က တောသားတွေ၊ မင်းကိုယ် မင်းလည်း ကြည့်ဦး . . . အရွက်တွေက ကြမ်းထော်ထော်၊ လေရှူမြစ်တွေက တီကောင်တွေလိုလိုနဲ့၊ အဆိုးဆုံးကတော့ မင်းတို့ရဲ့ အရိုင်းစိတ်ပေါ့'

မြို့က ဝယ်လာသည့် အပင်တွေထဲက တစ်ပင်က ပြောနေခြင်း ဖြစ်သည်။ ပုပ္ပားသစ်ခွသန်သန်ကြီးတွေဆီက စကားသံထွက် မလာသေး။ လေရှူမြစ်ကြီးတွေက စိတ်ပျက်လက်ပျက် ခေါင်းခါနေသလို ခါရမ်းနေလေသည်။

'ဟုတ်တယ်၊ ငါတို့ကတော့ တောသားတွေပဲ။ ဒါပေမယ့် ပုပ္ပားက ငါတို့ဆိုင်မှာလည်း မင်းတို့လို မြို့သားသစ်ခွတွေနဲ့ အတူတူ နေခဲ့ဖူးပါတယ်။ ငါတို့ကတော့ ရှင်းတယ်။ မင်းတို့လို မီးသွေးမလိုဘူး။ အိုးတွေ ခုံတန်းတွေ မလိုဘူး။ အုန်းဆံတွေ မလိုဘူး။ အလင်းရောင် နည်းလို့ များလို့ ဖြစ်ရတဲ့ ပြဿနာမရှိဘူး။ ဓာတ်မြေသြဇာ မလိုဘူး။ မှိုသတ်ဆေး မလိုဘူး။ ပိုးသတ်ဆေး မလိုဘူး။ ကော်ဆေးတွေ၊ ဟော်မုန်းဆေးတွေ မလိုဘူး။ ငါးပုပ်ရည်တွေ၊ လင်းနို့ချေးတွေ၊ အရိုးမှုန့်တွေ မလိုဘူး၊ အမြစ်ပုပ်တာ၊ ပင်စည်ပုပ်တာ၊ အရွက်ကြွေတာ၊ ပန်းမပွင့်တာ၊ အဖူးညှိုးတာ၊ အရွက်ဝါတာ၊ အစက်မည်း ကျတာ၊ အရွက် ပျော့တာ၊ အရွက်ကျစ်တာ၊ အရွက်လိပ်တာ၊ ပန်းပွင့်အရောင်

http://www.cherrythitsar.org



မငြိမ်တာ၊ ခေါင်ပုပ်တာ၊ မိုးများတာ၊ အပင်ခွဲလို့ သွေးလန့်တာ တို့မှာ မရှိသလောက်ပဲ။ ငါတို့မှာ အရိုင်းစိတ်ရှိတာ မှန်ပေမယ့် ငါတို့ဟာ သဘာဝရဲ့ သားသမီးအရင်းတွေ ဖြစ်တယ်'

ဇနီးသည်က ကျွန်တော့်ကို ငေးကြည့်နေသည်။ သစ်ခွတို့၏ ရန်ပွဲကို ကျွန်တော်သည်ပင် သည်တစ်ခါပဲ ကြားဖူးသည်။ ပုပ္ပားသစ်ခွ၏ ချေပမှုပြီးတော့ စကားသံ ထွက်မလာ။ မိုးညှင်းသစ်ခွတွေကတော့ မြို့သားတွေလား၊ တောသားတွေလား မသိ။ သူတို့လည်း ငြိမ်သက်နေကြသည်။ လေက ပြတင်းဝက တရှုရှု တိုးဝင်နေသည်။ လေရှူမြစ်တွေက ပိုမိုယိမ်းခါနေလေသည်။

'သည်လိုတော့ ရှိတာပေါ့ကွာ . . . '

မိုးညှင်းသစ်ခွတစ်ပင်ဆီက အသံဖြစ်သည်။

'မီးသွေးတို့ အုန်းဆံတို့ ထည့်ပြောရင်တော့ ငါတို့လည်း မလွတ်ဘူးပေါ့။ ငါတို့ကတော့ ရှင်းတယ်။ ကိုယ့်ကိုယ်ကို တောသားလို့လည်း မတွက်ဘူး။ မြို့သားလို့လည်း မတွက်ဘူး။ သစ်ခွလို့ပဲ တွက်တယ်။ ငါတို့အားလုံးဟာ စေ့ရှက်ကြီးပင်အုပ်စုထဲမှာ ပါကြတာချည်းပဲ။ သည်အုပ်ထဲမှာ နေကြာပွင့်တွေကလွဲရင် ဘုံအမြင့်ဆုံး အမျိုးအနွယ်ပါ။ လိုအပ်တာက ငါတို့မှာ လေကောင်းကောင်း ရသလား။ ရေကောင်းကောင်းရသလား။ အလင်းရောင် ကောင်းကောင်း ရသလား။ အစာအာဟာရ ကောင်းကောင်းရသလားဆိုတာက အရေးကြီးတာ မဟုတ်ဘူးလား။ အိမ်ရှေ့က ပန်းပင်တွေက ရန်မဖြစ်ဘဲ တို့အချင်းချင်း ရန်ဖြစ်နေတာ ရှက်စရာကောင်းတယ်'

မိုးညှင်းသစ်ခွ၏စကားကို နားထောင်နေကြသလို အသံတွေက တိတ်နေပြန်လေသည်။ လေက ပိုပြီး ပြင်းထန်လာသည်။ သစ်ခွပင်တွေကို ကျော်ကာ ပြတင်းဝက စွတ်ဝင်လာသော လေက ပြက္ခဒိန်တွေကို ချိတ်က ဖြုတ်ချလိုက်သည်။ ထပ်ထားသော သတင်းစာဟောင်းတွေ ပြန့်ကျဲကုန်သည်။ မဂ္ဂဇင်းအဟောင်းတွေဆီက ဖုန်မှုန့်တွေ အူထသွားသည်။

'ငါတို့ဟာ တရုတ်ကဗျာဆရာ အိုက်ချင့်ရဲ့ သစ်ပင်တွေ ဖြစ်သင့်တယ်။ အပြင်မှာတော့ သစ်ပင်တွေဟာ တစ်ပင်ဆီ ပေါက်ရောက်နေကြတာ မှန်ပါတယ်။ ဒါပေမယ့် မမြင်ရတဲ့ မြေအောက်မှာတော့ အမြစ်ချင်း ထိယှက်နေကြတယ်ဆိုတာလေ . . . အခုပဲကြည့်၊ မင်းတို့အချင်းချင်း လေရှူမြစ်ချင်း ပူးကပ်ထိနေကြတာပဲ မဟုတ်လား။ ပြဿနာက တောသားကိစ္စ မြို့သားကိစ္စ မဟုတ်ပါဘူး။ ပန်းတွေ ပွင့်ဖြစ်ဖို့ပါ'

http://www.cherrythitsar.org



ကျွန်တော့်ဇနီးက ပြုံးသည်။ သည်သစ်ခွပင်ကလေးက တော်တော်စာဖတ်တယ်နော်လို့ တိုးတိုးကလေး ပြောသည်။ တောင်လေသွေးစ နွေဦးရာသီမှာ အိမ်ရှေ့ပန်းမျိုးစုံတို့ ခဲခဲလှုပ်လှုပ် ပွင့်နေကြပြီ။ သစ်ခွတွေကတော့ မပွင့်နိုင်ကြသေး။ ‘ပန်းတွေပွင့်ဖြစ်ဖို့ပါ’ ဆိုသည့်တိုင် မပွင့်နိုင်ကြသေး။ အားယူနေကြတာများလား။ ဇနီးသည်ကတော့ ပထမဆုံး ပွင့်သည့် သစ်ခွပွင့်ကို ဘုရားပန်းထိုးမည်ဟု ဆိုသည်။ ရေမှုန်ဖျန်းဘူးကလေးဖြင့် မနက်တစ်ခါ ညနေတစ်ခါ ဝတ်မပျက် ရေဖျန်းပေးနေတတ်သည်။ တစ်ခါတစ်ခါတော့ စိတ်မရှည်သလိုပင် ညည်းတတ်သည်။

‘ပွင့်ခဲလိုက်တာနော်၊ ပွင့်တော့ ပွင့်ကြမှာပေါ့လေ’

လေညင်းအသွဲ့မှာ သစ်ခွပင်တွေ စိမ်းလန်းနေကြသည်။ အလို . . . ဟုတ်ပ . . . လေရှူမြစ်အချင်းချင်း ရက်ယှဉ်နေကြပြီကော။ စကြံ့မှာတော့ နှင်းဆီတွေ ပွင့်နေကြသည်။ ကန္တာရနှင်းဆီတို့ ပွင့်နေကြသည်။ ‘နမ်းလှည့်ပါ’တို့ ပွင့်နေကြသည်။ မြစ်နှင့်တောင်တန်းက ပန်းပင်ကလေးတွေကို အဝေးက တော့ငေးနေကြသည်။

■

(Idea/ ၂၀၀၂-ဧပြီ)

# မြသန်းတင့် CD-ROM

နှင်းကြွင်းဟေမန်ရက်တွေထဲက တစ်ရက်မှာ ဖြစ်သည်။ လက်ပံတောမှာတော့ လက်ပံပွင့်တွေ နီနီမောင်းမောင်း ခဲခဲသည်းသည်း ပွင့်နေတာတော့ ရှိ၏။ ပေါက်ပွင့်အနီတွေကတော့ လိမ္မော်ရောင်ဘက်ကို များသည်။ ပေါက်ပွင့်တွေက ရွက်စိမ်းသစ်မြတို့နှင့်ရောကာ ပတ္တမြားတစ်ဘက် မြတစ်ဘက် ဖြစ်နေသော်လည်း လက်ပံပွင့်တွေကတော့ အရွက်မဲ့သစ်ပင်ကြီးတွေပေါ်မှာ ငေါင်းစင်းစင်း ရှိနေကြသည်။ လက်ကျန်လက်ပံရွက်ဟောင်းတွေ ကြွေသည်။ လက်ပံပွင့်တို့ ကြွေသည်။ ဒါကိုပဲ ကဗျာဆရာ အိုဂလီဟူစိန်က ‘Homeless”ဟု သုံးသည်။ အိုးအိမ်မဲ့။ ကဗျာဆရာ Terry R Bugg ကတော့ “သစ်ပင်တွေဟာ သူတို့ရဲ့ ခံစားမှုမဲ့ အကဗေဒထဲမှာ ငိုက်ကွေးကျနေခဲ့”လို့ ဖွဲ့သည့်ရာသီ။ မြောက်လေအတန့်မှာ တောင်လေသန့်သန့်တို့ သွေးစပြုပြီ။ ဝင်းပသောလေ။

ကျွန်တော့ စာရေးစားပွဲပေါ်မှာ ဓာတ်ပြားတစ်ချပ် ရှိနေသည်။ ဘယ်သူလာထားမှန်းမသိ။ ဓာတ်ပြားက ရွှေရောင်တောက်ပနေသည်။ ကျွန်တော်က စီဒီလို့ ခေါ်ကြသည့် ကျစ်လျစ်ဓာတ်ပြားကလေးကို ငေးရင်း ကျေးလက်ငယ်ဘဝတွေကို အောက်မေ့နေမိခဲ့သည်။ ကျွန်တော်တို့ ငယ်ငယ်က

http://www.cherrythitsar.org



ဓာတ်ပြားတွေကတော့ Compact Disc မဟုတ်ပါ။ မြေဓာတ်ပြား မည်းမည်း လေးလေးကြီးတွေ။ ဓာတ်ပြားသေတ္တာက သော့ကိုဖွင့်၊ စက္ကူအိတ်ထဲ ထည့်ထား သည့် အပေါ်ဆုံးက ဓာတ်ပြားတစ်ချပ်ကို ကောက်ကိုင်၊ ဓာတ်ပြားပေါ်က စာကို ကျွဲကော်ကိုင်း မျက်မှန်အောက်က မျက်လုံးတွေနဲ့ ဖတ်ပြီးတော့မှ ဓာတ်စက်ခုံ ပေါ်တင်၊ ဓာတ်ပြားဆရာ၏ လက်တွေကို မလွတ်တမ်း လိုက်ကြည့်နေကျ။ ရွာမှာ လာပြသည့် ဘိုင်စကုတ်ပြစက်က ဖလင်ဟောင်း တစ်ကွက် နှစ်ကွက်၊ ဓာတ်စက်က ဓာတ်ပြားကွဲ တစ်ပဲ့နှစ်ပဲ့ကပေမယ့် ကျွန်တော့်အတွက် ရင်ခုန်စရာ မက်မောစရာ အရာဝတ္ထုဖြစ်ခဲ့ရသည်။ မြေဓာတ်ပြား၊ ပလတ်စတစ်ဓာတ်ပြား တွေပြီးတော့ တိပ်ကြိုးခွေတွေ နေရာရလာခဲ့သည်။ မြေဓာတ်ပြားတွေလို သေတ္တာကြီးထဲ ထည့်၊ လှည်းဦးမှာ ကောက်ရိုးခံပြီး တယုတယ လုပ်နေစရာ မလိုတော့။ တိပ်ခွေကလေးထဲမှာ ဓာတ်ပြား ဆယ်ချပ် စာလောက် သီချင်းတွေ ပါလာခဲ့ပြီ။ သီချင်းအပုဒ် ၅၀၀ လောက်ကို ဓာတ်စက်ဆရာက လွယ်အိတ် ဟောင်းကလေးထဲ ထည့်လွယ်ခဲ့ရုံ။ ဓာတ်ပြား (Disc) မဟုတ်သော်လည်း ကျစ်လျစ်လာခြင်း (Compact) ကတော့ မြေဓာတ်ပြားဟောင်းတွေကို ရိုက်ခွဲပစ် လိုက်သည်ကော။

ကျွန်တော်က ရွှေရောင် ဓာတ်ပြားကလေးကို ငေးရင်း စဉ်းစားနေမိ ခြင်းဖြစ်ပါသည်။ CD-ROM။ Compact Disc Read Only Memory ၏ အစ စကားလုံးတွေကို ယူထားသည့် သည်ဝေါဟာရက ကျွန်တော်တို့ လက်တစ်ကမ်း မှာ အလှော်ခံရသော ပေါက်ပေါက်ပွင့်တွေလို ခုန်ထွက်နေကြသည်။ တောက်ပ သေးငယ်သည့် ဓာတ်ပြားကလေး။ သည်ဓာတ်ပြားကလေးကို အထူးမွမ်းမံထား သည့် စက်နှင့် ဖွင့်ရသည်။ လေဆာကိုသုံးကာ Signal အဖြစ် ပြောင်းပေးသည်။ Signal ကမှ အရည်အသွေးကောင်း အရုပ်အသံကို ပြောင်းလဲပေးသည်။ ROM ဆိုတာက ကွန်ပျူတာ၏ အမြဲတမ်းမှတ်ဉာဏ်ဖြစ်သည်။ မှတ်ဉာဏ်ကိုသာ ဖတ်ခြင်း Read Only Memory က Rom ဖြစ်လာသည်။ CD-ROM တစ်ချပ်ထဲ မှာ Text တွေ၊ Images တွေ Sound တွေ အမြောက်အမြားသိုလှောင်နိုင်သည်ဟု ဆိုသည်။

ကျွန်တော့်မိတ်ဆွေတစ်ယောက်က Julia Roberts ပါဝင်သည့် Erin Brokovich ရုပ်ရှင်ကား CD တစ်ချပ် စပေးဖူးသည်။ နာမည်ကျော် သီချင်းရေး ဆရာ ကိုဝင်းမင်းထွေးက သူရိုက်ကူးထားသော MTV CD တစ်ချပ် လက်ဆောင် ပေးသည်။ ဒီဇိုင်းဆရာ ကိုစိုးဝင်းငြိမ်းက CD တွေပေးသည်။ သည်နောက်တော့ ကျွန်တော့်မှာ သီချင်း CD တွေ၊ ရုပ်ရှင်ဇာတ်ကားCDတွေ တော်တော်များများ

http://www.cherrythitsar.org



ရှိလာခဲ့သည်။ ဒါပေမယ့် ကျွန်တော် စိတ်လိုလက်ရ ဖွင့်မိတာမျိုး မရှိ၊ သည် မနက်တော့ ဘယ်သူလာထားသွားမှန်း မသိရသည့် ရွှေရောင် CD တစ်ချပ် ရောက်လာခဲ့သည်။ ဓာတ်ပြားပေါ် မှာတော့ မြသန်းတင့် CD-ROM လို့ ရေးထား သည်။ ဓာတ်ပြားကလေးကို ကျွန်တော် ကောက်ယူလိုက်ပြီး စီဒီပလေယာ အံကလေးထဲ ထည့်လိုက်သည်။ အံကလေး လျှောခနဲ ဝင်သွားပြီး ခဏနေတော့ ဖန်သားပေါ် မှာ အရုပ်တွေ ပေါ်လာသည်။ ကဗျာဆရာတစ်ယောက်၏ ကဗျာ ရွတ်သံ ကြည်ကြည်လင်လင်ကြီး ပေါ်လာသည်။ နောက်ခံ တေးဂီတက ဘုံပျံနေ နန်းပတ်ပျိုးကြီးကို အခြေခံထားသော နွေဘွဲ့ဂီတတေးသွား၊ အရုပ်က ပထမ တော့ ကောင်းကင်ပြာကြီးကိုပြသည်။ နောက်တော့ တဖြည်းဖြည်း နှိမ့်ယူကာ ကောင်းကင်ထဲ ထိုးထွက်နေသည့် ရေနွေးငွေ့ မီးရထားစက်ခေါင်းပေါ်က ခေါင်းတိုင်၊ ပြီးတော့ စက်ခေါင်းမည်းမည်း၊ ပြီးတော့ သံမဏိရောင် ထနေသည့် ဘီးများ။ ခပ်ဆွေးဆွေး ဇလီဖားတုံးများ၊ ကျဲကျဲပါးပါး ကျောက်စရစ်ခဲများ။ ‘တူခနဲ’ ဆွဲလိုက်သည့် ဥသြသံက ဒဟပ်တော၊ ရှားတော၊ သန်းတော၊ ကန္တာရပင် တောတွေထဲကို ကမူးရှူးထိုး ဖြတ်သွားပုံမျိုးဖြင့် အဝေးမြင်ကွင်းတွေကို ပြသည်။

*‘အို . . . တောင်တွင်းရထား*
*အို . . . ကြေးနီရထား*
*အို . . . နတ်မောက်ရထား*
*အို . . . မြို့သစ်ရထား*
*ပျဉ်းမနားမှ နဂါးတစ်ကောင်*
*ပုလောင်အငွေ့ ဝေ့ပတ်မှုတ်ထုတ်*
*တဂျုတ်ဂျုတ်နဲ့ အသော့ခုတ်မောင်း*

တွဲဟောင်း၏ ပြတင်းဝမှာ လူတစ်ယောက် ထိုင်နေသည်။ ဝါးဖတ် ဦးထုပ်၊ လည်ကတုံးအကျီ၊ မျက်မှန်ထူထူတပ်ထားသည်။ မျက်လုံးတွေက မျက်မှန်ထူထူကို ဖောက်ကာ အဝေးက သစ်ပုံကြီးကို ငေးနေသည်။ ညိုရွှေရောင် ကြေးနီသား မျက်နှာပေါ် မှာ အမြင်သာဆုံးက ကြီးမားကျယ်ပြန့်သည့် နဖူးပြင် ဖြစ်သည်။ နှုတ်ခမ်းတွေက တင်းရင်း ပိပိရှိသည်။ ဆံပင်နှင့်လည်ကတုံး အကျီပေါ် မှာတော့ ဖုန်တွေ တင်းကြမ်း။

*‘ပျဉ်းကတိုးတုံး၊ ကျွန်းတုံး*
*အင်ကြင်းတုံး၊ သစ်ရာတုံး*
*သစ်မာတုံး၊ ပိတောက်တုံး*
*မျောက်ချော့တုံး၊ တမလန်းတုံး*

http://www.cherrythitsar.org



*ဘာတုံး ညာတုံးမှန်းမသိတဲ့*
*သစ်လုံးတွေကြားမှာ ဖားသူငယ်လို*
*ဘူတာအိုကလေး ပင့်ကူမြွေးယှက်*
*အိပ်စက်နေရာက လန့်နိုးလာပြီး*
*ဂျမဒါတစ်ယောက် ဝေါက်ခနဲ*
*အသာထ*
*လာသမျှ ခရီးသည်*
*လက်မှတ်ဝယ်ကြ . . .*
*လက်မှတ်ဝယ်ကြ . . .*

အသံက ကဗျာရေးသူကိုယ်တိုင်၏ အသံဖြစ်သည်။ ရှုရှု ညင်းညင်း။ သက်ကယ်ချောင်း တံစက်မြိတ်ကို လေပြင်းတိုးခတ်သွားသံမျိုး၊ ကြည်ကြည်ပီပီ မဟုတ်သော်လည်း မထီတရီအသံမျိုး။ အရုပ်က ဘူတာရုံကလေးကို ပြနေရာက မှုန်ဝါးသွားကာ အညာမြင်ကွင်း တစ်နေရာကို ပြောင်းသွားပြန်သည်။ တမာပန်းတွေ ဝေနေသည်။ ခံပင်တွေ ခံစပ်ပင်တွေ တောထနေသည့် တောင်ကုန်း . . .။ ကင်မရာက အဝေးမြင်ကွင်းကို ပြရာက အိမ်ကလေးတစ်အိမ်၏ ထမင်းစားခန်းကို ရောက်လာသည်။ မီးပြင်းတိုက်ထားသော အိုးမည်းမည်းမှာ ခရမ်းချဉ်သီးနိုင်နိုင်၊ ငရုတ်သီးနိုင်နိုင်၊ အမဲခြောက်ဆီးသီးချက်အိုးက တဗျစ်ဗျစ်မြည်နေသည်။ အိမ်ထုပ်တန်းပေါ်မှာ မြေဖြူခဲနှင့် ရေးထားသည့် စာတန်းတစ်တန်းရှိသည်။ ‘သားကြီး မောင်မြသန်း၊ ၁၉၂၉ ခုနှစ် မေလ ၂၃ ရက် မွေး၊ ကြာသပတေးသား’။ တဗျစ်ဗျစ်ဟင်းအိုးဘေးက ခေတင်ကြီးပေါ်မှာတော့ ကျောင်းစာအုပ်တွေ ဗရပွကြဲနေသည်။ တချို့ဗလာစာအုပ်တွေပေါ်မှာ မောင်မြသန်း၊ စတုတ္ထတန်း၊ မြိုင်မြို့ တိုင်းရင်းမြန်မာ အထက်တန်းကျောင်းလို့ ရေးထားကာ တချို့ စာအုပ်တွေမှာတော့ ‘မောင်မြသန်း၊ စတုတ္ထတန်း၊ ပခုက္ကူမြို့၊ မြန်မာ -အင်္ဂလိပ် ဗုဒ္ဓဘာသာ အထက်တန်းကျောင်း’လို့ ရေးထားသည်။

*‘ဖုန်တောင်းထောင်းနဲ့*
*လှည်းကြမ်းမောင်းသလို ခုန်နေတဲ့*
*တောင်တွင်းရထားဟာ*
*ရိုးပြတ်လယ်ကွင်းတွေ*
*နေကြာခင်းတွေ*
*သစ်တောစိုက်ကွင်းတွေ*
*ကြံခင်းတွေ*

http://www.cherrythitsar.org



*အင်္ကျင်းတောတွေကို ဖြတ်ပြီး*
*ရိုးမအစပ်ကို ဝင်ခဲ့ . . .'*

မြင်ကွင်းက ၁၃နှစ်သား ကျောင်းသားတစ်ယောက်၏ စာကြည့်စားပွဲကို ပြသည်။ ကျောင်းစာအုပ်တွေဘေးမှာ ဇိနတ္ထပကာသနီ။ ငါးရာ့ငါးဆယ်၊ ဇာတ်ကြီး ဆယ်ဘွဲ့၊ ဟိတောပဒေသ၊ ကိုးခန်းပျို့၊ မဃဒေဝလင်္ကာသစ်၊ နတ်ရှင်နောင်ရတု ပေါင်းချုပ် စသည့် စာအုပ်တွေ ရှိသည်။ ကြွက်လှေ့ာက်တန်းပေါ်မှာ တင်ထားသည့် စာအုပ်တွေမှာတော့ ဘားမားဂျာနယ်၊ သက်စောင့်ဂျာနယ်၊ ဆယ်သန်း၊ ဒဂုန်၊ ဂန္ဓလောက၊ စာဆိုတော်၊ တက္ကသိုလ်ကျောင်းတိုက် မဂ္ဂဇင်းတွေ တွေ့ရ သည်။ မြင်ကွင်းက ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းကို ပြပြန်သည်။ သည်ဘုန်းတော်ကြီးကျောင်းက မြိုင်မြို့တွင် ထင်ရှားသည့် ဦးစရိယကျောင်း ဖြစ်သည်။ သည်ဆရာတော်က မြိုင်ဖဆပလ အမတ်ဟောင်း ဦးသက်ရှည်အဖြစ် နောင်မှာ ထင်ရှားခဲ့သူ ဖြစ်သည်။ ဓာတ်ပုံဟောင်း တစ်ပုံထဲမှာ ဦးစရိယ၊ သခင်မော်တင်၊ ဗိုလ်သန်းဦး စသူတို့နှင့် အတူ စက်ကတ်ကြေး အပြောင်ထိုး ဆံပင်နှင့် လူငယ် တစ်ယောက်၏ မျက်နှာထား ခပ်တင်းတင်းကို တွေ့နေရသည်။ အာရှလူငယ်၊ ဂျပန်တော်လှန်ရေး၊ မန္တလေးခရိုင်နှင့် မြင်းခြံခရိုင် ယူဂျီ၊ မန္တလေးခရိုင် အထက်မြန်မာပြည် ဖဆပလအဖွဲ့ချုပ်၊ တောင်သာ၊ နွားထိုးကြီး၊ ကျောက်ပန်းတောင်းနယ် တောင်သူလယ်သမားတွေကြားမှာ တွေ့ရသည့် စည်းရုံးရေးမှူး စသည့် ပုံရိပ်တွေကိုတော့ ဖျပ်ခနဲ ဖျပ်ခနဲ အရုပ်ချင်း Mixdown လုပ်ရင်းပြသွားသည်။

*'ပုလွေးချောင်း တံဘားကိုအဖြတ်*
*မတ်တတ်ရပ်လျှက်က*
*ငုံ့ကြည့်လိုက်တော့*
*အနားကော့လန်နေတဲ့*
*ကျွန်းရွက်ခြောက်တစ်ရွက်*
*ယက်ကန်ယက်ကန်နဲ့ ချောင်းရေစီးသန်သန်မှာ*
*မျောပါသွားလေရဲ့ . . .'*

ကဗျာရွတ်သံက နောက်ခံဂီတထဲမှာ တုန်ခါနေသည်။

၁၉၄၇ ခုနှစ် Diary ဟောင်းတစ်အုပ်ကို ကင်မရာက Close-up ရိုက်ပြသည်။ စာတစ်မျက်နှာမှာ စာတစ်ကြောင်းသာ ရေးထားသည်။ မင်ကမထင်တစ်ချက်၊ ထင်တစ်ချက်။ ကျောက်ပန်းတောင်းလယ်သမားများ သီးစားခ

http://www.cherrythitsar.org



မပေးရေးတိုက်ပွဲ၊ လက်ငုပ် လယ်ပြန်ထွန်ရေး တိုက်ပွဲ၊ မြေရှင်ကြီးများ၏ လယ်ယာမြေကို အတင်းဝင်ထွန်ရေး တိုက်ပွဲ၊ အင်္ဂလိပ်အစိုးရက မတရား သိမ်းယူထားသော မြန်မာလယ်သမားတို့၏လယ်ယာမြေများ၊ ပစ္စည်းများ ပြန်လည်လုယူရေး တိုက်ပွဲ။

ရုံးမင်းတစ်ထိုင်ပြစ်ဒဏ်၊ အင်္ဂလိပ်အလိုတော်ရိများက ထုတ်ပြန်သည့် ခေါင်းဖြတ် ဆုတော်ငွေ။ နယ်ချဲ့လက်အောက် မြင်းခြံ၊ မန္တလေး၊ ဒလသဘော် ကျင်း အလုပ်သမားသပိတ်၊ ဖြူး တောင်သူလယ်သမားကွန်ဂရက် မြင်းခြံနယ် ကိုယ်စားလှယ်၊ တက္ကသိုလ်ဝင် စာမေးပွဲဝင်ကျောင်းသား။

မြင်ကွင်းက တာရာမဂ္ဂဇင်းစာအုပ် အဟောင်းများ၊ စာပေသစ်မဂ္ဂဇင်း အဟောင်းများကို ပြသည်။ အယ်ဒီတာ လုပ်ခဲ့ဖူးသော ပြည်တော်သစ်၊ တိုးတက် ရေး မဂ္ဂဇင်းဂျာနယ်စာမျက်နှာတွေကို ပြသည်။ မာလ်ဗာနှင့် အခြားဝတ္ထုတိုများ၊ မက္ကဇင်ဂေါ်ကီ၊ မေတ္တာအသချော့ . . . ။ ၁၉၅၄ ခုနှစ် ရန်ကုန်တက္ကသိုလ်နောက် ခံဖြင့် ရိုက်ကူးထားသည့် ဓာတ်ပုံမှာတော့ 'အင်္ဂလိပ်စာပေ၊ နိုင်ငံရေးသိပ္ပံ၊ ဒဿနိကဗေဒ . . . ဝိဇ္ဇာဘွဲ့'လို့ ရေးထားသည်။

*'အို . . . ကျွန်းရှက်*
*အသင်ဘယ်ဘက်ကို သွားနေသလဲ*
*ဘယ်ကျွေ့ကို ဘယ်တက်နဲ့ လှော်မလဲ*
*ဘယ်မှော်ကို ဘယ်လိုရှောင်မလဲ*
*ဘယ်သောင်ကို ဘယ်လိုရှဲမလဲ*
*ဘယ်ဝဲကို ဘယ်လိုဖြတ်မလဲ*
*ချောင်းမျှားအစ*
*မလိခက ဆင်းလာတဲ့ သင်ဟာ*
*ပင်ပန်းချင်ပင်ပန်း*
*တွက်လာတဲ့ ခရီးကြမ်းကိုတော့*
*လမ်းဆုံးအောင် သွားရလိမ့်မယ် . . . '*

၁၉၅၅၊ ၅၆၊ ၅၇၊ ၅၈၊ ၅၉၊ ၆၀။ ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီ (ဗီယင်နာ) ဗျူရိုလူကြီး။ လိုက်ခဲ့တော့ မြနန္ဒာ၊ ကိုကိုးကျွန်း၊ အမှောင် ရိပ်ဝယ်၊ နွံထဲကကြာ။ မြသန်းမှ မြသန်းတင့်။

၁၉၆၁၊ ၆၂၊ ၆၃။ စတော့ဟုမ်း ငြိမ်းချမ်းရေးကောင်စီ ကိုယ်စားလှယ်။ စာရေးဆရာသမဂ္ဂ၊ ပြည်တွင်းငြိမ်းချမ်းရေး ကော်မတီ။

http://www.cherrythitsar.org



သည့်နောက်တော့ အမျိုးသားစာပေဆု နံရံချိတ် ကတ်ပြားများ။ ၁၉၇၂၊ စစ်နှင့်ငြိမ်းချမ်းရေး။ ၁၉၇၈၊ လေရူးသုန်သုန်။ ၁၉၈၈၊ ခန်းဆောင်နီ အိပ်မက်။ ၁၉၉၂၊ သုခမြို့တော်။

အမှတ် ၁၇၊ ဖျာပုံလမ်း၊ စမ်းချောင်း နေအိမ် အပေါ်ထပ် စာရေးစားပွဲပေါ်မှာ လက်နှိပ်စက်တစ်လုံး ရှိသည်။ အနားမှာ ကော်ဖီ တစ်ခွက်။ သီချင်းတိပ်ခွေ တချို့။ ဖတ်လက်စစာအုပ်တွေ။

*'သံမဏိမြင်း၊*
*တောင်တွင်းရထားဟာ*
*တံတားတွေဖြတ်၊ ဘူတာစဉ်ရပ်*
*ရိုးစပ်ကိုဝင်၊ လွင်ပြင်ကို*
*ဆင်းလာခဲ့တယ်'*

ဝတ္ထုတွေကိုတော့ သေသေချာချာ ရိုက်ပြသည်။ မေတ္တာ အသချေ၊ လိုက်ခဲ့တော့ မြနန္ဒာ၊ အမှောင်ရိပ်ဝယ်၊ ဆယ်ကြိမ်မြောက် အလည်ရောက်ခြင်း၊ နှင်းနု၊ မမ၊ နွံထဲကကြာ၊ ထားကျွန်မလင်၊ ကျွန်တော်ဆက်၍ရေးချင်သော ဝတ္ထုများ၊ အရှေ့လေတိုက်သောအခါ၊ သမိုင်းဆိုင်ရာ ရုပ်ဝါဒ၊ တောင်များ၏ တောင်ဘက်မှ ပင်လယ်များ၏ မြောက်ဘက်သို့၊ ဒီရေမြင့်သစ်၊ မီးလောင်မြေ၊ သမိုင်းဆရာ တွိုင်ဘီနှင့် ငြင်းခုံခြင်း၊ ခေတ်သစ်သမိုင်းဋီကာ၊ ဧကရာဇ်တို့၏ ဘဏ္ဍာတိုက်များ၊ ဘုံလယ်တစ်ခွင်၊ အရွယ်မတိုင်မီ၊ မှောင်မိုက်မှာငို၊ ရွှေပြည်တော် မျှော်တိုင်းဝေး၊ မျှော်ရုံတောမှာမောလှပြီ၊ လွမ်းမောရသော တက္ကသိုလ် နွေညများ . . .။

*'ရထားကြီးပေါ်မှာ*
*မိုးချုပ်က မိုးလင်း*
*မိုးလင်းက နေထန်းတစ်ဖျား*
*နေသန်းတစ်ဖျားက မွန်းလတ်*
*မွန်းလတ်က မွန်းတည့်*
*မွန်းတည့်က မွန်းယိမ်း*
*မွန်းယိမ်းက နေစောင်းသည်ထိ*
*မသြောင်းမညာ . . .'*

'သည်နေ့ မော့ကြည့်လိုက်တော့ နှစ်ရက်သုံးရက်ခန့် ရိုးတံ ပြိုင်းပြိုင်းဖြစ်နေသော တမာပင်ကလေးတွင် ရွက်နုတွေ ထွက်နေသည်ကို ကျွန်တော်မြင်ရသည်။ ပြက္ခဒိန်ကို လှမ်းကြည့်လိုက်တော့ ဖေဖော်ဝါရီ ၂၄ ရက်။ ကျွန်တော်

http://www.cherrythitsar.org



သည်နေ့စဉ်မှတ်တမ်းစာအုပ်လေးကို ထယူကာ ရွက်နုတွေ စထွက်သောနေ့ဟု မှတ်ထားလိုက်ပါသည်။ တမာနုချိန်သည် ကျွန်တော့် နွေလွမ်းဝေဒနာ၏ ရောဂါလက္ခဏာချက်ဖြစ်သည်။ ကျွန်တော့်အိမ်လွမ်းဝေဒနာ၏ ပြဒါးတိုင်ဖြစ်သည်။'

သက်ကယ်ချောင်း လေတိုးသံက ပိုမိုကျယ်လောင်နေသည်။ မြင်ကွင်းက အဝေးရိုက်ချက်တွေဖြစ်သည်။ ပခုက္ကူမြို့ဘက်ကို မြိုင်မြို့မှအထွက် တမာတန်းရှည်ကြီးက နွေတံလျှပ်တို့ကြားမှာပင် စိမ်းသစ်နေသည်။ ဖေဖော်ဝါရီလ၏ ဝင်းပသောလေက တသုန်သုန်။

*'အတွေ့အခေါ်တွေဟာ*
*အခန်းတံခါးနောက*
*သူတို့နေရာဖြစ်တဲ့*
*ဖိနပ်တွေ ပေါင်မုန့်တွေနားကို*
*ပြန်ရောက်ကုန်ကြတယ်'*

ကျွန်တော်က ရွှေရောင် စီဒီဓာတ်ပြားကလေးကို ထုတ်ယူ လိုက်သည်။ ကျွန်တော့်အတွေးတွေကတော့ လွမ်းမောဖွယ် တမာတန်းဆီ ရောက်နေသည်။ ပြက္ခဒိန်ကို ကြည့်လိုက်တော့ ဖေဖော်ဝါရီ။

ကျွန်တော်က ရွှေရောင်ဓာတ်ပြားကလေးကိုကိုင်ရင်း ဆရာ့ကို သတိရနေသည်။ တစ်ခါ ရုရှားသံရုံး ယဉ်ကျေးမှုဌာနမှာ ဂေါ်ကီ၊ နီကာရာဆော့ဗ် စသည့် စာရေးဆရာကဗျာဆရာကြီးများ၏ မော်ကွန်းဓာတ်ကားတိုကလေးတွေ ကြည့်ခဲ့ရဖူးသည်။ ဂေါ်ကီ ကြီးပြင်းခဲ့ရာ အိမ်ကလေး၊ ဂျုံခင်းများ၊ နှင်းပန်းပွင့်များ၊ နှင်းဆွတ်တောင်တန်းများ၊ ဂေါ်ကီ၏စာရေးစားပွဲ၊ ဖတ်ခဲ့သည့်စာအုပ်များ၊ လသာမှန်အိမ်။ ဂေါ်ကီက ပေးပို့သည့် လက်ရေးစာများ၊ ဂေါ်ကီကို ပေးကြသည့် လက်ရေးစာများကိုလည်း တွေ့ရသည်။ ကျွန်တော့်စိတ်ကူးထဲမှာတော့ သည် ချင်ခြင်း ရှိနေတာ ကြာပြီ။ ဆရာ့ဘဝကိုလည်း မော်ကွန်းတင်ချင်သည်။ ဆရာနှင့်ပတ်သက်သမျှ အရုပ်တွေ အသံတွေ နောက်ခံထည့်ကာ မိတ်ဆွေများထံ ပို့ချင်သည်။

မင်းဘူးစာပေဟောပြောပွဲမှာ ဆရာ အားတော်တော်နည်း နေသည်။ မြို့ခံစာပေကော်မတီက အပြင်ဆေးခန်းကလေး တစ်ခန်းမှာ အားဆေးရည် သွင်းပေးကြသည်။ ဆရာက လူနာခုတင်ကလေးပေါ်မှာ ပက်လက်လှဲနေရင်းက ကျွန်တော့်ကို အကူအညီတောင်းသည်။

http://www.cherrythitsar.org



'ကိုနေဝင်းမြင့် စာပေဂျာနယ်ရှာဗျာ။ ကျွန်တော့်ကို ကိုချောနွယ်ရဲ့ 'ဆတ်သွား' ကဗျာဖတ်ပြစမ်းပါ။ ကျွန်တော် နားထောင်ချင်တယ်'

ဆရာက အားဆေးရည်တန်းလန်းဖြင့် ကဗျာဖတ်တာကို မျက်လုံးတွေမှိတ်ကာ နားထောင်နေသည်။ တချို့ကဗျာပိုဒ်တွေကို နှစ်ကျော့ ပြန်ဖတ်ခိုင်းသည်။ ရန်ကုန်က မြို့သစ်တစ်မြို့မှာ ဆရာက တယောထိုး ကျွန်တော်က သီချင်းဆို၊ ဆရာပါရဂူက ပြုံးပြုံးကြီး နားထောင်နေတာကို ကျွန်တော် မမေ့နိုင်။ သည်အကွက်တွေကိုလည်း ဖြစ်နိုင်လျှင် CD-ROM ထဲ ထည့်ချင်သေးသည်။

*'အို . . . တောင်တွင်းရယား*
*အို . . . ကြေးနီရယား*
*အဲသည်အခါမှာ*
*သင့်အသွင်ထူးခြား*
*နတ်မြင်းပျံသို့ မြူးကြွားသည့်ဟန်*
*သင့်ခွာသံသည်*
*မိုးယံပဲ့တင်ထပ်စေသတည်း။'*

ROM ဆိုသည်က Read Only Memory ၏ အဓိပ္ပာယ် အတိုကောက်ဖြစ်သည်ဟု ဆိုသည်။ 'မှတ်ဉာဏ်ကိုသာ ဖတ်သည်' လို့ ဆိုနိုင်မည် ထင်ပါသည်။ ကျွန်တော်ကတော့ မှတ်ဉာဏ်ကို မဖတ်၊ ကျေးဇူးတရားနှင့် ယှဉ်သော အောင်းမေ့သတိရခြင်းကိုသာ ဖတ်ချင် နေသည်။

*(၁၉၂၉ ခုနှစ် မေလ ၂၃ ရက်နေ့တွင် ဖွားမြင်ခဲ့သော ဆရာ မြသန်းတင့် ၇၃ နှစ် မြောက်မွေးနေ့သို့)*

■

*(IDEA/ ၂၀၀၂ - မေ)*

# လွန်ကျင်း

သောင်ပြန့်ပြင်ကျယ်ကြီးပေါ်မှာ နှစ်စဉ်လိုလို လွန်းရုံကလေး ပေါ်လာတတ်သည်။ ဆန်စဉ်ရာ ကျည်ပွေ့လိုက်သည် ဆိုသည့် စကားလို သောင်ပေါ်ရာ လွန်းရုံကလေးလိုက်ရတာတော့ ရှိသည်။ သောင်က ဂေါ်ဝိန်ဆိပ်အနောက်ဘက် ပေါ်သလား၊ ချော်ဆိပ်ပေါ်သလား၊ ချော်ဆိပ်အနောက်ဘက်ပေါ်သလား၊ အထက်ဘက်ထင်းဝင်းမရမ်းခြံ အနောက်ဘက်ပေါ်သလား။ ပေါ်သည့်နေရာမှာ လွန်းရုံထိုး၊ လွန်းအလုပ်သမားတွေနေဖို့ တဲကြီးထိုး။ လွန်းဆရာကြီးကတော့ အသက်ရင့်လှပြီ။ အိတ္တွဲတွဲ လူ့အသားအရေတွေကို ဆွဲကာဆန့်ကာ ဖြတ်တောက်ချုပ်ဆက်ပေးသည့် ပလပ်စတစ် ဆာဂျရီသမားတော်ကြီးလို လှေဟောင်း၊ မော်တော်ဟောင်းတွေကို ဖာသင့်တာဖာပေး။ လဲသင့်တာလဲပေး၊ ထေးသင့်တာထေးပေးရသည့် အလုပ်ရုံပိုင်ရှင်ကို လွန်းဆရာခေါ်ကြခြင်းဖြစ်သည်။ လွန်းဆရာကြီးနှင့် ဆရာကြီးကတော်က လွန်းရုံသောင်ပြန့်နှင့် သိပ်မဝေးလှသော ရေလယ်ကျွန်း တစ်ကျွန်းပေါ်မှာ နေကြသူတွေ ဖြစ်သည်။ သည်မြစ်၊ သည်ရေ၊ သည် သောင်၊ သည်လှေတွေနှင့် လုပ်စားကိုင်စားခဲ့ရသည့် ဘဝရက်စွဲတွေက များလှပြီ။

**ချမ်းမြေ့ရတနာ**

http://www.cherrythitsar.org



တပည့်များဖြစ်သည့် လွန်းအလုပ်သမားကြီးတွေက အလုပ်လာအပ်ကြသည့် ရှေးလှေကြီးကို သောင်ပြန့်ပေါ် ရောက်အောင် ပင်ပန်းတကြီး ဆွဲတင်နေကြသည်။ မီးရထားလမ်း အတိုအပြတ်များ၊ သံတလိမ့် သစ်သားတလိမ့်များ၊ ကုတ်များ၊ သံမဏိကြိုးများ၊ ငုတ်များ၊ လူ့လုပ်အားများကို သုံးကာ တစ်ပေချင်း တစ်ပေချင်း ဟီးတိုက်ကာ ဆွဲတင်ကြရခြင်း ဖြစ်သည်။ သောင်ပြင်ပေါ် ရောက်တော့လည်း လှေကြီးတွေကို ငြိမ်မတ်နေအောင် တုံးတိုတုံးစတွေ ခုကာ ပင့်ကာ မလဲမပြိုအောင် ထားကြရသည်။ မဟုတ်လျှင် ခါးကျိုး သွားနိုင်သည်။ အက်ကွဲသွားနိုင်သည်။ တကူဆက်တွေ ဟသွားနိုင်သည်။

"ကျုပ်တို့အလုပ်က လှေအောက်ပိုင်းတစ်ပိုင်းလုံးကို လိုတာ ပြင်ပေးရတာပေါ့၊ ရေထဲနှစ်ပေါက်နေရတဲ့ သစ်သားတွေကို စစ်ဆေးပြီး လဲတန်တာလဲ၊ ဖာတန်တာဖာရတယ်။ လက်သမား ပညာပေမယ့် လက်သမားတတ်တိုင်း လှေသဘောကို နားမလည်ရင် မပြင်တတ်ကြဘူး"

လွန်းရုံရိပ်မှာ ထိုင်နေသည့် ကျွန်တော့်ကို လွန်းဆရာကြီးက ပြောပြခြင်းသာ ဖြစ်ပါသည်။ ကျွန်တော်က လှေကလေး တစ်စင်းစင်း၊ ပဲ့ထောင်ကြိုတစ်စင်းစင်းဖြင့် လွန်းရုံကလေးရှိရာကို (အနောက်ဘက်ကမ်းကို) ကူးလာတတ်သည်။ လွန်းအလုပ်သမားတို့ လုပ်တာ ကိုင်တာကို ကြည့်ရင်း မေးချင်တာမေးနိုင်သည်။ လှေကြီးတွေက ရှေးလှေကြီးတွေ။ ရှေးလှေယဉ်ကျေးမှု ကွယ်ပျောက်လုနီးပြီ ဖြစ်သော်လည်း ကျန်ကောင်းကျန်ရာ လှေကြီးတွေကို သည်လွန်းရုံကလေးက ပြုပြင်ပေးသည်။ ဂျိုက်လို့ ခေါ်ကြသည့် ပစ္စည်းမကိရိယာကို သုံးကာ လှေကြီးတွေကို တစ်လက်မချင်း မြှင့်သူကမြှင့်။ တုံးခုသူကခု၊ နေပူပြင်းပြင်းထဲမှာ သဲတွေက မီးလောင်နေသလို တဟုန်းဟုန်းတောက်နေသည်။ နေပူထဲမှာ လှေကြီးတွေကို ကောင်းကောင်းကြီး သွေ့သွားအောင် (သစ်သားထဲက ရေဓာတ်ကုန်သွားအောင်) ရက်ပေါင်းတော် တော်ကြာကြာ ပစ်ထားရသည်။ သစ်သားထဲက ရေပိုး၊ ဒီပိုးတွေက နေပူဒဏ်ကို မခံနိုင်တော့ ပြုတ်ကျကုန်သည်။ တချို့ လှေကြီးတွေ ဆိုလျှင် မီးပြင်းပြင်း မီးတုတ်သုံးကာ ချောင်ကြို ချောင်ကြားအပူတိုက် ပေးရတာလည်း ရှိသည်။ များသောအားဖြင့်က စပ်ကြောင်းကွဲတွေ၊ အပေါက်တွေ၊ သစ်သားဆွေးတွေကို လဲလှယ်ရသည်။ ဆို့ရ ပိတ်ရသည်။ ပွဲလျက်၊ ကတ္တရာ၊ အုန်းဆံကြိုး၊ အဝတ်ဟောင်းတွေ သုံးကာ သရိုးထေထေရ သည်။ လှေပျဉ်တစ်ချပ်နှင့် တစ်ချပ်ကြားက ဆွေးနေသည့် အုန်းဆံကြိုးတွေကို ကော်ထုတ် ကြိုးသစ်ရိုက်ထည့်၊ ပွဲလျက်၊ ကတ္တရာထေး။

http://www.cherrythitsar.org



'လက်ဆက်တကူ၊ လှေမှူခိုင်လျက်၊ ဒီပိုး ဖျက်တဲ့၊ ရေချိုပိုး ရေငံပိုး သိပ်ဆိုးတဲ့ ပိုးတွေပေါ့လေ၊ ကျွန်းသားတောင် မခံနိုင်ဘူး၊ သည်ပိုးကောင်တွေနဲ့ တွေ့ရင် ဆွေးတာပဲ"

သည်လွန်းရုံရှိတော့ သောင်ပေါ်မှာ လှေပျက်ကြီးတွေ ရှိလာရသည်။ ဆေးရုံရှိတော့ လူနာတွေ ရောက်လာရသလို ဖြစ် သည်။ လှေပြင်ကြသူတွေက လှေကို ဝပ်ရှော့မှာ ကားပျက်ထိုးခဲ့သလို ထိုးခဲ့ကြတာမဟုတ်၊ လွန်းဆရာနှင့် တိုင်တိုင်ပင်ပင်ရှိဖို့ လှေနှင့် အတူ နေကြရသည်။ သည်တော့ သောင်ပြင်ပေါ်မှာ လူစည်သည်။ တံငါတဲ ကလေးတွေကလည်းရှိတော့ လွန်းသောင်သည်ပင် ရွာကလေး ဖြစ်လာရသည်။ သည်တော့ ရေခဲချောင်းသည်၊ သွားရေစာသည်၊ ဆေးလိပ် ကွမ်းယာသည်တို့ ရောက်လာကြရတာပါပဲ။ ကလေးတွေက သဲစိုပူပူမှာ ပြေးလွှားနေကြ၊ အော်ကြဟစ်ကြ။ လွှတိုက်သံ၊ တူရိုက်သံ၊ ရွှေဘော်ထိုးသံတို့ ညံနေတတ်တာလည်း ရှိသည်။

ကျွန်တော်နှင့် မနီးမဝေးမှာ နောက်ထပ် လွန်းကျင်း တစ်ကျင်း ရှိသေးသည်။ သည်လွန်းကျင်းကတော့ ဧရာဝတီမြစ် အရှေ့ဘက်ကမ်းမှာ ရှိသည်။ ရတနာပုံခေတ်က ပန်းဆက်တံခါးလို့ ခေါ်ကြသည့် မြို့တော် အနောက်ဘက်မျက်နှာက ဘုရင့်တော်ဝင် လွန်းရုံကြီးဖြစ်သည်။ ရတနာပုံ သင်္ဘောကျင်းလို့ ဘုရင့်ခေတ်ကတည်းက အမည်တွင်ခဲ့သည်။ ကနောင်မင်းသားကြီးနှင့် သားတော် မက္ခရာမင်းသားကြီးတို့ အကြီးအကြပ် ရှိခဲ့သည့် လွန်းကျင်း။ သီပေါ မင်းကို နန်းချပြီးသည်နှင့် ဗြိတိသျှတို့က မြန်မာဘုရင်ပိုင် သက်ရှိ သက်မဲ့ ပစ္စည်းအစုစု အဆောက်အဦများကို ထုခွဲရောင်းချရာတွင် ရတနာပုံသင်္ဘော ကျင်းလည်း ပါခဲ့သည်။ ထိုစဉ်က ရတနာပုံသင်္ဘောကျင်းသည် အရှေ့တောင် အာရှတွင် ခေတ်အမီဆုံး လွန်းကျင်းများတွင် တစ်ကျင်း အပါအဝင် ဖြစ်သည်။ စကော့တလန်ပြည်လုပ် စက်ကိရိယာများ တပ်ဆင်ထားနိုင်ခဲ့သည်။

Dundas Companyလုပ်ပစ္စည်းများ၊ Smith of Glasgow Company လုပ် ပစ္စည်းများပင် တွေ့ကြရသည်။ ဗဟိုခွာ အားစက်များ၊ စက်တူများ၊ ပွတ်စက်များ၊ တွင်စက်များ၊ ကတ်ကြေးစက်များ၊ ပုံသွင်းစက်များရှိနေတာကိုယ် က အံ့သြစရာ။ အံ့သြစရာအကောင်းဆုံးက ၁၀တန် ဝန်ချီစက်နှင့် ကရိန်းများ တပ်ဆင်ထားခြင်းဖြစ်သည်။ သည်လို လွန်းကျင်းကြီးကို လေလံကော်မတီက စက်ကြီးကို အဖိုးငွေ ၂၉၀၀ ကျပ်၊ စက်အစုစုကို ၁၂၀၀၀ကျပ် သတ်မှတ်ခဲ့သော် လည်း အင်္ဂလိပ်ပိုင် ဧရာဝတီဖလိုတီလာကုမ္ပဏီက အဆောက်အအုံနှင့် မြေကွက် တန်ဖိုးမပါ စက်ကြီးအပါအဝင် စက်အစုစု၊ သံတိုသံစအားလုံးကို

http://www.cherrythitsar.org



၄၅,၀၀ သာ ပေးခဲ့သည်။ ပေ ၆၀၀ × ၄၀၀ မြေကွက်ကိုတော့ ၂၁ နှစ် အငှား စာချုပ်ဖြင့် ငှားရမ်းခဲ့သည်။ လွတ်လပ်ရေးရပြီးချိန်မှာတော့ သည်သင်္ဘောကျင်း က မန္တလေးသင်္ဘောကျင်းဖြစ်လာကာ မန္တလေးအခြေစိုက် အဓိကလွန်းကျင်း ဖြစ်လာရသည်။ ကျွန်တော် မြို့ထဲထွက်တိုင်း သည်လွန်းကျင်းကျယ်ကြီးရှေ့က ဖြတ်ရသည်။ ဖြတ်ရတိုင်းလည်း သမိုင်းထဲက လွန်းကျင်းအဖြစ် ကျွန်တော် အမှတ်ထင်ထင် ကြည့်မိတတ်သည်။ ဘာရယ်ဘယ်ရယ်မဟုတ်ဘဲ လွမ်းနေမိ တတ်သည်။ မြန်မာလက်သမားဆရာကြီး ဆရာရှမ်း၏ လက်ရာ သင်္ဘောတော် များ ရတနာပုံခေတ်က ရေချပွဲကျင်းပခဲ့တာကို မြင်ယောင်နေမိတတ်သည်။ ရှေးတုန်းက သင်္ဘောပျက်ကြီးတွေသည် လွန်းကျင်း ကပ်လျက်မှာ တစ္ဆေသရဲ တွေလို အသက်ဝိညာဉ်မဲ့စွာ ရပ်နေကြလိမ့်မည်။ အခုလည်း မထူးပါ။ သည် လွန်းကျင်းကြီးပတ်လည်မှာ သင်္ဘောနာတို့ ဆေးကုခံဖို့ လေးငါးစီး အမြဲရှိနေတာ မြင်ရမြဲဖြစ်သည်။ ပြည်ကူးတို့ သင်္ဘောဟောင်းကြီးတွေကတော့ နာတာရှည် လူနာတွေလို လွန်းကျင်းဘေးမှာ မှိန်းနေကြတာ ကြာပြီ။

၁၉၉၈ ခုနှစ်က ကျွန်တော် ပြင်သစ်နိုင်ငံ ပါရီမြို့သို့ ရောက်ခဲ့သည်။ ကျွန်တော့်ကို လေလာရေးအစီအစဉ်များအဖြစ် ပို့ဆောင်သည့် နေရာတွေထဲမှာ 'ပင်လယ်ကမ်းခြေတစ်လျှောက်မော်တော်ကားစီးခြင်း' ဆိုသည့် အစီအစဉ် တစ်ရပ်ပါသည်။ အင်္ဂလိပ်ရေလက်ကြား၊ နော်မန်ဒီ၊ မြေထဲပင်လယ် စသည့် ပင်လယ်ကမ်းခြေမြို့များဆီသို့ လေယာဉ်စီးစေကာ၊ ထိုမှတစ်ဆင့် မော်တော် ကားနှင့် လျှောက်ပြခြင်း ဖြစ်ပါသည်။ အင်္ဂလိပ်ရေလက်ကြားနှင့် နီးသော ဆိပ်ကမ်းမြို့တစ်မြို့ကို ရောက်သည့်အခါ သင်္ဘောဆိပ်အတွင်း လိုက်လံပြသပါ သည်။ ထို ဆိပ်ကမ်းမှာ ကမ္ဘာကျော်ဆိပ်ကမ်း လာအာ့ဗ် (La Harve) ဖြစ်သည်။ နိုင်ငံတကာ သင်္ဘောများ၏ ကုန်စည်အတင်အချသာမက လွန်းကျင်းကြီးလည်း ရှိသည်ဟုဆိုသည်။ သဘောကတော့ ဆိပ်ကမ်း ဝန်ဆောင်မှုအားလုံး ပါဝင်သည့် သဘောဖြစ်သည်။ J.B Priestley က သိပ်ပြီးလှပတဲ့ ပင်လယ်ခရီးတွေဟာ အင်မတန် ညစ်ပတ်တဲ့ ဆိပ်ကမ်းတွေက စတာချည်းပဲဟုဆိုဖူးသည်။ သူပြော သည့် ဆိပ်ကမ်းဆိုတာထဲမှာ သင်္ဘောကျင်းပါသည်ဟု ကျွန်တော်ဆိုချင်ပါသည်။ သင်္ဘောကျင်းပတ်ဝန်းကျင်မှာ နိုင်ငံတကာက သင်္ဘောများ၊ စက်ဆီများ၊ ဗွက်အိုင်များ၊ မည်းမှောင်စွတ်စိုသော အခန်းများ၊ ညစ်ပတ်သော ပင်လယ် အစားအစာဆိုင်များ ရှိတတ်သည်။ တစ်နည်းအားဖြင့် ဆင်းရဲသော အလုပ် သမား ရပ်ကွက်၊ ပျံကျ ရပ်ကွက်များနှင့် ဆက်စပ်နေတတ်သည်။ J.B Priestley က သူ၏ အက်ဆေး တစ်ပုဒ် ဖြစ်သည့် Liverpool Docks အက်ဆေးထဲမှာ-

http://www.cherrythitsar.org



"လီဗာပူးသင်္ဘောကျင်းကို ရောက်တော့ ကျွန်တော်တို့ ဆေးတံတွေကို မီးသတ်လိုက်ရတယ်။ မည်းမှောင် တိတ်ဆိတ်မှုတွေနဲ့ ဗလာကျင်းဟင်းလင်း ပွင့်နေမှုတွေ၊ ပြုတ်စဗျင်းတောင်းတွေကို မလုံမလဲ ကာထားတာမျိုးတွေပဲ တွေ့ရတယ်"

ဟု ရေးခဲ့ဖူးသည်။ သည်လိုနေရာက လွတ်အောင်သွားလျှင် ခြားနားသော လင်းလင်းကျင်းကျင်း ပတ်ဝန်းကျင်သစ်ကို ရောက်နိုင်သည်ဆိုတာကိုပင် မယုံနိုင်စရာ ဖြစ်ရသည်ဟု ရေးသည်။

'သည်ကထွက်လျှင် နေရောင်ထဲမှာ လောင်မီးကျနေသည့် အရောင်များနှင့် တုန်ခါမှုများကို တွေ့နိုင်ပါသည်။ ကြေးနီရောင်မြို့ရိုးများရှိသည့် အာရေဗျ ဝတ်ကျောင်းတော်များဆီသို့ လည်းကောင်း၊ ဘုရားကျောင်းနှင့် ဆင်များရှိသည့် လင်္ကာဒီပကျွန်းဆီသို့ လည်းကောင်း၊ ငါးပျံများ၊ တေးသီငှက်များနှင့် ဟစ်ဘစ်စ်ကပ်စ်ပန်းများ ရှိရာဆီသို့ လည်းကောင်း သွားရာ တံခါးမကြီးဖြစ်နေတာကို ယုံနိုင်စရာမရှိလောက် အောင် ဖြစ်ရသည်'ဟု ရေးခဲ့သည်။

လီဗာပူးသင်္ဘောကျင်းကို ကျွန်တော် မရောက်ဖူးပါ။ ရတနာပုံ သင်္ဘောကျင်းနှင့် မြစ်အနောက်ဘက်ကမ်းက လွန်းဆရာကြီး၏ လွန်းကျင်းများကိုတော့ မနက်လင်းတိုင်း ကျွန်တော်မြင်နေကျဖြစ်သည်။ တစ်ခါတစ်ခါ ရောက်နေကျ ဖြစ်သည်။ သည်ရက်တွေထဲမှာ ထူးထူးခြားခြား လွန်းကျင်းခံစားမှုတွေ ရှိနေသည်။ လေ့အို သင်္ဘောအိုတို့ ဆိုက်ကပ်ပြုပြင်ရာ လွန်းကျင်း တစ်ကျင်းလိုလို ကျွန်တော့်ကိုယ်ကျွန်တော် ခံစားနေရသည်။ ပြီးခဲ့သည့် ဖေဖော်ဝါရီလ (၆) ရက်နေ့က ကျွန်တော် အသက် (၅၀) ပြည့်သည်။ ကျွန်တော့်ထက် တစ်ရက်အသက်ကြီးသော သူငယ်ချင်းစာရေးဆရာ ကိုညီပုလေးက ကျွန်တော့်ကို သူ့မွေးနေ့အထိမ်းအမှတ် ကြာဆံဟင်းခါးတစ်ချိုင့် တကူးတက လာပို့သည်။ သူက ဖေဖော်ဝါရီ ၅ ရက်ဖွား၊ ကျွန်တော်တို့ နှစ်ယောက် အသက် (၅၀) ပြည့်ပြီဖြစ်ကြောင်း သူငယ်ချင်း စာရေးဆရာများဖြစ်ကြသည့် ဆရာ ကျော်စိုးဝင်းနှင့် ဆရာသိုက်ထွန်းသက်တို့က အမှတ်တရစာတွေ ရေးကြတာကိုလည်း ကျွန်တော် ဖတ်ရသည်။ အသက် ၅၀ တောင် ပြည့်ပါပကောလားဆိုသည့် ခံစားမှုက ကျွန်တော့်ကို ခြောက်လှန့်မနေစေသော်လည်း အမှတ်ထင်ထင်တော့ ဖြစ်ရပါသည်။ အသက် ၄၀ သည် အသက်ငယ်ခြင်း၏ လူကြီးဖြစ်၍ အသက် ၅၀ ကတော့ အသက်ကြီးခြင်း၏ ကလေးဖြစ်သည်ဟု အင်္ဂလိပ်စကားပုံက ဆိုသည်။ အသက်ကြီးရင့်ခြင်း၏ ကလေးဘဝပင် ဖြစ်စေဦးတော့။ ဘဝ၏ ထမင်းရေပူစည်းကိုတော့ ကျော်ခဲ့မိပြီ။ တရုတ်အက်ဆေးဆရာ လီဂွမ်ရှင်

http://www.cherrythitsar.org



(LiGuangtian) က ရေးဖူးသည်။ သစ်ပင်တွေကို ရောက်သည့်အဆင့်မှာပဲ အကြီးရပ်စေချင်သည်။ သို့မှသာ သစ်ကိုင်းတွေပေါ်မှာ 'နွေဦး'ကို အမြဲတမ်း တွေ့ရမှာ ဖြစ်သည်တဲ့။ 'These Stage' ဆိုတာက စိမ်းလန်းသော ရွက်နုသစ်စ အခြေအနေကို ဆိုလိုပါသည်။ လက္ခဏာရေးသုံးပါး မပါကြေးဟုဆိုလျှင် သည်အယူအဆကို ကျွန်တော်လည်း သဘောတူချင်ပါသည်။ မဒမ်ဆီမွန်ဒီဗိုး ဗွားကတော့ အသက်ကြီးရင့်ခြင်းဆိုတာက ကိုယ့်ကိုယ်ကို စည်းမျဉ်းကန့်သတ်မှု တွေ ချပြီးနေရသည့်အချိန်ဟု ဆိုသည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းကတော့ 'အိုမင်းမှတော့ မစွမ်းတော့ဘူးကွ' ဟု ဆိုခဲ့သည်။

အတ္ထုပ္ပတ္တိစာအုပ်များကို ဖတ်ရသည့်အခါ ကျွန်တော် အံ့သြမိသည့် အချက်မှာ ရေးဖွဲ့သူ၏အမှတ်ရချက် (memoirs)များကို ဖြစ်သည်။ တချို့စာအုပ် က အမုန်းတရားတွေကိုချည်း မှတ်မိနေတာမျိုး ဖြစ်နေသည်။ တချို့စာအုပ်က တော့ အကောင်းတရားတွေချည်း မှတ်မိနေတာမျိုး။ ပြီးခဲ့သည့် ကျွန်တော်၏ နှစ် ၅၀ ကကော ဘာတွေ များခဲ့ပါသလဲ။ ကျွန်တော် မမှတ်မိတာများသည်။ သေချာတာတစ်ခုကတော့ နှစ် ၅၀ အတွင်းမှာ ကျွန်တော်ကိုယ်တိုင် လွန်းကျင်း တစ်ကျင်း ဖြစ်သွားခဲ့တာပဲ ဖြစ်သည်။ ကျွန်တော့်မျက်လုံးတွေ မကောင်းတော့ ပါ။ အဝေးလည်း မှုန်သည်။ အနီးကလည်း ပီပီကြည်ကြည်လင်လင် မဟုတ်။ နှလုံးတွေကတော့ အခုန်မြန်သည်ဟု နှလုံးစက်က ကွန်ပျူတာစာလုံးများနှင့် ဖြေသည်။ Glucometer နှင့် တိုင်းတော့ သွေးက ချိုသင့်တာထက် ချိုနေသည်။ ဆီးချို့ကတစ်ဆင့် နှလုံး၊ သွေးတိုး၊ လေဖြတ်၊ မေ့လဲ စသည့် ရှုပ်ထွေးမှုတွေ လာနိုင်သတဲ့။ ကြောက်စရာ ဆံပင်ဖြူဖြူတွေကတော့ ဓာတုဆေးဆိုးအကူအညီ ဖြင့် ရုပ်ချထားလို့ ရနေသေးသည်။ အဆုတ်က လေပွန်တွေ မကြာခဏ ယောင်ချင်သည်။

အင်္ဂလိပ်စာရေးဆရာGeorge Orwellက "ကျွန်တော်သည် အင်္ဂလိပ် ချက်ပြုတ်နည်း၊ အင်္ဂလိပ်ဘီယာ၊ ပြင်သစ်ဝိုင်နီ၊ စပိန်ဝိုင်ဖြူ ကုလားလက်ဖက် ရည်၊ ဆေးတံသောက်ဆေးပြင်းပြင်း၊ ဖယောင်းတိုင် မီး၊ မီးလင်းဖိုနှင့် ညက်ညက် ညောညော ကုလားထိုင်ကို ကြိုက်သည်။ မြို့ကြီးများ၊ ဆူညံသံ၊ မော်တော်ကား၊ ရေဒီယို၊ စည်သွတ်ဘူး၊ ဓာတ်ငွေ့အပူပေးစနစ်၊ ခေတ်မီ ပရိဘောဂများကိုတော့ မကြိုက်ပါ . . . ' ဟု ရေးခဲ့ဖူးသည်။

ကျွန်တော်နှင့် အကြိုက်ချင်း တချို့တူ၍ တချို့မတူပါ။ ကျွန်တော့် အသက် ၅၀ မှာ အဲသလို ခွဲခြားခံစားခဲ့တာ မရှိ၊ ကြိုက်တာတွေကို လွဲချော်ခဲ့ရ သလို မကြိုက်တာတွေကို စုံရေမက်ရေ ရှိခဲ့ရတာတွေသာ ရှိခဲ့သည်။

http://www.cherrythitsar.org



ကျွန်တော့်ခန္ဓာအိမ်က လွန်းကျင်းဖြစ်၍ မျက်လုံးများ၊ အဆုတ်များ၊ နှလုံးနှင့် ပန်ကရိယတွေကတော့ လှေပျက်သင်္ဘောပျက်တွေ လွန်းကျင်းဘေးမှာ ဆိုက်ကပ်ထားတာနှင့် တူနေသည်။ သီချင်းရေးဆရာ ကန်မြဲအေးကျော်၏ ကဗျာကလေးကိုသာ ကျွန်တော် သတိရနေမိသည်။ "သံသရာဘဝ ခာတ်ပြားပြင်ဆီ၊ နာမ်ခန္ဓာနှစ်ဝ ဇာတ်လျား အစဉ်ညီ၊ ကံကြမ္မာက အပ်သွားတင်လေပြီ" တဲ့။

အနောက်ဘက်ကမ်းက လွန်းကျင်းကလေးဆီ ကျွန်တော် လှေနှင့် ကူးလာခဲ့သည်။ နေပူပြင်းပြင်းထဲမှာ လှေကြီးတစ်စင်းက ရေနံချေးရောင်မည်းမည်းဖြင့် ငုတ်တုတ် နေလှန်းခံနေသည်။ ဒီပိုးတွေက တဖြုတ်ဖြုတ်။ ။

■

*(IDEA/ ၂၀၀၂ - ဇွန်)*

# ရေဒီယို

ရေဒီယိုက မနက်ခင်းတိုင်းမှာ အစီရင်ခံနေကျ။ တချို့ သတင်းတွေက ပြောင်းလဲမသွားတာလည်း ရှိသည်။ ဆိုပါတော့ အရှေ့အလယ်ပိုင်း ပြဿနာ။ ကျွန်တော် ငယ်ငယ်ကတည်းက နှစ်ပေါင်းလေးဆယ်လောက် ကြားနေခဲ့ရသည်။ ခုထိလည်း မပြီးသေး။

'မင်း ပါလက်စတိုင်း အစ္စရေးပြဿနာက မပြီးသေးဘူးလားကွ . . .'

အဖေက အိပ်ရာထဲက လှမ်းမေးတတ်သည်။ ဟုတ်မဟုတ်တော့ မသိ။ အဖေက သည်ပြဿနာက သူတို့ ငယ်ငယ်ကတည်းက ပြဿနာဟု ဆိုလေသည်။ အဖေကလည်း ရေဒီယိုဝါသနာပါသူ ဖြစ်သည်။ အဖေ့ကို ကျွန်တော်တို့က ကမ္ဘာ့မြေပုံတစ်ချပ်ဝယ်ပေးထားရသည်။ အဖေက မော်တော် စက်ဆရာဆိုတော့ နိုင်ငံ သုံးလေးနိုင်ငံ၏ အင်္ဂလိပ်စာလုံးတွေကိုတော့ သိနေသူ ဖြစ်သည်။ England,Germany, Japan,China။ သူကိုင်တွယ်နေကျ အင်ဂျင် စက်တွေပေါ်က ရေးထုံးကို စိတ်နှင့်မှတ်ထားသူ ဖြစ်သည်။ သို့သော် ဆီယာရာ လီယွန် လို့ ဆိုလျှင် အဖေ ဒုက္ခရောက်တော့သည်။ အာဖဂန်နစ္စတန်ဆိုသည်နှင့်

http://www.cherrythitsar.org



မြေပုံပေါ် လက်ထောက်ရတော့သည်။ ကမ္ဘာ့မြေပုံပေါ်မှာ မင်ထူထူဖြင့် တိုင်းပြည်နိုင်ငံအမည်တွေကို မြန်မာလို ရေးထားတတ်သည်။

'ပြဿနာက သည်နားမယ် ဖြစ်တာကွ'

တစ်ခါတစ်ခါ မြေပုံပေါ်ရှာနေရတာနှင့် သတင်းလွတ်သွားရတာလည်း ခဏ ခဏ။ အဖေရေဒီယိုကို စွဲလန်းတာကို ကျွန်တော် သတိရပါသည်။ ကျွန်တော် လေးငါးဆယ်နှစ်သားလောက်က အလုပ်သမားတန်းလျားကလေးမှာ နေခဲ့ရသည်။ ကိုးပေပတ်လည် အခန်းကလေးနှစ်ခန်းပါသည့် အခန်းကျဉ်းကလေး ဖြစ်သည်။ တစ်ရက်မှာတော့ လူတစ်ယောက်က ရေဒီယိုတစ်လုံးပိုက်ရင်း ကျွန်တော်တို့ ဘေးကပ်လျက်အခန်းကို ရောက်လာခဲ့သည်။ သည်ဧည့်သည် ပြန်ကာနီးတော့ လမ်းစရိတ်မပြည့်စုံသဖြင့် ပါလာသည့် ရေဒီယိုကလေးကို ရောင်းဖို့ ဖြစ်လာသည်။ ဒါကိုကြားတော့ အဖေက ဝယ်ချင်သည်။ အမေကလည်း လိုချင်သည်။ ခက်တာက ရေဒီယိုတန်ဖိုး ၂၇၀ ကျပ် မရှိခြင်း ဖြစ်သည်။ ရောင်းသူက ၂၇၀ တစ်ပြားမှ မလျှော့။ ရေဒီယိုကလေးကို ကျွန်တော်တို့ အခန်းဘက်ယူလာကာ ဖွင့်ပြလိုက်သေးသည်။ ဤသို့ဖြင့် ငွေ ၂၇၀ကို အတိုးဖြင့် ချေးငှားကာ ဝယ်ယူလိုက်ရသော ထိုရေဒီယိုသည် ကျွန်တော်တို့အိမ်၏ ပထမဆုံး ရေဒီယို ဖြစ်လာခဲ့သည်။ ရေဒီယိုက မီးလုံး ရေဒီယို။ မီးလုံးတွေလင်းဖို့ပင် တော်တော်စောင့်ရသည်။ အပေါ်က ကိုယ်ထည်မှာ ကျွန်းသား ဖြစ်သော်လည်း မှေးမှိန်လှပြီ။ ခလုတ်တွေက ချောင်နေလို့ စက္ကူဖြင့် ညှပ်ရသည်။ မီးလုံးတွေ လင်းပြီဖြစ်ကြောင်းပြသည့် မီးလုံးစိမ်းကလေးကတော့ တောက်ပနေတတ်သည်။ သည်တုန်းက မြန်မာ့အသံက ညနေဘက်မှာ ငါးနာရီခွဲမှ စလာသည်ဟု ကျွန်တော် ထင်ပါသည်။ နာရီမရှိတော့ ငါးနာရီခွဲ မြို့ပတ် လော်ကယ်ရထား အဝင်ကို စောင့်ရပြန်၏။ ကျောက်မီးသွေးလော်ကယ်ကြီးက မြန်နေလျှင် ရေဒီယိုက ဂျစ်ဂျစ် ရွှဲရွှဲမြည်နေတတ်ကာ ရထားနောက်ကျလျှင်တော့ ရှေ့က အစီအစဉ် တွေ လွတ်သွားတတ်သည်။ ထို ရေဒီယိုကို ကျွန်တော် သတိအရဆုံးမှာ ပလပ်ကို ပြောင်းပြန်တတ်မိလျှင် ဓာတ်လိုက်တတ်တာ ဖြစ်သည်။

အဖေ အကြိုက်ဆုံးမှာ နံနက်ချိန်ခါ တေးသံသာ ဖြစ်သည်။ သူ့ရှေ့က မင်္ဂလာအေးရေကောင်းသံကိုပင် အလွတ်မခံ။ သည်ပတ်ဝန်းကျင်မှာ အဖေ့ရေဒီယို တစ်လုံးသာ ရှိသဖြင့် အဖေ့ဂုဏ်က မြင့်ချင်တိုင်း မြင့်နေသည်။ ညဘက်သတင်းချိန်ကျလျှင် အဖေ့မိတ်ဆွေတွေ လာစုတတ်သည်။ သတင်းအပြီးမှ လာတတ်သော ရေဒီယိုအသံလွှင့် ဇာတ်လမ်းလေးတွေလာလျှင်တော့ အမေပါ ပါတတ်

http://www.cherrythitsar.org



သည်။ ရေဒီယို သိမ်းချိန် အင်္ဂလိပ်ပိုင်း အစီအစဉ်တွေပြီးပါမှ ရေဒီယိုခလုတ်ပိတ်ရတော့သည်။ အင်္ဂလိပ်ဘာသာ အစီအစဉ်ကို ဘယ်သူမှ နားမလည်ကြသော်လည်း ပတ်ဝန်းကျင်ကလည်း နားငြီးကြပုံမပေါ်။ ရေဒီယို ဆိုတာ အသံထွက်နေမှ အဓိပ္ပာယ်ရှိသည်ဆိုသည့် သဘောဖြစ်လိမ့်မည်။ အဖေ့ရေဒီယို နားထောင်ဖော် ဦးလေးဘလှက ရေဒီယိုကို ပြုံးပြုံးကြီးကြည့်၍ နားထောင်တတ်သည်။

'သောတရှင်များ ကျန်းမာတော်မူကြပါစေရှင်'

'ကျန်းမာပါတယ်ခင်ဗျာ . . . '

အဲသည်လိုပြန်ဖြေနေကျ။ ကျွန်တော်တို့က ရယ်လျှင် ဦးလေးဘလှက 'မရယ်ကြနဲ့ကွယ် . . . မေးရင်ဖြေရတယ်' ဟု ပြောမြဲဖြစ်သည်။ တစ်ခါတစ်ခါ အိမ်ကို ကြွလာတတ်သော ဦးဇင်းလေးကလည်း သားရေဖုံး ရေဒီယိုတစ်လုံး ပါလာတတ်သည်။ အဖေ့ရေဒီယို ကြီးဖွင့်ထားသည့်ကြားက သူ့နေရှင်နယ် ရေဒီယိုကလေးကိုပါ ဖွင့်လိုက်သေးသည်။ ညရှစ်နာရီအချိန်ထိုးသံ 'ဒေါင်ဒင်ဒေါင်' သံကြားလျှင် ခါးပိုက်ဆောင်နာရီကလေးကို ထုတ်ကာ နောက်ဆုံးနာရီထိုးသံနှင့်ကိုက်အောင် နားထောင်ပြီးမှ သူ့နာရီကို ရှစ်နာရီ ငါးမိနစ်တိတိမှာ တိုက်ထားတတ်သည်။

'အလို့ . . . ဦးဇင်းနှယ်. . . ရှစ်နာရီဟာကို ဘယ့်နှယ် ရှစ်နာရီငါးမိနစ် တိုက်ရတာတုံး'

'ဒကာတို့ အဲဒါခက်တာပေါ့ . . . အသံလွှင့်ရုံရှိတဲ့ ကမာရွတ်က လွှင့်တာ သည်ရောက်အောင် အသံခမျာမယ် လမ်းမှာ ငါးမိနစ်တော့ ကြာဦးမှာ ပေါ့ . . . '

သူ့အဖော်တွေထက် နည်းနည်းပါးပါး လည်လည်ဝယ်ဝယ် ရှိသော အဖေသည်ပင် သည်အခါမျိုးတွင် ငြိမ်သက်သွားတတ်ပါသည်။ ထိုအခါမျိုးတွင် အမြဲတမ်းအရေးတကြီးရှိတတ်သော ဘိုးသာဂေါင်က နှုတ်ခမ်းမွှေးတွေကို ကျကျနနကြီးသပ်ရင်းက မေးခွန်း တစ်ခွန်းမေးသည်။

'ဦးဇင်းက ရေဒီယိုအမြဲနားထောင်လို့ တပည့်တော် မေးပါရစေဦး . . . ပေဖူးလွှာသီချင်းဆိုတဲ့ ကောင်မလေးဟာကော ဘယ်သူတဲ့ အဲတင်တင်မြ . . . သူလာသေးသလား . . . '

'ကျုပ်လည်း မကြားရတာဖြင့် ကြာပေါ့'

'ဧကန္တကောင်မလေးတော့၊ အဲ ဒကာမလေးတော့ နေထိုင် မကောင်းလို့များလား ဘုရား'

http://www.cherrythitsar.org



ရေဒီယိုထဲက တင်တင်မြ သီချင်းသံ မကြားရတာကြာပြန်တော့လည်း အဖေတို့ စိတ်မကောင်းကြ။

ကျွန်တော်တို့ရွာက ကိုပိုက်တင်၏အဖြစ်ကလည်း ကြားရလျှင် ယုံလောက်စရာမရှိ။ သူ့ကိုရွာက ကိုပိုက်တင်လို့မခေါ်။ စစ်ပြန်ကြီးလို့ ခေါ်ကြသည်။ ဘယ်စစ်က ဘယ်လိုပြန်လာမှန်း ဘယ်သူမှန်း မသိကြသော်လည်း သူ့ကို စစ်ပြန်ကြီးခေါ်ကြသူတွေချည်း ဖြစ်သည်။ ကိုပိုက်တင် အကြိုက်ဆုံး အမျိုးသား အဆိုတော်မှာ တေးသံရှင် ကိုမြကြီးဖြစ်သည်။ ကိုမြကြီး၏ သီချင်းတွေထဲက 'မိုး'နှင့်'ဂီတဗိမာန်'ကို အသည်းစွဲကြိုက်သူ။ ကိုမြကြီးသီချင်းတွေများ ရေဒီယိုက လာလျှင် နီးရာကွပ်ပျစ်ပေါ်ကို ပစ်လှဲ၊ ရေဒီယိုကို ဗိုက်ပေါ်တင်ကာ မျက်လုံးတွေ မှေးရင်း ခံစားမှု အပြည့်ဖြင့် နားထောင်တတ်သည်။ သီချင်းပြီးသွားတော့ ငါဖြင့် မဟာဒေဝဩသဓနေတ်ဆေးကို မှီဝဲပြီးကာစ လူတစ်ယောက်လို အားတွေပြည့် သွားတာပဲလို့ အမြဲ ပြောတတ်သည်။

'မင်းတို့ကို ပြောရဦးမယ် ငါ့မယ် တောထဲတောင်ထဲက ရလာတဲ့ ရိုးမ ငှက်ဖျား ကိုမြကြီးနဲ့ကျမှ ပျောက်တော့တာကွ . . . ဆေးဆရာစုံပြီ အင်္ဂလိပ် ဆေး၊ ဗမာဆေးစုံပြီ မပျောက်ဘူး။ တစ်ခါတော့ ဖျားနေတုန်း ကိုမြကြီးရဲ့ မိုးသီချင်းလာတာ ချက်ချင်း အဖျားကျတာပဲ . . . နောက်သုံးလေးရက် ဂီတဗိမာန်သီချင်းလာတော့ ငေါက်ခနဲထထိုင်တာပဲ ရောဂါဆိုတာ နင်နေ ငါသွားပဲ . . .'

ကိုပိုက်တင်က သူ့ရေဒီယိုလေးကို မက်ရေစက်ရေ ပွတ်သပ်ရင်းက ပြောပြခဲ့ခြင်း ဖြစ်သည်။ သည်အဖြစ်အပျက်ထက် ထူးဆန်းသည့် အဖြစ်အပျက် ရှိသေးသည်။ ဖောင်သမား ကိုဘသိန်းဆိုလျှင် ရေဒီယိုနှင့် တွဲမြင်ကြသူချည်း ဖြစ်သည်။ မင်းကွန်းဖောင်ဆိပ်ကို ဆွဲမော်တော်ဖြင့် ပို့ရသူဖောင်ဆွဲမော်တော် သမားတွေထဲက တစ်ယောက် ဖြစ်သည်။ ဖောင်သမားပီပီ မော်တော်ပေါ်က လိုက်ရတာမဟုတ်ပါ။ ဖောင်သစ်တွဲကြီးပေါ်မှာ ထိုင်လိုက်နေရသူ။ မြို့ကမ်းတွေ မှာ သစ်ဖောင်တွေ ညအိပ်နားလျှင် ရေဒီယိုကလေး ခဏ သိမ်းကာ ပင်ပန်း တကြီး လုပ်ရ ကိုင်ရသည်။ ပြီးလျှင်တော့ ရေဒီယိုကလေး ဖွင့်ကာ အပန်းဖြေ သည်။ ဆိပ်ကမ်းတွေမှာ သူတကာ ဖောင်သမားတွေက နီးစပ်ရွာတွေမှာ ဗီဒီယိုဇာတ်ကားတက်ကြည့်ကြသည်။ ဖဲရိုက်သူကရိုက်သည်။ ကိုဘသိန်းက ဘယ်ကိုမှ မသွားဘဲ ရေဒီယိုသာ နားထောင်ရင်း ဖောင်စောင့်မြဖြစ်သည်။ တစ်ရက်တော့ ရေဒီယိုကလေးက အသံတိုးသွားခဲ့သည်။ အသံချဲ့ခလုတ်ကို တင်သော်လည်း မကျယ်တော့ စိတ်ညစ်သည်။ သည်တော့ နီးစပ်ရာ ဆိပ်ကမ်း

http://www.cherrythitsar.org



တွေမှာ ပြင်သည်။ မရ။ ရန်ကုန်ရောက်တော့ ပြကြည့်သည်။ ထားခဲ့ရမည် ဆိုတော့ မထားရဲ၊ ဖောင်သမားတွေထဲက စက်အကြောင်း နားလည်သူကို ပြသည်။ အသံပျောက်သွားလေ၏။ ဆွဲမော်တော်ဆရာက သူပြင်တတ်သည် ဆိုသောအခါ သူယုံကြည်သွားသည်။ သို့သော် ရေဒီယိုကလေးက ကောင်း မလာတော့ပါ။ စက်ဆရာက ရေဒီယိုကလေးကိုတစ်စစီ ဖြုတ်ထားတာကို ရင်ကွဲရှာပြီဟု တွေးသည်။ စက်ဆရာက ဖြုတ်ထားပြီး မပြင်ဖြစ်သေးတော့ လက်ကိုင်ပဝါဖြင့် စုထုပ်ထားတာကိုပဲ သူ့မှာ စိတ်မကောင်း ဖြစ်လှပြီ။

'တစ်ရက်တော့ ပခန်းဘက်မှာ လှိုင်းမိတော့ မော်တော်ရော ဖောင်တွဲ တွေပါ ဝရုန်းသုန်းကား ဖြစ်တာပေါ့ဗျာ၊ ဒါနဲ့ ရေဒီယိုထုပ်ကလေးက မြစ်ထဲကျ သွားတာပါပဲ၊ ဘသိန်းလည်း ဖောင်ပေါ်မှာ ဖျားလိုက်သေးတယ်။ ပခန်းက ဖောင်ထွက်တဲ့နေ့ သေတာပဲ . . . သည့်နောက် ဖောင်ခေါင်းက ဖောင်ပေါ်မှာ ရေဒီယိုအဖွင့် မခံဘူးဗျ။ ဘသိန်းကို သတိရလို့ . . . ။'

ဇာတ်လမ်းပမာလောက် ကြိုက်တတ်သည့်အမေကတော့ 'နင့်ရေဒီယို လေးချထားစမ်းပါဟယ် . . . ဘာမှလည်း ဟုတ်တာ မဟုတ်ဘဲနဲ့'လို့ ပြောတတ် သည်။ အမေက စကားတွေပြောချင် ကျွန်တော်က ရေဒီယို တညောင်ညောင် လုပ်နေလျှင် အမေက အဲဒီလို ဆိုမြဲ ဖြစ်သည်။

'ဘယ်နှယ်မဟုတ်ရမှာလဲအမေရ. . . ကမ္ဘာ့အရေးအခင်းတွေက အရေးကြီးနေတဲ့ ဟာ . . .'

'နင်တို့ ရေဒီယိုဆိုတာကြီးရှိလို့ ကမ္ဘာ့အရေးအခင်းတွေ ဖြစ်နေတာ . . . တကတည်း နားထောင်လိုက်ရတဲ့ ရေဒီယို . . . ပြီးတော့ ဟုတ်တာလည်း မဟုတ်ဘူး . . .'

ကျွန်တော်ငယ်ငယ်က ရေဒီယိုသွားနားထောင်မိလို့ အမေ ရိုက်တာ သတိရနေမိပါသည်။ သည်တုန်းက ကျွန်တော်လေးငါးတန်းလောက် ရောက်ပါ ပြီ။ ကျွန်တော်တို့ အိမ်မှာ ရေဒီယိုမရှိတော့ တစ်အိမ်ကျော်က ကုန်စုံဆိုင်ပိုင်ရှင် ဒေါ်ဝင်းရီအိမ်က ရေဒီယိုကို ညဘက် သွားနားထောင်ရသည်။ ဒေါ်ဝင်းရီ၏ အိမ်ထဲကို ဝင်ခွင့်ရတာ မဟုတ်။ ခြံစည်းရိုးဘေး ကပ်နားထောင်ရခြင်း ဖြစ်သည်။ ကျယ်ကျယ် ကလေးဖွင့်ထားပေးဖို့ ဒေါ်ဝင်းရီ၏သားတွေ (ကျွန်တော့်သူငယ် ချင်း) ကို နေ့လယ်ခင်းကတည်းက ခြံထွက်မာလကာသီးတွေ လာဘ်ထိုးထားရ သေးသည်။ ကျွန်တော်တို့ စီမံကိန်းကို ဒေါ်ဝင်းရီသိသွားတော့ ရေဒီယိုကို တိုးတိုးကလေး ဖွင့်တော့သည်။ ဒါကို အမေကြားတော့ မှောင်ရိပ်ခိုရပါ့မလားဟု ဆိုကာ ရိုက်သည်။ ကျွန်တော်က ငိုရင်း ရှိုက်ရင်း အမေ့ကို စကားနာထိုးသည်။

http://www.cherrythitsar.org



'အမေဖြင့် ရေဒီယို မဝယ်နိုင်ဘဲနဲ့ ဝယ်နိုင်တဲ့သူအိမ်မှာ ခိုးနားထောင်တာ ဘာဖြစ်သလဲ . . .'။ သည်နောက်တော့ အမေ ရေဒီယိုအကြောင်း မပြောတော့ပါ။ အခုတော့ ကျွန်တော်မှာ ရေဒီယိုပျက် လေးငါးလုံးတောင် ရှိခဲ့ပြီ။ ရေဒီယိုဟောင်းကလေးတွေကို ပြင်ထားကာ ရေအိမ်မှာ တစ်လုံး၊ ဧည့်ခန်းမှာ တစ်လုံး၊ စာရေးစားပွဲမှာ တစ်လုံး ထားသည်။ ဘယ်နားရောက်ရောက် နားထောင်နိုင်ဖို့ ဖြစ်ပါသည်။ တစ်ခါတော့ လူငယ်တစ်စု ကျွန်တော့်အိမ်ကို ရောက်လာသည်။ ကျွန်တော်က စကြံလမ်းမှာ ရေဒီယိုနားထောင်နေချိန် ဖြစ်သည်။ စကားတွေ တော်တော် ပြောမိကြတော့ ကျွန်တော်က လူငယ်တွေကို ရေဒီယို နားထောင်ကြသလားဟု မေးလိုက်သည်။ လူငယ်တွေက ပြုံးကြသည်။ ပြီးတော့ အားနာဟန်ပြုကြသည်။ လူငယ်တစ်ယောက်ကတော့ အယူအဆသစ်တစ်ခုကို ကြွေးကြော်လိုက်သည့်ဟန်ဖြင့် ပြန်ပြောသည်။

'ရေဒီယိုဆိုတာက လူကြီးတွေရဲ့ အလုပ်လေဆရာ . . . ကျွန်တော်တို့က ငယ်သေးတယ် ရေဒီယိုကိုင်ရင် အောက်တယ် ထင်တာပဲ . . . "

'အောက်'တယ်ဆိုသည့်စကားက 'date out' ဆိုသည့် 'အောက်' ကို ဆိုလိုတာလား အောက်သိုးသိုးအတွေးခေါ်ကို ဆိုလိုတာလား ကျွန်တော် ကိုယ်တိုင် မရှင်းလိုက်ပါ။ ရေဒီယိုဆိုတာ လူကြီးကိုင် ရုပ်ဝတ္ထုဟု ဆိုတာများလား။ ဒါဆိုရင် သတင်းခေတ်ကြီးထဲက သတင်းတွေဟာ လူကြီးတွေအတွက် သက်သက်လား။ ကျွန်တော်ကတော့ မိမိနှစ်သက်သည့် အလုပ်ကို မလုပ်နိုင်သည့်အခါ လုပ်ရသည့် အလုပ်ကို နှစ်သက်ဖို့သာ ကြိုးစားသည်။ ဝင်စတန်ချာချီက လောကတွင် လူသုံးမျိုးသာ ရှိသည်ဟု ဆိုသည်။ သေမလောက် ပင်ပန်း ဆင်းရဲစွာ လုပ်ရသူ၊ သေမလောက် သောကရောက်ရသူနှင့် သေမလောက် ငြီးငွေ့နေကြသူများဟူ၏။ ကျွန်တော်ကတော့ သုံးမျိုး စလုံးထဲမှာ ပါနေရသူ ဖြစ်သည်။ သည့်အတွက် အသက်အရွယ် ကြီးသည့်တိုင် ဖြည်းဖြည်းနှင့် မှန်မှန် ဆိုသလို ကျွန်တော်နှင့်အတူ လိုက်ပါလာမည့် ဝါသနာအဖော်ကို ကျွန်တော်ရှာရပါသည်။ ဝင်စတန်ချာချီ က လောကမှာ ပန်းချီဆရာများသာ အပျော်ရွှင်ဆုံး ဖြစ်သည်ဟု ဆိုသည်။ အလင်းနှင့် အမှောင်၊ အရောင်နှင့် အသွေး၊ ငြိမ်းချမ်းခြင်းနှင့် မျှော်လင့်ခြင်းစသည့် ဘဝအရသာများကို ကိုင်စွဲကာ သူတို့အတွက် အထီးကျန်မဆန်စေခြင်း တစ်ချက်တည်းနှင့် ဘဝခရီးဆုံးအထိ ခရီးသွားနိုင်သူများ ဖြစ်ခြင်းကြောင့်ဟု ဆိုပါသည်။

http://www.cherrythitsar.org



ကျွန်တော် ပန်းချီမဆွဲတတ်ပါ။ သို့သော် ရေဒီယိုကလေးသည် ကျွန်တော့်အတွက်တော့ဖြင့် အလင်းနှင့်အမှောင် ဖြစ်သည်။ အရောင်နှင့် အသွေး ဖြစ်သည်။ ငြိမ်းချမ်းခြင်းနှင့် မျှော်လင့်ခြင်း ဖြစ်သည်။ အမေက ရေဒီယိုကို 'ဘာမှလည်း မဟုတ်ဘဲနဲ့' ဆိုသည့်တိုင် ကျွန်တော် ချစ်ခင်သူတွေကို ရေဒီယိုကလေးတစ်လုံးစီ လက်ဆောင် ပေးဖို့ ကျွန်တော် စိတ်ကူးထားသည်။

■

*(IDEA / ၂၀၁၂ ဇူလိုင်)*

http://www.cherrythitsar.org

# မိုးတိမ်များ

*'တိမ်ငွေပွေလေအငွေ့မှာ*
*မြောက်မြေဆီ*
*အောက်ခြေရွှေပြန့်တော့*
*သည်မေ့သခင်ကိုဖြင့်*
*တမြင်မြင် မြင်ယောင်မှန်းနေလို့*
*ခင်းသာရင် ရွာစဉ်တန်းကိုဖြင့်*
*လှမ်းလိုက်ပါ့တိမ်ပြာရယ်လို့ . . .'*

(ကြည်ပြုံမအား မိုးတိမ်ကိုမှာ ယမှာ)

ချစ်သူတွေက မိုးတိမ်တွေကို ခရီးသွားလမ်းကြုံလို့ အမှာ စကားပါး တတ်ကြသည်။ ချစ်သူတိုင်း၏ အမှာထုပ်ကို ထမ်းပိုးရသဖြင့်လည်း မိုးတိမ်တွေကို မြင်ရတိုင်း လေးလေးပိပိ ဖြစ်နေကြတာလား ကျွန်တော် တွေးမိတတ်ပါသည်။ တစ်ဆက်တည်း ကျွန်တော် သတိရမိတတ်သော မဟာကဗျာကြီးမှာ ကာလီဒါသ၏ 'မေဃဒူတ' တိမ်စေကဗျာကြီးဖြစ်သည်။ ကောလာသတောင်

http://www.cherrythitsar.org



ထိပ်ရှိ အလကာ မည်သော နတ်ဘီလူးတို့၏တိုင်းပြည်တွင် ကုဝေရနတ်ဘီလူး အုပ်ချုပ်သည်။ ထိုမင်း၏ အမှုထမ်းနတ်ဘီလူးငယ်က ကြင်စဦး နတ်ဘီလူးမနှင့် ပျော်ပါးသဖြင့် အမှုထမ်း လစ်ဟင်းရသည်။ ထိုအခါ ကုဝေရနတ်မင်း အမျက်ထွက်သဖြင့် ရာမဂီရိတောင်တန်းသို့ တစ်နှစ်တိတိနေထိုင်ရန် နယ်နှင်ဒဏ်ပေးလေသည်။ နေပြည်တော်နှင့် ဝေးလွန်းလှသည့် ရာမဂီရီနှင့်ချစ်သူကို ထားခဲ့ရမည့် 'အလကာ' မြို့ကားယူဇနာများစွာ ဝေးလွန်းသည်။ ရာမဂီရီ တောင်တန်းမှ အလကာမြို့သို့ ခရီးနှင့်အံ့သော မိုးတိမ်တို့ကို စေတမန်ပြု၍ ချစ်သူကို ပြောလိုက်ပါဘိ မိုးတိမ်ကို စေရတော့သည်။ ဝါခေါင်လ၏ နိုးထလွင့်ပါးစ မိုးတိမ်တို့ကို မျက်ရည်ဖြင့် အမှာကမ်းရသော မဟာကဗျာကို ကာလီဒါသက နှစ်ပိုင်းခွဲရေးသည်။ တစ်ပိုင်းက ပုဗ္ဗမေဃ ဖြစ်၍ ဒုတိယပိုင်းက ဥတ္တရမေဃ ဖြစ်သည်။

'အို မိုးတိမ် . . . သင်သည်ကား လောကတွင် ထင်ရှားသည့် 'ပေါက္ခရ' နှင့် 'အာဝတ္တက' အမည်ရှိသော မိုးတိမ်တို့၏ အမျိုးအနွယ်လည်း ဖြစ်ပါသည်။ သိကြားမင်း၏ အရေးပါအရာရောက်သော သံတမန်ကြီးလည်း ဖြစ်ပါသည်။ အလိုရှိတိုင်း မိမိကိုယ်ကို ဖန်ဆင်းနိုင်သူလည်း ဖြစ်ပါ၏။ ထို့ကြောင့် ချစ်သူနှင့်ကွဲနေရသော ငါသည် သင့်ထံမှာ တောင်းပန်နေရခြင်း ဖြစ်ပါသည်။ (အမှန်တရားကို ပိုင်ဆိုင်သည့် ဂုဏ်ရှိသော) ဂုဏ်ကြီးရှင်တို့ထံမှာ တောင်းပန်ရခြင်းသည် အကျိုးမပြီးသည့်တိုင် သူယုတ်မာတို့ထံမှ လိုရာအကျိုးကို ရသည်ထက် မြတ်ပါသေးသည်။

ကာလီဒါသ၏ 'မေဃဒူတ'နှင့် ကြည်အေး၏ 'မိုတိမ်ကိုမှာ' သည် သဘောသွား အတူတူပင် ဖြစ်သည်။ အလကာနေပြည်တော်ကို ရာမဂီရီ တောင်တန်းမှ မိုးတိမ်ကို အမှာဆင့်ခြင်းသည်ပင် 'ခင်းသာရင်ရွာစဉ် တန်းကိုဖြင့် လှမ်းလိုက်ပါ့တိမ်ပြာရယ်' နှင့် ခံစားမှုချင်း မရိုးမစွဲရှိလိမ့်မည်။

တိမ်ဦးလေပြည် လွမ်းဖွယ်ကို စေကြတာချင်းတူကြသည်ကော။ မဟာဂီတမှာလည်း သည်လိုအဖွဲ့တွေ ရှိသည်။ 'တိမ်လေ တိမ်ဖျားဆီက အားလေလေကုန်နွဲကာ ရည်မှန်းလို့ ပြည်နန်းသို့ ဝေးလေ့ဝေးလို့ကွာ' ဟု ကောင်းကင်ကြိုးမှာ ဖွဲ့သည်။ ကိန္နရာချောင်းခြား ပတ်ပျိုးတွေမှာတော့ မိုးတိမ်တွေ မပါမဖြစ် ဖွဲ့ပါသည်။ 'သိုက် အောင်းသာသည့်ချိန်။ တိမ်ဆိုင်းလဲ့လဲ ငယ်မှိုန်'လို့ ဖွဲ့သည်။ 'အညို မှာပြိုဟန်လုချည့်'ဟု ဖွဲ့သည်။ 'လေနှင့်ဝိုင်းပါလို့ ထောင့်တိုင်းငယ်က မှုန်လို့ပြာ၊ သေလာကျော့တစ်ခင်း'ဟု ဖွဲ့သည်။ 'မြပန်းကိုက်ရှု၊ စိုးရီမှုန်၊ တိမ်ပုံဆင်စ'လို့ ဖွဲ့သည်။ 'မှောင်မှောင်သာ မိုက်ပါလို့၊

http://www.cherrythitsar.org



ပိန်းဝိုက်ကာ ရွှာ၊ တိမ်ညိုကျော့ငယ်ဟာ ပန်းပျော့ပျော့ဝါ' တာကို ဖွဲ့သည်။ 'မြမြမောင်းမောင်း၊ ပြာအညိုရွှေ တိမ်ခြေငွေနှင်းပေါင်း' တာကို ဖွဲ့သည်။

မိုးတိမ်တွေကို ကျွန်တော် ငယ်ငယ်ကတည်းက ချစ်သည်။ ညဦး ရောက်လျှင် အိမ်ရှေ့က ကွပ်ပျစ်နွေးနွေးပေါ်မှာ လှဲကြရင်း အမေနှင့် ကျွန်တော် ကောင်းကင်ကို ငေးတတ်ကြပါသည်။ ကောင်းကင်၊ ကြယ်များနှင့် မိုးတိမ်များဆီ ညတိုင်းလိုလို အမေနှင့် ကျွန်တော် အလည်ရောက်တတ်သည်။ လသာသည့် ညများဆိုလျှင် တိမ်မည်း မျှင်စတွေက ကျောက်ဂွမ်းစတွေနှင့်တူသည်။ လမင်းကို လှစ်လိုက် ဖေါ်လိုက်။ အမေက လမင်းကို ရန်ပြုသူတွေထဲမှာ ဆီးနှင်း၊ မြူ တိမ်၊ သူရိန်နှင့် မီးခိုးတို့ ပါကြောင်း ရှင်းပြသည်။ ကျွန်တော်ချစ်သော မိုးတိမ်တွေ က လမင်း၏ ရန်သူစာရင်းထဲမှာ ပါနေသည် အမေဆိုနေပါပကော။ ကျွန်တော့် စိတ်က မယုံချင်သော်လည်း အမေက ပြောသဖြင့် ယုံလိုက်ပါသည်။

'ကဲကွယ် . . . မိုးတိမ်တွေက ဘာနဲ့တူသလဲပြောစမ်း . . . ”

'ကဆုန်စိုင်းပြေးနေတဲ့ မြင်းတွေနဲ့တူတယ်'

'ဟုတ်ပြီ နောက်ပြီးတော့ကော . . . '

'လှောင်အိမ်ကို ပုတ်နေတဲ့ ခြင်္သေ့ကြီးတွေနဲ့ တူတယ် . . . '

'နောက်တော့ကော . . . '

'စားကျက်ထဲက သိုးအုပ်ကြီးနဲ့ တူတယ်'

'လှလိုက်တာကွယ် . . . စဉ်းစားစမ်းပါဦး ဘာနဲ့တူသေး သလဲလို့ . . . '

'မုန်းချောင်းရေကြီးတာနဲ့ တူတယ် . . . '

'ဟုတ်ပြီ . . . နောက်'

'ဦးလေးသင်း ဆံပင်ညှပ်ဆိုင်က ဆံပင်ထည့်တဲ့ တောင်းနဲ့ တူတယ် . . . '

သည်တစ်ခါတော့ အမေရယ်သည်။ မိုးတိမ်တွေဟာ ဘာနဲ့ တူသလဲ လို့ အမေ့ကို ကျွန်တော် မေးတော့ ချက်ချင်း မဖြေပါ။ ကောင်းကင်ကို ငေးနေ သည်။ လရောင်က မှိန်ချည် လင်းချည်။ တိမ်တွေက ဒရောသောပါး။ ကျွန်တော် က အမေမဖြေနိုင်ဘူးထင်ပါရဲ့ ဟု တွေးမိနေချိန်မှာမှ အမေက တိုးတိုးကလေး ဖြေသည်။

'လွတ်လပ်ရေးရကာစ တို့ရွာကလေးနဲ့တူတယ်'

ကျွန်တော် နားမလည်ပါ။ သို့သော် အမေက ပြောတာ ဆိုတော့ ကျွန်တော် ယုံပါသည်။ အခုတော့ အမေမရှိတော့။ အမေ ဆုံးခဲ့တာပဲ နှစ်ပေါင်း နှစ်ဆယ်ကျော်ပြီ။ ကျွန်တော်ကိုယ်တိုင် ကောင်းကင်ကို (တိမ်တွေကို)

http://www.cherrythitsar.org



မော့မကြည့်ဖြစ်တာလည်း နှစ်ပေါင်းလေးဆယ်လောက် ရှိရော့မည်။ အခု အမေသာရှိလို့ မိုးတိမ်တွေက ဘာနဲ့ တူသလဲမေးလျှင်တော့ ‘ပင်လယ်ဘေးက သချႋင်းနဲ့တူတယ်အမေ’လို့ ကျွန်တော် ဖြေမိလိမ့်မည် ထင်ပါသည်။ အမေက ရှင်းပြခိုင်းလျှင် ကျွန်တော် ရှင်းပြနိုင်ပြီ။

‘ကျွန်တော်က မိုးတိမ်တွေအောက်မှာ နေတယ်လေ၊ အနာဂတ်က ပျင်းရိလို့ သန့်ရှင်းတဲ့ အင်းဆက်တွေက ခြောက်သွေ့ခြင်းကို ကုတ်ခြစ်နေကြတာလည်းရှိရဲ့၊ အားလုံးကလည်း လောင်မီးကျနေပါပြီ၊ ဘဝကကျယ်တယ်လေ အမေ၊ ပျက်ကွက်ခြင်းတွေနဲ့ပဲ မူးယစ်နေတာမဟုတ်လား။ မလှုပ်မယှက် နေ့လယ်ခင်းပေါ်မှာ တိမ်တွေရှိတယ်၊ ကျောက်သားလို လေးလံတဲ့ တိမ်တွေက ညဖက်မှာ နိမ့်တယ်၊ သစ်မြစ်တွေကြားမှာ အရိပ်ခိုတဲ့ လူတွေ ရှိတယ်၊ လှိုင်းတွေက ကျောက်ဆောင်တွေကို အမှုန့်ထောင်းပံ့သတဲ့၊ ပင်လယ်က လန်းဆတ်ခြင်းကို မှုတ်ထုတ်နေလို့၊ ငံကျိကျိခွန်အားလို့ ပြောကြတာပဲ။ ကျွန်တော်တို့က ရေလှိုင်းတွေဆီ ပြေးကြရမှာနော်အမေ . . . မိုးတိမ်တွေဟာ တိတ်ဆိတ်နေတဲ့ ခေါင်မိုးမဟုတ်လား’

အမေကတော့ နားလည်နိုင်ပါ့မလား မသိ။ ကျွန်တော် ကဗျာတစ်ပုဒ်ကို စကားပြေနှင့် ပြောပြခြင်း ဖြစ်သည်။

အခုတော့ ကျွန်တော့်ကံနည်းနည်းကောင်းလာသည်ဟု ထင်သည်။ မိုးတိမ်တွေကို သိပ်အားမစိုက်ရဘဲ ကျွန်တော် မြင်နေရသည်။ ကျွန်တော်တို့ အိမ်ရှေ့မှာ စစ်ကိုင်းတောင် ရှိသည်။ စစ်ကိုင်းတောင်ခြေမှာ ဧရာဝတီမြစ်က ကပ်လျက်စီးဆင်းနေသည်။ ဧရာဝတီ မြစ်အရှေ့ဘက်ကမ်းမှာ တံငါတဲများနှင့် ကျွန်းနုစိုက်ခင်းများ ရှိသည်။ စစ်ကိုင်းတောင်ပေါ်မှာတော့ မိုးတိမ်တွေ။ မနက်ခင်း၊ နေ့လယ်ခင်း၊ ညနေခင်း၊ ည။ မိုးတိမ်တွေ အမြဲရှိသည်။ နွေဦး၊ နွေ။ မိုးဦး၊ မိုး။ ဆောင်းဦး၊ ဆောင်း။ မိုးတိမ်တွေ အမြဲ ရှိသည်။ တစ်ခါတစ်ခါ တိမ် တွေက အပျစ်အထူမညီသော ပန်းချီကားထဲက တိမ်တွေနဲ့တူသည်။ တစ်ခါတစ်ခါတော့ ‘ရေမျှော’ ဆန်သည်။ တစ်ခါတစ်ခါတော့ ဆီးဆေး ပိန်းပိန်း။ ညနေခင်းတွေမှာတော့ တိမ်တွေ တောက်သည်။ တစ်ခါ တစ်လေတော့လည်း ‘မကန်းကွက်ချွန် တိမ်ရွက်ကွန်’တွေ။ သေချာတာတစ်ခုက စစ်ကိုင်းတောင်ပေါ်က တိမ်တွေက ပထဝီဝင် ဖတ်စာအုပ်ထဲက တိမ်တွေ မဟုတ်ခြင်း ဖြစ်သည်။ တချို့တိမ်တွေကတော့လည်း ပါးလျားလွန်းလို့ လေက တစ်စစီဖွဲ့ချတာကို ခံကြရသည်။ တချို့ တိမ်တွေကတော့ အအေးခံထားသလို ခဲခဲပုံ့ပုံ့။

http://www.cherrythitsar.org



အမေရိကန် ဓာတ်ပုံဆရာတစ်ယောက်ကတော့ မိုးကြိုးအပစ်များသည့် ပြည်နယ်တစ်ခုမှာ ရက်ရှည်လများ နေထိုင်ရင်း ကောင်းကင်ကို အလိုအလျောက် ကင်မရာ ချိန်ထားသည်။ လျှပ်စီးလက်တိုင်း ကင်မရာက အလိုအလျောက် ရိုက်ပြီးသား။ ဓာတ်ပုံဆရာက Tripod ဘေးမှာ ရပ်နေရုံ။ သည်ပုံတွေကို ကူးဆေးလိုက်တော့ လှပသည့်ကောင်းကင် နောက်ခံ လျှပ်စီးကြောင်းတွေ ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် မြင်ကြရသည်။ သည်ပုံတွေကို ပြပွဲတင်တော့ ပရိသတ်စိတ်ဝင်စားမှု တော်တော်ရခဲ့သည်။ ကျွန်တော်ကလည်း စစ်ကိုင်းတောင်ပေါ်က တိမ်တွေကို ရာသီအလိုက် ဓာတ်ပုံ ရိုက်ချင်သည်။ တိမ်ပြပွဲ လုပ်ချင်သည်။

မုန်တိုင်းတိမ်များဖြစ်သည့် မိုးကြီးပြိုမှောင်တိမ်ပုပ်တွေကိုတော့ ကျွန်တော်သိပ်မကြိုက်လှ။ သည်တိမ်တွေကို မြင်ရတိုင်း မူးရူး ညစ်ပေနေသည့် တိမ်ပေတိမ်တေများလို့ ခံစားရသည်။ တချို့တိမ်များကျတော့လည်း ဖြူဖွေးတောက်ပသော်လည်း တိမ်သေတွေ။ တိမ်ဆိုတာ လွင့်မျောနေမှ ကောင်းကင် ခရီးလှည့်သူ (Heavenly Wan- derers) ဟု ဆိုနိုင်သည်။ တိမ်တိမ်ချင်း တိုက်မိတာကိုပဲ တိမ်ခွပ်သည် ခေါ်လေသလား သိပ်မရှင်းသော်လည်း တိမ်ခွပ်သည် ဆိုသည့် အသုံး ကို ကျွန်တော်ကြိုက်သည်။ သစ်တောနှင့် လွင်ပြင်ကျယ်ပေါ်က မိုးတိမ်တွေကတော့ ကျက်သရေရှိလှ၏။ မိုးတိမ်တွေကို ကျွန်တော် အားကျသည့် အချက်မှာ မုန်တိုင်းမိုးသက်မှ လွတ်မြောက်ခြင်း ဖြစ်သည်။ လျှပ်စီးခက်ရင်းခွကို မကြောက်သူတွေ ဖြစ်သည်။

တောင်ဘက် ပင်လယ်ဘက်ဆီမှ မြောက်ဖက်တောင်ကုန်း များဆီသို့ တိမ်တွေ လွင့်မျောနေတာကိုက နှင်းဆွတ်ကနုကမာကို သီကြိုးရှည်ရှည်နှင့် သီထားသည်နှင့် တူသည်။ ဆူးချွန်တံများနှင့် တို့ကာတို့ကာ နယ်နှင်ဒဏ်ပေးတာနှင့် တူသည်။ ဘာအပြစ်များ ရှိလို့ပါလိမ့်။

'တိမ်တွေဟာ မိခင်မြေရယ်လို့မှ မရှိဘဲနဲ့ နယ်နှင်ဒဏ်ပေးတယ်ဆိုတာ မဖြစ်နိုင်ပါဘူး။ တိမ်တွေဟာ စိတ်ဝိညာဉ်မဲ့ခရီးသွားနေ ကြတာမဟုတ်ဘူး. . . ဘယ်သူက ဘာပြောပြော ခံစားမနေနဲ့ . . . မင်းတို့ဟာ ထာဝရ အတိုင်းအဆမဲ့ လွတ်လပ်သူတွေသာ ဖြစ်တယ်. . . ”

တစ်ခါတစ်ခါ တိမ်တွေကို ကျွန်တော်လှမ်းပြောတတ်ပါသည်။ အဖေကတော့ တိမ်တွေလို ကျင့်ကွဟု ပြောဖူးသည်။

'တောင်ကုန်းဆင်ခြေလျှောက လိမ့်ကျသွားတဲ့ ကျောက်တုံးဟာ တောင်ကြားထဲမှာပဲ ဘဝပြီးရတယ်။ ကျောက်တုံးဟာ သူ့ဟာသူ လိမ့်ချင်လို့

http://www.cherrythitsar.org



လည်းမရ၊ လိမ့်နေရင်းက သူဟာသူ ရပ်ချင်လို့လည်းမရ ကျောက်တုံးထက် စာရင် တိမ်တွေက ဂုဏ်ရှိတယ် . . .'

တစ်ခါတော့ ဧရာဝတီမြစ်ဘက် လှည့်ထိုင်ရင်း တိမ်တွေကို တစ်နေ့လုံးလိုလို ကျွန်တော် ထိုင်ကြည့်မိပါသည်။ မြစ်သည်ပင် ထို့နေ့က ဖွေးဖွေးတောက်နေသည်။ ဖြူဖွေးအောင် လောင်ကျွမ်းနေသည့် တိမ်တွေကြောင့်များလားဟု ကျွန်တော် တွေးနေမိသေးသည်။ သဲသောင်ကလည်း သဲရည်တွေ ပျော်ကျနေသလား ထင်ရအောင် ဖြူဖွေးနေသည်။ စစ်ကိုင်းတောင်ပေါ်က တိမ်တွေကို ကြည့်ရင်းက တိမ်တွေ အသက်ဝင်လာခဲ့သည်။ နေရောင်သေရည်ကို ခွက်လှည့် သောက်လာပုံရသည့် မြင်းစီးမိန်းကလေးတစ်ယောက်။ မျက်နှာပေါ်မှာ အမာရွတ်တစ်ရွတ် ထင်းကွဲနေသည်။ တိမ်မြင်းကြီးက ခြေဆာနေသလို ခရိုးခရိုင်နိုင်လှသည်။ ပါးစပ်က အမြှုပ်တဖွေးဖွေး။ တိမ်မိန်းကလေးက သူ့လက်ပေါ်က အမာရွတ်ကို ငုံ့ကြည့်သည်။ မျက်နှာပေါ်မှာလည်း မီးသင့်အမာရွတ်တွေ တစ်စွန်းတစ်စ ရှိနေသည်။

တစ်နေ့ခင်းလုံးလိုလို တိမ်မြင်းကြီးကို စီးနေသည့် မိန်းကလေး ပျောက်မသွားတာကို ကျွန်တော် အံ့သြနေသည်။ ပူပြင်းလှသည့် နေရောင်က မိန်းကလေး၏ မျက်လုံးနှင့် အရိုးတွေကို ထောက်စမ်းနေသည်။ မြင်းကြီးကတော့ နေ့းနေ့းကလေး အသားကျလှည့်နေဆဲ။ မိန်းကလေးက သူ့လက်က အမာရွတ်ကို စမ်းရင်း မျက်နှာရှုံ့မဲ့သွားသည်။ တိမ်တွေကို ကြည့်ရင်း ကျွန်တော် အံ့သြနေမိပါသည်။ ဖြစ်နိုင်သည်။ တိမ်ဆိုသည်က 'ပုံမခြား ဂဠုန်နဂါးစုံများလှချေပေါင်း' လို့ ဆိုသည်မဟုတ်လား။

နေ့ခင်းစာစားပြီး အိမ်ရှေ့မှာ စိတ်ပြေလက်ပျောက် ထိုင်တော့လည်း တိမ်မြင်းကြီး မပျောက်သေး။ တိမ်မိန်းကလေးကလည်း စီးလျက်။ ကျွန်တော်က ဝရံတာပေါ်က သူမ၏ နာမည်ကို ခေါ်ဖို့ ကြိုးစားသည်။ ရှေးဟောင်းနာမည် ဖြစ်ရမည်။ အိဗ် (Eve)၊ ဟယ်လင် (Helen)၊ မေရီ (Mary)။ တကယ်တော့ သူမ ချောက်ချားသွားအောင် ကျွန်တော် ခေါ်လိုက်ခြင်း ဖြစ်သည်။ မထူးပါ။ မြန်မာနာမည် စဉ်းစားသည်။ မိုးနတ်ဒေဝီဆိုလျှင် လှပါ့မလား။ တတ်သမျှ မှတ်သမျှ ရှေး ဟောင်းအမည်တွေ ခေါ်သော်လည်း မထူးပါ။

'ငါ့မှာလည်း အမာရွတ်တွေ ရှိတယ်'

'အနာဟောင်းချင်း ပြိုင်မလား . . .'

ကျွန်တော်က အော်သော်လည်း တိမ်မင်းသမီးက နှုတ်ဆိတ်နေသည်။ ဖြူဖွေးနေသည့် တိမ်ဆံမျှင်တွေကသာ ခါရမ်းသွားသည်။ ထိုနေ့က

http://www.cherrythitsar.org



တစ်နေ့ခင်းလုံးလိုလို တိမ်မြင်းကြီးကို စီးနေတာ မြင်ရသည်။ မြစ်ဖြူဖြူ သဲသောင်ဖြူဖြူပေါ်မှာ အသားကျနေးနေး ကလေး စီးနေခြင်း ဖြစ်သည်။ မြင်းကြီးက တိမ်တွေပေါ်မှာပဲ ခွာခြေရာချလိုက်တာ မြင်ရသည်။ ပြီးတော့မှ မီးတောက်တိမ်တွေပေါ်မှာ သေသွားခဲ့သည်။ ကျွန်တော်က ဇနီးသည်ကို သည်အကြောင်း ပြန်ပြောတော့ အံ့သြနေသည်။

'ဟုတ်တယ်နော်. . . ကျွန်မတို့ မိုးတိမ်တွေကို အမြဲ ကြည့်သင့်တယ်။ မိုးတိမ်တွေဟာ ကောင်းကင်ရဲ့ ပေါင်းမြက်တွေလို့ အစက ကျွန်မထင်ခဲ့ဖူးတယ်။ တကယ်တော့ ကောင်းကင်ရဲ့ သစ်တောသာ ဖြစ်တယ် . . .'

ကျွန်တော်က မိုးတိမ်တွေကို ကြည့်ရင်း အမေနှင့် ကွပ်ပျစ် နွေးနွေး ကလေးကို သတိရနေသည်။

■

*(IDEA / ၂၀၀၂ ဩဂုတ်)*

# သစ်ရွက်ဖျော်ရည်

ကျွန်တော်တို့ ငယ်ငယ်က အိမ်ကို လက်ဖက်ရည်တစ်ခွက် ရောက်လာခြင်းသည် မကောင်းသောအတိတ်၊ မကောင်းသော နိမိတ်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အမေက အိမ်သား တစ်ယောက်ယောက် (အဖေနှင့်ကျွန်တော်) အတော်ကြီး နေမကောင်းမှ လက်ဖက်ရည်တစ်ခွက် ဝယ်တတ်ခြင်းကြောင့် ဖြစ်သည်။ အဖေကတော့ လက်ဖက်ရည်ကို အရက်လောက် စိတ်ဝင်စားပုံမရတော့သည့် အတွက် လူဖြစ်ရ ကျိုးမဲ့လေခြင်းဟု တွေးမိပုံမပေါ်။ ကျွန်တော်ကတော့ ကိုယ်လေးနည်းနည်းနွေးလာရင် အမေ လက်ဖက်ရည်ဝယ်တော့ဟု တောင်းဆိုတတ်တာ မှတ်မိသည်။ ထိုအခါ အမေက နဖူးကို လက်ဖြင့် စမ်းရင်း "မင်းနှယ် မကြံကောင်း မစည်ရာ"ဟု ညည်းမြဲ။ အမေက နမြောလို့ဟုတ်မည် မထင်ပါ။ နေ့ခင်းနေ့လယ် မုန့်လက်ဆောင်းသည် ရွာတာလမ်းက အော်သည်နှင့် လှမ်းခေါ်ကာ ဝယ်တိုက်နေကျ။ မုန့်လက်ဆောင်းတစ်ခွက်က တစ်မတ်၊ လက်ဖက်ရည် တစ်ခွက်ကလည်း တစ်မတ်။ တစ်မတ်ချင်းတူသော်ငြား မုန့်လက်ဆောင်းက သွားရည်စာဖြစ်၍ လက်ဖက်ရည်က လူမမာဓာတ်စာဟု အမေယူဆထားလို့ဖြစ်သည်။ နေမကောင်း ထိုင်မသာဖြစ်လို့ လက်ဖက်ရည်ဝယ်ပြန်တော့လည်း

http://www.cherrythitsar.org



တစ်ခွက်စာကို တစ်ခါတည်း တစ်ဝတည်း သောက်ရသည်မဟုတ်။ နှစ်ခါခွဲ တိုက်သည်။ ပထမအကြိမ်က ပူပူနွေးနွေး မွှေးမွှေး။ ဒုတိယအကြိမ်က ပျင်းတွဲ အေးစက်စက်။ တစ်ခါတစ်ခါ အမေက တစ်ကျိုက်လောက် သောက်လိုက်လျှင် ပင် ကျွန်တော့်မှာ နှမြောလို့ မဆုံးတော့။

"ငါ အသက်ကြီးရင် လက်ဖက်ရည်တွေ အများကြီး ဝယ်သောက်ပစ် မယ်"

ကျွန်တော့်ငယ်ဘဝ သန္နိဋ္ဌာန်တွေထဲမှာ အဲဒီလို စိတ်ကူးလည်း ပါပါ သည်။ ကျွန်တော်တို့ အနောက်ဘက်ဝင်းထဲက ဘကြီးကုလားနှင့် ဘကြီးတက်ရိုး ကို ကျွန်တော် အားကျသည်။ ညနေနာရီပြန် နှစ်ချက်ထိုးသည်နှင့် နွားစာ ကောက်ရိုးစဉ်နေရာက ဖြုန်းခနဲ ထကာ လက်ဖက်ရည်ဆိုင် ထသွားတတ်ကြသူ များ ဖြစ်သည်။ အညာ နေပူပူမှာ တာယာဖိနပ် ခေါင်းကော့ဖင်ကော့ကို စီးသော် လည်း အင်္ကျီမပါဘဲ တဘက်ဟောင်းပခုံးတင်ကာ သွားနေကျ။ ပိုက်ဆံများများ ယူသွားတာမျိုးမရှိ။ ပိုက်ဆံ အကြွေမတ်စေ့ ခါးကြားလိမ်ကာ ချီတက်ကြခြင်း ဖြစ်သည်။ အင်္ဂလိပ်ယဉ်ကျေးမှု ဖြစ်သော (ဝိတိုရိယယဉ်ကျေးမှုဖြစ်သော) နေ့ခင်းနှစ်နာရီသည် လက်ဖက်ရည်ချိန် (Tea Time) ဆိုတာ သိကြသူတွေ မဟုတ်။ ကံအားလျော်စွာ တိုက်ဆိုင်မှု ဖြစ်သည်။ လက်ဖက်ရည်ဆိုင် စားပွဲဝိုင်း တွေမှာထိုင်ကြရင်း သတင်းစာဟောင်းကို မျက်ခမ်းစပ်စပ် မျက်လုံးများဖြင့် မျက်စိနှင့် သတင်းစာ ပူးကပ်နေအောင် ဖတ်သည်။ အချိုခြောက်ခတ် ရေနွေး ကြမ်းကတော့ တစ်အိုး ပြီးတစ်အိုး။

"ဆာဒါး တစ်အိုးပေးဦးဟေ့"

ရေနွေးကြမ်းဟု အဓိပ္ပာယ်ရသည့် ကုလားစကား 'ဆာဒါး' ကို မြန်မာ သောက်သုံးသူက တောင်းလျှင် ရောင်းသူ တရုတ်ကြီးကလည်း နားလည်သည်။

"နောက်ကို ဆာဒါး ဝယ်သောက်ဗျာ၊ လက်ဖက်ရည် အလကားတိုက် မယ်"

တရုတ်ကြီးက နောက်သော်လည်း စိတ်မဆိုးကြပါ။ လက်ဖက်ရည် ပန်းကန်  အောက်ခံပြားထဲကို ရေနွေးကြမ်းငှဲ့ထားရင်း ပန်းကန်ကို မယူကာ ဖရှူးခနဲ မြည်အောင် သောက်ကြတာကိုက အားရစရာကောင်းလှချည့်။ မွှေးပျံ့ သော လက်ဖက်ခြောက်ပြုတ်နံ့ကို ကျွန်တော် အင်မတန် သဘောကျသည်။ ငါးတန်းခြောက်တန်း ရန်ကုန်မှာ ကျောင်းနေရတော့ ဆရာမ၏ လက်ဖက်ရည် အဝယ်တော် တာဝန်ကို ကျွန်တော်ရသည်။ လက်ဖက်ရည်ဆိုင်က လက်ဖက် ရည်ဖျော်ပြီး အောက်ခံပြားကို ခွက်ပေါ် မှောက်တင်လိုက်ပြီး လက်နှစ်ဖက်ဖြင့်

http://www.cherrythitsar.org



မယူကာ ဘယ်ညာ လက်မနှစ်ဖက်က မှောက်ထားသည့် ခွက်ပေါ်ဖိကာ ယူလာရသည်။ ဆရာမရှေ့ ရောက်တော့ ဖျပ်ခနဲ ပက်လက်လှန်လိုက်ရင်း အလိုက်သင့်ချပေးရသည်။ တစ်ခါတော့ ကျွန်တော်ကြောင့် လက်ဖက်ရည်တွေ မှောက်ကုန်သည်။ အစားလျော်စရာလည်း ပိုက်ဆံမရှိ။ အကြောက်ဆုံးမှာ ဆရာမစိတ်ဆိုးမှာကို ဖြစ်သည်။

"မှောက်ပစေပေါ့ကွ၊ အမြဲတမ်း ဘယ်ကောင်းနိုင်ပါ့မလဲ၊ ဒါသဘာဝပဲ၊ အေး . . . နောင် မမှောက်အောင်တော့ ကြိုးစားကွ၊ တစ်ခါမှောက်တာဟာ တစ်ခါဆုံးရှုံးတာပဲ။ သည်တော့ တစ်ခါပဲ ဆုံးရှုံးပါစေပေါ့၊ ဆရာမတော့ တစ်ခွက်ထပ်ဝယ်ပေးဦးကွာ"

ကျွန်တော် အလုပ်စဝင်စက မယ်မယ်ရရလုပ်ရသည် မရှိဘဲ မနက်တစ်ခါ နေ့ခင်းတစ်ခါ လက်ဖက်ရည်ဝယ်ရတာကိုလည်း သတိရမိပါသည်။ ကျွန်တော်တို့ ဌာနတွင် ဒန်လက်ဖက်ရည်ချိုင့်ကြီး တစ်လုံး ရှိသည်။ လက်ဖက်ရည် ဆယ်ခွက်လောက် အေးအေး ကလေးဆန့်သော ချိုင့်ကြီးဖြစ်သည်။ လက်ဖက်ရည် ချိုးတွေတက်နေတာကိုယ်က ဖြတ်သန်းမှု သမိုင်းဖြစ်သည်။ ဌာနတွင်းမှ အသက် ၆၀ နား ကပ်နေပြီဖြစ်သည့် ဦးဘာဘူက "ငါ အလုပ်စဝင်စကလည်း မင်းလိုပဲ လက်ဖက်ရည်ဝယ်ရတာပဲကွ၊ သည်ချိုင့်နဲ့ပဲ"ဟု ပြောဖူးသည်။ သွားဝယ်ရသည့်ဆိုင်ကလည်း ဝေးသည်။ ဆိုင်ရှင်အမေကြီးက မှာလိုက်သည့် အရေအတွက်ကို လိုက်၍ ချိုင့်ထဲကို ရေနွေးဘုံဘိုင် ဖွင့်ချသည်။ ထင်းချောင်းတွေ ထိုးထားသဖြင့် မီးခိုးတွေ အူထနေသည့် အဖန်ရည်အိုးထဲက အဖန်ရည်တွေ သွန်ချသည်။ သကြားကို ဇွန်းမောက်မောက်ကြီး တစ်ဇွန်းလောက်ထည့်လိုက်၊ ကြေးဇွန်းနှုတ်ခမ်းပဲ့ဖြင့် ရွှတ်ခနဲ မြည်းလိုက်၊ သကြားထည့်လိုက် မြည်းလိုက်။ သူ တော်လောက်ပြီဆိုလျှင် လက်ဖက်ရည် ဖြစ်ပြီ။ နို့ကတော့ ကျိုထားသည့် နို့ပျစ်ပျစ်။ နို့ဆီ၊ နို့စိမ်း၊ နို့ကဲ့ ဘာမှမပါ။ ကျွန်တော် ပေးသည့် ပိုက်ဆံကို မည်းချိတ်နေသည့် ပိုက်ဆံသေတ္တာထဲ ပစ်ထည့်လိုက်လျှင် ရောင်းသူနှင့် ဝယ်သူ၏ ဆက်ဆံရေးလည်း ပြီးလေသည်။ သည်လက်ဖက်ရည်ကို ဘယ်သူကတိုက်နေတာလည်း ကျွန်တော်မသိ။ ဘာကြောင့် တိုက်နေတာမှန်းလည်း ကျွန်တော်မသိ။ ချိုင့်ကိုင်းကို ပါးစပ်ထဲထည့်ပေးလိုက်လျှင် လက်ဖက်ရည်ဆိုင်ကို တန်းတန်းမတ်မတ် သွားတတ်သော ခွေးတစ်ကောင်လို ကျွန်တော် သွားနေခြင်းသာ ဖြစ်သည်။ နောင်မှာတော့ ချိုင့်နှင့် မဝယ်ကြတော့ဘဲ ကိုယ့်အကြိုက်ကိုယ် ဆိုင်မှာ သွားသောက်ကြတာ မှတ်မိနေသည်။ တစ်ခါတစ်လေ ဝန်ထမ်းဘဝကို အောက်မေ့လျှင် ဇွန်းကျိုးနှင့် ချိုင့်အိုကို ပထမဆုံး သတိရနေ

http://www.cherrythitsar.org



မိတတ်ပါသည်။ တစ်ခါတစ်ခါတော့လည်း သောက်ခဲ့ရသည့် လက်ဖက်ရည်ခွက်တွေ ဘယ်လောက်ရှိနေပြီလဲ ကျွန်တော် တွေးမိတတ်သည်။

အက်ဆေးဆရာ Peter Stoler ကတော့ ကနေဒါနိုင်ငံ၏ အင်္ဂလိပ်ဆန်သော ဝိတိုရိယမြို့ကလေးအကြောင်း ရေးဖွဲ့ရာ၌ ညနေခင်း လက်ဖက်ရည်ဓလေ့ကိုပါ ထည့်ရေးသွားတာ ဖတ်ရဖူးသည်။ သည်မြို့ကလေးကို ၁၈၄၃ ခုနှစ်က တည်ခဲ့သည်။ အင်္ဂလိပ်ကျူးဒါးခေတ် ဗိသုကာလက်ရာတွေရှိသည့် မြို့ကလေး။ စကော့လက်ရက်ထည်များ၊စပို့နှင့် ဝက်ချ်ဝုဒ်ကြွေထည်များနှင့်အတူ အင်္ဂလိပ်နှင်းဆီပန်းများ တွေ့နိုင်သည့် မြို့လည်း ဖြစ်သည်။ အိုင်ဗီနွယ်ပန်းများဖြင့် လှချင်တိုင်း လှနေတတ်သည့် လက်ဖက်ရည်ဆိုင်ကလေးတွေ များလွန်းလှသည်။ သို့သော် လက်ဖက်ရည်တစ်ခွက်သောက်ဖို့ ကြိုတင် စာရင်းသွင်းထားရသည်။ စားပွဲတိုင်းမှာ လူပြည့်နေသည်။ ဒါဂျီလင် လက်ဖက်ခြောက်၊ တရုတ်လက်ဖက်ခြောက်၊ အော်ရိန်းပီကို လက်ဖက်ခြောက်များကို အချိုးကျ စပ်ထားကာ ကြွေကရားဖြင့် လက်ဖက်ခြောက်ရွက်ကို နှပ်ထားတတ်တာကလည်း တခြားမြို့တွေမှာ မတွေ့နိုင်ပါ။ ကြက်ဆင်သားနှင့် ဝက်ပေါင်ခြောက် မည့်ပ်ဘဲ ကန်စွန်းရွက်နှင့် သခွားသီးညှပ် ဆင်းဒဝ်ချ်များပါ ရိုးရာမပျက် ရနိုင်သည်။ ဝိတိုရိယမြို့ကလေးက ဟိုတယ်တစ်ခုကတော့ တစ်နှစ်လောက်စောပြီး Booking လုပ်ရသည်။ လက်ဖက်ရည်တစ်ခွက်သောက်ရဖို့ တစ်ရာသီစောင့်ရသည်ကော။

"ဘက်ဖို့ဒ် မြို့စားကတော်ကြီးက ဆယ့်ကိုးရာစုလောက်မှာ နေ့ခင်းစာနဲ့ ညစာကြားမှာ ညနေခင်း လက်ဖက်ရည်ဆိုတာကို ထွင်လိုက်တာဗျ၊ အင်္ဂလိပ်တွေရဲ့ ဩဇာဟာ မြောက်အမေရိကကို ခုထိ လွှမ်းမိုးထားတဲ့ သဘောပေါ့လေ။ သည်အစဉ်အလာက အိမ်တိုင်းကို ရောက်သွားပြီ"

အက်ဆေးဆရာ၏ အတွေးဖြစ်သည်။ တကယ့်တော့ ဥရောပမှာ လက်ဖက် ယဉ်ကျေးမှုရောက်တာ နှစ်ပေါင်းလေးရာလောက်သာ ရှိသေးသည်။ လက်ဖက်၊ လက်ဖက်ရည်၏ ဇစ်မြစ်မှာ တရုတ်နိုင်ငံဖြစ်သည်။ ထိုစဉ်က ဥရောပကို လက်ဖက်တစ်ရိုးရောက်ဖို့ ခက်ခဲလွန်းသဖြင့် သူဌေးသူကြွယ်များမှ စိတ်ကူးဝံ့သည့် ကိစ္စဖြစ်သည်။ လက်ဖက်ခြောက်မည်းနှင့် လက်ဖက်ခြောက်စိမ်းနှစ်မျိုးရှိသည်။ ခူးပြီးသား လက်ဖက်ရွက်ကို နူးညံ့ပျော့ပျောင်းအောင် ဖြန့်၊ လက်ဖက်စေးထွက်အောင်လိပ်၊ အချဉ်ပေါက်အောင် ပြန်ဖြန့်၊ လေပူဖြင့်လှော်၊ ပြီးမှ အရွက်နှင့်အဖူးရွေး၊ ဒုတိယအကြိမ်လှော်လိုက်တော့ သင်းပျံ့သည့် အကင်းသေ လက်ဖက်ခြောက်ရပြီ။ အိန္ဒိယလက်ဖက် ခြောက်မည်း နာမည်ကြီးသလို တရုတ်၊ ဂျပန်လက်ဖက်ခြောက်စိမ်း တို့ နာမည်ကြီးသည်။ ဂျပန်၏ လက်ဖက်ရည်ကြမ်း

http://www.cherrythitsar.org



ယဉ်ကျေးမှုသည် ဂျပန်ဗုဒ္ဓဘာသာရဟန်းတော်များက ဆင်းသက်လာခြင်းဖြစ် နောင်တွင် လူမျိုး၏ ယဉ်ကျေးမှု ဖြစ်လာခဲ့သည်။ ရှမ်းမိတ်ဆွေတစ်ယောက် ကတော့ ပြောဖူးသည်။

"ကျွန်တော်တို့ဆီမှာ လက်ဖက်ရွက်ကြမ်းတွေ မကြွေခင်၊ နှင်းခါးကြီး ရိုက်တဲ့ကြားက ထွက်တဲ့ရွက်နုတွေဟာ သိပ်အဖိုးတန်တယ်။ နှင်းတက်ခြောက် ခေါ်တာပေါ့၊ ရွှေဖီအွိုင့်နမ့်လေ"

စာရေး ဆရာကြီး ဂျော့အောဝဲလ်(George Orwell)ကတော့ တရုတ် လက်ဖက်ခြောက်ကို မကြိုက်ဘဲ ကုလားလက်ဖက်ခြောက်ကိုသာ ကြိုက်သည်ဟု ဆိုသည်။ တရုတ်လက်ဖက်ခြောက်က ကဖင်းဓာတ်နည်းသဖြင့် အာရုံ လှုံ့ဆော်မှု နည်းသည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

"တရုတ်လက်ဖက်ခြောက်သောက်လို့ ဉာဏ်ရည်ကောင်းမလာဘူး၊ ရဲတင်းမလာဘူး၊ လောကကို ပိုပြီး အကောင်းမြင်လာအောင် အလှုံ့ဓာတ်မပေး နိုင်ဘူး၊ ကုလားလက်ဖက်ခြောက်နဲ့ ပြောင်းပြန်ပဲ" ဟု ရေးဖူးသည်။ လက်ဖက် ရည်ကောင်း သောက်ချင်လျှင် ကုလားလက်ဖက်ခြောက်ကို သုံးပါ။ မြေအိုးနှင့် ကျိုပါ။ ဖျော်ကာနီး ဖျော် အိုးကို အိုးကင်းပူတိုက်ပါ။ ပြင်းပြင်းကျကျ ဖြစ်ပါစေ။ လက်ဖက်ရည်ကို ဆန်ခါမစစ်ဘဲ အိုးတွင်းတိုက်ရိုက် လောင်းထည့်ပါ။ ရေနွေး ကရားနှင့် လက်ဖက်ရည်အိုး နီးပါစေ။ နာနာမွှေပါ။ မလိုင်နှုတ်ထားသည့် နို့ဖြစ်ပါစေ။ လက်ဖက်ရည်ထဲကို နို့ထည့်ပါ။ (နို့ထဲကို လက်ဖက်ရည် ထည့်တာ မကြိုက်သည့် သဘော ဖြစ်ပါသည်။) သကြားမထည့်ဘဲ သောက်ပါ။ ဒါက ဂျော့အောဝဲလ်၏ လက်ဖက်ရည်ကောင်း တစ်ခွက်ဖြစ်သည်။ ကျွန်တော်က ရွာမှာ ဘကြီး တစ်ယောက်ကို သည်အကြောင်းပြောတော့ ဘကြီးက အံ့သြဟန် ပြုသည်။

"မင်း စာရေးဆရာကြီးက သည်လောက် အသေးစိတ်နေမှတော့ အလုပ်အကိုင် မယ်မယ်ရရ ရှိမယ်မထင်ပေါင်ကွာ၊ ငါတို့တော့ ကိုကာကာ့ဆိုင် က တောလက်ဖက်ရည်နဲ့ ကြီးရတာ၊ ကောင်းသမှ"

ကျွန်တော်က အင်္ဂလိပ်တွေ လက်ဖက်ရည် အဖန်ဓာတ်ကို ကြိုက်တာ ဘထွေးရ ဆိုတော့လည်း ကိုကာကာ့ဆိုင်ဘက်က ရှေ့နေ လိုက်သည်။

"ကိုကာကာ့ဆိုင်ထက် ဖန်ရဦးမလားကွ၊ ဆီးချုပ် ဝမ်းချုပ်တောင် လိုက်လောက်တယ်" ဟု ဆိုသည်။ ကျွန်တော့်အဒေါ် တစ်ယောက်ကတော့ လက်ဖက်ရည်ရှိလျှင် ထမင်းမလိုသူ ဖြစ်သည်။ မနက်မိုးလင်းသည်နှင့် "လက်ဖက်ရည် သွေးတောင်းချက်တော့"ဟု ဆိုတတ်မြဲ။ ကျွန်တော့်မိတ်ဆွေတွေ

http://www.cherrythitsar.org



ထဲမှာ လက်ဖက်ရည်ကို နှစ်ခွက် ဆင့်သောက်သူတွေ ရှိသည်။ တစ်ဦးက ဆရာဝန် စာရေးဆရာ ညိုထွန်းလူ ဖြစ်သည်။ ဦးညွန့်စိန်ကတော့ စောစော အိပ်ရာဝင်ကာ ညကြီးသန်းခေါင်ကျမှ မိုးအလင်းဆိုင်မှာ လက်ဖက်ရည်တစ်ခွက် ပြေးသောက်တတ်သူ ဖြစ်သည်။ ကျွန်တော့် ဆရာတစ်ယောက်ကတော့ ရန်ကုန် မြို့နှင့် ဆင်ခြေဖုံးတစ်ဝိုက်က လက်ဖက်ရည်ဆိုင် အားလုံးလိုလိုမှာ သောက်ဖူးသူ ဖြစ်သည်။ စာရေးဆရာကြီး အားနက်စ်ဟဲမင်းဝေး (Ernest Hemingway) ကတော့ ကဖေးဆိုင်တွေမှာလည်း ဝတ္ထုရေးတတ်သူဟု ဆိုသည်။ ကျွန်တော် ရောက်သွားတတ်သည့် ရွာကလေးမှာတော့ Tea Mix တစ်ထုပ်ကို သုံးခါခွဲ သောက်တာ သတိထားမိသည်။ ကျွန်တော် မေးကြည့်တော့ အထုပ်ပေါ်က "3 in 1" ဆိုသည့် စာကြောင်းကို ပြသည်။ "တစ်ထုပ်ကို သုံးခါသောက်ရမယ် ဆိုတာ ပါပြီးသားပဲဟာ"ဟု ဆိုလေ၏။

"လက်ဖက်ရည်ဆိုင်တွေမှာ ကျောက်ပန်းတောင်းတစ်ခွက်တို့၊ ပဒေါင်း တစ်ခွက်တို့ မှာသံကြားရင် ငါရိုက်ပစ်ချင်တာကွာ မပြောပါနဲ့တော့။ ချိုအီနေတဲ့ လက်ဖက်ရည်ကိုမှ ကြိုက်တဲ့ တောသားတွေကို ပြောတာကွ။ ဘယ်ကောင်များ ထွင်လိုက်တယ် မသိဘူး"

ကျောက်ပန်းတောင်းသား သူငယ်ချင်းတစ်ယောက်၏ ညည်းချင်း ဖြစ်သည်။ ဒါကလည်း unwritten law ဖြစ်သွားပြီကော။ ရေးဆွဲမထားဘဲ တည်နေသည့် ဥပဒေက ပြင်ဖို့မလွယ်။

ရှေးနှစ်ပေါင်းများစွာက တရုတ်ပြည်တွင် ဝိပဿနာဓုတင် အကျင့်ကို ဆောင်သည့် ဗုဒ္ဓဘာသာသူတော်စင်တစ်ဦး ရှိသည်။ ကိုးနှစ်လုံးလုံးမအိပ်ဘဲ တရားအားထုတ်အံ့ဟု အဓိဋ္ဌာန်ပြုကာ တရားကျင့်သည်။ သုံးနှစ်ခန့်ကြာသည့် အခါ ဓုတင်ကျိုးပေါက်၍ တစ်မှေး အိပ်ပျော်သွားခဲ့သည်။ အိပ်ရာမှ နိုးသည့်အခါ ယူကျုံးမရဖြစ်လွန်းလှသဖြင့် သူ့မျက်ခွံနှစ်ဖက်ကို လှီးထုတ်ကာ လွှင့်ပစ်လိုက် သည်။ ထိုမျက်ခွံများ ကျသည့်နေရာမှာ သစ်ပင်ကလေးတစ်ပင် ပေါက်လာ ခဲ့သည်။ ထိုအပင်မှာ ကမ္ဘာပေါ်တွင် ပထမဦးဆုံး လက်ဖက်ပင်ဟု တရုတ်လူမျိုး တို့ အယူအစွဲရှိသည် ဆို၏။ သည်ဇာတ်လမ်းလေးကို ကမ္ဘာကျော်စာရေးဆရာ ကြီး ဂျော့အောဝဲလ် သိဟန်မတူပါ။ မျက်ခွံက ဖြစ်လာသော လက်ဖက်ပင်ထွက် တရုတ်လက်ဖက်ခြောက်ကို "လောကကို ပိုပြီး မြင်သာလာအောင် အလှူ့ဓာတ် မပေးနိုင်ဘူး" ဟု ရေးခဲ့တာ ရက်စက်ရာ ကျလွန်းလေသလား ကျွန်တော် တွေး နေမိပါသည်။

http://www.cherrythitsar.org



ကျွန်တော်ကတော့ လက်ဖက်ရည်သောက်လျှင် ပေါ့ဆိမ့် သောက်နေကျ ဖြစ်သည်။ သောက်တိုင်းလည်း အနည်းအကျဉ်း ပြင်ခိုင်းနိုင်သည်ကလွဲ၍ အဖျော်ဆရာ၏ ဆုံးဖြတ်ချက်ကို ကျွန်တော်တို့ နာခံလိုက်ရသည်ချည်း ဖြစ်ပါသည်။ ပေါ့ဆိမ့်ဟုတ်မဟုတ် တိုင်းဆရန် လက်ဖက်ရည်၌ သမာဓိချိန်ခွင်မရှိ။ သည့်အတွက် အဖျော်ဆရာကို ကျွန်တော် အပြစ်မမြင်ပါ။ တကယ်တော့ လက်ဖက်ရည်တစ်ခွက်တိုင်းသည် အတိတ်ကောင်း နိမိတ်ကောင်းများ ဖြစ်ပါသည်။ လက်ဖက်ရည်တစ်ခွက်မှာတိုင်း ခွက်ထဲမှာ မျက်ခွံကလေးများပါလေမလား ကျွန်တော် ရှာနေမိတတ်ပါသည်။ လောကကို ပိုမိုမြင်နိုင်သည့် အလှ့်မာတ်ကို ရှာဖွေခြင်းဟု ဆိုင်နိုင်ပါသည်။

■

*(IDEA / ၂၀၀၂ -ဇော်တင်အာ)*

# အိမ်ကလေး

ကျွန်တော်တို့ တိုက်ခန်းပေါ်က လှမ်းကြည့်လျှင် မလုံးတို့ တဲစုကလေးတွေကို လှမ်းမြင်ရသည်။ စုစုပေါင်း ငါးလုံး။ အဝေးက ကြည့်တော့ တဲကလေးတွေက တစ်တဲနှင့်တစ်တဲ မနီးမဝေးထင်ရသော်လည်း ခပ်ခြားခြား ဖြစ်ပုံရပါသည်။ တဲကလေးတွေရှေ့မှာတော့ သစ်ပင်စိမ်းစိမ်းတွေ တစ်ပြန့်တစ်လျား။ မြေပဲပင်ပေါက်တွေလည်း ဖြစ်နိုင်သည်။ မလုံးတို့ တဲကလေးတွေက မြစ်ဘေးမှာဆိုတော့ မြစ်ရေက တဲခြေနှင့် စတုတ်တိုက်။ ရေကလေး နည်းနည်းတိုးလျှင် သည်စိုက်ခင်းတွေထဲ မြစ်ရေဝင်တတ်၏။ ထိုအခါ စိုက်ထား ပျိုးထားသမျှ အဟောသိကံ။ မလုံးတို့ကလည်း အဲသလောက်တော့ မညံ့ပါ။ မြစ်ရေအတက်အကျကို သိကြသူတွေ ဖြစ်သည်။

"မစိုက်သေးပါဘူး ဆရာရယ်။ ရေကျန်သေးတယ်၊ တန်ဆောင်မုန်းရေလေ။ သည်ရေကျလာရင် ရေကအေးတော့ ငါးလည်း မရတော့ဘူး။ ဆောင်းလည်း ဝင်ကရော။ ရေကျန်လျက်ကနဲ့ သွားစိုက်ရင် ရှိတာလေးကုန်မှာ။ ကုန်ခဲ့လှပေါ့ ဆရာ့နှယ်။ သည်နှစ် ပဲ စိုက်မယ်'

"မိုးက ကျန်သေးလို့လား"

http://www.cherrythitsar.org



"ကျန်ကောင်း ကျန်ရာ ကျန်မှာပေါ့၊ ကျီလွှဲမိုးကလေး လောက်ပေါ့"

ကျီလွှဲမိုးဆိုတာ မကြားဖူးလို့ မလုံးကို မေးရသေးသည်။ စာရေးဆရာလုပ်နေပြီး ကျီလွှဲမိုး မသိရလေခြင်းဆိုသည့်ပုံဖြင့် ကျွန်တော့်ကို ကြည့်လေ၏။ တလင်းပြန့်ထဲ ပုံထားသည့် စပါးတွေ၊ မြေပဲတွေ၊ ပဲတွေ မိုးရေစိုမှာ စိုးရတော့ ကျီထဲ ပုတ်ထဲ အရိပ်အောက် ရွှေ့ရ လွှဲရသည့် တိမ်ပုပ်မိုးကလေးတွေကို ဆိုလိုကြောင်း ရှင်းပြ သည်။

"နေပါဦး၊ တိမ်ပုပ်မိုးက ဘာလဲ . . . လုပ်ပြန်ပြီ"

"ဟောတော့်၊ တိမ်ပုပ်မိုးမှ မသိရှာလား၊ မိုးပေါ်က မိုးရေပါတဲ့ တိမ်မည်းမည်းခဲခဲ မပွံ့တပွံ့ကို ခေါ်တာပေါ့ ဆရာရဲ့။ ခက်တော့ နေပေါ့။ အများကြီးမရွာနိုင်ပေမယ့် တိမ်ထဲရှိသလောက် ရွာတဲ့မိုးပေါ့။ တိမ်က မည်းပုပ်နေလို့ တိမ်ပုပ်မိုးခေါ်တာ"

စာရေးဆရာကို ဆရာလုပ်ရလေခြင်း အဓိပ္ပာယ်ပါသည့် အပြုံးက မလုံးမျက်နှာပေါ်မှာ တိမ်ပုပ်မိုး ရွာနေလေသည်။ ကျွန်တော်တို့ကို မလုံးသူ့အခင်းက ထွက်သည့် ချဉ်ပေါင်ရွက်တွေ လာပေးတတ်သည်။ ပဲညွန့်လတ်လတ်ဆတ်ဆတ်တွေ လာပေးတတ်သည်။ ဘူးညွန့်သန်သန်ကြီးတွေက အလုံးတုတ်သလောက် နူးညံ့သည်။ ကျွန်းဘူး ခေါ်သည်ဆို၏။

မလုံးတို့က ပဲခင်းစောင့်ရင်း မြေနုကျွန်းပေါ် တဲထိုးနေကြသူတွေ။ မြစ်ခြေရင်း ရေစပ်စပ်မှာ တဲကလေးတွေ ထိုးနေကြတာ ကြာပြီ။ မနီးမဝေးက လက်ရွေးရွာမှာ အိမ်ရှိသော်လည်း လုပ်ငန်းနှင့် နီးသည့်နေရာမှာ နေထိုင်ကြခြင်းဖြစ်သည်။ မြစ်နဲ့နီးတော့ လှေကလေးတစ်စီး ဝယ်ထားသည်။ လှေရှိတော့ မလုံးယောကျ်ား ကိုသာမောင်က ငါးဖမ်းတာမျိုး၊ ရင်တွန်းထိုးတာမျိုးလုပ်ရင်း ဟင်းစား ရှာတတ်သည်။ ကျန်တာက အခင်းထဲ နွားထွန်ပေါင်းလိုက်။ မလုံးက သူ့ယောကျ်ားအကြောင်းပြောလျှင် 'အိမ်က ယောကျ်ားလေး' လို့ သုံးတတ်တာ များသည်။ သူ့ထက်ငယ်သည့် လင်ယောကျ်ားဆိုသည့် သဘောမဟုတ်။ အရွယ်ငယ်သူ လင်ယောကျ်ားကိုမဆို။ သနားစရာ လင်ယောကျ်ားကို ဆိုခြင်းဖြစ်၏။ သူ့မကြည်လင်ရင်တော့ "အိမ်က ဟာက လက်ဖက်ရည်ဆိုင်ကို အိမ်လုပ်နေတာ ဆရာရဲ့" ဟု ဆို၏။

"အိမ်က ယောကျ်ားလေးလုပ်စမ်းပါဗျာ"

"အိမ်ကဟာ . . . အိမ်ကဟာ . . ."

လင်ယောကျ်ားအပေါ် သဘောထား ဒီရေမြင့်သစ်။ ဘာပဲ ဖြစ်ဖြစ် သူတို့တဲကလေးကို သူတို့ ခုံမင်ကြသည်။ ကျွန်တော်တို့ တိုက်ခန်းပေါ်က သူတို့

http://www.cherrythitsar.org



တဲကလေးတွေကို ရသလောက် လှမ်းမျှော် ကြည့်တတ်သည်။ အခင်းထဲ လူဝင်နေသလား။ တဲအချင်းချင်း အကူးအသန်း လုပ်နေကြသလား။ သူ့ယောက်ျားလေး ဒါမှမဟုတ် အိမ်ကဟာကကော ဘာလုပ်နေသလဲ။ နွားတွေ နေပူနေသလား၊ ဘယ်သူတွေ ဘူးညွန့် ဆိတ်နေသလဲ။ တကယ်တော့ အဲသလောက် အသေးစိတ် မြင်ရတာမဟုတ်။ တဲလောက်၊ တဲရှေ့က ဘူးစင်လောက်၊ သစ်ခင်းလောက်၊ သစ်ခင်းထဲက နွားများနှင့် တရွရွ ရှိနေတတ်သည့် ဝိုးဝါးမကွဲ လူတွေလောက်သာ ဖြစ်သည်။

"ပြန်ဦးမှ ဆရာရေ့၊ တဲကြီး ပက်လက်ထားခဲ့ရတာ"

တဲကြီးပက်လက်။ မလုံး၏ စကားလုံးတွေကို ကျွန်တော် အင်မတန် သဘောကျပါသည်။ ဟာလာဟင်းလင်း ပိုးလိုးပက်လက် ထားခဲ့ရတာကို မြင်အောင် သုံးခြင်းဖြစ်သည်။ ကျွန်တော်က အဝေး ကြည့်မှန်ပြောင်းကို ထုတ်လာခဲ့ပြီး သူတို့တဲကလေးတွေကို ကြည့်လျှင် မလုံး စိတ်ဝင်စားသည်။ ကျွန်တော်နှင့် မှန်ပြောင်းကို စိတ်ဝင်စားနေတတ်သည်။ မြင်ရသလားလို့ မေးသည်။ ကျွန်တော်က မှန်ပြောင်းဖြင့် ကြည့်ရင်းက မလုံးကို စသည်။

"မိန်းမတစ်ယောက်ဗျ။ အသားမည်းမည်း အင်္ကျီအပြာနဲ့။ နေဦး၊ ထဘီက အစင်းကျား၊ အရပ်က ပုပုရယ်၊ မလုံးတို့ ထမင်းအိုးထဲက ထမင်းတွေ ခူးနေတာ မနည်းပေါင်ဗျာ။ နတ်စင်က နတ်ပန်းအိုးက ပန်းတွေကလည်း လန်းလို့ပါလား၊ သုံးအိုးတောင်"

မလုံး မျက်လုံးတွေ ဝိုင်းနေသည်။ သူ့တဲထဲက ထမင်း ဘယ်သူများ ဝင်ခူးနေပါလိမ့်။ အရပ်ပုပု၊ အင်္ကျီပြာ၊ အသားမည်းမည်း။ ဟုတ်ပြီ။ ဒါ မှန်လောက်သည်။ နတ်ပန်းအိုးကတော့ အရေအတွက် လွဲနေသည်ကော။

"မဟုတ်မှလွဲရော စန်းတင့်နေမှာပဲ။ ကျုပ်က ဆန်ဖြူစားနိုင်တော့ လစ်ရင် ထမင်းသိပ်ခိုးတာ။ တစ်ခါလည်း လုံးသတ်ပြီးပြီ။ နေနှင့်ဦး ကောင်မတော့။ နေပါဦး ဆရာရဲ့၊ နတ်ပန်းအိုးက နှစ်လုံးတည်းပါ၊ အဖေကြီးအိုးနဲ့ အမေကြီးအိုး။ ကိုးမြို့ရှင်နဲ့ ပုလဲယဉ်လေ၊ သေချာများ ကြည့်ပါဦးတော့၊ ပန်းက ဈေးထဲက ဂန္ဓမာလေးတွေရလို့ ထိုးထားတာ"

ကျွန်တော်နောက်တာကို မလုံး အဟုတ်ထင်နေသည်။ သူ့ယောက်ျားကိုသာမောင် ဘာလုပ်နေသလဲ ကြည့်ခိုင်းသည်။ ကျွန်တော်က တဲစပ်ဘူးစင်အောက်မှာ မိန်းကလေးတစ်ယောက်နှင့် ရယ်လားမောလား လုပ်နေတာ မြင်ရတယ်ဆိုတော့ မလုံးမျက်နှာ ညိုလေသည်။

http://www.cherrythitsar.org



"ဒါ စန်းတင့် ယောက်မနေမှာ၊ ကောင်မက ကလက်တက်တက် လုပ်နေတာ ကျုပ်သိသားပဲ၊ နေဦး အိမ်ကဟာတော့ . . . "

ကျွန်တော့် ဇနီးကတော့ ပြုံးနေတတ်ပါသည်။ သူကလည်း မလုံး အကြောင်း ဝတ္ထုရေးချင်သည် ဆို၏။ မလုံးတစ်ခါလာလျှင် ဇာတ်လမ်းလေး တစ်ပုဒ် ပါသည်။ တခြား ဝေးဝေးက အကြောင်းအရာများ မဟုတ်။ အနီးအပါး တဲငါးလုံးက နေထိုင်မှုဘဝတွေ။ ကျွန်တော်က လက်ရွေးရွှာထဲက အိမ်မှာ နေကြ ရင်းက မနက်မှ စိုက်ခင်းထဲ လာကြပေါ့ဟု အကြံပေးလျှင် မလုံးက လက်မခံ။ နေခြင်းဘဝထက် စားခြင်းဘဝက ပဓာနကျကြောင်း မပြောတတ်သည့်တိုင် သူ့ သဘောတရားက အဲသလို ညွှန်းတတ်သည်။

"အိမ်ဆိုတာ လေးဖက်ကာ အမိုးမိုးပါ ဆရာရဲ့၊ ပညတ်တွေပါ။ တဲကလေးကလည်း အိမ်ပဲ။ မနက်တိုင်း ကူးနေဖို့ အချိန်မရဘူး။ ဘယ်လိုနေရ နေရ၊ နေတတ်ရင် ပြီးတာပဲ"

မလုံးစကားကြောင့် ကျွန်တော့်မှာ တွေးစရာတွေ ရခဲ့သည်။ မလုံး ပြန်သွားတော့လည်း အတွေးမဆုံး။

ကျွန်တော့်အဖေကို သတိရသည်။ အဖေက အိမ်စွဲကြီးသည်။ အိမ်ဆောက်မလေ့တွေကို ယုံကြည်လွန်းသူ ဖြစ်သည်။ နေထိုင်မှုဘဝသည် မင်္ဂလာရှိသော ဘဝဖြစ်ရမည်ဟု လက်ခံထားသူ ဖြစ်သည်။ အညာကျေးလက် က ကျွန်တော်တို့အိမ်။ အခုတော့ အိပ်မက် ဖြစ်ခဲ့ရပြီ။ အိမ်လည်း မရှိတော့။ အဖေလည်း မရှိတော့။ ကျွန်တော်တို့ကလည်း ကျီလွှဲမိုး ဖြစ်ကြရပြီ။ တလင်း ပြန့်ထဲမှသည် ပုတ်ထဲ တောင်းထဲ ရောက်ရပြီ။ လောကဓံ တိမ်ပုပ်မိုးက မစဲစတမ်းရွာနေ သည့်အခါ မိုးလောကဓံမှ လွတ်ရာလွတ်ကြောင်း ပြေးခဲ့ရပြီ။ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်မှာ အရွယ်ရောက်ကတည်းက ဝန်ထမ်း ဖြစ်လာကြသူတွေ။ အလုပ်သမားတန်းလျားမှာ နေခဲ့ကြရသည်။ ကိုးပေ ပတ်လည်။ ခြောက်ဆယ်ဝပ် မီးသီးတစ်လုံး။ လစာထဲမှ ဖြတ်ယူသော လစာ၏ ဆယ်ရာခိုင်နှုန်းငွေက အိမ်ခန်းစရိတ်။ ဆိုပါတော့ လစာက (ထိုစဉ်က) တစ်ရာ ကျော်ဆိုတော့ အိမ်ခန်းလခက တစ်ဆယ်ကျော်။ သည်တစ်ဆယ်ကျော်က တစ်ဘဝစာ လုံလောက်နေသလိုလို ကျွန်တော်တွေးခဲ့မြဲ။ အိမ်ကလေးတစ်လုံး ဆောက်ဦးမှပါ ဆိုသည့် တောင့်တမှုမရှိခဲ့တာလည်း အမှန်။ ကျွန်တော့်အစ်ကို လည်း ဝန်ထမ်းဘဝတန်းလန်း ပင်စင်ယူခဲ့သူဖြစ်သည်။ ပင်စင်ယူခါနီး ဝန်ထမ်း မြေကွက်ကလေးရတော့လည်း ရောင်းစားလိုက်ကြောင်း သိရသည်။ အစ်ကို ဆိုသော်လည်း ဒါက တစ်ဦးချင်းကိစ္စတွေ။ သူ့ ဘဝစီမံချက်ကို ကျွန်တော်မသိ။

http://www.cherrythitsar.org



အခုကော ဝန်ထမ်းဘဝကလွတ်တော့ ဘယ်မှာဘယ်လိုများနေပါလိမ့်။ ဒါလည်း ကျွန်တော်မသိ။

ညီအစ်ကိုချင်း ဒါတောင် မသိဘူးလားလို့ မေးသူရှိလျှင် ထိုအမှန်တရားကိုသာ ကျွန်တော် တိုင်တည်ရတော့မည်။ ဒါဖြင့် ကျွန်တော်ကကော။ မိမိကိုယ်သည်ပင် အိမ်ကလေးတစ်လုံးသည် မသေချာသေး။ ကျွန်တော့်မှာ အိမ်မရှိ၊ စာအုပ်တွေသာ ရှိသည်။ ကျွန်တော့်မှာ မြေမရှိ၊ စာအုပ်တွေသာ ရှိသည်။ ကျွန်တော့်မှာ အနာဂတ် စိတ်ကူး စိတ်သန်းမရှိ၊ စာအုပ်တွေသာ ရှိသည်။ မီးမီတာ မရှိ၊ ရေမီတာ မရှိ၊ တယ်လီဖုန်း မရှိ၊ အိမ်ထောင်စုဇယားမရှိ၊ ကားလိုင်စင် မော်တော်ဆိုင်ကယ်မရှိ၊ စာအုပ်တွေသာ ရှိသည်။ ယုတ်စွအဆုံး မှတ်ဆိတ်ရိတ်သည့် ဂျတ်ကောင်းကောင်းမရှိ။ စာအုပ်တွေသာ ရှိသည်။ ကိစ္စမရှိ။ မိဘဆရာသမား မိတ်ဆွေများက မေတ္တာဖြင့် ကမ်းသော ရုပ်ဝတ္ထုများ၊ စိတ်ဝတ္ထုများ ကျွန်တော့်ဆီ ရောက်လာတတ်သည်။ ဤသို့ဖြင့် ကျွန်တော့် အိမ်သည် ပြည့်စုံလာခဲ့သည်။ ကျေးဇူးတရားကို ထုတ်ဖော်ခြင်းသည်သာလျှင် မင်္ဂလာတရားဖြစ်သဖြင့် ကျွန်တော်ရေးပြခြင်းဖြစ်သည်။ ချစ်မိတ်ဆွေများ၊ မိဘဆရာသမားများ၏ ကျေးဇူးကြောင့် လေးတိုင်စင်အိမ် (House) ဆိုတာထက် မေတ္တာဖြင့် လုံခြုံသောအိမ် (Home) ကို ကျွန်တော် ပိုင်ဆိုင်ခွင့်ရခဲ့ပြီ။ ကျေးဇူးတင်ပါသည်။

မြန်မာ့ဓလေ့မှာတော့ အဖီကလေးဆွယ်နေရသည့် အမှီအခို ယဉ်ကျေးမှု ရှိသည်။ မိဘက သားသမီးကို ခြံဝင်းထဲက မထွက်စေဘဲ အဖီကလေး ချနေစေခြင်းသည်ပင် မေတ္တာအိမ်ဆောက်ပေးခြင်း ဖြစ်သည်။ အိမ်ကလေးဟောင်းလို့ အိမ်သစ်ကလေး ဆောက်ချင်တာလည်း ကြီးစွာသော မင်္ဂလာစိတ်ကူးဖြစ်သည်။ အိမ်ဟောင်းဝယ်ပြီး ဆောက်ကြသည်လည်း ရှိသည်။ ဆောက်မည့်သစ်ကို မင်္ဂလာယူပြီး သစ်ကြိုပွဲ လုပ်ကြသည်။ ကျီးအာ၊ နတ်သက်၊ ပုခက်လွဲ၊ တော် လဲ၊ သစ်ကြိတ်၊ သစ်တွဲလဲတွေ ရှောင်ကြသည်။ မအူ၊ မိကျောင်း၊ သခွပ်၊ ဆီး၊ သပြေ၊ ကလော၊ သစ်ဆိမ့်၊ လက်ပံသားတွေ ရှောင်ကြသည်။ ရက်ရွေးတော့လည်း တန်ခူးသာကျော်၊ ထွန်းပေါ်ကဆုန်၊ နယုန်ညွှန့်စ၊ အောင်လှဝါဆို၊ သာလိုဝါခေါင်။ သူ့လနှင့် သူ့ရက်။ ဘုရင်ရက်၊ ရက်ရာဇာ၊ နဂါးလှည့်ကလည်း အမြီးက လျှောက်၊ ခေါင်းက ဖောက်ပါမှ။ နယုန်ဝါဆို၊ ဝါခေါင်ကိုလျှင်၊ တောင်တွင်းမြီးဖျား၊ ကျောကား အနောက်၊ မြောက်သို့ ခေါင်းရင်းဖြစ်ရသည်။ နတ်တော် ပြာသို၊ နှင်းစို ချမ်းမြ၊ တပို့တွဲကား၊ မလွဲသိသာ၊ ဒက္ခိဏာဟု ဆိုသည်။ မြေခံက ကော။ ပန္နက်ရိုက်၊ ခြသေ့်ခံ၊ ဆင်ခံ၊ ကြွက်ခံ၊

ပူးခံ၊ နဂါးခံ၊ ဟိုင်းခံ။ မြေခံကောင်း မြေခံညံ့ ရွေးကြရမြဲ။ အိမ်ဆောက်ဖို့ ကြိုးကိုင်တာက လည်း အားလို့လျားလို့ မေတ္တာနှင့် ကူချင်လို့ မရပါ။ ဘာနေ့သား လည်းဆိုတာ ရှိသေးသည်။ နာမည်ကကော။ ငပုလား၊ ငပွားလား။ ငပွား ကြိုးကိုင်ဖို့ သေချာသည်။ မင်္ဂလာရှိသော ပွားစည်ခြင်း အဓိပ္ပာယ်ပါသည့်လူကို ရွေးသည်။

တိုင်သိပ်၊ ပရိတ်ထူ၊ တိုင်ထူ။ မြေကို သန့်ရသေးသည်။ အင်း တိုက်၊ အပင်းတိုက်၊ ခြေဆောင့် ဖနောင့်ပေါက်၊ သိုက်မြှုပ်၊ အင်းမြှုပ်၊ ဓာတ်ခိုက်၊ စုန်းခိုက် ဖယ်ရှားသည့် သဘော ဖြစ်သည်။ အဖေက တိုင်ထူခါနီး နဂါးဝမ်းဗိုက် ပေါ် ကျပစေဟ သေချာတွက်ကြပါဦးဟု အော်တာမှတ်မိသည်။

"ဥက္ကောင်း ဂဠုန်သုတ်၊ ဝမ်းကိုကြွက်ဖေါက်၊ အမြီးဆင်နင်းပစေ၊ ဥရုတိုင်၊ ကြငှန်းတိုင်၊ ညောင်ရမ်းတိုင်၊ သပြေတိုင်၊ ရဝေတိုင်၊ ကုမ္ဘီးတိုင် ခိုင်ပါမှ တောင့်သတဲ့"

အမေက ကြံရွက်၊ သပြေရွက်၊ အုန်းညွန့် မြေစာညွှန့် အသင့်။ အဖေ က တိုင်မယိမ်းစေနဲ့ဟ၊ အသံမမြည်စေနဲ့ဟ၊ တိုင်ချင်း မရိုက်စေနဲ့ဟ အော် သည်။ နောက်ဆုံး ကျန်တိုင်ထူမည်ဆိုတော့ လက်သမားကကပ်ပြီး။ "လေးသဗျှ" ဆိုသည်။ အဖေက ငွေနှစ်ကျပ် ထုတ်ပေးမှ ထူသည်။

"ပိုက်ဆံတော့ ယူကွ၊ ထီးမဆောင်းစေနဲ့၊ မှိုမပေါက်စေနဲ့၊ စို့မရိုက်စေနဲ့၊ ရင်မခွဲစေနဲ့၊ လျှာမထုတ်စေနဲ့၊ ကျီးမနားစေနဲ့ . . . "

အဖေက ခွေးကတက်၊ လှေကား၊ အုန်းလက်တိုင်၊ သဘော်ကြမ်း၊ ခါးပန်း၊ ယက်မ၊ အိမ်အူ၊ ထုပ်၊ လျှောက်၊ အခြင်၊ ရနယ်၊ ကြွက်လျှောက်၊ ပန်းဆွဲ၊ မြင်းမိုရ်ပိတ်၊ ဝဲတိုင်၊ ပေါင်းကွပ်အားလုံးကို စစ်ဆေးသည်။ ဝမ်းဘဲတောင်၊ မျက်နှာကြက်၊ ခေါင်အုပ်၊ ဝဲလင်း၊ ကျပ်ခိုးစင်၊ လက်ရန်း၊ ဆင်ဝင်၊ ဆင်ကပ်၊ ပန်းဆွဲ မြဲချင်တိုင်း မြဲစေသည်။ သားချီ၊ မင်းတုပ်၊ ကျီးရှင်၊ ကျီးအက်၊ ပြတင်းကဲလား မမှားစေရ။ လှေကားထူတော့မည်နေ့ ရဟန်းသံဃာတော်တို့ကို ပင့်ဖိတ် ဆွမ်းလုပ်ကျွေးရသေးသည်။ စပါးတောင်း၊ ဝါးတောင်း၊ ပဲတောင်း၊ ဆီအိုး၊ ငါးပိအိုး၊ မီးခွက်၊ လက်ဖက်ခွက်၊ ကွမ်းအစ် သစ်ချင်တိုင်းသာ သစ်ရော့။

"ရှေးကများ တို့အဖေတွေက အိမ်ဆောက်ရင် သေသေချာချာ ဆောက်တာ။ ငါက ဘာဟုတ်လိမ့်မလဲ။ ရေပြည့်အိုး၊ သမီး ကညာ၊ မီးမယ်ဖျူး၊ တောင်းပြည့်ဆန်၊ ဆီပြည့်အိုး၊ ကောဇော၊ ထမင်း ပွဲစုံ၊ နို့အိုး၊ ခရုသင်း၊ ကျောက်ပျဉ် ကျောက်သွား၊ လေးနဲ့မြားကအစ ရှာထားရတာ။ ဒါမှ အိမ်အရာ မြောက်တာ"

http://www.cherrythitsar.org



အဖေ့အိမ်ကတော့ နေ့အလို ကျက်သရေတည်ပုံတွက်သည်။ လာဘ်နေ နတ်နေရွှေးသည်။ ဝါရမိတ္တုရက်ငယ် ရက်ကြီး တွက်သည်။ မဟာရက်ကြမ်းကို ရှောင်သည်။ အမြိတ္တစုတ်ရက်၊ ရှမ်း ရက်၊ သမားညိုရက်၊ သမားဖြူရက်၊ ကိန္နယုတ်ရက်၊ ပြဿဒါး၊ နဂါးလှည့် ရက်ယုတ်မာတွက်သည်။ ရသေ့ကျော် ကိန်း၊ လဒဏ်သင့်ရက်၊ နေဒဏ်သင့်ရက် တွက်သည်။ နေ့ရက်၏ အမြစ် အညွန့်တွက်သည်။ အိမ်သူအိမ်သားတို့၏ မွေးနံ တွက်သည်။ ဒါတွေက ကျွန်တော်မှတ်မိသလောက်သာ ရှိသေးသည်။ သည်အိမ်ဆောက်တော့ လက်သမားဆရာကြီး ဦးထွန်းရက အဖေနှင့်အိမ်မှာပဲ နှစ်ပေါက်နေခဲ့တာ မှတ်မိသည်။

"ကိုညိုရဲ့၊ ထမ်းဆောင်များတဲ့ ကပ်ပျဉ်တွေမှာ သံရိုက်တာတောင် သံရဲ့စူးဝင်နှုန်းများ တွက်တတ်ရတယ်။ သံရိုက်မမှန်ရင်တောင် အကျိုးပျက်စီးတတ်တယ်။ သံပထမ တစ်ချောင်းနဲ့ ဒုတိယ အချောင်းရိုက်ရမယ့်နေရာ အကွာအဝေး အရေးကြီးတယ်။ သံရိုက်မြဲ ထမ်းအားမြဲတယ်။ သစ်ထဲဝင်တာနဲ့ စွဲတာမဟုတ်ဘူးဗျ။ စွဲအောင် ရိုက်တတ်မှ စွဲတာ။ ဘာမှတ်လို့တုံး"

ဘကြီးထွန်းရက လှေကားဆန် မ ဂဏန်းထားမှ၊ စုံထားတော့ အိမ်ရှင်ဖျားရော ဟု ဆိုသည်။ စုံထားတော့ ဘယ်ကစတက်ရင် ညာခြေဆုံးမှ အိမ်ပေါ်ရောက်သည်။ ညာက စတက်တော့ ဘယ် ခြေမှာ ဆုံးတတ်သည်။ ဘယ်စတော့ညာဆုံး၊ ညာစတော့ ဘယ်ဆုံး။ အိမ်ပေါ်ရောက်တော့ ကြောင်စီစီဖြစ်တတ်သတဲ့။ ဘယ်စတော့ ဘယ်ဆုံး၊ ညာစတော့ ညာဆုံးမှ ကောင်းသတဲ့။ လှေကားပျဉ်သစ်ဖျား အောက်ဘက်နေတော့ 'တမော်လန်း' ဟု ဆိုသည်။ မင်္ဂလာလှေကား မဟုတ်။ လှေကားပေါင် ခါးပန်းမှာ သစ်မျက်ပါတော့ ခိုက်တတ်သည်ဟု ဆိုသည်။ အမျက်ဆိုး ဗွေဆိုး ကင်းပါမှ။

"တကယ်ကျတော့ ချိန်မျဉ်းမှန်မှ၊ အနင်းအကျော်မှန်မှ ကောင်းတာပေါ့ဗျာ။ လှေကားများကျတော့ အနေးတက် ခြေလှမ်း တွက်ယူရတယ်။ လက်မအားဖြင့် သုံးဆယ့်လေးလက်မက သုံးဆယ့်ရှစ်လက်မကြားယူပြီး လှေကားဆန်အကွာအဝေးတွက်တယ်။ ဆိုပါ တော့ ၃၆ လက်မ၊ ဒါကို ၃ နဲ့စား၊ ၂ နဲ့မြှောက်တော့ ၂၄ လက်မ၊ ဒါ အကောင်းဆုံးပဲ။ ဟော - ကလေးများများပါတဲ့ အိမ်ကျတော့ ထားပေါ့ လက်မ ၂၀၊ ၂၂ လက်မ အတော်ပဲ"

ဒါက အဖေ့အိမ်တုန်းက အတွေ့အကြုံ။ သံကလေး ရိုက်ရတာ၊ လှေကားကလေးတပ်တာတောင် အဲသလောက်ဆိုလျှင် အိမ် ကြီးတစ်ဆောင်လုံး ဆိုစရာမရှိပြီ။ အိမ်ဆိုတာ စိတ်ဝတ္ထု၊ ရုပ်ဝတ္ထု နှစ်ရပ်ပေါင်းထားသော မင်္ဂလာအောင်းဂူသာ ဖြစ်သည်။

http://www.cherrythitsar.org



မနေ့တစ်နေ့ကတော့ မလုံးတို့တဲကလေးဆီ ကျွန်တော်တို့ သွားလည်ကြသည်။ မလုံးတို့ တဲစုကလေးတွေနားရောက်တော့ မလုံးက ဘဲစာကျွေးနေသည်။ 'သူ့ယောကျ်ားလေး' က ကွန်ဖာနေသည်။ တဲနီးချင်းတွေက ပိုးနားသန်ကောင်လို ခေါင်းချင်းဆက် ကုလသမဂ္ဂ သန်းစစ်ဆေးရေး ဝင်နေကြသည်။ တဲရှေ့ ဘူးစင်ကလေးမှာ ဘူးသီးတွေ ခဲနေသည်။ ပဲပင်တွေက စိမ်းမှောင်မှောင်။ ဘက်ထရီအိုးဟောင်းကလေးနှင့် တွဲထားသည့် ကြေး (ဂျီး) လက် သစ် လေး ကက်ဆက်လေးက ကျီကျီကျာကျာ မြည်နေသေးသည်။ မြစ်လေက တဲပက်လက်ကလေးတွေထဲမှာ ကတမ်းခုန်တမ်း ကစားကြလို့။ ငါးညီနဲ့ သစ်ခင်းစိမ်းနဲ့က သူတို့အတွက် ငွေစက္ကူနဲ့ဖြစ်နေလိမ့်မည်။ မလုံးတို့ တဲကလေးတွေမှာတော့ မဟာရက်ကြမ်း မရှိ။ အင်းတိုက်၊ နဝင်း တိုက်၊ သိုက်တိုက်၊ မှော်တိုက် မရှိ။ ဘယ်စ ညာဆုံး လှေကားအနင်း အကျော်မရှိ။ ပျားစွဲ လင်းတနား မရှိ။ ထီးဆောင်း မှုပေါက်၊ စို့ရိုက် မရှိ။ ဆီပြည့်အိုး ဆန်ပြည့်အိုး မရှိ။ တဲပက်လက် ဆိုသော်ငြား မေတ္တာ ရှိလျှင် အိမ်ဖြစ်ပြီ။

■

*(ရွှေအမြုတေ/ ၂၀၀၃ - ဇန်နဝါရီ)*

http://www.cherrythitsar.org

# အိမ်ကလေး (၂)

ရွာကို လွန်ပြီးမှ ဆိုက်ကပ်သော ပြည်ကူးတို့ သင်္ဘောက နေ့ခင်း တစ်ချက် နှစ်ချက်လောက်မှ ဂင့်ဂဲဆိပ်မှာ ဆိုက်တတ်သည်။ သဲကုန်းပူပူကို ခြေမျက်စိမြုပ်အောင် ရုန်းတက်ပြီးမှ ကမ်းပါးထိပ်ကို ရောက်ရသည်။ ကမ်းပါး ထိပ်မှာ ဘာမှမရှိ။ အဝေးက သစ်စိမ်းညို့ညို့ရွာကို လှမ်းငေးရုံသာ။ ရွာဘက်ကို သင်္ဘောကြုံ စောင့်ပို့တတ်သော ပဲ့ထောင်ကလေးတွေ ရှိတတ်သော်လည်း သင်္ဘောဆင်း ရွာခရီးသည်တွေက မစီးတာ များပါသည်။ သူတို့က ဖြစ်နိုင်ချေ များကို ငွေကြေးဖြင့် လဲလှယ်ကြသူတွေ မဟုတ်။ ပါလာသမျှ အထုပ် ခေါင်းပေါ် သုံးလေးဆင့် တင်မည်။ တချို့ကို ခါးထစ်ခွင်မည်။ တချို့ကို လက်မှာချိတ်မည်။ ပစ္စည်းနည်းသူက များသူကို ကူမည်။ ဤသို့အားဖြင့် ရွာဘက်ကို လျှောက်ကြ မည်။ သင်္ဘောဆိပ်နှင့် ရွာက အမြင်နီးသော်လည်း ခရီးဝေးသည့်တောင်ဆို သလို ဖြစ်နေသည်။ ရွာကို နောက်ထပ်သွားနိုင်သည့် ယာဉ်မှာ လှည်းကြမ်း ဖြစ်၏။ သင်္ဘောဆိပ်နားက ရွာမှာ လှည်းကြမ်း ငှားနိုင်သည်။ သို့သော် လှည်းကြမ်း ငှားရမည့် ရွာထဲ ဝင်ဖို့ကလည်း မနီးလှ။ ဝေး၏။

http://www.cherrythitsar.org



"ဦးလေး လှည်းငှားမလား"

ကလေးတစ်ယောက်က လာမေးလိမ့်မည်။ ငှားမည်ဆိုလျှင် သူ့ကို မုန့်ဖိုး ၅၀၊ ၁၀၀ ပေးရမည်။ သူကလေးက ရွာဘက်ကို ပြေးမည်။ လှည်းအခွံ တစ်စီးဖြင့် သူပါလိုက်လာမည်။ ထိုအခါ သူ့အတွက် ဝန်ဆောင်ခ ပေးရမည်။ လှည်းသမားကလည်း သုံးလေးရာမှ လူနှင့် ပစ္စည်းကို ကြည့်၍ ငါးရာ ခြောက်ရာ တောင်းနိုင်သည်။ ကျွန်တော်ကတော့ ငှားရသည်သာ။ သဲပူပူ သစ်ပင်မဲ့လမ်းကို တစ်နာရီခွဲလောက် ကျွန်တော် မလျှောက်နိုင်။ ကိုယ်တိုင်တောသားဖြစ်သည့် ကျွန်တော့်မှာ မြို့ပြ အငွေ့တက်နေပြီ။ တစ်မှတ်တိုင်စာလောက်ကိုပင် ဘတ်စ်ကား စောင့်စီးတတ်သော သိမ်ဖျင်းဖျင်း ခြေထောက်တွေက အကျင့်ပါနေပြီ။ ဤသို့အားဖြင့် လှည်းသမား ကိုကျောင်းမောင်နှင့် ကျွန်တော် လှည်းပေါ်မှာ မိတ်ဆွေဖြစ်ခွင့်ရပြီ။

"တခြား စီးပွားရေး ဘာလုပ်သေးလဲ"

"ဘာလုပ်လိမ့်မလဲ"

သူ့အဖြေကို ကျွန်တော် သဘောကျသည်။ ဘာလုပ်လိမ့်မလဲ။ သည်စကားစုထဲမှာ အဓိပ္ပာယ်တွေ အများကြီးပါသည်။ လှည်းခက ထမင်းစားဖို့ လောက်သည်ဆိုသည့် သဘောပါသည်။ တခြားစီးပွားရေး မလုပ်တတ်ပါဘူးဗျာ ဆိုသည့် သဘောလည်း ပါသည်။ ဒါ အလုပ်မဟုတ်ဘူးလားဗျ၊ တခြား လုပ်စရာလိုလို့လား ဆိုသည့် အငေါ်တူးသံကလေးလည်း ပါလောက်သည်။

"လှည်းက နေ့တိုင်းလိုက်ရသလား"

"ဘာ လွတ်လိမ့်မတုံး"

နေ့တိုင်းလိုက်ရသည်ဟု ဆိုတာလား။ သူ့ဖြေပုံက တုံးတိတိနိုင်သော်ငြား မျက်နှာက ပြုံးနေသည်။ လှည်းက ကမူကကျင်းတွေကို ရုန်းနေသည်။ နေကတော့ ပူခြစ်ခြစ်။ အနိမ့်ပိုင်းမှာတော့ မြစ်ရေတိမ်တိမ်ကို မြင်နေရသည်။ ကြက်ဆူပင်တောကြားက လှည်းလမ်းက ကန့်သတ်မှု အကျဉ်းအကျပ်ထဲ ညပ်နေသည်။ ကိုကျောင်းမောင်က ကျွန်တော်သွားမည့် ရွာကအပြန် ထန်းလက်တိုက်ရမည်ဟု ပြောသည်။ ထန်းလက်က အိမ်မိုးဖို့၊ ပဲမှော်တိုက် မိုးဖို့ဟု ဆိုသည်။ ပဲမှော်တိုက်ဆိုသည်က နှစ်ထပ်အိမ်တစ်မျိုး ဖြစ်သည်။ နွားစာတွေကို အပေါ်ဆင့်မှထားကာ နွားလွတ်အောင် မြှင့်ဆောက်ထားတော့ အောက်မှာ နွားထားနိုင်သည်။ နွားစာရှားပါသည့် အရပ်၊ ရေဝင်သည့် အရပ်ဆိုတော့ တစ်နှစ်တာ ယာထဲကိုင်းထဲက ထွက်သည့် ပဲမှော်ရိုး၊ ပဲမှော်ခွံ၊ ပြောင်းရိုး စသဖြင့် စုထားရ သည်။ လူစာက ရှာလို့ရသော်ငြား ကျွဲစာ နွားစာက မရနိုင်။ အိမ်အတွက်ရော

http://www.cherrythitsar.org



ပဲမှော်တိုက်အတွက်ပါဆိုလျှင် သစ်၊ ဝါး၊ ထန်းလက်၊ လက်ခ မသက်သာကြောင်းတွေ ပြောနေသည်။

"တော်တော် ကုန်မှာပဲဗျ"

"ရော် . . . ဆရာလေးနှယ် ဘာကလိမ့်မတုံး"

ကျွန်တော့်စိတ်က တွက်ထားသည့် ငွေကြေးပမာဏကို သူ မသိဘဲ ဘာကလိမ့်မတုံးဟု ဆိုနေသည်။ တစ်နည်းအားဖြင့် လျှော့တွက်ရန်ကောဆိုသည့်သဘော။ ကျွန်တော်ပြုံးတော့ သူကလည်း ပြုံးလေ၏။ ခင်ဗျား သဘောပေါက်သားပဲ ဆိုသည့်အပြုံး။ သည်လိုနှင့် ကြက်ဆူတောကြားက လှည်းလမ်းသည် မြင်ကွင်းကျယ်ထဲ ရောက်လာသည်။ ဗာဂျီးနီးယား ဆေးခင်းများ။ ပွယောင်းယောင်း ဆေးရွက်စိမ်းများပေါ်မှာ ဖုန်တွေ တင်နေသည်။ ဆေးခင်းတွေကလည်း တစ်မျှော်တစ်ခေါ်ပါပဲ။ လှည်းက မြစ်ဘက်ကို ဆင်းသည့် ချောင်းစောက်၊ မြောင်းစောက်တွေကို ကျော်သည်။ နိမ့်လိုက်၊ မြင့်လိုက်။ ရွာဝင်ခါနီးမှာ ဘယ်သူ့အိမ်သွားမှာလဲလို့ မေးသည်။

"ရွာမြောက်ဘက်က ကြီးတော်ငွေကြည်တို့အိမ် သိသလား"

"ဘာလွဲလိမ့်မတုံး"

ဟန်တော့ကျသည်။ ကျွန်တော် ရွာမရောက်တာ လေးငါးနှစ်တော့ ရှိလိမ့်မည်။ မနှစ်က ကြီးတော်တို့ အိမ်ကလေး အပါအဝင် ရွာထဲ မြစ်ရေဝင်သည်ဟု ဆိုသည်။ ရေက နှစ်စဉ် ဝင်တာတော့ မဟုတ်။ မြစ်ရေ တော်တော်ကလေးကြီးမှ ဝင်တတ်ခြင်း ဖြစ်သည်။ ရွာက မြစ်ရေဝင်တော့ ဒုက္ခရောက်ကြသော်လည်း မြစ်ရေကို မျှော်ကြရမြဲ။ မြစ်ရေဝင်မှ ယာထဲ ကိုင်းထဲ မြေနုသစ်ကျန်သည်။ သဘာဝတရားက ပေးသည့် နုန်းတင်မြေနုက အဖိုးတန်သည်။ ဒုက္ခနှင့်ရင်းရသည့် သုခ။ လှည်းက ကြီးတော်တို့ ဝိုင်းတိုက်ကလေးရှေ့မှာ ကျွိခနဲရပ်သည်။ ကျွန်တော်တို့က လှည်းပေါ်က ဆင်းကာ ဝန်စည်စလယ်ကလေးတွေချရင်း ကွင်းပြန့်ပဲတလင်းကို ဖြတ်သည်။ ပဲတလင်းထဲမှာ ပဲရိုးတွေ အပြန့်ကျယ်ကျယ် ဖြန့်ထားသည်။ ဘေးမှာတော့ မြေပဲ တောင့်ပုံကလေး။ ကျွန်တော်က ထန်းလက် တံစက်မြိတ်ကို ငုံ့လိုက်ပြီး အသံပေးတော့ ကြီးတော်က ဝေါက်ခနဲထထိုင်သည်။

"ဟောတော် - မပြောမဆိုတော်၊ ဘာနဲ့လာတုံး၊ ပြည်ကူးတို့လား၊ မော်တော်ကြုံလား"

မော်တော်ကြုံဆိုတာက ဖေါင်ဆွဲသစ်မော်တော် အကြုံကို ပြောခြင်းဖြစ်သည်။ ကြီးတော်၏ သမီးတွေကတော့ မရှိ။ ပုန်းမကြည် နတ်အတင်သွားကြ

http://www.cherrythitsar.org



သည် ဆို၏။ အိမ်ကလေးထဲမှာ ဘယ်သူမှ မရှိ။ ကြီးတော်နှင့် ကျွန်တော်သာ ရှိသည်။ အိမ်ထရံတွေက ဟောင်းမြင်း လွန်းနေပြီ။ အရှေ့ဘက်ထရံက နွား တစ်ဝင်စာလောက် ပွင့်လျက်။ ကျပ်ခိုးမှိုင်းတွေ သည်းထနေသည့် နောက်ဖေး ဘက်က မီးခိုးငွေ့ကလေး တက်နေတာ မြင်ရသည်။ ရေညှိတက် သောက်ရေအိုး ထဲက ရေကို ခပ်သောက်တော့ ကြီးတော်က အားနာပဟန်တူ၏။ ကူနီနတ်ပွဲ ကျတော့ အိုးဝယ်ရမည်လို့ စကားဖာသည်။ အောက်ထပ် ခါးပန်းမှာ သောက်ရေ သန့်ဘူးဟောင်းများ ချိတ်ထားတာ ပလုံစီနေ၏။ ပိုးသတ်ဆေးတွေ ဖြစ်လိမ့်မည်။

"သည်နှစ် ပဲရသားပဲ၊ ကြက်သွန်ကော"

"မအုလှဘူး ငါ့တူရဲ့၊ မျိုးဈေးကြီးမိထားပြီး ရောင်းတော့ ဈေးထိုးကျလို့ သည်နှစ် မဟန်ဘူး။ ခွက်ခွက်ကို လန်ရော"

ကျွန်တော်က ပါလာသည့် မုန့်တွေချကျွေးသည်။ ကြီးတော်က သည် တော့မှ လွမ်းလွန်းလို့ဆိုကာ ငိုလေသည်။ ကြီးတော်က ပါးပါးလျားလျားကလေး ဖြစ်သည်။ ဆံထုံးကလေးက တမာသီးလောက်ရှိကာ မျက်နှာကလေးက ဥသျှစ် သီးကလေးလောက် ရှိသည်။ ကွပ်ပျစ်ကြီးပေါ်မှာ ငုတ်တုတ်ကလေးထိုင်ရင်း ရှေးဟောင်းနှောင်းဖြစ်တွေ ပြောတော့သည်။ အိမ်ခါးပန်းပြားမှာ မြေဖြူရာတွေ ရှိသည်။ သမက်ဖြစ်သူ ရေးထားပုံရသည်။ ဘုရားပွဲရက်၊ ကြက်သွန်ပျိုးရက်၊ ထန်းလက်တိုက်သည့်ရက်၊ ဘက်ထရီအိုး ဝယ်သည့် ရက်စွဲများ ဖြစ်သည်။ ကြီးတော်က အိမ်ဝ 'ဓနုတင်' ကြီးပေါ် ပစ်လှဲလိုက်သံကြားတော့ အားနာသွား ဟန်တူသည်။

"ဖုန်တွေ မဟုတ်လား ငါ့တူရဲ့၊ နေပါဦး ခင်မာတို့ လာပါလိမ့်မယ်။ သည်နှစ် အိမ်ပြင်မှာ။ ကြက်သွန်ဈေးကလေး 'မား' မလား စောင့်နေသာ"

သည်နှစ် အိမ်ပြင်မှာ ဆိုသော်လည်း ကြက်သွန်ဈေး ကောင်းပါမှလို့ စကားခံထားတော့ မပြင်ဖြစ်တော့မှာ သေချာနေသည်။ ကျွန်တော်က ဘာမှ ပြောမနေတော့ဘဲ ဓနုတင်ပေါ်က လူးလဲ ထကာ ဝိုင်းထဲ လျှောက်လာခဲ့သည်။ ဝိုင်းကလေးက မကျယ်ပါ။ ဖို့ထားသည့် ကုန်းမြင့်ကလေးပေါ်မှာ ပဲမျော်တိုက် ရှိသည်။ နွားနှစ်ကောင်က စားကျင်းကို နှုတ်သီးနှင့် ပွတ်နေသည်။ ပဲပြန့်တလင်း ရှေ့က ကြည့်တော့မှ ကြီးတော်အိမ်ကလေးက ဟောင်းနွမ်းလွန်းနေတာ သတိ ထားမိသည်။ ထန်းလက်တံစက်မြိတ်ပေါ်က မြင်ရသော အိမ်အပေါ်ထပ်မှာ ဘဲဥပုံ စားပွဲဟောင်းတစ်လုံး အစွန်းထွက်နေသည်။ ရှေးက ချမ်းသာခဲ့ဖူးကြောင်း ဂုဏ်ရည်ပြစားပွဲကလေး။ အရောင်တင်ဆီမရှိတော့။ သစ်သားခြောက်ရောင်မှာ

http://www.cherrythitsar.org



ဖုန်ချိုးတွေ တက်နေသည်။ အခုတော့လည်း သည်စားပွဲလေးအတွက်၊ မအပ်မစပ် နေရာတစ်ခုကို ရောက်နေရသလို။

"ကြီးတော်တို့က ခုံမင်းကြီးမျိုးတွေ၊ သိပ်ချမ်းသာသာ၊ အမေတို့ပြောသာတော့ မြို့ကို ခုံမင်းကြီးက မြင်းနဲ့ ရုံးတက်သာတဲ့၊ နှုတ်ခမ်းမွှေးကြီးနဲ့ မျက်နှာထားတင်းတင်းကြီးနဲ့ဆိုတော့ သူ့မြင်းကြီး စီးလာသာ မြင်ရင် ပုန်းနေကြရသတဲ့"

ကြီးတော် မကြာခဏ ပြောပြတတ်သော ဂုဏ်ယူ စကားဖြစ်သည်။ သည်စားပွဲကလေးက ခုံမင်းကြီး၏ ဘဝတစ်စိတ်တစ်ဒေသနှင့် ပတ်သက်နေသည်လား။ လက်ရာက ဥရောပဆန်သည်။ ကနုတ်ကွေးတွေ ခနုတ်ပေါက်တွေ မပါသည့် လက်ရာဖြစ်သည်။ ကျွန်တော်တို့ ရွာကလေးထိပ်က ဘုန်းကြီးကျောင်းထဲမှာ ပိဋကတ်တိုက်ဟောင်း တစ်တိုက် ရှိသည်။ အတွင်းမှာ ဟာလာဟင်းလင်း။ တစ်ခြမ်းက မီးလောင်ထားသည်။ ဒါကလည်း ဗိသုကာဟန်က ဥရောပဟန်ဖြစ်သည်။ ကမ္ဗာလုံးပေါ် ခြူးနှစ်ကောင် မတ်တတ်ရပ်နေပုံတွေ ပါသည်။ 'ခုံမင်းကြီး ဦးသာဖန်၊ ခုံမင်းကြီးကတော် ဒေါ်စိမ်းညက် ကောင်းမှု'။

ကျွန်တော်က အိမ်ကို တစ်ပတ်ပတ်ကြည့်သည်။ ထန်းလက်မိုး မီးဖိုချောင်ကလေးက အိမ်နှင့်တွဲထားသည်။ မီးဖိုက ထွက်လျှင် ကြီးတော်အိပ်သည့် ခုတင်ကလေးနား ရောက်သည်။ သည်ကမှ အိမ်အပြင်ကို ထန်းလက် တံစက်မြိတ်က ငုံ့ထွက်နိုင်သည်။ ဘေးက သစ်သားခုံကလေးမှာ ကက်ဆက်ဟောင်းတစ်လုံးရှိ၏။ ကက်ဆက်ခွေအိမ်အဖုံး ကွာနေသည်။ ဘက်ထရီအိုးဟောင်းနှစ်လုံးရှိသည်။ ဆောင်းဘောက်ကလေးက နှစ်လုံး။ ခေါင်းရင်းထရံမှာတော့ မဟာမုနိပုံတော်ကို နှီးပြားကြီးများ သုံးကာ ညှပ်ထားသည်။

ပရိဘောဂမရှိ။ စားပွဲကြီးတစ်လုံးသာ ရှိသည်။ စားပွဲကြီးကလည်း တာဝန်တော်တော်များများ ယူထားရသည်။ သည်ပေါ်မှာပဲ ထမင်းစားကြသည်။ သည်ပေါ်မှာပဲ ဟင်းသီး ဟင်းရွက် လှီးကြ ချွတ်ကြသည်။ သည်ပေါ်မှာပဲ ဧည့်သည်ကို ဧည့်ခံသည်။ စားပွဲကြီးပေါ်မှာ ဓာတ်ဘူးဟောင်းတစ်လုံး ရှိသည်။ ငါးသေတ္တာဘူးခွံ ဆေးလိပ်ခွက် ရှိသည်။ ဂက်စ်မီးခြစ်ဟောင်းတစ်လုံး ရှိသည်။ ညစ်ပေပေ လက်သုတ်ပဝါတစ်ထည် ရှိသည်။ ရေနွေးကြမ်းခွက်တွေကတော့ အချိုပန်းကန်ဟောင်း ကိုင်းကျိုးတွေ။ စားပွဲကြီးနှင့်တွဲလျက်က ခုံတန်းရှည်ကြီးတစ်လုံး ဖြစ်၏။ ညာဘက် လက်တင်ပေါ်မှာ ပုဆိုးစုတ်တစ်ထည် ရှိနေတာက နေ့လယ်နေ့ခင်း အိပ်လျှင် ခေါင်းခုစရာ ဖြစ်သည်။

http://www.cherrythitsar.org



"ရွာထဲမီးလန့်တော့ ကြီးတော်မှာ နေစရာ မရှိဘူး။ မီးတဲ့ မီးတဲ့ ဆိုတော့ ဟဲ့ ဘယ်မှာတုန်းမေးတော့လည်း မရဘူး။ ရွာထဲမလည်း ပဲသိမ်းချိန် ဆိုတော့ လူက ရွာထဲမှာဘယ်သူမှ မရှိသလောက်ပဲ၊ ဖြစ်ချင်တော့ သမီးတွေ ကလည်း ခရမ်းချဉ်ဆွတ် သွားနေကြတာ၊ ကြီးတော်တစ်ယောက်တည်းရယ်"

ကြီးတော်က ဇခုတင်ကြီးပေါ် ဒူးကလေးနှစ်လုံးထောင် အိပ်ရင်းက ကျွန်တော်ကြားအောင် ပြောနေခြင်း ဖြစ်သည်။ ထို့နေ့က အကြောင်းကို ကြီးတော်က ရင်တုန်ပန်းတုန် ပြောပြနေသေးသည်။ နွားတွေပဲ သွားဖြုတ်ရမှာလား။ ရှိသမျှ ပစ္စည်းကလေး ထုပ်ရ သိမ်းရမှာလား။ ကိုယ်လွတ်ရုန်းပြေးရမှာလား။ ရွာထဲမှာ လောင်စာတွေချည့်။ ရွာအိမ်ကလေးတွေကလည်း ကြွပ်ရွနေကြသည့် အိမ်ကလေးတွေ။ မြစ်နှင့် နီးသော်လည်း ရေရှားသည့်ရွာ။ မီးကို မမြင်ရသော်လည်း လူတွေ အော်ဟစ် ပြေးလွှားနေကြတာ ကြားနေရသည်။

"ကြီးတော် ဘယ်လိုလုပ်သလဲ"

"ကြီးတော်မှ ထင်းချောင်းလောက်ရှိတာ ဘာသယ်နိုင်ပြုနိုင်မှာတုံး၊ သည်တော့ အိမ်ကလေးထဲ ပေနေလိုက်တာပဲ၊ လောင်ချင်လည်း လောင်ပစေ တော့လို့"

ကျွန်တော်က ကြီးတော်ခုတင်နား သွားထိုင်သည်။ ကြီးတော်၏ လက်ကလေးတွေကို ဆုပ်ချေပေးနေမိသည်။ ကြီးတော်က အမွေးအတောင် နုတ်ထားသည့် ငုံးပိန်ကလေးတစ်ကောင်နှင့်ပင် တူနေ၏။ သည်အိမ်ကလေးထဲမှာ မီးနှင့်အတူ နေတော့မတဲ့လား။ ကြီးတော်ရယ်၊ လူထက်များ ဘာအရေးကြီးသလဲ ပြေးရော့ပေါ့၊ လွတ်ရာလွတ်ကြောင်းရှာရော့ပေါ့လို့ ကျွန်တော် မပြောမိ။ သည်အိမ်ကလေးကို ပစ်ပြီး ဘယ်ကိုမှ သွားမှာမဟုတ်တာ ကျွန်တော်သိပါသည်။ သည်အိမ်ကလေးထဲမှာ နှစ်ပေါင်းများစွာ နေခဲ့သည်။ ကျွန်တော် မှတ်မိသလောက် သည်အိမ်ကလေးမှာပဲ ကြီးတော် ကြီးပြင်းခဲ့သည်။ ကျွန်တော်တို့ငယ်ငယ်က သည်အိမ်မှာပဲ နေခဲ့ရသည်။ အမေတို့က အဝေးမြို့မှာ။ ကြီးတော်၏ နွားသုံးလေးကောင်ကို ကျွန်တော် ကျောင်းခဲ့ရသည်။

ကျွန်တော် နွားကျောင်းက ပြန်လာလျှင် ကြီးတော်က တောထမင်း တောဟင်းကလေးတွေ ကျွေးနေကျ။ ထန်းလက် တံစက်မြိတ်ကလေးရှေ့က စဉ့်အိုးကရေနှင့် မျက်နှာသစ်ရသည်။ ရေချိုးရသည်။ ပန်းကန်ခွက်ယောက် ဆေးရသည်။ ခေါင်းရင်းခုတင်ကြီးပေါ်မှာ ဂျိုးဂျိုးဂွမ်းဂွမ်း အိပ်ရသည်။ အိမ်ကလေးက ဘယ်နှပင်၊ ဘယ်နှခန်းရယ်လို့ ပြောဖို့ ခက်သည်။ တိုင်တွေက

http://www.cherrythitsar.org



အမျိုးမျိုး။ သစ် မာလည်း ပါသည်။ သစ်ပွလည်း ပါသည်။ လေးထောင့်လည်း ပါသည်။ အလုံးလည်း ပါသည်။

ကြီးတော်က အိမ်ကလေးကို သံယောဇဉ် ကြီးသည်။ ကျွန်တော့် အဘိုး သည်အိမ်ကလေးမှာ ဆုံးသည်။ အဘွားလည်း သည်မှာပဲ ဆုံးသည်။ ကြီးတော်၏ ခင်ပွန်း ဘိုးညွန့်လည်း သည်မှာပဲ ဆုံးသည်။ ကြီးတော်ကကော။ သည်အိမ်ကလေးကလွဲလျှင် တခြားနေရာ မဖြစ်နိုင်။

“ကြီးတော် ဘယ်ကိုမှ မသွားတော့ဘူးပေါ့၊ သည်အိမ်ကလေးထဲမှာပဲ နေတော့မှာပေါ့”

ကျွန်တော်က မေးတော့ ကြီးတော် ဘာမှမဖြေပါ။ ငြိမ်သက်သွားသည်။ ပြုတ်စဗျင်းတောင်း အိမ်ကလေးထဲက ဝရုန်းသုန်းကား ဇခုတင်တစ်လုံးပေါ် မှာ ငုံးတစ်ကောင်လို ငြိမ်သက်နေဆဲ။ တော်တော်ကြီးကြာတော့မှ ကျွန်တော့် လက်တွေကို စမ်းရင်း ပြောသည်။

“ကြီးတော် ဘယ်သွားလို့ ရမှာလဲ၊ ကြီးတော်အသက်က ခုနှစ်ဆယ် ကျော်ပြီ၊ အသက်နှစ်ဆယ်မှာ မင်းဘကြီးနဲ့ အိမ်ထောင်ကျသာ၊ နှစ်ဆယ်ကျော် မှာ သမီးကလေးနှစ်ယောက် မွေးသယ်။ သည့်နောက်တော့ သည်အိမ်ကလေး ထဲမှာပဲ ကြီးတော် နေရတော့သယ်”

သည့်နောက်တော့ဆိုသည့်စကားကို ကျွန်တော်သိပါသည်။ မျက်စိ ကွယ်ကတည်းကလို့ ဆိုချင်တာ ဖြစ်သည်။ မျက်စိကွယ်ကတည်းက သည်အိမ် ကလေးထဲမှာပဲ ကြီးတော် လိုအပ်စွာ နေရတော့သည်။ အိမ်ကိုတော့ သစ် တစ်ချောင်းကျိုး တစ်ချောင်းလဲ၊ ဝါးတစ်ချောင်းကျိုး တစ်ချောင်းလဲတာကလွဲလို့ အပြင်မခံခဲ့။ တကယ်တော့ အိမ်ကလေးကို သူက မြင်ရသော်လည်း အိမ်ကလေး က သူ့ကို မမြင်ခြင်း ဖြစ်သည်ဟု ထူးဆန်းသောစကားကို ဆိုတတ်သေးသည်။

လှည်းသမား ကိုကျောင်းမောင်ကတော့ အိမ်မိုးဖို့ ထန်းလက်တွေ ဝယ်နေရော့မည်။ ခုံမင်းကြီး၏ အမျိုးဆိုသူ ကြီးတော်၏ အိမ်ကလေးကတော့ ကြယ်မြင် လမြင်။ ထန်းလက်တွေ ဆွေးလှုပြီ။ ။

■

(ရွှက်မှနဝ / ၂၀၀၃ - ဖေဖော်ဝါရီ)

# ဆံပင်ညှပ်ခြင်း

ကျွန်တော်သည် တစ်လတစ်ခါ ပုံမှန် ဆံပင်ညှပ်သူ ဖြစ်ပါသည်။ တစ်နှစ်တွင် ဆယ့်နှစ်ကြိမ်ဖြင့် လက်ရှိအသက်နှင့် မြှောက်လျှင် ဆံပင်ညှပ်ခဲ့သည့်အကြိမ်ပေါင်း ပျမ်းမျှ ၆၀၀ ခန့် ရှိခဲ့ပြီ။ ကျွန်တော့်အသက်ထက် စာလျှင် ၆၀၀ ဆိုသည့် အကြိမ်မှာ နည်းလွန်းလှပါသည်။ သို့သော် ဆံပင်ညှပ်ဖို့ အမြဲတမ်းလို နှောင့်နှေးတတ်သော ကျွန်တော့်အတွက်တော့ များလွန်းသည်ဟု ထင်သည်။ ပင်ကိုယ်အားဖြင့် ဆံပင်ညှပ်ရမှာကို ကျွန်တော် မနှစ်မြို့တတ်ပါ။ တစ်ယောက်ယောက်၏ တိုက်တွန်းမှုမပါဘဲ ဆံပင်သွားညှပ်တာမျိုး ဘယ်တုန်းကမှ မရှိခဲ့။ ကျွန်တော် ငယ်ငယ်က ဆံပင်ညှပ်ဖို့ တိုက်တွန်းသူမှာ အမေ ဖြစ်သည်။ 'ဆံပင်ကြီးကကွယ်ညှင်းဆိုးဆိုးနဲ့။' အမေ့မှတ်ချက်က သည်လောက်ပဲ ဖြစ်သည်။ ပိုက်ဆံမတ်စေ့ တစ်စေ့ ထုတ်ပေးရင်း ဆံပင်ညှပ်ဆိုင်ကိုပါ ရွေးပေးတတ်သည်။ အမေ့စကားထဲမှာ လမ်းညွှန်မှုလည်းပါသည်။ ဝေဖန်ရေးလည်း ပါသည်။

"မတိုမရှည် ညှပ်ခဲ့။ ကိုသန်းဆိုင် သွားညှပ်။ ဟိုတစ်ခါ ကိုတိုင်းကျော်ဆိုင် သွားညှပ်တာ မကောင်းဘူး"

**ချမ်းမြေ့ရတနာ**

http://www.cherrythitsar.org



ကျွန်တော်ကတော့ ဦးတိုင်းကျော်ဆိုင်ကို ကြိုက်သည်။ ဦးတိုင်းကျော်ဆိုင်မှာ မယ်ဒလင်သံ ကြားရလို့ ဖြစ်သည်။ ဆံပင်ညှပ်သူ ပါးနေချိန်တွင် ဦးတိုင်းကျော်က မယ်ဒလင် တီးသည်။ မနီးမဝေးမှာနေသည့် ဦးလေးကျင်က တယောထိုးသည်။ ဆိုကောင်းတီးကောင်းတုန်း ကျွန်တော် ရောက်သွားလျှင် 'ကောင်လေးနေဦးကွ' ဟု ဆိုတတ်သည်။ ဖောက်သည်တွေ များလာလို့ ဆံပင်ညှပ်ပေးရသည်ဆိုလျှင်ပင် ပါးစပ်က သီချင်းဆိုရင်း ညှပ်သည်။ တစ်ခါတစ်ခါ ညှပ်ရင်းက အားမလိုအားမရ ဖြစ်ပုံဖြင့် စက်ကတ်ကြေးချ၊ မယ်ဒလင်ကောက်ကိုင်ကာ ထတီးတတ်သည်။ ထိုအခါ ပိတ်ဖြူစ ညစ်နွမ်းနွမ်းကို လည်ပင်းပတ်ထားရင်း တစ်ခေါင်းလုံး ထုံးမှုန့်တွေ ဖြူးထားသလို ပေါင်ဒါတွေ ပေကျံရင်း ဆံပင်ညှပ်ခုံပေါ်က ငုတ်တုတ် စောင့်နေရတတ်သည်။ ညှပ်ပြီးသည့်အခါတိုင်း အမေမှာလေ့ရှိသည့် မတိုမရှည်တော့ မဟုတ်တော့ပါ။ တိုနံ့နံ့ဖြစ်ရသည်ချည်း။ ကျွန်တော် ပြန်လာတော့ ကျွန်တော့် ခေါင်းကို ခေါ်ကြည့်ရင်း 'ကိုသန်းလည်း မကောင်းပါဘူးကွာ၊ မင်းပါးစပ်က မပြောဘူးလား မတိုမရှည်ပါလို့' ဆိုတတ်မြဲဖြစ်သည်။ ကျွန်တော်တို့ရွာမှာ ဆံပင်ညှပ်ဆိုင် သုံးဆိုင် ရှိသည်။ တစ်ဆိုင်မှာ ကျွန်တော်ပြောခဲ့သည့် ဦးတိုင်းကျော်ဆိုင် ဖြစ်သည်။ နှီးကြီးနှစ်လုံး ပုံ့ပုံ့ကျနေသည့် ဇရာမလူဝကြီး ဖြစ်သည်။ မျက်ရစ်မပါသော မျက်ခွံပိတ်ကြီးဖြင့် ထာဝရအပေါ်ပိုင်း ပလာကျင်းနေသူဖြစ်သည်။ သီချင်းဆိုတာ ဝါသနာပါသည်။ မယ်ဒလင်တီးတာ ဝါသနာပါသည်။ နောက်တစ်ဆိုင်မှာ အမေလွှတ်တတ်သည့် ဦးသန်း ဆိုင်ဖြစ်သည်။ ဦးလေးသန်းက တစ်ခါတလေ ဆံပင်ညှပ်ခတစ်မတ်ကို မယူတတ်သဖြင့် တွက်ချေကိုက်သည်မှန်သော်လည်း ဖျင်းစရာကောင်းသည်ဟု ကျွန်တော်ထင်သည်။ နောက်တစ်ဆိုင်ကတော့ 'ဝိသုကြံ့လက်ရုံး' ဆံပင်ညှပ်ဆိုင် ဖြစ်သည်။ ဝိသုကြံ့ဆွမ်းလောင်း အသင်းသားများ အားထားရာဆိုင်ဖြစ်သည်။ ဦးကျောက်ခဲကိုယ်တိုင် က ပိတ်ဖြူစင်ကြယ်ဝတ်ကာ ဆံပင်ညှပ်သူ ဖြစ်သည်။ ဝိသုကြံ့ ဆွမ်းလောင်းအသင်း၏ အားထားရသူ ညာလက်ရုံးဆိုသည့်သဘောဖြင့် ဝိသုကြံ့လက်ရုံးဟု ဆိုင်းဘုတ်တပ်သည်။ ဦးကျောက်ခဲက ညှပ်သူ၏ ခေါင်းပေါ်ကို သူ့ဘယ်လက်ဝါးကြီး အုပ်လိုက်ပြီး လွတ်သမျှနေရာကို စက်ကတ်ကြေးဖြင့် မြင်းမွှေးထိုးသလို ထိုးထိုးချတတ်သူဖြစ်သည်။ ဝိသုကြံ့ဆွမ်းလောင်းအသင်းသားအားလုံးမှာ သည်ပုံစံချည်း ဖြစ်၏။ 'ဝိသုကြံ့လက်ရုံးပုံ'။

"လုပ်ဖော်ကိုင်ဖက် အချင်းချင်း တစ်ပုံစံတည်း ညှပ်တာ Crew Cut ခေါ်တာပေါ့ကွ၊ ကတုံးဆံတောက်လိုဟာပေါ့။ ကိုကျောက်ခဲက ရှေးကတည်းက Crew Cut ညှပ်တတ်တဲ့ သဘောပဲ"

http://www.cherrythitsar.org



အဖေက နောင်မှာ ကျွန်တော့်ကိုပြောပြဖူးသည်။ ကျွန်တော် ခြောက်တန်း၊ ခုနှစ်တန်းကျောင်းသားအရွယ် ရန်ကုန်ရောက်တော့လည်း ကျွန်တော့်စိတ်ကြိုက် ဆံပင်ညှပ်ခွင့်မရှိသေးပါ။ ရန်ကုန်မှာ တော့ အဖေ လွှမ်းမိုးမှုက ကြီးသည်။ ရန်ကုန်မြို့ကြီးကို ရောက်သည့်တိုင် ရွာက ဆံပင်ညှပ်ဆိုင် သုံးဆိုင်ထက် ညံ့ဖျင်းသော(အဆင်အပြင်ကို ဆိုလိုပါသည်။) ဆိုင်တစ်ဆိုင်မှာ ကျွန်တော် ဆံပင်ညှပ်ခဲ့ ရသေးသည်။ သစ်သားထရံမှာ မှန်တစ်ချပ်ချိတ်၊ ကုလားထိုင် ဟောင်းကလေးတစ်လုံးချ။ ဘာဆိုင်းဘုတ်မှမရှိသည့် မီးရထားဈေးကလေးဘေးက ဆိုင်မှာ ညှပ်ရခြင်း ဖြစ်သည်။ ညှပ်သူက အဖေ့မိတ်ဆွေဟု ဆိုသည်။ ဟိန္ဒူလူမျိုး ဆံပင်ညှပ်ဆရာကြီးက အမြဲတမ်းလူအားနေသည့် ကုလားထိုင်မှာ ကျွန်တော့်ကို ထိုင်ခိုင်းကာ အနံ့တထောင်းထောင်း ထနေသည့် ပိတ်စကို ပတ်၊ လည်ပင်းနားမှာ ခပ်တင်းတင်း ကြိုးချည်ရင်း ကျွန်တော့်ဆံပင်တွေကို မွှေးတိုဘရပ်ရှ်တုံးဖြင့် ရေဆွတ်ရင်း ပွတ်လေသည်။ ပါးစောင်မှာ ဘီဒီကုလားဆေးလိပ်ပွတ်ချွန်းကို ခဲရင်း 'နိုင်ငံရေးက ဘယ့်နှယ်လဲဗျ' ဟု ဟင်ဒီဘာသာဖြင့် အဖေ့ကို မေးသည်။ ဤသို့ဖြင့် ကမ္ဘာ့ရေးရာတို့သည် ဘီဒီပွတ်ချွန်း ဆေးလိပ်ငွေ့တွေကြားမှာ လူးလွန့်နေသည်။ ပြောင်ပြီးသားနေရာကို စက်ကပ်ကြေးဖိထိုးသဖြင့် ဆံပင်ညှပ်တာနဲ့ မတူဘဲ မီးပူတိုက်တာနဲ့ တူနေလေ၏။ ဆံပင်ညှပ်ပြီးလျှင်တော့ အပေါ်စားပေါင်ဒါမှုန့်တွေ အဖွေးသားဖြင့် အမွှေးတုံးတုံး မျောက်တစ်ကောင်နှင့် တူနိုင်သမျှ တူလေသည်။ သည်ဆိုင်မှာ နှစ်ခါသုံးခါ ညှပ်ပြီးသည့်အခါမှာတော့ အဖေ့လုပ်ပိုင်ခွင့်ကို အမေရုပ်သိမ်းလေသည်။

နောက်ပိုင်းမှာ ကျွန်တော့် ဆုံးဖြတ်ချက်နှင့် ကျွန်တော် ညှပ်ခွင့်ရခဲ့သည့်တိုင် ဆံပင်ပုံစံရယ်လို့ မရှိခဲ့ဘဲ အမေပြောသလို 'မတိုမရှည်ဗျာ'လို့သာ ပြောမိတတ်ပါသည်။ ကျွန်တော် အစ်ကိုတွေက မင်းသားကြီးကျော်ဆွေပုံ အမောက်ပွပွထောင်ထောင် ဘေးသိမ်း ညှပ်လိုက်ကြ၊ မင်းသားကြီးမြင့်အောင်ပုံ ပိပိပါးပါးညှပ်လိုက်ကြ လုပ်နေကြတာကို ကြည့်ရင်း ဖြစ်ရလေဟု အောက်မေ့မိတတ်သည်။ ကျွန်တော် ငယ်ငယ် မူလတန်းကျောင်းသားဘဝက အဖြစ်ကိုလည်း သတိရပါသည်။ အမေက ဆောင်းတွင်း အေးအေးချမ်းချမ်းမှာ မီးလှုံတိုင်း အုန်းဆီပုလင်းဖင်ကို မီးကင်ကာ အုန်းဆီကို အရည်ပျော်စေသည်။ အုန်းဆီကို လက်ထဲလောင်းထည့်ကာ လိုသလောက် လိမ်းပေးမြဲ။ တစ်ရက်မှာတော့ ပုလင်းမီးမကင်မိသဖြင့် အုန်းဆီခဲကို တုတ်ဖြင့် ထိုးကော်ကာ အခဲလိုက် ပွတ်ပေးလိုက်သည်။ ကျောင်းခန်းတွင်းမှာ နဖူး၊ နားထင်၊ နားရင်းတွေဆီက စီးကျလာသော အုန်းဆီတွေကို နေရင့်လေ သုတ်နေရလေ။ နေပြင်းလေ

http://www.cherrythitsar.org



စီးကျလေ။ ထို့နေ့က ကျွန်တော့် ခေါင်းသည် တစ်ကျောင်းလုံးမှာ တာအစားဆုံး ဖြစ်နေလေသည်။ သည်ကတည်းက အမေ့အုန်းဆီကို ကျွန်တော်လက်မခံတော့။ နောက်တစ်မျိုးက ဘီး။ ဘီးသည်လည်း ကျွန်တော်နှင့် သိပ်မအပ်စပ်လှသော ရုပ်ဝတ္ထုဖြစ်သည်။ ကမ္ဘာလောက၌ ဘီးဆိုသည့်အရာကို တီထွင်ခဲ့သည်ဆိုသော ပုဂ္ဂိုလ်ကိုတော့ ကျွန်တော် ကျေးဇူးမတင်ပါ။ ကျွန်တော့်လက်ချောင်း ငါးချောင်းသည် ဘီးကဲ့ဖြစ်သည်။ မသပ်မရပ် ဖြစ်နေသည်ဟုထင်လျှင် လက်ငါးချောင်းဖြင့် ထိုးခွဲဖိကပ်လိုက်ခြင်းဖြင့် အတန်ငယ် သပ်ရပ်သော အဆင့်သို့ ရောက်လေ၏။ ဤသို့ဖြင့် ကျွန်တော်သည် ဆံပင်ပုံ ကျခြင်းမကျခြင်း၊ ညှပ်ရသည့် ဆံပင်ပုံစံ (ဥပမာ - ဒွေးကေဆိုတာမျိုး) ရွေးခြင်း မရွေးခြင်း၊ ဆံပင်ညှပ်ရမည့် အချိန် ဟုတ်ခြင်း မဟုတ်ခြင်း၊ ညှပ်ပြီး ဆံပင်ပုံစံကို သခြင်း မသခြင်းစသည့် ဝိစိကိစ္စများ မရှိတော့သော်လည်း ဆံပင်ညှပ်သည့်အခါတိုင်း လုပ်ရသော အလုပ်နှစ်ခုတော့ ပိုလာခဲ့သည်။ တစ်ခုမှာ ဆံပင်ညှပ်ပြီး ဆံရင်းတွေကို တီသည့်အခါ တစ်ခါ သုံးဓား (ဘလိတ်ဓား) သုံးသလားဆိုတာ ပြူးပြဲကြည့်ရခြင်း ဖြစ်ပါသည်။ မသေချာလျှင် မေးရသည်။ ယုံလောက်စရာမရှိလျှင် မတီပါနှင့် ပြောရသည်။ သင်ဓုန်းဓားတော့ ဝေးဝေးရှောင်သည်။ ကမ္ဘာနာကို ကြောက်လို့မဟုတ်။ ကိုယ်က မကျူးလွန်ရဘဲ ဒဏ်ခတ်ခံရသည့် ပြစ်ဒဏ်မျိုးကို စက်ဆုပ်ခြင်းကြောင့် ဖြစ်သည်။ နောက်အလုပ်တစ်ခုမှာတော့ ဆံပင်ဆေးဆိုးရခြင်း ဖြစ်၏။ ဆံပင် ညှပ်ပြီးစ ဆေးဆိုးတော့ ဆေးကုန် သက်သာသည်။ ဆေးနှံ့သည်။ (ဒါကလည်း အိမ်ရှင်မ၏ တွက်ကိန်းများ ဖြစ်ပါသည်။)

လှေသူကြီးဘိုးညိုကတော့ လှေတစ်ခေါက်ပြန်မှ ကလေး ခြောက် ယောက်ခေါ်ကာ တစ်ပြိုင်နက် ဆံပင်ညှပ်ထွက်တတ်သည်။ သူပါညှပ်တော့ ခုနှစ်ယောက်။ တစ်ယောက်တစ်ကျပ်ခေတ်က ခုနှစ်ကျပ်ကုန်လေတော့ တစ်ခါ တစ်ခါ လကျော်တတ်သည်။ ထိုအခါ ဆံပင်တွေ ရှည်လှပြီဖြစ်သော အငယ်ဆုံး သားက စကားတစ်ခွန်း ပြောလေသည်။

'အဖေ့လှေ့အလုပ်ကလေး သည်တစ်ခေါက်အဆင်ပြေရင် ဆံပင် တော့ ညှပ်ကြဦးစို့ဗျ' ဟူ၏။

ကမ္ဘာကျော်ဘောလုံးသမား ရိုနာလ်ဒိုကတော့ ဆံပင်ပုံစံသည် သူ့ဘဝ အဓိပ္ပာယ်ဟု ဆိုသည်။ တစ်လောက ကျင်းပသည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တွင် ဦးစွန်းဖုတ် ဖက်ရှင်ထွင်လိုက်ရခြင်းကို ဆိုလိုပါသည်။ သားကလေး 'ရော်နယ်လ်'က တီဗွီမှာ ပေါ်လာတတ်သော ရော်ဘတ်တိုကားလို့စ်ကို သူ့အဖေ ထင်ကာ မကြာခဏ နမ်းတတ်ခြင်းကြောင့် ဆိုသည်။ ကားလို့စ်၏ ကတုံးကို

http://www.cherrythitsar.org



သူ့ကတုံးနှင့် ရောထွေးနေမှန်းသိတော့ ဆံပင်ပုံပြောင်းလိုက်သည်။ သို့သော် ပြဿနာက မပြီးသေးပါ။ ကမ္ဘာ့ဖလားပွဲကြီးပြီးလို့ အိမ်ပြန်တော့ သားငယ်က မမှတ်မိဟု ဆိုပြန်သည်။

'ကျွန်တော့် နဂိုကတုံးကို ကျွန်တော် ပြန်ထားတော့မှာပါ။ ခက်တာက သည်ဦးစွန်းဖုတ်ကေကလည်း အကျိုးပေးနေတယ်လေ။ ရွှေဖိနပ်ဆုရခဲ့တာ သည်ပုံစံကြောင့်ပေါ့'

၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလား ပွဲတစ်လျှောက်တွေ့ရသည့် အပြောင်းအလဲများတွင် ဆံပင်ပုံစံ အပြောင်းအလဲတွေ တော်တော်များများ တွေ့ရသည်။ ကံအဆိုးဆုံးအသင်းမှာ စပိန်။ ကံအဆိုးဆုံး Aရှုံးသမားမှာ အီတလီ။ အဆိုးရွားဆုံး ပြစ်ဒဏ်များသူမှာ ပေါ်တူဂီ ယာပင်တို၊ အဆိုးဆုံးဒိုင်လူကြီးမှာ အီဂျစ်လူမျိုး ကွင်းလယ်ဒိုင် ဂါမယ်ဂန်ဒါနှင့် အဆိုးဆုံးဆံပင် ပုံစံပိုင်ရှင်မှာ တူရကီမှ အူမစ်ဒါဗာလာဟု ဆိုသည်။ ပြင်သစ်မှ ဖေဘီယန်ဘားသက်ဇ်၊ နိုင်ဂျီးရီးယားမှ တာရီဘိုဝက်စ်၊ ဘရာဇီးမှ ရိုနာလ်ဒို၊ ရိုမေးနီးယားမှ ဂျော်ဂီယာဂီ၊ ကိုလံဘီယာမှ ကာလို့စ်ဗယ်ဒါရာ၊ ဂျပန်မှ နာကာတာ၊ နိုင်ဂျီးရီးယားမှ အိုကိုချာ၊ မက္ကဆီကိုမှ ဟာနန်းဒက်ဇ်တို့သည်လည်း ကမ္ဘာ့ရုပ်မြင် သံကြား ပရိသတ်အတွက် ဆံပင်ပုံစံတွေကို သတိထားမိစေသူများ ဖြစ်သည်။ ခေါင်းတုံးပြောင်ပြောင်၊ ဆံပင်တို၊ ဆံပင်ပွ၊ ကျစ်ဆံမြီး၊ မြင်းမြီး၊ ခြသေ့်လည်ဆံ၊ ပုတီးစေ့သီ။ တချို့က အမောက်နီ၊ တချို့ ရွှေရောင်။ တချို့က အစိမ်း။ ၁၉၉၈ ပြင်သစ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာတုန်းက ထူးဆန်းသော ဆံပင်ကိစ္စ ဖြစ်ခဲ့ဖူးသည်။ ရိုမေးနီးယား အသင်း တစ်သင်းလုံး အုပ်စုဗိုလ်စွဲလျှင် နိုင်ငံတော်၏ ပင်မအရောင်ဖြစ်သည့် အဝါရောင် ဆေးဆိုးကြဖို့ ဆုံးဖြတ်ထားကြခြင်း ဖြစ်သည်။ တကယ်လည်း ဗိုလ်စွဲခဲ့သည်။ အင်္ကျီဝါ၊ ဘောင်းဘီဝါ၊ ဆံပင်ဝါ။ သို့သော် ဒုတိယအဆင့်မှာ အင်္ကျီဖြူနီကြား ခရိုအေးရှားကို ရှုံးကာ ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

ကမ္ဘာကျော် ဘောလုံးသမား ဒေးဗစ်ဘက်ခမ်းကတော့ တစ်ခါဆံပင်ညှပ်လျှင် ဒေါ်လာ ၈၀၀ ကုန်သည်ဟု ကြားဖူးသည်။ ကျွန်တော့ အမေကို ပြောပြတော့ ဒေါ်လာ ၈၀၀ ဆိုတော့ 'ငတို့ငွေ ဘယ်လောက်တုန်း'ဟု မေးသည်။ ကျွန်တော်က တွက်ပြတော့ အမေ မျက်လုံးပြူးလေ၏။

'ဘဟန်ဆံပင်ညှပ်ရတာ သံချည်သံကွေးဆရာတွေ သံဖြတ်ရတာလောက် ခက်လို့နေမှာပေါ့ကွယ်'ဟု မှတ်ချက်ပေးသေးသည်။ ဘက်ခမ်းကို အမေက ဘဟန်လို့ခေါ်တတ်သူ ဖြစ်သည်။ ဒေးဗစ်ဘက်ခမ်းကလည်း ပြောလောက်စရာ။ တစ်လောက သူ၏ မိုဟီကန် ဆံပင်ပုံစံဆိုတာကြီး ညှပ်လာပြီး

http://www.cherrythitsar.org



ကွင်းထဲဆင်းလာတာကို တစ်ကမ္ဘာလုံးက ရုပ်မြင်သံကြားပရိသတ်တို့ ချက်ချင်း မြင်ကြရသည်။ ဤသို့ဖြင့် 'မိုဟီကန်'တွေ ထောင်းထသွားလေ၏။ လန်ဒန်မှာ ခြောက်လသားကလေးကလည်း မိုဟီကန်နှင့် ဖြစ်လာသည်။ မိုဟီကန်ဆံပင်ကြောင့် ကျောင်းသားတော်တော်များများ နို့တစ်စာအပေးခံကြရသည်။ တချို့ အထုတ်ခံကြရသည်။ ဒေးဗစ်ဘက်ခမ်းက 'ကျွန်တော့် ကြောက်သွားတယ်ဗျာ' ဟု ဆိုရသည့်အထိ ဖြစ်လာခဲ့သည်။ မနေ့တစ်နေ့က ဗြိတိန် ဘုရင်မကြီးနှင့် လက်ဆွဲနှုတ်ဆက်တော့ မိုဟီကန်နှင့်မဟုတ်ဘဲ ညှင်းသိုးသိုးဆံပင်ပုံစံကြီးနှင့် ဖြစ်သည်။ ဘုရင်မကြီးက 'မင်းနှယ်ကွယ် ဖြစ်မှဖြစ်ရလေ' လို့များ ပြောလိုက်သေးသလား။ ခုတစ်လော ကျွန်တော် မြင်ရသလောက် လူငယ်တော်တော်များများ ဆံပင်ရှည်ကြီးတွေ ဖားလျားချထားတာမျိုးတွေ များနေသည်။ တချို့က 'ယောက်ျားကလေးတွေပေမယ့် အပွကောက်ကြသေးတာဗျ' ဟု ပြောပြသည် ကျွန်တော်ကတော့ မအံ့ဩပါ။ ဒါက တစ်ဦးချင်းကိစ္စ ဖြစ်သည်။ သူ၏ စိတ်ကိစ္စနှင့်ယှဉ်သော ရုပ်ကိစ္စသာ ဖြစ်သည်။

မန္တလေးမြို့ကြီးတွင် ဆံပင်ညှပ်ဆိုင်ပေါင်း ထောင်ချီရှိပါ လိမ့်မည်။ ခေတ်မီ အအေးခန်း ဆံသဆိုင်ကြီးများမှသည် 'မောင်သိန်းမောင် ဆံပင်ကိုက်ညှပ်သောဆိုင်'အထိ နည်းလှမည်မထင်ပါ။ သို့သော် ဆံပင်ညှပ်ဆိုင်အားလုံးသည် ကျွန်တော်နှင့် မဆိုင်ပါ။ ဖြစ်နိုင်လျှင် ဆံပင်ညှပ်ဆိုင်ကို မသွားရဘဲ အသင့်ညှပ်နိုင်သည့် ရယ်ဒီမိတ် ခေါင်းစွပ်ရှိစေချင်သူသာ ဖြစ်သည်။ တစ်လောက ချယ်နယ်လ်တစ်ခုမှာ ဆံပင်ကို ဓားကတ်ကြေး၊ စက်ကတ်ကြေး မသုံးဘဲ မီးစွဲလောင်နေသည့် မီးခြစ်ဆံ မီးတောက်ဖြင့် ရှဲခနဲရှဲခနဲ မီးရှို့ညှပ်နေတာ တွေ့လိုက်ရတော့ တီဗွီရှေ့ထိုင်ရင်း ဆံပင် မီးလောင်နံ့တွေပင် ရနေခဲ့သည်။ ညှပ်ပေးနေသူမှာ ရုရှားအမျိုးသမီးကြီးဖြစ်ကာ ဘယ်ဘက်လက်က ဘီးဖြင့် ဆံပင်ကို ဖွရင်း မညှပ်ချင်သည့်အပိုင်းကို မီးတောက်ဖြင့် ရှို့ရင်းညှပ်ပေးနေခြင်း ဖြစ်သည်။ အမေကတော့ ဒါကို ကြည့်ရင်း 'အလိုတော် ဆံဦးဆံဖျား မီးတိုက်ရတယ်လို့' ဟု ဆိုလေ၏။

ကျွန်တော်တို့ အိမ်နှင့်နီးသည့် ဆံပင်ညှပ်ဆိုင်နှစ်ဆိုင် ရှိသည်။ တစ်ဆိုင်က ညနေခင်းဈေးကလေးထဲက အိမ်တစ်အိမ်မှာ ဖြစ်သည်။ မိန်းကလေးတွေကိုပါ ညှပ်ပေးနေသဖြင့် အမြဲတမ်းလူများတတ်သည့်ဆိုင် ဖြစ်သည်။ ဥပုသ်နေ့တွေမှာ ပိုဆိုးသည်။ မွေးနေ့ သောကြာ တနင်္လာမရှိ ယောက်ျား၊ မိန်းမ၊ ကလေးတွေကြားမှာ တစ်ခါ တစ်ခါ နာရီတော်တော်ကြာကြာ ထိုင်နေရတာကို ကျွန်တော် စိတ်ပျက်သည်။ ညှပ်သူလူငယ်က ကျွန်တော့်ကို အားနာ

http://www.cherrythitsar.org



သဖြင့် တစ်ခါတစ်ခါတော့ ကြားချညှပ်ပေးတတ်သည်။ သို့သော် မုန့်သာ ဝေစားမယ်။ လူကျော်တော့ မခံချင်ဘူး ဆိုသူတွေကြားမှာ မျက်နှာပူသည်။

'မင်းနှယ်ကွယ်. . . ဆံပင်သွားညှပ်တာ တမေ့တမော။ ဖွဲ့တင်လှဆိုင် သွားညှပ်ရောပေါ့၊ သူလည်း မဆိုးပါဘူးကွယ့်။ ညှပ်သက်ပဲ နှစ်ပေါင်းလေးဆယ် လောက် ရှိပါပြီ'

တစ်ခါတော့ ဦးတင်လှဆိုင်ကို ကျွန်တော် ရောက်သွားခဲ့သည်။ ဆိုင်ကလေးက စောင်းစောင်း။ မပြုမပြင်ပစ်ထားတာ ကြာခဲ့ပုံပေါ်သည်။ ဦးတင် လှ ကိုယ်တိုင်က ခါးကလေးတစ်ဘက် စောင်းနေသူ။ ဖွဲ့တင်လှဆံသ။ ဆိုင်းဘုတ် ကလေးကလည်း စောင်းနေတာပါပဲ။ ဆံသပစ္စည်းတင်သည့် စင်ကလေးက လည်း ခနော်နီခနော်နဲ့။ ဆံပင်ညှပ်ခုံက ခြေလေးချောင်းအနက် ကြွက်တွင်းထဲ နှစ်ဘက်ဝင်နေသည်။ သည်ဆိုင်ကလေး၏ အားသာချက်မှာ လူသိပ်မရှိခြင်း ဖြစ်သည်။ ရောက်မှတော့လေ ညှပ်ပါဦးမယ်။ ကြည့်မှန်ပြဒါးကွာ စောင်းစောင်း မှာ ကျွန်တော့်ခေါင်းသည်ပင် တစ်ဘက်စောင်းသွားလေသလား ထင်ရ၏။ နောက်တော့ သည်ဆိုင်ကလေးမှာ မညှပ်ဖြစ်တော့။ သည်တော့ ညှပ်နေကျ ဆိုင်ကလေးဆီ ပြန်သွားရပြန်သည်။ လူတွေကြားထဲမှာ တမေ့တမော စောင့်ရုံ သာ။

'ဖွဲ့တင်လှဆိုင်တော့ မညှပ်ပါနဲ့ရှင်၊ ရုရှားမက ဆံပင်ကို မီးရှို့ညှပ်တာနဲ့ တူလို့ပါ။ သွားနေကျဆိုင်က လူများရင် မြို့ထဲ ကြံ့ရာမှာ ညှပ်ခဲ့ပေါ့'

အခုတော့ ကြုံရာမှာ ကျွန်တော် ဆံပင်ညှပ်သည်။ လှေသူကြီးဦးညို၏ သားငယ်က 'အဖေ့လှေအလုပ်ကလေး အဆင်ပြေရင် ဆံပင်ညှပ်ကြဦးစို့'ဟု ဆိုဖူးသည်။ ကျွန်တော်လည်း စာမူခလေး အဆင်ပြေလျှင် ဆံပင်ညှပ်ရဦးမည်။

■

*(IDEA / ၂၀၀၂ - အောက်တိုဘာ)*

# မေ့ခြင်းသစ်ပင်

မေ့လျော့ခြင်းသည် မျိုးရိုးလိုက်သည်ဟုဆိုလျှင် ထိုအဆိုကို ကျွန်တော် ထောက်ခံပါသည်။ မေ့တတ်သော မိဘနှစ်ပါးမှ မွေးဖွားခဲ့သည့် ကျွန်တော် သည်လည်း မေ့လျော့တတ်သူ ဖြစ်ပါသည်။ အသက်ကလေးရလာတော့ ပိုမေ့သည်။ အမေ့သည်ပင် ရင့်ကျက်လာသည်။ မေ့တာမှ ပါးပါးလျားလျား မေ့ခြင်းမဟုတ်။ ထူထူအမ်းအမ်းမေ့ခြင်း ဖြစ်သည်။ စကားပြောလျှင် ခံစားမှုမှ စီးဆင်းလာသည့် စကားလုံးတို့ လည်ချောင်းဝကကျော်ပြီး နှုတ်ခမ်းဖျားကျတော့မှ ပြင်ပလေနှင့် ထိတွေ့ပြီး မေ့သွားသည်လည်း ရှိ၏။

"ကျွန်တော့်ကို မမှတ်မိဘူးနဲ့တူတယ်"

လမ်းမှာ သည်လို မေးသူတွေက များလာသည်။ ကျွန်တော်ကလည်း ဟန်ဆောင်တတ်နေပြီ။ သြော် သြော် အင်းအင်းနှင့် ပြီးရသည်ချည်း။ ကျွန်တော့်မှာ အထိုက်အလျောက် ဘဝစုံသည်ဟု ပြောနိုင်သော ဖြတ်သန်းမှု ရှိသဖြင့် တွေ့ခဲ့ကြုံခဲ့ရသည့် လူတွေကလည်း များသည်။ အထူးသဖြင့် နယ်ဟောပြောပွဲတွေ များခဲ့သဖြင့် နယ်မှ စာပေမိတ်ဆွေတွေက တွေ့သည့်နေရာမှာ နှုတ်ဆက်တတ်ကြပါ သည်။ နယ်မှာ ဧည့်ဝတ်ကျေပွန်ခဲ့ကြသော မိတ်ဆွေတွေက မန္တလေး

http://www.cherrythitsar.org



မှာ မသိကျိုးကျွံပြုခြင်းခံရသည့်အခါ စိတ်မကောင်းဖြစ်ကြသည်ကို ကျွန်တော် သိသော်လည်း မေ့လျော့ခြင်းကို ကျွန်တော် မကျော်လွှား နိုင်ခဲ့။

"ဆောရီးဗျာ"

ကျွန်တော်တို့လူမျိုးက "ဝမ်းနည်းပါတယ်"လို့ မသုံးကြသော်လည်း သည်စကားက မေ့လျော့ခြင်းကို အတင့်အသင့် အကာအကွယ်ပေးသည်။ ကျွန်တော် မှတ်မိသလောက် ငယ်စဉ်ကတည်းက မေ့တတ်ခဲ့သူဖြစ်သည်။ ကျောင်းမှာ ထမင်းချိုင့်ကျန်ခဲ့တာတွေ၊ ထီး ကျန်ခဲ့တာတွေ၊ ဘောလုံးကန်ရင်း ကွင်းထဲမှာ ဖိနပ်ကျန်ခဲ့တာတွေ၊ ကျောင်းခန်းထဲမှာ ဖောင်တိန်ကျန်ခဲ့တာတွေ များလွန်းခဲ့သည်။ ကျွန်တော်မေ့တာ အကြောင်းမဟုတ်သည့်တိုင် မိဘတို့က ပြန်လည်ဝယ်ယူ ဖြည့်ဆည်းပေးဖို့ အခက်အခဲ ရှိကြရသည်။ ထီးပျောက်လျှင် နောက်တစ်နေ့မှာ ဝယ်ပေးနိုင်ကြသူတွေ မဟုတ်။ ဖိနပ်ပျောက်လျှင် အမေ့ဖိနပ် ဖြင့် ကျောင်းသွားရတာမျိုးပင် ရှိခဲ့သည်။ အမေက အသစ်ဝယ်ပေးပြီးတိုင်း "နောက်မမေ့ပါနဲ့သားရယ်" ဆိုမြဲ။ နောက်မမေ့ပါနဲ့ဆိုတာ တစ်ဘဝစာ ပြောခြင်း မဟုတ်။ နောက်တစ်ကြိမ် မေ့လျော့မည့်အချိန်ကို ပြောခြင်းဖြစ်သည်။ မေ့လျော့ ခြင်းနှစ်ခုအကြား ကြာပါစေဦးဟု ဆိုခြင်းဖြစ်သည်။ မေ့လျော့ခြင်းနှင့်ပတ်သက်၍ အဖေနှင့်အမေ့မှာ ရယ်ရသော အတွေ့အကြုံရှိခဲ့ဖူးသည်။ တစ်ခါက အဖေ နှင့်အမေ ရွှေတိဂုံဘုရားကြီးသွားဖူးကြသည်။ ဘုရားကြီးနှင့်အိမ်မှာ ဝေးလွန်း သည်။ လိုင်းကားပင် နှစ်နာရီလောက်စီးရသည်။ အစီအစဉ်က မနက်ဘုရား တက်၊ နေ့ခင်းပုတီးစိတ် အာရုံယူ၊ ညနေ နေအေးမှ ပြန်ကြမည်ဖြစ်သည်။ သို့သော် ထို့နေ့က အဖေ နေ့လယ်ခင်းကြီး အိမ်ပြန်ရောက်လာပါသည်။ ကျွန်တော်တို့က မေးတော့မှ ဘုရားမှာ အမေ ကျန်ရစ်ခဲ့မှန်း သိတော့သည်။

"အေးကွ၊ မင်းအမေက ခြောက်ပြား တန်ဆောင်းထဲ ပုတီး စိပ်နေတုန်း အဖေက ဘုရားတစ်ပတ်ပတ်တာ၊ လိုင်းကားတွေက လူခေါ်တာကြားတာနဲ့ ဘုရားခြေရင်းဆင်းပြီး ကားပေါ်တက်လိုက်လာတာကွ။ ငါ့စိတ်ထဲ ထင်တော့ ထင်သား ဘာကျန်ရစ်ခဲ့ပါလိမ့်လို့ သွားကြိုချေကြပါကွာ"

ကျွန်တော်တို့မှာ ရယ်ကာ မောကာ အမေ့ကို သွားကြိုကြရသည်။ အမေက ခြောက်ပြားတန်ဆောင်းရိပ်တိုင်ခြေမှာ ငုတ်တုတ်။ အဖေက အမေ့ကို မေ့ထားပြီး အိမ်ရောက်နေကြောင်း ပြောတော့ အမေက ရယ်သည်။

"အမေကလည်း နေချိုရင် ပြန်မလို့ပဲ၊ မင်းအဖေပါလာတာ မေ့နေတာ . . . အမေနဲ့ ပါလာသတဲ့လား"

http://www.cherrythitsar.org



သည်အဖြစ်အပျက်က အဖေအမေတို့ မရှိတော့သည့်အခါ အောက်မေ့စရာ ဖြစ်လာရသည်။ အဖေငယ်စဉ်က မြင်းလှည်းမောင်းဖူးသည်။ မနက်သုံးနာရီထိုးလျှင် မြို့ဈေးဝမြင်းလှည်းသွားထိုးနေကျ။ မနက်စောစော အဖေမြင်းလှည်း ပြင်လျှင် အမေပါ နိုးရသည်။ မြင်းလှည်းကက်အိမ်ကြီးကို အိမ်ရှေ့မန်ကျည်းပင်ရိပ်ဆွဲသွားပြီး လှည်းလက်တံနှစ်ဖက်ထောင်ကာ ဆေးလိပ် မီးညှိသည်။ ခဏထိုင်သည်။ သည်ခဏက တော်တော်ကြာသွားတော့ အမေက သံသယဖြစ်လာကာ မန်းကျည်းပင်ရိပ် လိုက်လာသည်။

"တော့်နှယ် ဘယ့်နှယ် ငုတ်တုတ်တုံး၊ ဈေးကြိုတွေက မျှော် ရှော့မယ်"

"အေး ငါစဉ်းစားနေတာဟ တစ်ခုခု မေ့နေတယ်ထင်တာပဲ။ မီးခြစ်လည်း ပါပါတယ်။ ဘာရယ်သာ မသိတာ"

"ဘာရယ်ရမလဲ။ တော့်မြင်းမှ မထုတ်ရသေးတာ မြင်းမေ့နေတာ မဟုတ်လား"

"ဟုတ်သဟေ့ တွေးတော့ တွေးမိသား။ ခပ်ကြီးကြီးထဲက မေ့တာလို့ . . ."

သည့်နောက်တော့ အမေကပါ ဖြောင့်ဖြောင့်မအိပ်ရတော့။ မနက်ခင်း မြင်းလှည်းဂိတ်ထွက်သွားတော့မှ တစ်မှေးပြန်မှေးသည်။ တစ်ခါကတော့ ကျွန်တော်တို့အိမ်ကို ဧည့်သည်တစ်ယောက် ရောက်လာခဲ့သည်။ မင်းဘူးမှ ဆေးကုန်သည် ဦးအုန်းဖြစ်သည်။ မနက်စောစော မြစ်နားကမ်းနားနှင့်နီးသော ကျွန်တော်တို့ အိမ်မှာ တစ်ည ဝင်တည်းခြင်းဖြစ်သည်။ အဖေက အိမ်ပေါ်ထပ်ကို လှည်းကျင်းရှင်းလင်းကာ နေရာချပေးသည်။ ညဦး စကားစမြည် ရှေးဟောင်းနှောင်းဖြစ် ပြောကြရင်း ညဥ့်နက်မှ အိပ်ကြသည်။ ကျွန်တော်တို့ မိသားစုက အောက်ထပ်၊ ဧည့်သည်က အပေါ်ထပ်မှာ တစ်ယောက်တည်း။

"သူခိုးဗျို့ . . . သူခိုး . . . သူခိုး"

အဖေ လန့်အော်လိုက်သည့် အသံက ရပ်ကွက်ထဲမှာ ဆူညံသွားသည်။ မနက်ခင်း ဝေလီဝေလင်းမှာ ကင်းသမားလူငယ်တွေက အိမ်ကို လာဝိုင်းသည်။ သူခိုးလစ်ထွက်သွားဖို့ပင် နေရာလပ်မရှိ။ ကင်းသမားတွေက ဘကြီးညို သူခိုး ဘယ်ဘက်ပြေးသလဲ မေးနေကြပြီ။ တုတ်ဓားကိုယ်စီ။

"မှားလို့ဟေ့ . . . ငါ့တူများ . . . အိမ်ပေါ်ထပ်က ဧည့်သည်က သင်္ဘောဆင်းဖို့ ပစ္စည်းတွေ သိမ်းနေတာ ဂျိုးဂျိုးဂွတ်ဂွတ်နဲ့ဆိုတော့ သူခိုးမှတ်ပြီး လန့်အော်လိုက်တာကွ။ ဧည့်သည်က ကိုညိုရယ် ကျုပ်ပါ၊ ကျုပ်ပါ ကိုအုန်းရယ် ဆိုမှသတိရတော့တာ"

http://www.cherrythitsar.org



ဧည့်သည်ဦးအုန်းလည်း ထိုအခေါက်က နောက်ဆုံးဖြစ်သည်။ နောက်ထပ် ယောင်လို့မှပင် မရောက်လာတော့။ အဖေက သူ့ကို သူ မေ့တတ်မှန်းသိတော့ တချို့ကိစ္စတွေကို သူ့သင်္ကေတကလေးနှင့် သူ မှတ်တတ်သည်။ ဆိုပါတော့။ ကိုအာလူးဆိုသူကို ခပ်လုံးလုံးနှင့် ကောင်ဟု မှတ်ထားသည်။ နောင်လမ်းမှာတွေ့တော့ "ဩော် မောင်ဘဲဥလားဟေ့" လုပ်တတ်သည်။

တစ်ခါတစ်ခါ ဘာဖြစ်လို့များ ဒီလောက်တောင် မေ့ရသလဲ ကျွန်တော့်ကိုကျွန်တော် စဉ်းစားပါသည်။ စိတ်၏ အခြေအနေ တစ်ရပ်တွင် အဓိကကျသော အပိုင်းသုံးပိုင်းရှိသည်ဟု ဆိုကြသည်။ သိမှု၊ လိုအပ်မှုနှင့် ခံစားမှုဟု ဆိုသည်။ သိမှုတွင် ပညာ၊ နားလည်မှုနှင့် တက်သိမှုတို့ပါသည်။ လိုအပ်မှုကတော့ ဆန္ဒများ၊ လိုအင်များ၊ ရမ္မက်နှင့် စေ့ဆော်မှု၊ တောင့်တမှု ကြောင့်ကြမှုတွေ ပါမည်။ ခံစားမှုကတော့ အာရုံငါးပါး၏ အရိပ်တွေ ထိုးနေလိမ့်မည်။ လူတိုင်းမှာ သည်စိတ်သုံးပါးရှိနိုင်သော်လည်း တစ်ဦးနှင့်တစ်ဦး အလေးကဲတာချင်းတော့ တူချင်မှ တူမည်။ သို့သော် လူသည် မေ့လျော့တတ်သည့် သတ္တဝါဖြစ်သည်။ သိမှုကိုလည်း မေ့နိုင်သည်။ လိုအပ်မှုကိုလည်း မေ့နိုင်သည်။ ခံစားမှုကိုလည်း မေ့နိုင်သည်။

သိမှုတွင် မိမိပတ်ဝန်းကျင်မှ လှုံ့ဆော်သမျှ အာရုံသွင်းအားစုများ (Sensory inputs) ကို အဓိပ္ပာယ်အဖြစ် ပုံဖော်ကာ စိတ်မှတ်ဉာဏ်တွင် သိုမှီးသည်။ နောင်လိုအပ်သည့်အခါတွင် ထုတ်သုံးသည်။ သည်အခါမျိုးတွင် ချောချောသာသာ ထွက်လာခြင်းက မမေ့ မလျော့ခြင်း 'အပ္ပမာဒ' ဖြစ်၍ ရှောရှောရှူရှူ ထွက်မလာခြင်းက မေ့လျော့ခြင်း 'ပမာဒ' ဖြစ်သည်။ ဒါက ကျွန်တော့် စဉ်းစားမှုသာ ဖြစ်ပါသည်။

'မှတ်မိအောင် လုပ်နေရတာ ကိုယ်တိုင်က စိတ်ကို အလုပ်ပေးနေတာ။ စိတ် ဂိုဒေါင်ထဲက ကိုယ်လိုချင်တဲ့ အဟောင်းအမြင်းကို ရှာတာပဲ။ သည်လို နှိုက်တွေးပြီး ဖော်နေရတာကိုက မှတ်မိအောင် လုပ်တာလို့ ထင်တယ်။ တွေးတယ်ဆိုတာနဲ့ တစ်ပြိုင်နက် နားလည်ရတယ်။ သဘောပေါက်ရတယ်။ တရားကိုယ်သဘောကို ဆင်ခြင်ရတယ်။ အာရုံတွေကို စုစည်းရတယ်။ စီမံနေရတယ်။ အဆင်ပြေအောင် ညှိနှိုင်းရတယ်ဆိုတာတွေ ပါလာပြီကွယ့်"

အဖေက နောင်မှာ တရားသဘောအငွေ့ဖြင့် ပြောပြသည်။ ပညာရှင်တွေကတော့ စိတ်အလုပ်တွင် ချင့်ချိန်မှု၊ သုံးသပ်မှု၊ ကြောင့်ကြမှု၊ စွဲလမ်းမှု၊ နည်းလမ်းရှာဖွေမှု၊ ခွဲခြား ဝေဖန်မှုနှင့် စူးစိုက်မှုများပါသည်ဟု ဆိုသည်။ မြင်သိစိတ်တဒင်္ဂ (စိတ္တက္ခဏ) ချုပ်ရာမှာ စိတ္တုပ္ပါဒ် ၁၄ ပါးဖြစ်သည်ဟု ဆိုသည်။

http://www.cherrythitsar.org



မြင်သည့် တစ်ခဏ၌ပင် ဆင်ခြင်မှုက တစ်ကြိမ်၊ လက်ခံမှုက တစ်ကြိမ်၊ စူးစမ်းမှုက တစ်ကြိမ်၊ ဆုံးဖြတ်မှုက တစ်ကြိမ်၊ ခံစားမှု ဇောအဟုန်က ခုနှစ်ကြိမ်၊ တဒါရုံဇောသို့ အစဉ်လိုက်မှု နှစ်ကြိမ်နှင့် ဆယ့်လေးပါးဖြစ်သည်ရသည်ဟု ဆိုသည်။ တစ်ဘက်ကလည်း လူသည် စကားလုံးလောက (World of Words) နှင့် ပုံရိပ်လောက (World of Images) ဟူ၍ ခွဲထားတာရှိသည်။ စဉ်းစားသည့် အခါ စကားလုံးကို သုံးသည်။ ပုံရိပ်ကို သုံးသည်။ ပုံရိပ်ကိုသုံးရာမှ ရသော အသိက တိရစ္ဆာန်များမှာလည်း ရှိသည်။ ဘာသာစကားပေါ်လာသည့်အခါ စကားလုံးသုံးရာမှ ရသော အသိက ပုံရိပ်သိနှင့် ပေါင်းစပ်သွားကြသည်။ ပုံရိပ်လောကနှင့် စကားလုံး လောကသည်လည်း ပေါင်းစပ်သွားသည်ဟု ဆိုသည်။ ဤသို့ဖြင့် ဆန်းကြယ်သလောက် ထွေပြားလှသော ရုပ်ဝတ္ထုခေတ်မှာ လူက အမြင်တိုင်းကို မိအောင် မဖမ်းနိုင်ခြင်း၊ အသိတိုင်းကို မိအောင် မဖမ်းနိုင်ခြင်းတွေ ရှိလာရသည်။ အမြင်တွေ၊ အသိတွေက ကသောင်း ကနင်း ဖြစ်လာသည်။ ထိုအခါ အမြင်ဟောင်း အသိဟောင်းများသည်လည်း ကသောင်းကနင်း Chaos ဖြစ်လာရသည်ဟု ကျွန်တော် ထင်ပါသည်။ ထိုအခါ အဟောင်းတွေကို ကျွန်တော်တို့ မေ့လာသည်။ ကျွန်တော်တို့သည် ကာမဂုဏ်၌ ပြင်းစွာ စွဲလမ်းသည်။ အယူဝါဒ၌ ပြင်းစွာ စွဲလမ်းသည်။ အကျင့်သီလ၌ ပြင်းစွာစွဲလမ်းသည်။ အတ္တဝါဒ၌ ပြင်းစွာ စွဲလမ်းသည်။ သည်လို ပြင်းစွာ စွဲလမ်းခြင်း ဥပဒါနများသည်လည်း မေ့လျော့စေသည်ဟု ကျွန်တော် ထင်သည်။

နယ်မှာ ကျောင်းတက်နေသည့် ကျွန်တော့်တူတစ်ယောက် ရှိသည်။ ဆယ်တန်းဖြေဖို့ လုံးပမ်းနေသူ ဖြစ်သည်။ ညနေဘက် ကျူရှင်ကို စက်ဘီးယူမသွားဖြစ်ဘဲ ရောက်သွားသည်။ အတန်းချိန်ကုန်တော့ ကျောင်းသူကျောင်းသား အသီးသီး အသက အသက မိမိစက်ဘီးကလေးတွေ စီးကာ ပြန်တော့ ကျူရှင်မှာ ကျွန်တော့်တူလေး တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ သူ့စက်ဘီးရှာသော်လည်း မတွေ့။ စိတ်တွေ ပူထူသွားသည်။ စက်ဘီးကလေးက သူ့အတွက် သာမက မိသားစုဘဝနှင့်ပါ ဆက်စပ်နေသော စက်ဘီးကလေး ပျောက်သွားလျှင်ဆိုသည့်အသိက လောင်မြိုက်နေသည်။ ကျူရှင်ဆရာကလည်း စိတ်ပူသည်။ ကျူရှင်မှာ စက်ဘီးပျောက်သည်ဆိုသည့် သတင်းသည် သူ့အတွက်မကောင်း။ ရှာကြ၊ ဖွေကြ၊ ပြေးကြ၊ လွှားကြ။ တူကလေးက အိမ်မပြန်ရဲတော့ ဆရာကပဲ လိုက်ပို့ရသည်။ အိမ်ရောက်ကာနီးတော့မှ စက်ဘီးအိမ်မှာကျန်မှန်း မှတ်မိတော့သည်။ မေ့လျော့ခြင်းအတွက် လောင်မြိုက်ရသည့်အပူက အိုးကင်းပူတိုက်သလား မှတ်မိရသည်ဟု နောင်မှာ ကျွန်တော့်ကို ပြောပြသည်။

http://www.cherrythitsar.org



သည့်တူကလေးပါပဲ။ လက်ဖက်ရည်ဆိုင် ညဘက် သွားထိုင်သည်။ ညဥ့်ကြီးတော်တော်နက်တော့မှ ပြန်လာခဲ့သည်။ ထိုညက လက်ဖက်ရည်ဆိုင်မှာ လူစည်ကားလှသည်။ အိမ်ပြန်ရောက်တော့ သန်းခေါင်။ အိမ်က စက်ဘီးကော ဆိုတော့မှ ဆိုင်ဝမှာ ထောင်ထားခဲ့သည် စက်ဘီးကို သတိရတော့သည်။ မိမိနှင့် မနီးမဝေးမှာ ရပ်ထားတာဆိုတော့ သော့ကလည်း မခတ်မိ။ ပျောက်ဖို့က ရာခိုင်နှုန်း ကိုးဆယ် သေချာနေပြီ။ တစ်ခါက လောင်မြိုက်ဖူးသော အပူက အိုးကင်းပူထဲ တွန်းချပြန်သည်။ ဆိုင်ကလည်း ဝေးသည်။ သို့သော် ပူလောင်ခြင်း ကပဲ သူ့ကို လက်ဖက်ရည်ဆိုင်ပြန်သွားဖို့ တိုက်တွန်းနေသည်။

"တော်ပါသေးရဲ့ ဦးရာ . . . လက်ဖက်ရည်ဆိုင်က သိမ်းထားပေး လို့။ ကျွန်တော်ဖြင့် သွားပြီထင်တာ နောက်မမေ့အောင် နေရတော့မယ်"

ကျွန်တော်ကတော့ စက်ဘီးပါမသွားတာကို ပါသည် ထင်ပြီး ပူလောင် ရခြင်းနှင့် ပါမသွားတာကို မပါဘူးထင်ကာ ပူလောင်ရခြင်းကိုပဲ တွေးနေမိသည်။ နှစ်မျိုးစလုံးသည် မေ့လျော့ခြင်းသာ ဖြစ်သည်။ မဂ္ဂင်ရှစ်ပါးတွင် သတိ (မမေ့ မလျော့ခြင်း အပ္ပမာဒ)ကို  သမ္မာသတိမဂ္ဂင်ဟု သုံးသည်။ တစ်စုံတစ်ခုသော အာရုံကို မမေ့ခြင်း။ အပ္ပမာဒသည် စိတ်အစဉ်၌ ကပ်၍တည်နေသည့် တရားဟု ဆိုသည်။ အပ္ပမာဒသည် အကျိုးအများဆုံး၊ အရေးအကြီးဆုံးတရားဖြစ်သည်။ မေ့လျော့ခြင်း ပမာဒကတော့ သေခြင်း၏ အကြောင်းဟု ဆိုသည်။ Heedlessn-ess is way to Death။ ကျွန်တော့်တူကလေးကို ကျွန်တော် သတိရသည်။ ပူလောင်လှသော တဒင်္ဂသည် သေခြင်းများလား။

အဘိုးကတော့ သတိသည် မမေ့မလျော့ခြင်းနှင့် လက်ခံ သိမ်းဆည်း ခြင်းလက္ခဏာရှိသည်ဟု ပြောဖူးသည်။ ယောဂါဝစရ ပုဂ္ဂိုလ်သည် ဆည်းပူးအပ် သော တရားကို ဆည်းပူး၍ မဆည်းပူးအပ်သည့် တရားကို မဆည်းပူး။ လွတ် မြောက်ခြင်း (နိဗ္ဗာန်ရောက်ကြောင်း) ကို မမေ့။ လက်ခံသိမ်းဆည်းခြင်းကတော့ အကျိုးစီးပွား ဖြစ်သည့် တရားကို အောက်မေ့၍ အကျိုးစီးပွားမဖြစ်သည့်တရား (အကုသိုလ်တရား)ကို ပယ်ခြင်းကို ဆိုသည်။

ကျွန်တော်တို့က သရဏဂုံသုံးပါးကို ရွတ်ဆိုရင်း သီလခံယူသည့်အခါ ရဟန်းက "အပ္ပမာဒေနသမ္ပာဒေထ" ဟု မိန့်မြဲ။ "တကယ် ဟုတ်ရဲ့လား မမေ့နဲ့ နော်" ဆိုသည့် သဘောဖြစ်လိမ့်မည်။ တိတ္တိတို့ ကိုးကွယ်သည့် အသောက မဟာရာဇကို နိဂြောဓသာမဏေက အပ္ပမာဒတရားကို ဟောသည်။ အဟိန္ဒ ထေရ်က ဒေဝါ ပီယတိဝ မင်းကို အပ္ပမာဒသုတ်ကို ဟောတော်မူသည်။ ဘုရားရှင် ပရိနိဗ္ဗာန် ပြုကာနီး နောက်ဆုံး မှာကြားခဲ့သည့်တရားကလည်း

http://www.cherrythitsar.org



'ခယဓမ္မာသင်္ခါရ အပ္ပမာဒေန သမ္ပာဒေထ' ရုပ်နာမ်ဓမ္မသင်္ခါရတို့ကား ပျက်ဆီးခြင်းသဘောရှိ၏။ ဘိက္ခုတို့ မမေ့မလျော့ခြင်းဖြင့် သိက္ခာ သုံးပါးကို ပြီးစေရစ်ကြ ဆိုသည်ပင် ဖြစ်သည်။ မေ့လျော့ခြင်းက မဖြစ်သေးသည့် အကုသိုလ်ကို ဖြစ်စေသည်။ ဖြစ်ပြီး ကုသိုလ်ကို ဆုတ်ယုတ်စေသည်။ ကြီးစွာ သော အကျိုးမဲ့ခြင်းကို ဖြစ်စေသည်။

ကျွန်တော်ကတော့ မေ့လျော့ခြင်းများစွာဖြင့် ဆုံးပါးသွားသည့် မိဘနှစ်ပါးကို မေ့လျော့နေသည်။ ပြောထားမိသမျှ မေ့သည်။ ကြံထားမိသမျှ မေ့သည်။ လုပ်ထားမိသမျှ မေ့သည်။ တစ်ခါတစ်ရံ ရတနာသုံးပါးကိုပင် မေ့ချင်ချင်။ အပ္ပမာဒေါစ ဓမ္မေသု တရားကောင်းကို မမေ့နှင့်ဆိုသည့်တိုင် တရားဆိုးကို မမေ့တာများသူ ဖြစ်သည်။ သမ္မာဒိဋ္ဌိကို မေ့သည်။ သမ္မာသင်္ကပ္ပကို မေ့သည်။ သမ္မာဝါစာကို မေ့သည်။ သမ္မာ သမာဓိကို မေ့သည်။ မေ့လျော့ခြင်း သည် သေခြင်းဟု ဆိုလျှင် ကျွန်တော်သည် အကြိမ်ကြိမ်အခါခါ သေခဲ့သူ ဖြစ်သည်။ အဆိုးဆုံးမှာ မေ့ခြင်းကို မေ့နေခြင်းပင် ဖြစ်သည်။

■

(*IDEA*/ ၂၀၀၂ - နိုဝင်ဘာ)

# အင်မရက်ရှင်နစ်ဇင် အိပ်မက်

ညက အဖေ့ကို အိပ်မက်မက်သည်။ အဖေကွယ်လွန်တာ နှစ်ပေါင်းလေးဆယ်ကျော်ပြီဖြစ်သော်လည်း ညက ကျွန်တော့်ဆီ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာခြင်း ဖြစ်သည်။ အဝတ်အစားတွေက ဟောင်းနွမ်းလှသည်။ တစ်ခါက အဖေ့အထင်ကရ အမှတ်အသားဖြစ်သည့် နှုတ်ခမ်းမွေးကုတ်ကွေးကွေးက လယ်ယာမြေမှ ကင်းကွာနေသည့် တံစဉ်ဟောင်းတစ်ချောင်းနှင့် တူနေသည်။ အိပ်မက်ထဲမှာ အဖေ့ကိုယ်နံ့ကိုပါ ရနေသည်။ ကျွန်တော်နှင့် အမေ နေထိုင်သည့် ရွာကလေးကို အဖေ တစ်ခေါက်တစ်ကျင်း ပြန်လာလျှင် မြင်ရတတ်သည့် တာပေါ်လင်ဟောင်း အိပ်ရာလိပ်ပင်ပါသေးသည်။ အိပ်မက်ထဲမှာပင် အဖေက မက်ဆိုပိုတေးမီးယား စစ်မြေပြင်က ဒဏ်ရာဖြင့်ပြန်လာသော ဂျမေဒါ တစ်ယောက်လို ဖြစ်နေသည်။ အိမ်ရောက်တော့ အဖေက ရန်ကုန်မှ ဝယ်လာသည်ဆိုသော ကော်နှင်းဆီ ပန်းရင်ထိုးကလေးတွေ ထုတ်ပေးသည်။ အိမ်နီးချင်းတွေ ဝေလိုက်ကွာလို့ ခိုင်းသည်။ ကျွန်တော်က အနည်းအကျဉ်းလောက်သာ ဝေပြီး ကျန်တာ ဝှက်ထားလိုက်ပါသည်။ အမေကတော့ နှစ်ကုန် နှစ်ခန်း အကြာကြီးနေမှ တစ်ခေါက်ပြန်လာသည့် အဖေ့ကို စိတ်ဆိုးနေပုံဖြင့် မီးဖိုချောင်

http://www.cherrythitsar.org



ထဲမှာ ငုတ်တုတ်။ သို့သော် အမေ့ရင်ပတ်မှာ ကော်နှင်းဆီပန်း တစ်ပွင့်။ အဖေ ဝယ်လာသည့် ကော်နှင်းဆီပွင့်ကလေး။ အိပ်မက်က ဒါပဲ ဖြစ်သည် မိုးလင်းတော့ လည်း သည်အိပ်မက်က ပျောက်မသွား။ သည်အိပ်မက်အကြောင်း အမေ့ကို ပြောချင်သော်လည်း အမေကလည်း မရှိတော့ပါ။ ကျွန်တော်ငယ်ငယ်က အိပ်မက်တစ်မျိုးတည်းကို မကြာခဏ မက်လေ့ရှိတာကိုလည်း သတိရမိပါသည်။ အိပ်မက်က ရိုးသော်လည်း တွေးမိတိုင်း ကျွန်တော် ကြောက်ပါသည်။ ရွာတာ လမ်းပေါ်မှာ လရောင်က ဝင်းဝင်းစက်စက် ပေါက်ကျနေသည့်ည။ တာလမ်း ပေါ်မှာ သူငယ်ချင်းများနှင့် ကစားနေရာမှ ကစားဝိုင်းမှ ခွဲထွက်ကာ ရွာ အနောက်ဘက်တံခါးဆီ ကျွန်တော်လျှောက်လာခဲ့သည်။ ရွာအနောက်ဘက် ဆူးတံခါးနှင့် ကပ်လျက်မှာ သချိုင်းရှိသည်။ အမေတို့က 'လုပ်တိုင်းကုန်း'လို့ ခေါ်ကြသည့် သချိုင်းကို သွားနေမှန်း သိသော်လည်း ကျွန်တော် တစ်ယောက် တည်း လရောင်ထဲမှာ တစ်လှမ်းချင်းသွားနေခြင်းဖြစ်သည်။ ဘေးပတ်ဝန်းကျင် မှာ လူတွေ သွားလာနေတာ မြင်ရသော်လည်း ကျွန်တော့်ကို မမြင်ကြသလို လှည့်ပင် မကြည့်ကြ။ ကျွန်တော်က နှုတ်ဆက်သော်လည်း သူတို့ကမကြား။ နောက်တော့ အမေ့ဝိုင်းကို ကျွန်တော် လျှောက်နေရင်းက ကြားလိုက်ရသည်။ ကျွန်တော်နိုးတော့ အနားမှာ အမေရှိသည်။

'ငါ့သားလေး အော်လိုက်တော့ အမေနိုးသွားတာ . . . ရေသောက် လိုက်ဦး'

သည်အိပ်မက်ကို ကျွန်တော် မကြာခဏ မက်သည်။ မကြာခဏ ဆိုသော်လည်း မေ့လောက်မှ တစ်ခါဆိုတာမျိုး မက်ခြင်း ဖြစ်သည်။ ကျွန်တော့် အဖို့ ထူးဆန်းနေသော်လည်း ကျွန်တော် သည်လို ထပ်တူထပ်မျှ မကြာခဏ မက်တတ်ပါသည်ဆိုသည့်အခါ မယုံကြည်သူတွေက များသည်။ ကျွန်တော့်ညီ တစ်ယောက်ကတော့ နေမကောင်းလျှင် ငါးကြော်နှင့် ဆန်ပြုတ်စားရလေ့ရှိတော့ မကြာခဏဖျားတတ်သည်။ 'ငါးကြော်နဲ့ ဆန်ပြုတ်စားချင်စိတ် ပေါ် လာရင် ငါတော့ ဖျားလိုက်တာပဲ'ဟု ဆိုသောအခါ ကျွန်တော် မယုံတာမျိုး ဖြစ်ပါလိမ့် မည်။ ညီဝမ်းကွဲတစ်ယောက်ကတော့ လေးငါးနှစ်သားကတည်းက ပြောစမှတ် တွင်သူ။ တစ်ရက်တော့ သူ့အမေကို 'အိပ်မက်ထဲမှာ ငါးတွေအများကြီးအမေရ' ဟု အိပ်ရာက နိုးနိုးချင်း ပြောပြသည်။ ကျွန်တော့် ညီနာမည်က မောင်မြင့်သိန်း ဆိုတော့ 'ငသိန်း ငါးတွေမက်လို့တဲ့ . . . ငါးတွေမှ အိမ်ပေါ် တက်တက်လာ တာ ဖွေးဖွေးလှုပ်လို့တဲ့' ဆိုသည့် အပိုတွေပါ ပါလာသည့်အခါ တစ်မျိုးလုံး ထီဆိုင် ပြေးကြသည်။ ထီ အတိတ်ရေးရသည့်ခေတ် ဆိုတော့ 'ငသိန်းအိပ်မက်

http://www.cherrythitsar.org



သိန်းဆုထွက်’ တို့ ‘ငသိန်းရဲ့ငါး သိန်းဆုပွား’ တို့ ‘ငသိန်းနဲ့ငါး တို့စီးပွား’ တို့ ဖြစ်ကုန်သည်။ အိပ်မက်ရှင် ငသိန်းသည်ပင် အမျိုးထဲမှာ အတော် တာစားသွား သည်။ အမေကတောင် ‘နင်များ ဘယ်တော့မှ ငသိန်းလေးလို အိပ်မက်ကောင်း မမက်ဘူး’ဟု ကျွန်တော့်ကို ကြိမ်းသည်အထိ ငသိန်း အိပ်မက်က ‘ပေါက်’ သွားခဲ့ ခြင်း ဖြစ်သည်။ ထိုဖွင့်တော့ ရှိစုမဲ့စု ရွှေဖွေထိုးကြသူတွေ ငွေကုန်တာ အဖတ် တင်သည်။ ဆွေမျိုးတွေက ဖွဲမလျော့။ ငသိန်းကလည်း သူ့ ငါးအိပ်မက်က တစ်မျိုးလှုပ်သွားတာကို သဘောကျသွားကာ ‘ရှင် ဘုရင်အဝတ်အစား ဝတ်ရ တယ်လို့ မက်တယ်’ လုပ်ပြန်သည်။ သည်တစ်ခါလည်း ရှာကြ ဖွေကြ ထိုးကြ။ ငါးက မပေါက်သော်ငြား ရှင်ဘုရင်ဆိုတာက ပေါက်နိုင်ခြေများသည်ကော။ ထီကတော့ ဘယ်သူ မှ မပေါက်။

‘တော်ပါဟယ် နင်တို့ဟာက ငသိန်းရှင်ဘုရင်ဖြစ်နေပါ့မယ် . . .’

နောင်မှာ ဆွေမျိုးစုထဲမှာ ကိုးကားစရာ စကား ကျန်ရစ်သည်။

ဘီလူးစီးသည်ဆိုသည့် အိပ်မက်တစ်မျိုးကတော့ ကြောက်စရာ ကောင်းသည်။ Horror ရုပ်ရှင်ကားတစ်ကားလို ချောက်ချားစရာကောင်းသည်။ ကျွန်တော် ဝန်ထမ်းဘဝက အလုပ်ဝင်ဝင်ခြင်း မော်တော်ကားကြီးတွေထဲ ဆီထည့်ပေးရသည်။ ဆီထည့်ချိန်က ည ဆိုင်းအဝင် မွန်းလွဲနှစ်နာရီ။ သည်တော့ နေ့လယ် ထမင်းစားပြီးတိုင်း ဆီဖြည့်ချိန်မတိုင်ခင်အထိ ဆီဂိုဒေါင်အနီး ကပ် လျက်က ကားပျက်ကြီးအောက်မှာ ကျွန်တော် အိပ်တတ်ပါသည်။ အိပ်တိုင်း လည်း ဘီလူးစီးသည်။ တစ်ရက်မဟုတ်။ နေ့စဉ်ကိစ္စ။ ကားပျက်ကြီးအောက် အိပ်တိုင်း ဘီလူးစီးတာကို ကျွန်တော် ခုထိ နားမလည်ပါ။ တိုက်ဆိုင်တာပါဆို လျှင်လည်း တော်တော်ကို လွန်လွန်းသော တိုက်ဆိုင်မှု ဖြစ်သည်။ သည်တုန်းက ဒရိုင်ဘာတစ်ယောက်ယောက် ဆီထည့်ဖို့ လာနှိုးမှ (အသားကိုလာထိမှ) နိုးတတ် တာကလည်း ထူးဆန်းသည်။ သည့်ထက် ထူးဆန်းတာက အရာအားလုံးကို ကျွန်တော် ကြားနေရခြင်း ဖြစ်သည်။ တချို့ မိသားစုတွေက တစ်အိမ်တည်း အတူတူ အိပ်နေကြသူတွေအားလုံး အလှည့်ကျ ဘီလူးစီးနေကြလို့ တစ်ယောက် တစ်ယောက် နိုးနေရတယ်ဆိုတာမျိုး ပြောကြတာ ကြားဖူးသည်။ ထမင်းလုံး တစ္ဆေ ဆိုတာကကော။ အိပ်မက်ဆိုးများ ဖြစ်လိမ့်မည်။ မကောင်းသောအတိတ် မကောင်းသောနိမိတ် မကောင်းသော အိပ်မက်ဆိုသည့်စကား ကျွန်တော်တို့ လူမျိုးမှာ ရှိသည်။

‘အိပ်မက်အတွင်း၌ သိစရာများနှင့် အသိများသည် အိပ်မက်နယ်ပယ် အတွင်း၌မူ အားလုံးအမှန်ချည်းဖြစ်သည်။ ထိုသဘောသည် လက်တွေ့အရ

http://www.cherrythitsar.org



မငြင်းနိုင်သော ကိုယ်တွေ့များ ဖြစ်ကြ၏။ အကယ်၍ နိုးလာသည့်အခါ၌မူ သိစရာများနှင့် အသိများသည် နယ်ပယ်ပြောင်းသွားကြလေပြီ။ ထိုအခါ အိပ်မက်အတွင်း မိမိကိုယ်တိုင် တွေ့ကြုံခံစားခဲ့ရသော သိစရာများသည် လည်းကောင်း၊ အသိများသည်လည်းကောင်း နိုးကြားနယ်ပယ်အတွင်း သစ္စာ မထိုက်တော့။အားလုံးအမှားချည်းသာ ဖြစ်ကြ၏။ ဤသို့ဖြစ်ရခြင်းမှာ အသိနယ် ပယ်ပြောင်းသွားခြင်းကြောင့် ဖြစ်သည်။ ထိုနည်းတူ ပုထုဇဉ်နယ်ပယ် အတွင်း မိမိတို့ ကိုယ်တိုင် တွေ့ကြုံခံစားရသော သိစရာများသည် လည်းကောင်း အသိ များသည် လည်းကောင်း အရိယာနယ်ပယ် အတွင်းသို့ ရောက်သောအခါ သစ္စာ မထိုက်တော့။ အားလုံးအမှားချည်းသာ ဖြစ်၏။'

ဆရာကြီးဦးရွှေအောင်၏ 'ဗုဒ္ဓ၊ လောကသားတို့၏ အနှိုင်းမဲ့ကျေးဇူး ရှင်' ကို ဖတ်မိသည့်အခါ ပုထုဇဉ်နယ်ပယ်အတွင်း အိပ်မက်မက်နေကြရသည့် သဘောကို မြင်ရသည်။ ပုထုဇဉ်ဘဝ နယ်ပယ်သည် သစ္စာမထိုက်သော အိပ်မက်များဖြင့် ပြည့်နေသည့်ဘဝဆိုတာ နားလည်ရသည်။ မေတ္တာအကျိုးများ တွင် ချမ်းသာစွာ အိပ်စက်ရခြင်း၊ ချမ်းသာစွာ နိုးထရခြင်း၊ အိပ်မက်ဆိုးများ မမြင်မက်ရခြင်း အကျိုးသုံးပါး ပါနေသည်။ အဘိုး ကတော့ အိပ်မက်မက်တာ အကြောင်းရင်းတွေ ရှိသည်ဟု ဆိုသည်။ နတ်တို့ လှည့်စားလို့ မက်သည်။ ကိုယ်စောင့်နတ် ပြောကြား၍ မက်သည်။ ဓာတ်ချောက်ချား၍ မက်သည်။ လေသည်းခြေကြောင့် မက်သည်။ ခံစားဖူး၍ မက်သည်။ မတော်ရာနေမိ၍ မက်သည်။ အတတ်ပညာဖြင့် ဖမ်းစားသဖြင့် မက်သည် ဟူသော အကြောင်း တွေ ဖြစ်သည်။ ဆေးဆရာများကတော့ လေနာရှိလျှင် မက်တတ်သည်။ သည်းခြေပျက်လျှင် မက်တတ်သည်။ သလိပ်ပျက်လျှင်လည်း မက် တတ်သည်။ သိန္နိပါတ်စွဲလည်း မက်တတ်သည်။ နတ်တို့ ဖျားယောင်းလျှင်လည်း မက်တတ် သည် ဟု ဆိုတတ်ကြပါသည်။

ဆရာကြီး ရွှေဥဒေါင်းကတော့ 'ထူးဆန်းသော အိပ်မက်များကို မိခင်က မြင်မက်တတ်သည်ဖြစ်ရာ ကျွန်ုပ်မှာလည်း မိခင်ထံမှ ပါလာလေ သလောမသိ ထူးဆန်းသော စိတ်သဘာဝတစ်မျိုး ဆက်ခံရရှိပုံရ၏' ဟု ဘဝ တစ်သက်တာမှတ်တမ်းတွင် ရေးဖူးပါသည်။ ဒေစီဆိုသည့် မြင်းကို ဆရာကြီး အိပ်မက်မက်သည်။ မြင်းပွဲမှာ ဒေစီဆိုသည့် မြင်းရှိမရှိပင် မသိသော ဆရာကြီး က မိတ်ဆွေတစ်ဦးကို မေးကြည့်သည်။ မိတ်ဆွေက ရှိကြောင်းပြောသော်လည်း 'ခဲ' မနိုင်လောက်သည့် မြင်းဟု သဘောထားပေးသည်။ 'ထိုနေ့က ဒေစီ၏ လျော်ကြေးမှာ အခြားပွဲများ၏ ဝင်းထက်ပင် ပိုသေးသည်' ဟု ရေးကာ

http://www.cherrythitsar.org



အိပ်မက်မှန်ကြောင်း မှတ်တမ်းတင်ခဲ့သည်။ ဒုတိယ အိပ်မက်မှာတော့ 'လာရီ' ဆိုသည့် အင်္ဂလိပ်စာလုံးကြီးကို ဘလက် ဘုတ်မှာ မြင်ရသည်ဟု အိပ်မက်မက်သည်။

'လာရီကို ပက်ဒေါ့သို့ ထုတ်လာသောအခါ အလွန်ဆိုးပုံရသော မြင်းနက်ကြီးဖြစ်၍ ကြိုးနှစ်ချောင်းနှင့် ဆိုက်ကုလားနှစ်ယောက် ကိုင်ရ၏။ ကိုထွန်းသန်းက ခင်ဗျားကောင်ကြီးက ဆိုးကဆိုးသနဲ့ ဂိတ်မှာ ကျန်ရစ်ပါလိမ့်မည် ဟု ပြောသေး၏။ သို့သော် လွှတ်လိုက်သောအခါ အုပ်ထဲက လိုက်သော်လည်း ပန်းအဝင်တွင် ထိုးတက်လာပြီး ရှေ့ဆုံးမှ ဝင်သွားလေသည်။'

သည်ဖြစ်ရပ်များ ဖြစ်ပြီး ကိုးနှစ်မျှကြာသည့်အခါ ထူးဆန်းသော အိပ်မက်ကို ဆရာကြီး မက်ပြန်သည်။ အကွက်နှစ်ဆယ်ခန့်ပါသည့် ဂဏန်းကွက်များတွင် အင်္ဂလိပ်ဂဏန်းများ ရေးထိုးထားသည်ကို အိပ်မက်မက်ခြင်း ဖြစ်သည်။ အိပ်မက်ထဲတွင် တရုတ်က သုံးခါ ဖွင့်ပြသည့် ဂဏန်းများမှာ '၁၄. ၈. ၆' တို့ ဖြစ်သည်။ ထိုဂဏန်းများကို မြင်းပွဲမှာ ထိုးသည့်အခါ နှစ်မျိုးမှန်၍ တစ်မျိုးသာ လွဲသည်ဟု ရေးခဲ့သည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ မှာတော်ပုံဝတ္ထုမှ ဗားကရာ လူထွက် ဦးကျော်ဒွေးနှင့် အကြောင်းပါသော ဝန်ကတော်ဟောင်း ခင်အုံ၏ အိပ်မက်ကိုလည်း ကျွန်တော် ဖတ်ရသည်။ မိလိန္ဒ မင်းကြီးက ရှင်နာဂသိန်ကို အိပ်မက်နှင့် စပ်လျဉ်း၍ မေးဖူးသည်။

'မင်းကြီး အိပ်မက်သည် အိပ်ပျော်စဉ်လည်း မမြင်မက်။ နိုးကြားစဉ်လည်း မမြင်မက်။ စင်စစ်ငိုက်မျဉ်းခြင်းသို့ သက်ရောက်သော် ဘဝင်အယဉ်သို့ မရောက်မီ ဤအတွင်းသာ အိပ်မက်ကို မြင်မက်၏။ ဘဝင်အယဉ်သို့ ရောက်သောစိတ်သည် ဇောဝီထိမဖြစ်နိုင်၍ ချမ်းသာ ဆင်းရဲကို မသိ။ ချမ်းသာဆင်းရဲဖြစ်ခြင်းကို မသိသောသူအား အိပ်မက်မက်ခြင်းသည် မဖြစ်ချေ။ ဇောဝီထိစိတ်ဖြစ်မှ အိပ်မက်မြင်မက်၏။'

နိုးကြားခြင်းနှင့် အိပ်ပျော်ခြင်းအလယ်တွင် အိပ်မက်ကို မြင်သည့်သဘော ဖြစ်သည်။

ဆစ်ဂမန်ဖရွိုက်ကတော့ ရှေးရိုးအိပ်မက် တိတ္ထုံအဓိပ္ပာယ် ကောက်နည်းကို အစဉ်လာသင်္ကေတ အဓိပ္ပာယ်ပြန်နိမိတ်ကောက်နည်းဟု သုံးသည်။ အိပ်မက်တွင်ပါရှိသည့် အချက်များကိုယူပြီး တခြား ပါရှိချက်အတွင်း ထည့်သွင်းခြင်းများသာ ဖြစ်သည်ဟု ဆိုသည်။ အိပ်မက်အညွှန်းဖြေနည်း (Decoding) ကတော့ အိပ်မက်တွင်း သင်္ကေတတစ်ခုကို အခြားအဓိပ္ပာယ်ရှိ သင်္ကေတ

http://www.cherrythitsar.org



ရရှိလာအောင် ပုံသေသော့ချက် (Key) ဖြင့် အဓိပ္ပာယ်ဖော်နိုင်ခြင်းကို ဆိုသည်။ အိပ်မက်တွင်ပါရှိချက်များနှင့် မက်သူ၏ အကြောင်းအရာ အခြေအနေကိုလည်း တွက်ယူရသည်နည်းဟု ဆိုနိုင်သည်။ ဖရွိုက်က အိပ်မက်ကို သိပ္ပံနည်းကျ နည်းစဉ်ဖြင့် အဓိပ္ပာယ်ဖော်နိုင်သည်ဟု ယူဆသူဖြစ်သည်။ စိတ်ခွဲစိစစ်နည်းကို လေ့လာရင်း အိပ်မက်စိစစ်နည်းကိုပါ ရှာဖွေတွေ့ရှိခဲ့သူလည်း ဖြစ်သည်။ အိပ်မက်ကို ရောဂါလက္ခဏာပြဖြစ်စဉ်အဖြစ် သဘောထားခဲ့သူလည်း ဖြစ်သည်။ သူ့ထံ ရောက်လာတတ်သည့် စိတ်ဝေဒနာရှင်တချို့၏ အိပ်မက်ကို ပြန်ပြော ခိုင်းတတ်ပြီး ထိုအိပ်မက်တစ်ခုလုံးကို ခြုံပြီး အနက်မကောက်ဘဲ အပိုင်းပိုင်း ပြုကာ အနက်ကောက်သည်။ အိပ်မက်အစိတ်အပိုင်းငယ် တစ်ခုစီကို လွတ်လပ်စွာ ပေါင်းစည်းယူခြင်း (Free Association) လုပ်စေရသည့်နည်းဟု ဆိုပါသည်။ တစ်နည်းအားဖြင့် ဝေဒနာရှင်၏ စိတ်ကို နာမှတ်စေခြင်း ဖြစ်သည်။ ပမာအားဖြင့် စိတ်ဖွဲ့စည်းမှု၏ အစုအခဲသဘော'ဟု ဆိုသည်။ ဖရွိုက်က ဝေဒနာရှင်များ၏ အိပ်မက်တစ်ထောင်ကျော်ကို လေ့လာခဲ့သည်။ သူကိုယ်တိုင် မက်ခဲ့သည့် အိပ်မက်တွေကို လေ့လာခဲ့သည်။ ဤသို့ဖြင့် စိတ်စွဲစိစစ်ခြင်း သုတေသန ကြားမှာ အိပ်မက်စိစစ်ခြင်းကိုပါ တွေ့ခဲ့သည်ဟု ဆိုနိုင်သည်။

'အိပ်မက်ခြင်းမပြုခင် အခြေအနေဟာ စိတ်ညို့မခံရခင် အခြေအနေနဲ့တူတယ်။ အိပ်စက်မှုအခြေအနေဟာ မိမိအတွေစိတ်ကူးတွေအပေါ် လွှမ်းမိုးထားတဲ့ ရည်ရွယ်ပြီးလုပ်နေတဲ့ လှုပ်ရှားမှုတွေ (Voluntry activity) ပြေလျော့သွားပြီး အလိုအလျောက် စိတ်ကူးတွေ (Involuntry activity) တွေ ပေါ်ပေါက်တဲ့ အခြေအနေနဲ့ တူတယ်။ သည်အလိုအလျောက်အတွေးဟာ အမြင်ပုံရိပ်၊ အသံပုံရိပ် (Visual and acoustic images) ဖြစ်လာတာပဲ။ ဒါဟာ အိပ်မက်ပုံရိပ်ပဲ'

ဆရာဦးခင်မောင်ဆွေ၏ 'စိတ်တံခါးဝမှာ' ဆောင်းပါးကို ဖတ်ရင်း အိပ်မက်တွေအကြောင်း အိပ်မက်မက်နေမိပါသည်။ ထူးဆန်းတာက အိပ်မက်တွေထဲမှာ မိမိသည် ဇာတ်လိုက်ဖြစ်နေတတ်ခြင်း ဖြစ်၏။ မိမိနှင့် ပတ်သက်သည့် ဇာတ်လမ်းကျောရိုးထဲမှာ အခြားလူတွေက (အခြားကိစ္စတွေက) ဇာတ်ပို့တွေ ဖြစ်နေတတ်သည်။ အိပ်မက်ထဲမှာ မိမိနှင့် သူတစ်ပါးအားလုံးက စိတ်နှစ်ကိုယ်နှစ် သရုပ်ဆောင်ချက်တွေက လူနှင့် အင်မတန် တူသည်။ အိပ်မက်ဆိုသော်လည်း ရသကိုးပါးထဲက တစ်ပါးပါးနှင့် မလွတ်သော 'ရသဖွဲ့တည်မှု' မလွတ်။ အကြောင်းယုတ္တိကတော့ သရုပ်မှန်လည်း ဖြစ်ချင်ဖြစ်မည်။ ပို့စ်မော်ဒန်လည်း ဖြစ်ချင်ဖြစ်မည်။ အင်ပရက်ရှင်နစ်ဇင်၊ ဆာရီယယ် လစ်ဇင်၊ ဒါဒါယစ်ဇင်တွေ တောင် ဖြစ်နိုင်သေးသည်။ အိပ်မက်၏ အကြောင်းအကျိုး အကောင်းအဆိုးကို

http://www.cherrythitsar.org



အကျိုးအပြစ်သဘော ဆင်ခြင်ခြင်းကို တိတ္ထုံဟု သုံးခြင်းဖြစ်သည်။ သည်တိတ္ထုံကြောင့် အိပ်မက်နဂ္ဂတစ်ကော်ပြားသည် ပေါ့စတစ်ဖြစ်လာရသည်ဟု ကျွန်တော်ထင်ပါသည်။ 'ဆင်မြင်းလိုပြည့်၊ ရမည့်အကြောင်း၊ အိပ်မက်ကောင်းသို့၊ ကျဉ်းမြောင်းစွာငြား၊ စီးပွားနောင်ခန့်၊ စိတ်ပြန့်ပြန့်လျှင်၊ ကောင်းညွှန့်တိတ်ထုံ၊ ယုံသည်ပီပီ' ဟု ဘုံခန်းပျို့မှာ လာသည်။

အိပ်မက်တွေ မကြာခဏ မက်တတ်သလောက် အိပ်မက်တွေအကြောင်း ဆွေးဆွေးမြွေမြွေပြောတတ်သော အမေက အိပ်မက် တိတ္ထုံကို အလွတ်ကျက်ထားသည်။ အိပ်မက်ကို အဓိပ္ပာယ်ဖွင့်ကာနီးတိုင်း အမေက ခမ်းခမ်းနားနား ပြောတတ်ပါသည်။

'ဟဲ့နေ့ခင်းမက်တော့ မှန်မမှန် နှစ်ပါးရှိသဟဲ့၊ ညဦးယံ မက်တာလား၊ မိုးသောက်ယံမက်တာလား၊ မိုးသောက်မှ မက်တာလား။ မွန်းတည့်မှ မက်တာလားဆိုတာ ရှိသေးတယ်။ တနင်္ဂနွေနေ့ မက်တာ မယားဖို့၊ တနင်္လာမက်တော့ ဆွေမျိုးဖို့၊ အင်္ဂါမက်တော့ အကြီးအကဲ မိဘဖို့၊ ဗုဒ္ဓဟူး၊ ကြာသပတေးက အဆွေခင်ပွန်း၊ သောကြာက ကျွဲ နွား၊ စနေကမှ ကိုယ့်အတွက်ကိုးအေ့'

သည်လိုစလိုက်လျှင်ပင် အမေ့တိတ္ထုံကို မေးသူတို့ တစ်ဝက်ယုံကြပြီ။ အိပ်မက်မကောင်းလို့ စိတ်ညစ်နေသူတွေကိုဖြေဆေးပေးသည်လည်း ရှိ၏။ ဆီမီးပူဇော်၊ မိဘဆရာသမားကန်တော့၊ ဘုရားကျောင်းဇရပ်ပျက်ပြင်၊ ကိုယ်စောင့်နတ် တစ်ကျိပ်နှစ်ပါးကို ပူဇော်၊ တံတားခင်း၊ ညောင်ထောက် စသဖြင့် ကောင်းတာတွေ ညွှန်းတတ်သည်။

'သည်မယ် သဖန်းခါးမြစ်၊ သရက်မြစ်၊ ဥသျှစ်ရွက်၊ ဇလပ်ရွက်၊ ကြခတ်ရွက်၊ ကင်ပွန်းသီး၊ ပန်းဥ၊ လင်းနေကို ပုန်းရည်နဲ့ဖျော် တရော်ကောင်းကောင်းနဲ့သာ ခေါင်းလျှော်စမ်း မကောင်းတဲ့အိပ်မက် နင်နေငါသွားပဲ . . . '

သူတစ်ပါးကို အဲသလို ဖြေလျှော့တတ်သော အမေက သူ့ အိပ်မက်တွေကိုတော့ ခပ်ပေါ့ပေါ့သဘောမထားတတ်ပါ။ သားရိုး ငါးရိုးမက်လျှင် ဖျားနာမည်။ ရေနောက်မက်လျှင် ရန်ရှိမည်။ မီးဖိုဖွဲ ငွေ့မက်သော် နှလုံးပူဆာမည်။ ကြက်ခွပ်မက်လျှင် ရန်ရောက်မည်။ ချားရဟတ်မက်လျှင် မကောင်းကြုံခြင်းခံရမည်။ ဖိနပ်စီးမက်လျှင် ဖျား နာမည်။ အမေရွတ်နေကျ တိတ္ထုံတွေကို ကျွန်တော် အလွတ်ရနေပြီ။

ပသေနဒီကောသလမင်းကြီးကတော့ သူ့မိဖုရား မလ္လိကာ မိဖုရားကို တစ်ဆယ့်ခြောက်ချက်သော အိပ်မက်နှင့် စပ်လျဉ်း၍ ရှင်မိဖုရား သင်ကား ချမ်းသာပေ၏။ ငါတို့ 'နားရင်း၌ သွားသော မြွေဟောက်ကို မသိသဘော' ဟု

http://www.cherrythitsar.org



မေးဖူးသည်။ အိပ်မက်ဆိုတာ နားရင်း၌လျှောက်သော မြွေဟု အလင်္ကာ မြောက်စကားဆိုခဲ့သော ပသေနဒီ ကောသလမင်းသည်ပင် ကဗျာစာတတ်ရှိသည် ကော။

ကျွန်တော်တို့ ရွာကလေးက အုတ်ဇရပ်ဟောင်းကလေးကို ကျွန်တော် အမှတ်ရသည်။ သီးပင်တော၊ ပေပင်တောအုပ်အုပ်ကြားက ထုံးဖြူမပြယ့်တပြယ် အုတ်ဇရပ်ကလေးထဲမှာ နိပါတ်တော်ခန်း ပန်းချီကားတွေ ရှိသည်။ သီးပင်တော မှာ ကစားရတိုင်း အုတ်ဇရပ်ကလေးထဲမှာ နားရသည်။ အုတ်ဇရပ်ကလေးထဲမှာ နားရတိုင်း ကောသလမင်းကြီးနှင့် တွေ့ရမြဲ။

'ကောသလမင်းကြီးက ဘုရင်ဆိုတော့ ကောင်းကောင်းစားပြီး ဇိမ်နဲ့ အိပ်ရတော့ ချောက်ချောက်ချားချား မက်တာ နေမှာပေါ့ကွာ၊ ငါ့ဖြင့် ကိုင်းထဲက အပြန်တုန်းကနဲ့ပဲ၊ အိပ်မက်မက်ချင်လို့တောင် မမက်ဘူး၊ အိပ်မက်ဆိုတာ အလကားကြည့်ရတဲ့ ဘိုင်စကုပ်တွေ၊ အကြမ်းအရမ်း အလွမ်းအသော အငို အရယ် အကုန်ပါတာ။ အိပ်မက်ဆို မက်သာမက်ဟ . . . မင်းအမေတော့ ဘာမက်တယ်၊ ညာမက်တယ် ပြောပြမနေနဲ့ . . . '

အမေ့မောင် ကျွန်တော့်ဦးလေး၏ သဘောထား ဖြစ်သည်။ ကျွန်တော့် အတွက် (Concept) တစ်ခုရလိုက်သည်။ အိပ်မက်တွေက တကယ်ဖြစ်လာသည် ဆိုသည့် စကားရှိသည်။ ပြောင်းပြန်အားဖြင့် တကယ်ဖြစ်နေတာတွေကလည်း အိပ်မက် ဖြစ်သွားနိုင်သည်။ အိပ်မက်တွေကို တကယ်ထင်တတ်နေခဲ့တာ ကျွန်တော့် တစ်သက်ရှိခဲ့ပြီ။ အမေနှင့် ဆစ်ဂမန်ဖရွိုက်ကို ကျွန်တော် အားနာပါ သည်။

■

*(IDEA / ၂၀၀၂ - ဒီဇင်ဘာ)*

http://www.cherrythitsar.org

# မြောက်ဘက်မြင်းများ

စိုင်နိုင်ကွေ့ဟုခေါ်ကြသော ရွှေဘိုမရောက်ခင်ရွာကလေး ထိပ်မှာ ကျွန်တော်တို့စီးလာသော ဘတ်စ်ကားကြီးရပ်သည်။ သည်ကမှ အတွင်းဘက် ငါးမိုင်လောက် ဝေးမည့် မင်းကျီကို ခရီးဆက်ရမည်။ မင်းကျီက မန္တလေး ပန်းချီဆရာ ကိုပိုလ်စောရဲ့ရွာ။ ဇာတိရွာ။ သည်ခရီးမှာ သူပါ ပါလာသည်။ ကွန်မန်ဒိုဂျာကင်၊ ဆံပင်ခေါင်းပွ၊ ကွမ်းပါးစပ်၊ နှုတ်ခမ်းမွှေးထူထူ၊ ရီဝေသော အပြုံး။ ပန်းချီဆရာ ဦးခင်မောင်စန်းနှင့် ဇနီးတို့လည်းပါ၏။ ကျန်တာက ကျွန်တော်၊ ကိုညီပုလေး၊ ကိုဆူးငှက်၊ ကိုညိုထွန်းလူ။ စိုင်နိုင်ကွေ့မှာ ခဏနားနေကြတော့ အနီးအိမ်က ပလတ်စတစ်ကုလားထိုင်ပြာကလေးတွေမှာ ထိုင်ကြရသည်။ လာကြိုကြသည့် မော်တော်ဆိုင်ကယ်ကချည်း ခုနှစ်စီး။ ခဏနေတော့ လမ်းကြမ်းသုံးကားတစ်စီး ရောက်လာကာ ကျွန်တော်တို့ ထိုင်နေကြသည့် ကုလားထိုင်ပြာတွေ တင်သွားသည်။ ကျွန်တော်တို့က ဆိုင်ကယ်နောက်ခုံမှာ အသီးအသီး အသက အသက ခွာကြရပြီ။ ဤသို့ဖြင့် မင်းကျီလမ်းသည် ကျွန်တော်တို့နှင့် စတင် ရင်းနှီးရသည်။

'ကိုင်ထားနော်ဆရာ . . . ဆရာ့ကို အားနာတယ် . . .'

**ချမ်းမြေ့ရတနာ**

http://www.cherrythitsar.org



လမ်းကိုမတွေ့မီက အားနာနှင့်ပြီ။ ကျွန်တော်က ဆိုင်ကယ်ဆရာလူငယ်ကို အားနာနေသည်။ ဆိုင်ကယ်ကိုလည်း အားနာသည်။ လမ်းက ခုံးခုံးထနေသည်။ ဥသျှစ်သီးလုံးလောက် ကျောက်ခဲကြီးတွေက မညီမညာ။ မိုးရွာပြီးစဆိုတော့ မြေစေးမည်းမည်းတွေက ငါးမန်း ဆူးတောင်တွေလို ထက်မြနေသည်။ ရွေးစရာလမ်းကောင်းမရှိ။ သို့သော် မင်းကျီသားတို့ ကျွမ်းကျင်ပါသည်။ ခြေနှစ်ဘက်ကို ဆိုင်ကယ်ခြေနင်းတုံးပေါ်နင်း၊ လက်တစ်ဘက်က ဖင်ထိုင်ခုံနောက်က သံမဏိတန်းကလေးကို ကုပ်၊ ကျန်လက်တစ်ဘက်က အတက်ချိုကော့စ်ကို ကိုင်ရင်း လိုက်ရသည်။ မီးရထားဖြင့် ခရီးသွားများခဲ့လို့သာ တော်တော့သည်။ ဂုံနီအိတ်ထဲ လိပ်တစ်ကောင်ထည့် ထုတ်ပြီး မြင်းနှင့်ဆွဲပြေးတာမျိုးလား။ မဟုတ်ပါ။ ဆိုင်ကယ်ရှေ့ အက်ဗ်ဆော့ဗား ညွှတ်ပြောင်းမှုအလိုက် ကျွန်တော့်ခန္ဓာကိုယ်သည်လည်း စုချည်ဆန့်ချည် ဖြစ်နေရသည်။ ဆိုင်ကယ်မောင်းသူက တစ်ခါတစ်ခါ ခုံးထနေသည့် ရွှံ့သားမာမာကြီးတွေကို ခြေနှင့်တစ်ဘက် တစ်ချက်ကန်ရင်း တည့်မတ်နေရတာ မြင်နေရသည်။ သည်အချိန်မှာ သူ့စိတ်ထဲဘာရှိနေမလဲ ကျွန်တော် တွေးနေမိသည်။ သူ့ဆိုင်ကယ် အသစ်ကြီးကို နှမြောသည့်ဟန်လုံးဝမရှိ။ ကျွန်တော်လိမ့်ကျသွားမှာကိုသာ စိုးရိမ်နေသည်။ သူတို့လမ်းကို သူတို့ရှက်ရွံ့အားနာရှိနေပုံ ပေါ်သည်။ စာရေးဆရာတစ်ယောက် ဆိုင်ကယ်ပေါ်ကပြုတ်ကျခြင်းသည် ကြီးလေးသော ပြစ်မှုကို ကျူးလွန်ရာကျလိမ့်မည်ဟု သူတွေးနေပုံရသည်။ ကျွန်တော့်အတွေးကတော့ တစ်မျိုး။ တောင်စွယ်နေကွယ်ချိန်မှာ ကွပ်မျက်ခံရဖို့ ပါးကွက်အာဏာသားနောက် လိုက်နေရတာမျိုး ဖြစ်နေသည်။ ရာဇဝတ်သားက တောင်စွယ်က နေကို လှမ်းကြည့်သကဲ့သို့ ကျွန်တော်သည်လည်း ဘယ်အချိန်ပြုတ်ကျပါ့မလဲ အကဲခတ်ဖို့ ရှေ့လမ်းကို ကြည့်နေရသည်။ တစ်ချက်ကလေး ကောင်းကွက် မရှိ။ ပိုလို့သာ ဆိုးတော့သည်။

စပါးခင်းတွေက ကွင်းပြန့်ကျယ်ကြီးတွေ။ တစ်ဘက်တစ်ချက် တစ်မျှော်တစ်ခေါ်။ ဗုဒ္ဓသရဏံ ပင်ရိုင်းအပွင့်ဝါဝါတွေက လင်းလင်းချင်းချင်း မရှိ။ ကိုင်းပင်တွေကတော့ စိမ်းခြောက်ခြောက်။ စပါးခင်းပြန့်က ဝင်းမှည့်။ တချို့လည်း စိမ်းဝါ။ တချို့အခင်းတွေက ရိတ်သိမ်းချိန်လွန်။

"ဟိုကမြင်ရတာ မင်းကျီလား"

"မဟုတ်သေးဘူး ဆရာ၊ တော်တော်လေး လိုသေးတယ် . . . အခုမှအစရှိသေးတာ . . . "

လူငယ်က ဟန်ချက်ထိန်းရင်း ပြန်ဖြေသည်။ ကျွန်တော့် ဘေးက မော်တော်ဆိုင်ကယ်တစ်စီး ဝေါခနဲ ဖြတ်တက်သွားသည်။ နောက်ခုံမှာတော့

http://www.cherrythitsar.org



ကိုဆူးငှက်။ စွပ်ဖားလှည်းပေါ်က အက်စ်ကီးမိုး တစ်ယောက်နှင့် တူနေသည်။ ဆိုင်ကယ်သမားခါးကို ကျကျနနကြီး ဖက်ထားသည်။ ခရီးဆောင်အိတ်က နောက်ဘေးဘက်မှာ ဝဲကျနေသည်။ ကိုညိုထွန်းလူကို တင်သွားသည့် ဆိုင်ကယ် ကတော့ ဝေးဝေးရောက်နှင့်ပြီ။ ကိုညီပုလေးကကော။ မလှမ်းမကမ်းမှာ ရှိနေ သည်။ ဆိုင်ကယ်ဆရာလေးကို မေးခွန်းတွေ မေးနေဟန်တူသည်။ သူငယ်ချင်း တွေကို ကြည့်ရင်း ထနောင်းပင်တန်း၊ လမ်းကြမ်းကြမ်းဆီ စိတ်ရောက်သွား သည်။ သံကိုင်းကုန်းဇောင်းမြင်းလှည်း (မြင်းရထား) လမ်းကလည်း ဒါမျိုးပါပဲ။ အတိတ်ဆီ တစ်ခါတစ်ခါ စိတ်ရောက်လျှင် လွမ်းစရာကောင်းသည်။ သည်ဒေသ ကလည်း သုနာပရန္တဒေသ ဖြစ်သည်။ နိုင်ငံသမိုင်းသည် သုနာပရန္တနှင့် တမ္ဗဒီပသမိုင်းဟု ဆိုနိုင်သည်။ ဧရာဝတီနှင့် ချင်းတွင်းသည် နိုင်ငံလူမှုရေး၊ စီးပွားရေး၊ အနုပညာရေးများတွင် အရေးပါသည်။ သည်မြစ်နှစ်စင်း ပေါင်းဆုံရာ အရပ်ထဲက သမိုင်းပုံရိပ်တွေ ခုန်ထွက်နေသည်။ ကုန်းဘောင်ခေတ်မှာတော့ ယောနကတိုင်း (ယောနယ်)၊ ခိရဋ္ဌတိုင်း (ချင်းနယ်)နှင့် မေရိယတိုင်း (ကလေး သောင်သွပ်နယ်) အဖြစ် ထပ်မံခွဲသည်။ မုန်းချောင်းလွင်ပြင် မန်းချောင်းလွင်ပြင် မှသည် မူးချောင်းလွင်ပြင်ကျယ် ကြီးထဲ ကျွန်တော် ရောက်နေသည်ကော။

အင်္ဂလိပ်စာရေးဆရာ အိတ်ချဗီဟော်တန်( H.V Horton) က In Search of England တွင် သည်လို ရေးခဲ့သည်။

'မည်းမှောင်ညစ်ကျူသော စိတ်ဖြင့် ကျွန်တော်သည် ဂျေရုဆလင်မြို့ ကို စီးကြည့်နေသည့် တောင်ကုန်းတစ်ခုပေါ်သို့ တက်လာခဲ့ပါသည်။ ထိုနေရာ သည် သေဖို့ အကောင်းဆုံး ဖြစ်သည်ဟူသော အတွေးဖြင့် ထိုကုန်းမြင့်ပေါ်မှ ရပ်၍ ကျွန်တော့်ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော အင်္ဂလန်ပြည်ဘက်သို့ ရော်ရမ်းမှန်းဆ၍ ကြည့်ပါသည်။ ယခုပြန်စဉ်းစားကြည့်လျှင် ရှက်ဖွယ်ကောင်း အိမ်လွမ်းစိတ်ကို လွှတ်၍ ပေးလိုက်ပါသည်။

ဖော်ရွေမှုကင်းသည့် တောင်တန်းကြီးများကို ကျော်၍ မျှော် ကြည့်ရင်း ကျွန်တော်သည် ကိုယ့်ဇာတိရပ်ရွာကို အမှတ်ရနေပါသည်။

ကျွန်တော်တစ်ယောက်တည်း အိမ်လွမ်း၊ ဇာတိလွမ်းစိတ္တဇ ဖြစ်နေ သည် မဟုတ်။ ဆိုင်ကယ်ဆရာလူငယ်ကလည်း စပါးပိုးကျ စိတ္တဇရှိနေသည်။ တဝုန်းဝုန်းခါနေသည့် ဆိုင်ကယ်ကို ထိန်းရင်းမေးချင်တာကို မေးနေသည်။

'ကျွန်တော်တို့ဆီမှာ သည်နှစ် စပါးတွေပိုးလား၊ မှိုလား မပြောတတ် ပါဘူး၊ မနောသုခစပါးပင်တွေ ဂုတ်ကျိုးနေတာတွေ ဖြစ်တယ်၊ အထွက်ဆုတ်တာ ပေါ့ . . . '

http://www.cherrythitsar.org



စပါးရောဂါများကို ကျွန်တော် မသိ။ စာရေးဆရာဆိုတော့ စပါးကိစ္စ သိလောက်မည်ထင်လို့ မေးတာလား။ ကျွန်တော်က ကုန်းဘောင်ခေတ်ဦး ရတနာသိင်္ခ ကာလတွေကို စိတ်ရောက်နေသည်။ သည်တုန်းကတော့ မနော သုခမရှိ။ ကောက်ကြီး၊ ကောက်တီ၊ တောင်ယာနှင့် မုရင်းစပါးမျိုးတွေသာ ရှိသည်။ အလောင်းမင်းတရား လက်ထက်က ဤဒေသသည် ဆား၊ ဆပ်ပြာ၊ ယမ်းပေါသည့် ဒေသဖြစ်သည်။ ချိုချဉ်ငံဖန် ရသာလေးပါး၊ ရေပေါသည့် ဒေသဖြစ်သည်။ ရွှေစေးညွန့်ထူလို့ ရန်သူတို့ လုပ်ကြံနိုင်ခဲသည့် ဒေသဖြစ်သည်။ ရန်သူနှင့် ရင်ဆိုင်လျှင် သွေ့ဖီသော အမှုထမ်းကို မြို့စောင့်နတ်က ကွပ်မျက်သည် ဆိုသော အရပ်ဖြစ်သည်။ အဝေးအောင်ပွဲတွေကို နေပြည်တော်က ချက်ချင်းသိ သည့် အရပ်ဖြစ်သည်။ မင်းကောင်းကျင့်စဉ် ပြည်သူကို မနှိပ်စက်သော အရပ် ဖြစ်သည်။ ရဟန်းသံဃာတော်တို့ စည်ပင်ရာ ဝင်းပသာသနာ အရပ်ဖြစ်သည်။

'ရှေးကတော့ သည်အရပ်ဟာ မြက်ဝါးသက်ကယ်ပေါတယ်၊ ဟင်းသီး ဟင်းရွက်ပေါတယ်၊ အကောက်အယူမဲ့တယ်၊ ကင်းကုတို့ အတိုင်လွတ်တယ်၊ စပါးပြောင်းပဲပေါတယ်၊ လုပ်စရာနေစရာ ပေါတယ်လို့ ဆိုတာပဲ၊ ဆင်းရဲသား တွေပျော်တဲ့ အရပ်ဆိုပါတော့ ဆိုလိုတာက လူနဲ့ ပတ်ဝန်းကျင် ဟာမိုနီဖြစ်တဲ့ အရပ်ပေါ့ . . . "

သည်လိုဒေသမှာ မနောသုခစပါးကို ကိုက်ဖြတ်သော စပါးပိုးတို့ ဘယ်ကရောက်လာပါသလဲ။ ကျွန်တော်မသိ။ ဒါက စိုက်ပျိုးရေး သုတေသန အလုပ်ဖြစ်သည်။ ရှေးကတော့ အသည်နှင့် စုခြားခွဲသည်။ အသည်ဆိုတာက အခွန်တော်မင်းမှုတော်ကျလျှင် စုပ်ခနဲ နေအောင် ဆောင်ရလိုက်သူတွေ။ စုခြားကတော့ မင်းမှုထမ်းအစု အမျိုးမျိုးကို ဆိုသည်။ ကုန်းဘောင်ခေတ်ဦး မြို့ရွာနေအိမ်ခြေစာရင်းတွင် ဇေယျာပူရ (စစ်ကိုင်း)က နှစ်စုအိမ်(အသည်း နှင့်စုခြားပေါင်း) ၁၁၅၇၀၊ ဒီပဲယင်းက ၁၄၆၆၂၊ ရတနာသိင်္ခက ၁၃၇၂၉၊ အလုံက ၁၇၄၁၈။ ရှေးက ဒီပဲယင်းက ပိုမိုစည်ကားနေသည်။ သည်မြို့တွေထက် စည်ကားသည့် မြို့မှာ ပုခန်းကြီး ဖြစ်သည်။ ၂၀၉၄၉။ ရှေးက လူနေအိမ်ခြေ ဖော်ပြလျှင် မြို့နယ်အလိုက်၊ တိုက်စုအလိုက်၊ ဝန်းစုအလိုက် ဖော်ပြကြသည်။ သူကြီးအုပ်ချုပ်ရာ ရပ်ရွာအလိုက် သoeem၈ ကောက်ခံတာမျိုးလည်း ရတနာပုံ ခေတ်တွင် ရှိလာခဲ့သည်။

'ကျွန်တော်တို့ ရွာကတော့ စပါးစိုက်တာ များတယ်။ အနောက်ဘက် ရွာကတော့ ဂျုံနဲ့ပဲ စိုက်တယ်၊ မြေချင်းမတူဘူး ထင်တာပဲ။ ကျွန်တော်တို့ ရွာကမှ သဲဆန်သေးတယ်၊ အနောက်ရွာတွေက မြေပိုစေးတယ် . . . '

http://www.cherrythitsar.org



သူကလည်း သူ့စိတ်ကူးနှင့်သူ ဖြစ်လိမ့်မည်။ ကျွန်တော်ကလည်း အလောင်းမင်းတရားကြီးသည် ရွှာတွေဘက်ကိုလည်း ရောက်လာနိုင်သည်ဟု တွေးနေမိ၏။ ၁၁၁၃ ခုနှစ်မှာ အင်းဝကို ဟံသာဝတီမွန်တို့ သိမ်းသည်။ ဦးအောင်ဇေယျက မုဆိုးဖိုမှာ ထန်းလုံးတပ်ဆောက်ကာ သူရဲကောင်း ခြောက်ကျိပ်ရှစ်ယောက်နှင့် နန်းပြုသည်။ ကွေ့ရှမ်းရန်၊ မွန်ရန်တွေကို တိုက်ခိုက်နှိမ်နင်းသည်။ ၁၁၂၀မှာ ကသည်းမြို့ မဏိပူရကို အောင်သည်။ ၁၁၂၁ ယိုးဒယားသို့ ချီရင်း အပြန်မှာ ကျဆုံးသည်။ သံလျင်မှာ ဗရူနိုဦးဆောင်သည့် ပြင်သစ်တို့ ရှိနေသည်။ ဟိုင်းကြီးကျွန်းမှာလည်း ဗရုတ်ဦးဆောင်သည့် အင်္ဂလိပ်တွေရှိနေသည်။ သည် ဥရောပသားတို့ကလည်း မွန်ဘက်ကလိုလို မြန်မာဘက်ကလိုလို။

ကျွန်တော်က အတက်ချီကျေ့စ်ကို လက်ပြောင်းလိုက်တော့ ဆိုင်ကယ်က ဟန်ချက်ပျက်သွားသည်။ ဝုန်းခနဲ ထိုးရပ်မလိုလိုဖြင့် ဝေါခနဲ ဆောင့်ထွက်လေ၏။ ကျွန်တော့်အပြစ်၊ ကျွန်တော့် လှုပ်ရှားမှုကိုပါ ထိန်းနေရသူအဖို့ သည်လမ်းပေါ်မှာ မလွယ်နိုင်။ ကျွန်တော် တောင်းပန်တော့ လူငယ်က ရပါတယ်ဟုဆို၏။ လမ်းကပိုဆိုးလာသည်။ လှိုင်းတွေက ခွေးတစ်ကောင်၏ အာခေါင်လို အရစ်ရစ်ထနေသည်။ သည်နေရာရောက်တော့ ခန္ဓာကိုယ်၏ ထုထောင်းနှိပ်စက်ခြင်းကို မရှုမလှခံနေရသည်။ သို့သော် ကျွန်တော်က နိုင်နေသည်မဟုတ်။ ရှုံးနေခြင်းဖြစ်သည်။

'ရွာနီးပြီးလား'

'တစ်ဝက်ကျိုးပါပြီ . . . '

၁၉၀၀ ပြည့်နှစ်က ပေါ်ခဲ့သော ပြည်ကုန်းဘောင်သီချင်းကို ရုပ်သေးဆရာ (မဒီကိုင်အမေပု) က စင်ထွက်တိုင်း ဆိုသည်။ သည် သီချင်းထဲက 'တစ်တောဝင်ဝင်၊ တစ်ပင်ထွက်ထွက်၊ တစ်ခက် ခိုခို ရောက်ဖူးတယ်ဆိုရအောင် ပြည်ရွှေဘိုမြို့ငယ်ကျုပ်လိုက်မလေး' ဆိုတာ မင်းကျီပါလိမ့်မည်မထင်။ မော်တော်ဆိုင်ကယ် ဆရာလေးက စာတွေဖတ်ထားသူ။ သူ့မေးခွန်းတွေက ကြောက်စရာ။

'မုဆိုးဆက်က ကျန်သေးတယ်ဆိုဆရာ . . . '

'စာထဲတော့ လေးဆက်ကျန်သေးတယ်လို့ ဆိုတာပဲ၊ သစ္စာ အကျင့်မှန်ကုသလသစ္စံ၊ တမံအစောင့်ထား မုဆိုးတစ်ကျိပ်ငါး ဆိုတာကိုး၊ ကျွန်ဘဝထဲက ကယ်တင်ဖို့ မုဆိုးဆက်တွေ ကျန်ပါသေးတယ်၊ မပူနဲ့လို့ မြန်မာတွေကို သွေးနှိုးတာပေါ့လေ'

'တကယ်မကျန်ဘူးပေါ့ . . . '

http://www.cherrythitsar.org



'ဒါက တဘောင်က လာတာလေ၊ မဟုတ်ဘူး ဟုတ်တယ် ဆိုတာ ပြောရခက်တယ် . . . '

ကျွန်တော် ဝါးချလိုက်ခြင်း ဖြစ်သည်။ မြန်မာ့နန်းတွင်းမှာ သိုက်စာ၊ တဘောင်စာတွေက အတော်တာစားခဲ့ဟန် တူသည်။ ဘုရင်မင်းမြတ်သည်ပင် သိုက်စာ၊ တဘောင်စာတွေကို အဓိပ္ပာယ်ကောက်ခိုင်းတာတွေ ရှိခဲ့သည်။ 'ထီးပေါင်းကားတောင်၊ ညောင်ပင်ကြီးမှာ၊ တပ်ရာနှင်းသည်။ ဆောင်းတွင်းနှင်း ဝေဝေ၊ နွေတို့လည်း ရောက်၊ နန်းသစ်ဆောက်၊ နှစ်ယောက်မင်းများနောင်။' ကျွန်တော့် အတွေးက ချက်ချင်း ရပ်သွားသည်။ ရှေ့က ဆိုင်ကယ်တွေကို မှိုလာသည်။ စပါးလှိုင်းတွေ တင်လာသည့် လှည်းကြီးတွေ ရှေ့ကခံနေလို့ ဖြစ်သည်။ ဆရာဦးခင်မောင်စန်းကတော်က ဆိုင်ကယ်ပေါ် မိန်းမထိုင် ထိုင်ရတော့ လိမ့်ကျမှာစိုးနေသည်။ သို့သော် မြင်ရသလောက် သက်တောင့်သက်သာ ရှိပုံရနေသည်။ ကိုဗိုလ်စောကတော့ ဝရုန်းသုန်းကားဖြစ်မှု၏ သဟဇာတသဘောကို ပန်းချီဝါဒ ထုတ်နေဟန်။

ကိုဆူးငှက်ကတော့ အရွှေ့အပြောင်းရှိပုံမရ။ ငြိမ်လို့။ ကိုညိုထွန်းလူကတော့ ကျွန်တော့်ကို ပြုံးပြနေသည်။ သည်တစ်ချီ နင်အီပြီ မဟုတ်လော ဆိုသည့်ပုံ။ ကိုညီပုလေးကတော့ သည်လောက် ကိစ္စကို ဒုက္ခမထင်။ လောကခံကို immunity ဖြစ်နေပုံပေါ်သည်။ လှည်းတွေလွတ်သွားတော့ ဆိုင်ကယ်တွေ ပြန်ထွက်လာကြပြန်သည်။ ဆိုင်ကယ်လူငယ်က စိတ်ရှိတိုင်း မောင်းလို့မရပုံဖြင့် နောက်မှာပဲနေခဲ့သည်။ သိပ်မဝေးလှသော အရပ်မှာ ရွာရိပ်စိမ်းစိမ်းကို မြင်ရပြီ။ တာ ဘောင်ကြီးတစ်ခုကို မြေတူးစက်ကြီးတစ်စီး မြေဖို့နေသည်။ ရွှေဘို ဈေးပြန် အမယ်အိုက သစ်ရိပ်မှာ နားလို့။ လှည်းတစ်စီးက ကောက်ရိုးတွေ ပွေ့တင်ရင်း ရွာဧည့်သည်တွေကို ငေးလေသည်။ ဆိုင်ကယ် ဆရာက စကားဆက်ခိုင်းသည်။

'၁၂၃၆ ခုနှစ်မှာ မင်းတုန်းမင်း မုဒ္ဒါဘိသေကခံတယ်၊ မင်းမျိုး မင်းနွယ်တွေကိုယ်စား ရမည်းသင်းစုဖုရားက လျှောက်ပြီး သစ္စာရေ ဘိသိက်ရေ သွန်းတယ်၊ သူဌေးသူကြွယ်တွေကိုယ်စား မဟာသီရိ မနရာဇာက ဘိသိက်သွန်း တယ်၊ သဘောကတော့ ရှင်ဘုရင်ကို သစ္စာပြုခိုင်းတာပေါ့ . . . '

'ပြုတာပဲလား . . . ဘုရင်က'

'ပြုတာပေါ့၊ ဒါက မဟာသမ္မတမင်းရိုးတို့ လုပ်နေကျဆိုပြီး လုပ်တာပေါ့၊ တစ်ယောက်က တိုင်ပေးရတာ လိုက်ဆိုတာ၊ ဆိုပါတော့ ဘိသိက်သစ္စာ ပျက်ပချေသော်၊ ကမ္ဘာဆူဝေ၊ လေမုန်တိုင်းဆင်၊ ငလျင်တော် လဲ၊ မြေကြီးကွဲ၍၊

http://www.cherrythitsar.org



ငရဲမီးလျှံ ဝင်းဝင်းပြောင် ပြောင်၊ တောက်လောင် ကြေညက်၊ သူပျက်သူလောင်၊ ထောင်ထောင်ထားထား ဆိုတာမျိုးတွေ ရွတ်ရတာ၊'

'ဒါက နန်းတက်တိုင်း လုပ်ရတာလား'

'များသောအားဖြင့် နန်းတက်တော့လုပ်ကြတယ်၊ မင်းတုန်းမင်းက တော့ နတ်ရွာမစံခင် လေးနှစ်လောက်ကျမှ လုပ်တာ . . . '

'အဲဗျ . . . '

ယောအတွင်းဝန်က မင်းနှင့် ပြည်သူ အပြန်အလှန် ဆောင်ရွက်ရန် တာဝန်ကို မဟာသမ္မတ စာတမ်းရေးသည်။ မုဒ္ဒါဘိသိက်တွင် မင်းမျိုး၊ ပုဏ္ဏားမျိုး၊ သူဌေးမျိုးတို့ ပါဝင်သည်။ ဆိုင်ကယ်ဆရာလူငယ်က ကျွန်တော်တို့နယ်က မြင်း တော့ နာမည်ကြီးတယ်ဟု ပြောသည်။ ကျွန်တော်က မင်းကျီမှာ မြင်းပေါသလား ဆိုတော့ အဲသလိုလည်း မဟုတ်ပါဘူး၊ ကြားဖူးတာပါဟု ဆိုသည်။ တကယ်တော့ သည်အရပ်ကို မြောက်ဘက်မြင်းနယ်ဟု ခေါ်ခဲ့ကြသည်။ ဆရာမြို့မငြိမ်းက မြင်းခင်းတော်မှာ ခါးပတ်တော် ရွှေချည်ငွေချည်လို့ ရေးခဲ့သည်။ မြင်းက လည်း မြင်းချော မာန်ဖီလို့ ရေးခဲ့သည်။ ရှေးကတော့ မြင်းပွဲသဘင်တွေ စည်ကားခဲ့ သည်။ အဝတ်တန်ဆာ တင်းကျပ်စွာ ဝတ်ရသည်။ ခေါင်းပေါင်း မကျွတ်ရ။ ပုဆိုးမကျွတ်ရ။ ဓားမကျွတ်ရ။ ကကြိုးမလွတ်ရ။ မြင်းနှင့်လူ မကင်းကွာရ။ ပစ်မှတ်စက်ထိုးမလွဲရ။ သွေးသောက်ကြီးတို့က တုတ်ကောက်ကြီးတွေ ကိုင်ထား တတ်ကြသည်။ မြင်းပေါ်က ဆွဲချ။ နေလှန်းဒဏ်။ ပယ်ဆုတ်စီး၊ ပယ်ခွဲစီး၊ နောက်ဆုံး သိကြားတန်ဆောင်တိုင်။

'အသင်္ခယာစောယွမ်း (စစ်ကိုင်း) တည်တော့ မြင်းကိုးသင်း ရှိခဲ့တယ်။ ကြောင်သင်းမြင်း၊ ခက်လုံမြင်း၊ စောပအိုးမြင်း၊ ပြင်စည်မြင်း၊ မြင်းသည်ကြီးမြင်း၊ လက်ရွေးကြီးမြင်း၊ လက်ရွေးငယ်မြင်း ဆိုတာတွေပေါ့၊ နောက် စရပ်မြင်း၊ ညောင်ဝန်းမြင်း၊ ထိန်ကျိုင် မြင်း၊ ပုန်ညောက်မြင်း၊ မင်းစေ နတ်မြင်း၊ ရဲချင်းမြင်း၊ ဥဧရာစ်ငယ်မြင်း ဆိုတာတွေလည်းရှိတယ်. . . '

ကုန်းဘောင်ခေတ်မှာ ရွှေဘို မြောက်လက် တောင်လက် ရှိသည်။ မြင်းစု အမှုထမ်းတို့နေသည့် ရွာတွေကို မြင်းမြေ၊ မြင်းရွာ ခေါ်ခဲ့ကြသည်။ ရဲဘက်မြင်းစု၊ ရွှေပြည်တံခွန်မြင်းစု။ ၁၀ အိမ်တစ်စီး ဖွဲ့။ ၅၀ တစ်စီးဖွဲ့။ မြင်းခေါင်း၊ မြင်းစီး။ မြင်းစီးသူကြီး။

'ကျွန်တော်တို့ရွာက ရှေးမြန်မာကြီးတွေလည်း စီးကြမှာပဲ'

'သေချာတာပေါ့ . . . '

http://www.cherrythitsar.org



ကာဘိုးဆည် လက်တံမြောင်းကြီးကို ကျော်လာခဲ့သည်။မြေတူးစက်ကြီးက မြေတွေ ဖဲ့ယူကာ ဖြည့်ဖို့နေ၏။ မြောင်းကျိုးနေပုံရသည်။ ကျောင်းသူကျောင်းသားတို့ စက်ဘီးကိုယ်စီဖြင့် ကျောင်း ပြန်လာကြပြီ။ တချို့က ခြေကျင်။ တချို့က စက်ဘီးတစ်စီးတည်း မောင်နှမနှစ်ယောက်။ သူငယ်ချင်း နှစ်ယောက်။ တွဲဘက် အထကကို ကျော်ခဲ့၏။ ရွာခြေဝင်ပြီဆိုလေသည်။ တိုက်နယ်ဆေးရုံ။ တိုက်ခံအိမ်များ။ အိမ်ရှေ့တလင်းကွက်မှာ သီးနှံတို့ စုစုပုံပုံ ရှိကြသည်ချည်း။ ကျွန်တော်နှင့် ဆိုင်ကယ်ဆရာလေး၏ Super Bike Rally ပြိုင်ပွဲ ပန်းဝင်ပြီ။ ဆိုင်ကယ်က ဘုန်းတော်ကြီးကျောင်းထဲ တန်းဝင်သည်။ သူငယ်ချင်းတို့ ရောက်နှင့်နေကြပြီ။ ဆရာတော်ရှေ့ ပျဝပ်ရိုကျိုးရှိကြပြီ။ ဆရာတော်ဦးဣန္ဒကသည်လည်း စာရေးဆရာဖြစ်သည်။ ဆရာ အောင်မြင့်မိုး။

'ကိုင်း. . . ခဏ နားကြ။ ပြီးရင် ရေချိုး. . . ဟောပြောပွဲ စောစောစနိုင်အောင် . . .'

ကျွန်တော်တို့ လေးယောက်ကတော့ မြောက်ဘက်မြင်းများနှင့်တူနေလောက်သည်။ ။

■

စာကိုး
မြသန်းတင့်၊ ဇာတိနွယ် (ရသစာတန်း)
ဒေါက်တာတိုးလှ၊ ချင်းတွင်းမြစ်သာ မူးရော

*(IDEA / ၂၀၁၃ - ဖေဖော်ဝါရီ)*

# မနက်ဖြန်၏ မနက်ခင်းများ

မနက်ခင်းတိုင်း ငှက်ကလေးတွေနိုးတော့ ကျွန်တော် နိုးသည်။ ငှက်ကလေးတွေ ဘယ်အချိန်မှာ အိပ်တန်းထကြသလဲ၊ သူတို့ကိုကော ဘယ်သူက နှိုးတာလဲ။ ကျွန်တော် နိုးသည့် အချိန်မှာတော့ ငှက်သဘင် ကွန်ဖရင့်ကြီး စ နေကျ။ ငြိမ့်ငြိမ့်ညောင်းညောင်း၊ သောင်းသောင်းညံညံ၊ လွမ်းရန်ပိုသည့် ရွှေငှက်သံတို့ စိုးစီ စိုးစီ ဝင်းပေါက်မှာ မြည်ကြမြဲ။ ကျွန်တော်က ရေဒီယိုကို ကျယ်ကျယ်လေး ဖွင့်ထားခဲ့ပြီး ဆန်လက်တစ်ဆုပ်လောက် နှိုက်ကာ ကွန်ကရစ်တုံးပေါ် သွားကြဲသည်။ သူတို့မှာ ကြောက်ရွံ့ခြင်း မရှိတော့။ မအိမ်သူကတော့ မနက်ခင်းတိုင်း စပယ်ပင်ကလေးနှစ်ပင်ကို ထကြည့်နေကျ ဖြစ်သည်။ နှင်းဆီပင်ကလေးတွေကတော့ ပွင့်တာက ပွင့်၊ ဖူးတာကဖူး။ ရွက်နုညွန့်တို့ ထိုးနေကြတာကလည်း ပန်းသစ်တွေပွင့်ဖို့ နိမိတ်လက္ခဏာ ဖြစ်သည်။

'လောကသုံးရွာ၊ သတ္တဝါတို့၏၊ ခန္ဓာရုပ်နာမ်ဝယ်၊ အဖန်ဖန် ကပ်ငြိလျက်၊ ဖိစီးနှိပ်စက်တတ်သော ပီဋနအနက်။ ကံစိတ်ဥတု အာဟာရတည်းဟူသော အကြောင်းတရားလေးပါးတို့သည် ပြုပြင်စီရင်တတ်သော သင်္ခတအနက်။ မရောင့်ရဲစွာ သတ္တဝါတို့ကို လောင်စာပူပင် စေတတ်သော သန္တပ

http://www.cherrythitsar.org



အနက်။ ဇရာမရဏ သောကပရိဒ်တို့ဖြင့် ဖောက်ပြန် ပျက်စီးတတ်သော ဝိပရိဏာမအနက်တည်း ဟူသော လေးပါးသော ဒုက္ခ သစ္စာ၏ အနက်တို့ကို လည်းကောင်း . . . '

အမေက သံမှန်ကြေးစည်ကို ဖွဖွကလေး ရိုက်သည်။ သံမှန် သံကျနှင့် အမေအသံကိုက်နေတာကို ကျွန်တော် အံ့ဩသည်။

'အစမထင်သံသရာ၊ လူးလာစုန်ဆန် အဖန်ဖန်သွားလာ စေခြင်းငှာ အားထုတ်တတ်သော အာယူဟနအနက်။ ဝဋ်ဆင်းရဲ အပေါင်း၏ အကြောင်း မူလဖြစ်သော နိဒါနအနက်။ ဝဋ်ဆင်းရဲ၌ အမြဲပျော်ရွှင်၊ တမင်မင်နှင့် ကျင်လည် စေတတ်သော သံယောဂ အနက်။ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော မဂ္ဂသစ္စာကို ဆီးကာ တားမြစ်တတ်သော ပလိဗောဓအနက်တည်း ဟူသော လေးပါးသော သမုဒယသစ္စာ၏ အနက်တို့ကို လည်းကောင်း . . . '

မအိမ်သူက ပွင့်ကြူကြူစပယ်ဖွေးဖွေး မွှေးမွှေးတို့ကို ကြွေပက်လက် ပန်းကန်ကလေးထဲ ထည့်ကာ ဘုရားစင်ပေါ် တင်သည်။ ပန်းတော်ရေချမ်းတော် ကပ်သည်။ မနက်ခင်း ကျွန်တော်တို့ ပြုနိုင်သော အမှုကိစ္စသည် သည်လောက် သာ ဖြစ်သည်။ အမေကတော့ ပကိဏ္ဏကင်မဏ္ဍာရအစိန္တေယျ ဘုရားရှိခိုးကို ကြေးစည်သံ တလွင်လွင်ဖြင့် အစမဆုံး ရွတ်ဖတ်ပူဇော် ကန်တော့မြဲ ဖြစ်သည်။ သမုဒယ သစ္စာကပြီးတော့ နိရောဓသစ္စာကို ကူးသည်။ နိရောဓသစ္စာက ပြီး တော့ မဂ္ဂသစ္စာကို ကူးသည်။

'ဘုရားရှင်က ရွှေညာဏ်ထင်ထင် လက်တင်ပတ္တမြားများလို အထောက်အခံ ကံညာဏ်ကြီးမြင့်တော်မူလို့ ပွင့်ထိုက်သူတွေကို ပွင့်စေတော်မူ တယ်၊ ဘာနဲ့များ တူသလဲဆိုရင် ဧွဆုန်းတစ်ကျိုး၊ ရှစ်ကိုး နယ်ကုန်၊ သုန်သုန် ဖြင်းဝှန်၊ ရွာဖျန်းသွန်သော၊ မေဃဝန်တမျှ . . . တဲ့ . . . မိုးစက် မိုးပေါက်များ လို အဆက်မပြတ်စွာ သတ္တဝါတို့ကို ခြွေချွတ်တော်မူတယ် . . . '

ဘုရားရှိခိုးပြီးလျှင် အမေက တရားဟောမြဲ။ 'ဒေဝါဒိဒေ ဝိန္ဒ၊ ပြဟ္မာ မိန္ဒ၊ တဘဝပါရဂူ၊ အဘိဘူပါမောက္ခ၊ အနုတ္တရသင်းကျစ် မဟာဓမ္မရာဇ်ကြွဲ့' ဟု ဘုရားရှင်ကို ကြည်ညိုတတ်မြဲ ဖြစ်သည်။ ဘုရားရှိခိုးပြီးလျှင်တော့ အဝေးက မြစ်ကို ငေးသည်။ မြစ်ဘေးက စပါးခင်းကို ငေးသည်။ အနီးက အသီးတွေ ခဲနေသည့် သံပုရာပင်ကို ငေးသည်။ ပြီးတော့ တိုးတိုးကလေး။

*'ရှေ့ကြည့်တစ်ပေါက် မြစ်မသောက်၊ တောက်*

*လျှောက်စီးတွေ့တွေ့၊ သစ်သီးတစ်လုံး*

http://www.cherrythitsar.org



*မစားသုံး အားလုံးသစ်ပင်တွေ၊ သီးနှံ့စပါး*
*မှီးနုတ်သား မစား ခါတစ်လေ . . . "*

အဖေကွယ်လွန်ခဲ့တာ ကြာပြီ။ အဖေက သီချင်းဂီတသမား ဖြစ်သည်။ အမေ့လို ဘုရားစင်ရှေ့ ဝတ်မပျက်ထိုင်တာမျိုးမရှိ။ သို့သော် ဆင်းဆင်းရဲရဲ နေခဲ့ရသည့် တစ်ဘဝလုံးမှာ လောကဟိတ အလုပ်တွေ လုပ်သွားခဲ့သည်။ 'လောကတ္ထစရိယ' ကို ယုံကြည်သူ ဖြစ်သည်။ သဘာဝချိန်ခွင်မှာ ဓမ္မနှင့် အဓမ္မသည် တစ်ဘက်တစ်ချက် ရှိနေတတ်သည်။ ဓမ္မဘက်က အားသာလျှင် ဓမ္မဘက်ကို ခေါင်းထောင်သည်။ ဓမ္မဘက်ကို ခေါင်းထောင်လျှင် လောကငြိမ်းချမ်းသည် ဆိုတာကို အဖေ ယုံကြည်သည်။

'ဘုရားရှင်ရဲ့ ဂုဏ်တော်တွေထဲမှာ လောကဝိဒူဆိုတာ ပါတယ်၊ လောကအကြောင်း ကောင်းကောင်းသိတယ်လို့ ပြောတာ၊ သမ္မာသမ္ဗုဒ္ဓလို့ ဆိုသကောကွ၊ အလုံးစုံသော အကောင်းတရားကို လောကက သိလို့သာ လောကကို အကျိုးများစေတာပေါ့ . . . '

ကျွန်တော်ကတော့ သိပ္ပံပညာရပ်က ချဉ်းကပ်သော လောကပတ်ဝန်းကျင်ကို တွေးနေမိသည်။ အထူးသဖြင့် စီမံခန့်ခွဲမှု ပညာရပ်က ချဉ်းကပ်သော လောကပတ်ဝန်းကျင်ကို ဖြစ်သည်။ ဒေသတစ်ရပ်အတွင်း၌ မွေးခြင်းဖွားခြင်း၊ ဖြစ်တည်ခြင်း၊ သေဆုံးခြင်းကို လေ့လာသည့် လောကပတ်ဝန်းကျင် (Demographic Environment) ရှိသည်။ စီးပွားရေး ပတ်ဝန်းကျင် (Economic Environment) ရှိသည်။ သဘာဝပတ်ဝန်းကျင် (Natural Environment) ရှိသည်။ နည်းပညာပတ်ဝန်းကျင် (Technological Environment) ရှိသည်။ နိုင်ငံရေး ပတ်ဝန်းကျင် (Political-Legal Environment) ရှိသည်။ လူမှုယဉ်ကျေးမှု ပတ်ဝန်းကျင် (Social-Cultural Environment) ရှိသည်။ ဒါတွေအားလုံးကို မက်ခရိုပတ်ဝန်းကျင်ဟု ခေါ်နေကြသည်။ လူနှင့် လူဦးရေကို ဈေးကွက်သဘော အရ လေ့လာနေကြရသည်။ အသက်အပိုင်းအခြား၊ လိင်အပိုင်းအခြား၊ လူမျိုးစု အပိုင်းအခြား၊ ပညာရည်အပိုင်းအခြား၊ အိမ်ထောင်မှုဘဝအပိုင်းအခြား၊ ဝင်ငွေနှင့် နေထိုင်ပုံ အပိုင်းအခြားတွေကို လေ့လာနေကြရသည်။ လက်ငင်းဝင်ငွေ၊ ဈေးနှုန်း၊ စုဆောင်းငွေ၊ အကြွေးစသည့် ဝင်ငွေနှင့်သုံးစွဲပုံစံတွေကို လေ့လာနေကြရသည်။ ကမ္ဘာလုံးဆိုင်ရာ ဥတုရာသီ ပြောင်းလဲမှု၊ ဖန်လုံအိမ်အာနိသင်၊ အစိမ်းရောင် အဖွဲ့အစည်းများ (Green Parties)၊ ကမ္ဘာဖျက်ဂေဟစနစ် ယိုယွင်းမှုများ၊ ခြိမ်းခြောက်မှု၊ စိန်ခေါ်မှုသစ်များကို လေ့လာနေကြရသည်။ လူ့ဘဝနှင့် နည်းပညာ ဆက်စပ်မှုကို လေ့လာနေကြရသည်။ လေဟာနယ်မီးလုံး

http://www.cherrythitsar.org



တွေကို ထရန်စစ်စတာက အနိုင်ယူလိုက်သည်။ ကာဗွန်မိတ္တူမှိုင်းခံစက္ကူကို ဇီရိုဂရပ်ဖီ (Xero- graphy) က အနိုင်ယူလိုက်သည်။ မီးရထားကို ကားတွေက အနိုင်ယူ လိုက်သည်။ သတင်းစာကို ရုပ်မြင်သံကြားက အနိုင်ယူလိုက်သည်။ အသေးဆုံးနည်းပညာလို့ ပြောဆိုနိုင်သည့် ပျော့ဆေးနှင့် ချေးကျွတ်ဆေး ပေါင်းထားသည့် ခေါင်းလျှော်ရည်၊ သကြား၊ နို့မှုန့်နှင့်၊ ကော်ဖီမှုန့် ရောထားသည့် အသင့်သုံး ကော်ဖီထုပ်တွေကလည်း နည်းပညာ ဖြစ်သည်။

'မင်းတို့ ခေတ်များတော့ ဟန်ကျပါ့ကွာ၊ သွားတိုက်တော့ သွားတိုက် ဆေး ခေါင်းလျှော်တော့ ခေါင်းလျှော်ရည်၊ ပန်ကန်းဆေးတော့ ဆပ်ပြာရည်၊ အဝတ်လျှော်တော့ အဝတ်လျှော်စက်၊ ခေါက်ဆွဲကလေးစားချင်တော့ ရေနွေးထဲ ဖောက်ထည့်ရုံ၊ ဟန်ကျတတ ရှိသေးတော့ . . . '

အမေက သူ့ငယ်ဘဝ ဖြတ်သန်းမှုနှင့်ယှဉ်ရင်း ပြောနေသည်။ နိုင်ငံ ရေးပတ်ဝန်းကျင်ကကော၊ ဒါလည်း ပြောင်းလဲနေသည့် အနည်းဆုံးစားသုံးသူ အခွင့်အရေးများသည်ပင် တရားဥပဒေသဘောဖြစ်လာနေသည်။ လူတစ်ဦး ချင်း၏ ကိစ္စများသည်ပင် အရေး ပါလာသည်။ လူမှုယဉ်ကျေးမှုတွေကတော့ အမြင်သာဆုံးဖြစ်သည်။ Pleasure - Seekers, Self - Realization, Self - ex-pressions, we societey, own-kind, Social-Surrwgate စသည့်စကားလုံး တွေ ခေတ်စားလာနေသည်။ လူမှုယဉ်ကျေးမှုတွင် အမြင် (Views) များလည်း ထွေပြားလာသည်။ ဖာသာရှုမြင်ခြင်း၊ သူတစ်ပါးရှုမြင်ခြင်း၊ အဖွဲ့အစည်း ရှုမြင်ခြင်း၊ လူ့ဘောင်ရှုမြင်ခြင်း၊ သဘာဝရှုမြင်ခြင်း၊ စကြဝဠာရှုမြင်ခြင်း၊ ယဉ်ကျေးမှုတွင်လည်း လူတွင်အမာခံယုံကြည်မှု (Core beliefs) တွေ ကိုယ်စီရှိ သည်။ တစ်ကမ္ဘာလုံး အခြေအနေနဲ့ဆိုလျှင် ဘာသာတရားအခြေပြုသဘော ဆုံးရှုံးနေကြသည်။ လျော့ပါးလာနေသည်။ သည်ကိစ္စအစား မိမိကိုယ်ကျိုး စိတ်ချမ်းသာမှု (Self - Fulfillment) တွေ ခေတ်စားလာသည်။ အလောတကြီး အားရ ကျေနပ်ခြင်း၊ immediate gratification တွေ ခေတ်စားလာသည်။ အမေရိကန်၌ ဘုရားကျောင်းတွေမှာ ဝတ်ပြုသူတွေ လျော့နည်းနေသည်ဟု ဆိုသည်။ စံနှင့်တန်ဖိုးများ ပြောင်းလဲလာနေသည်။

သို့သော် တစ်ဘက်က လောကဘဝထဲက မလုပ်မဖြစ် လုပ်နေရ သည့် ရောင်းရေဝယ်တာ စီးပွားရေးကိစ္စတွေမှာတော့ လူ့လောကအကျိုးစီးပွား သဘော၊ လူ့ဘောင် အကျိုးစီးပွားသဘောတွေ တာစားလာနေသည်။ ဝယ်သူ ဘက်က တန်ဖိုးနှင့် ကျေနပ်မှု စံတွေ မြင့်လာသည်။

http://www.cherrythitsar.org



'လူဦးရေပေါက်ကွဲမှုတွေ များလာတော့ ဆင်းရဲမွဲတေမှုနဲ့ ငတ်မွတ်ခေါင်းပါးမှုတွေ ကပ်ပါလာတယ်၊ သည်တော့ လူမှုရေးစံကို မငဲ့နိုင်ကြတော့တာတွေ ဖြစ်လာတယ်။ ကိုယ့်အကျိုးစီးပွားကိုပဲ ကြည့်ပြီး ငတေစိတ်ဓာတ်တွေ အားကောင်းလာတော့တာပါပဲ၊ ဆိုပါတော့ ဟမ်ဘာဂါ၊ အဆီများတယ်၊ ဌာပနာမုန့်တွေက ကော်ဓာတ်များနေတယ်၊ ထုပ်ပိုးတဲ့စက္ကူကလည်း ဒုက္ခပေးနေတယ်၊ သည်စက္ကူကြောင့် ဈေးပိုပေးနေရမယ်၊ ပရမ်းပတာ လွှင့်ပစ်တော့ ပတ်ဝန်းကျင် ညစ်ညမ်းတယ်၊ တစ်ဘက်က ရင်းမြစ်တွေ ဆုံးရှုံးတယ် . . .'

အခုနောက်ပိုင်းမှာတော့ လူ့အကျိုးစီးပွားရောင်းဝယ်မှု(Humanistic Marketing) တွေကို စဉ်းစားလာကြရသည်။ ဒါကို ပေါင်းစပ်ပြီး လူ့ဘောင်ကောင်းကျိုးရောင်းဝယ်မှု အသိခံယူချက် (Societal Marketing Concept) ဖြစ်လာသည်။ အချုပ်ကတော့ လောကအကျိုးစီးပွား (လောကဟိတ) ဖြစ်သည်။ အမေကတော့ သည်သဘောတရားတစ်ခုလုံးကို ရိုးရိုးကလေး မြင်တတ်သူ ဖြစ်သည်။

'နံ့သာတစ်ပင်၊ ထိုတောတွင်ရှိလျှင် သစ်ပင်ပေါင်း၊ တော အလုံးလှိုင်၊ စုံဂနိုင်၊ ထုံကြိုင်ရနံ့ လျှောင်းတဲ့ကွယ့်၊ လောကကောင်းကျိုး ဆောင်ရွက်သူ တစ်ယောက်ပေါ်လာတာနဲ့ လောကဟာ အေးချမ်းသာယာလာတော့တာပဲ၊'

လောကဟာ အေးချမ်းခြင်းသည် လောက ယဉ်ကျေးလာခြင်း၏ နိမိတ်လက္ခဏာ ဖြစ်သည်။

ပညာရှင်များက ယဉ်ကျေးမှုနှစ်မျိုးသာရှိသည်ဟု ဆိုသည်။ တစ်မျိုးက လူ့အဖွဲ့အစည်း၏ အခြားသော ရသအလှခံစားမှုများနှင့် နေထိုင်စားသောက်ရေး ဘဝကို ညွှန်းသည်။ တစ်မျိုးကတော့ ထိုလူ့အဖွဲ့အစည်းအတွင်း၌ တွေးခေါ်မြော်မြင် ဖွံ့ဖြိုးခဲ့သည်များအနက်က ပါးလွှာသလောက် တန်ဖိုးကြီးလှသည့် အကောင်းဆုံး အညွှန့်ဆုံးအလွှာကို ညွှန်းသည်။ ပထမတစ်မျိုးက စိုက်ခင်းမြေဩဇာဖြစ်၍ ဒုတိယတစ်မျိုးက ထိုစိုက်ခင်းမြေဩဇာပေါ်၌ ပွင့်သည့်ပန်းဟု ဆိုနိုင်ပါသည်။ သည်ယဉ်ကျေးမှုနှစ်မျိုးမှာ ဆက်စပ်နေသည်။ သို့သော် ထိုလူ့အဖွဲ့အစည်းက 'ဘယ်လို လူ့အဖွဲ့အစည်းလဲ'။ 'တွေးခေါ် မြော်မြင်ခဲ့တာတွေကကော ဘာတွေလဲ'။ 'ဘယ်လို မြေဩဇာဖြစ်လို့ ဘယ်လိုပန်းမျိုး ပွင့်စေခဲ့သလဲ' ဆိုတာကလည်း ထိုလူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုရေချိန်နှင့် ဆက်စပ်နေသည်။

လူ့အဖွဲ့အစည်းဆိုကတည်းက လူတစ်ဦးချင်းစီနှင့် စုဖွဲ့ထားခြင်းဖြစ်သည်။ လူမှာက သံသရာဝဋ်ဒုက္ခနှင့် ယှဉ်တွဲနေစေတတ်သည့် မောဟ

http://www.cherrythitsar.org



လေးပါးရှိသည်။ သံသရာ ဝဋ်ဆင်းရဲ ထုံးဖွဲ့တတ်သော ကန္တတရားလေးပါး ရှိသည်။ ပြင်းထန်ခိုင်မြဲ စွဲမြဲစေတတ်သော ဥပါဒါန် လေးပါးကလည်း ရှိသေးသည်။ ကုသိုလ်စိတ်တရားကို မဖြစ်ပွား အောင် ပိတ်ပင်တားဆီးတတ်သော ဝရဏတရားခြောက်ပါး ရှိပါသည်။ သတ္တဝါတို့၏ စိတ်သန္တာန်၌ အဖန်ဖန် တလဲလဲ ကိန်းအောင်း နေတတ်သော အနုသယခုနစ်ပါး ရှိသည်။ သတ္တဝါတို့ကို သံသရာ ဝဋ်ဆင်းရဲမှ မထွက်နိုင်အောင် နှောင်ဖွဲ့တတ်သော သံယောဇဉ် ဆယ်ပါးရှိသည်။ စိတ်ကို ပူလောင် ညစ်နွမ်းစေတတ်သော၊ ကိလေ သာတရား ဆယ်ပါးဆိုတာလည်း ရှိသည်။ အတိတ်၌ ယုံမှားမှု ငါးပါး၊ အနာဂတ်၌ ယုံမှားမှု ငါးပါး၊ ပစ္စုပ္ပန်၌ ယုံမှားမှု ခြောက်ပါးကလည်း ဖိစီးနေသည်။ သည်အမှောင်ဓာတ်တွေကို ဖောက်ထွက်လာနိုင်သည့် 'လောဟိတ စိတ်ဓာတ်' ဆိုတာ တကယ်တော့ လွယ်လှသည်မဟုတ်။ ကျွန်တော့် အမေ့ကို ပြောပြတော့ အမေက ပြုံးသည်။

'ဘယ်လွယ်လိမ့်မလဲကွယ်. . . အတ္တကိုမမြင်ဘဲ လောကကို မြင်တယ် ဆိုတဲ့ လူဟာ အာဂထဲကပေါ့ . . . မင်းနှယ် . . . မြင့်မြတ်တဲ့ ပုဂ္ဂိုလ်များမှာသာ လောကကို မြင်တတ်တယ်၊ လောကကို ရှေးရှုတဲ့ စိတ်ရှိကြတယ်၊ ထက်မြက်တဲ့ ပုညသမ္ဘာရ ဉာဏသမ္ဘာရများသာ ကိန်းတည်ကြတယ်၊ ငါ့သားပြောတဲ့ အမှောင်ဓာတ်တွေဟာ အပူကြီးတွေပေါ့၊ အပူကြီးနဲ့ ဆွဲတော့ လူအပူရုပ်က ထကရတော့တာ'

တကယ်တန်းကျတော့ လောကကောင်းကျိုးဆိုသည့် စကားက မြင့်လွန်းလှပါသည်။ မိမိပတ်ဝန်းကျင် ပုဝါတစ်ကမ်း လက်တစ်လှမ်း ကောင်းကျိုးကို ဆောင်ရွက်ဖို့ပင် မလွယ်။ မိမိအကျိုး စီးပွားသည် မိမိမှအပဖြစ်သော ပတ်ဝန်းကျင်အကျိုးစီးပွားနှင့် ဆက်နွယ်နေသည်ကိုပင် မသိကြသူတွေ ရှိသည်။ ပါရမီဆိုသည့် စကားသည် အနစ်နာခံသည်ဆိုသည့် သဘော ဖြစ်သည်။ အနစ်နာခံစိတ် ရှိဖို့ ကရုဏာစိတ်ရှိရသည်ဟု ဆိုသည်။ လုပ်ငန်းကောင်းကို ဆောင်ရွက်သူကိုယ်တိုင်က အရည်အချင်းနှစ်ပါး လက်ငင်းရှိနှင့်ရသည်။ ကုသိုလ်ကောင်းမှုနှင့် ဉာဏ်ပညာဖြစ်သည်။ တစ်နည်းအားဖြင့် လောကကောင်းကျိုးကို ငဲ့သူတို့၌ ကောင်းစိတ်ကော ဉာဏ်စိတ်ပါ ရှိရသည်ဟု ဆိုနိုင်သည်။ ဒါကိုပဲ ပုညသမ္ဘာရ ဉာဏသမ္ဘာရ ခေါ်ခြင်း ဖြစ်သည်။

မနေ့တစ်နေ့ကပဲ ဆရာမောင်စူးစမ်း၏ ဆောင်းပါးတစ်ပုဒ် ဖတ်ရပါသည်။ ခေတ်သစ်၏ စိတ်ကူးစိတ်သန်းသစ်များဟု ဆိုနိုင်သည့် ခေတ်သစ်အိုင်ဒီယာကြီး ငါးပါးဆိုတာကို ရှင်းပြထားခြင်း ဖြစ်သည်။ ကမ္ဘာလောက၏

http://www.cherrythitsar.org



လက်ငင်းဖြစ်လာတော့မည့် အနာဂတ်သရုပ်ဖော် အိုင်ဒီယာကြီးများဟု ဆိုနိုင်သည်။

ကျွန်တော် နားလည်သလောက် မောဟာက ပထမကမ္ဘာစစ် အဆုံး သတ်ရေး စာချုပ်ဖြစ်သည့် ဗာဆေးနန်းတော်စာချုပ်ခေတ်မှ စစ်အေးတိုက်ပွဲ ကာလအထိ ကမ္ဘာ့ထိပ်သီးခေါင်းဆောင်လေးငါးဦး တွေ့ဆုံမှုက စီးဆင်းလာ သည့် ဆုံးဖြတ်ချက်များ ဖြစ်နေခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးတော့ကော။ ထိုခေတ်ခေါင်းဆောင်တွေကပဲ ကမ္ဘာလောက၏ အနာဂတ်ကို ပုံဖော်ခဲ့ကြ သည်။ သည်သဘော တရားခေတ် ကုန်ခဲ့ပြီ။ ဒါက တစ်ချက်။

နောက်တစ်ချက်က အင်အား နိုင်ငံရေးသဘောတရား ဖြစ်သည်။ နိုင်ငံတကာပြဿနာတိုင်းကို အင်အားနိုင်ငံရေးချိန်ခွင် လျှာထိန်းမတ်ပေးခြင်း ဖြင့် ကမ္ဘာလောက၏ အနာဂတ်ငြိမ်းချမ်းရေးကို အခွန့်ရှည်စေသည့် အယူ အဆ။ တစ်နည်းအားဖြင့် ဥရောပနိုင်ငံ ရေးသည်ပင် အင်အားနိုင်ငံရေးဖြစ်နေခဲ့ သည့် သဘောတရားကို ဥရောပသမဂ္ဂ ဖွဲ့စည်းလိုက်ခြင်းကပဲ ဥရောပအင်အား နိုင်ငံရေးကို ပြန်သတ်ပစ်လိုက်သလို ဖြစ်ခဲ့သည်။ ဤသို့ဖြင့် ကမ္ဘာ့သမိုင်းတစ် လျှောက်တွင် ကျယ်ခဲ့သော ဥရောပအင်အားနိုင်ငံရေး ခေတ်ကုန်ခဲ့ပြန်သည်။

တစ်ခုက နိုင်ငံရေးဒဿနများ။ နိုင်ငံရေး ဒဿနာပညာရှင် သောမတ်စ်ဟော့ဘ်စ် (Thomas Hobbes) နှင့် ကန့် (Kant) တို့၏ လောက အမြင်အယူအဆကို လက်ခံခြင်း၊ လက်မခံခြင်းက အနာဂတ်ကို ပုံသွင်းလာပြန် သည်ဟုဆိုသည်။ ကန့် ကလူတို့၏ ဆင်ခြင်တုံတရားသည် အများစု အကျိုးစီး ပွားကို ရှေ့ရှုသည်။ အခြေခံ ဥပဒေကို ရှာဖွေနိုင်ကြပြီ ဖြစ်သဖြင့် အနာဂတ် လောက အေးချမ်းတော့မည်ဟု ဆိုသည်။ ဥရောပက အင်အားနိုင်ငံရေး ချုပ်ငြိမ်းသွားတော့ ဟော့ဘ် (Hobbes) ၏ နိုင်ငံရေးဒဿနတွေကို ပယ်လိုက် ချိန်မှာ အမေရိကန်က ဟော့ဘ်စ်၏ ဒဿနကို ဆက်လက် ကိုင်တွယ်နေသည်။ Hobbes က လူသည် အတ္တ၏သားကောင်ဖြစ်သည်။ ကိုယ်ကျိုးစီးပွားရှာလိုခြင်း၊ အတ္တမီးခိုး တွေ အူအူထနေသူတွေချည်း ဖြစ်သည်။ လူတွင် တိရစ္ဆာန်စိတ်တွေ ရှိနေဆဲ ဖြစ်သည်။ ကိုယ်ကျိုးစီးပွားရှာခြင်း ပဋိပက္ခသည် လောကွအားကောင်း နေဦးမည် ဖြစ်သည်ဆိုသည့် အယူအဆကို ထူထောင်ထားခဲ့သူ။ သည်အယူ အဆကို အမေရိကန်တို့ ကိုင်ကွယ်နေဆဲဖြစ်သည်။ တစ်နည်းအားဖြင့် ကိုယ်ကျိုးစီးပွား အတ္တပဋိပက္ခကို အင်အားသုံး ဖြေရှင်းခြင်းသည်သာ

http://www.cherrythitsar.org



တရားဖြစ်သည်ဟု အမေရိကန်တို့ ပြောနေကြဆဲ။ တစ်နည်းအားဖြင့် အမေရိကန်တို့က အင်အား နိုင်ငံရေး Power Politics သမားတွေ။

ဥရောပ၏ Kant အိုင်ဒီယာနှင့် အမေရိကန်၏ Hobbes အယူအဆ တို့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတာ ကမ္ဘာ့သတင်းတွေကို ကြည့်လျှင် သိနိုင်သည်။

တစ်ချက်က အနုမြူစစ်ဖြစ်သည်။ အနုမြူမသုံးကြသေးသည့်တိုင် အနုမြူစိတ်ဓာတ်တိုက်ပွဲတွေက များလွန်းလှပါသည်။ အနုမြူလက်နက်၊ ဇီဝ လက်နက်၊ ဓာတုလက်နက်များက လူသားသန်းပေါင်းခြောက်ထောင်၏ ဖိနပ် တွေအောက်မှာ ငုပ်လျှိုးနေသည်။ အခြေအနေဖိအား Situational Pressure နှင့် အကောက်အယူလွဲမှု Miscalculations တွေက သည်ဖိနပ်အောက်က မိုင်း တွေကို နင်းမိစေနိုင်သည်။ အချိန်မရွေး။

တစ်ချက်က နိုင်ငံရေး ဖြစ်သည်။ Realpolitics။ အမျိုးသား အကျိုး စီးပွားကလွဲလျှင် အခြားကိစ္စတွေက အရေးမကြီးပါ ဆိုတာမျိုးတွေ ခေတ်စား လာနေသည်။

လတ်တလောအခြေအနေများက (ဥပမာ အမေရိကန်ကို ကြည့် လျှင်) အကြမ်းဖက်ဝါဒဆန့်ကျင်ရေးသာ ဖြစ်ပြီး အခြားနိုင်ငံများ၏ တန်ဖိုးများ နှင့်နိုင်ငံရေးစနစ်တွေကို ဥပေက္ခာပြုရာကျနေတာမျိုး ဖြစ်နေသည်ဟု ပညာရှင် တို့က ဆိုပါသည်။ သည်အချက်ငါးချက်က အနာဂတ်ကို ပုံဖော်နေရုံမက ဩဇာသက်ရောက်မှုရှိလာနေပြီဟုလည်း ကောက်ချက်ပေးကြပါသည်။

သည်ငါးချက်စလုံးမှာ အကျိုးစီးပွားနှင့် ဆက်စပ်နေသည်။ မနက်ခင်း တိုင်း သတင်းကြည့်တတ်သော ကျွန်တော့်အဖို့ သတင်း အသံ သတင်းရုပ်တွေ ကို သည်ငါးချက်ဖြင့် ချိန်ဆနေတတ်ပါသည်။ ကက်ရှ်မီးယား၊ ဂျော်ဒန်မြစ် အနောက်ဘက်ကမ်း၊ ချေချင်ညာ၊ အီရတ်သို့ ရောက်နေသည့် ကုလသမဂ္ဂ လက်နက်စစ်ဆေးရေး၊ ဘာလီကျွန်း ညကလပ်။ အတ္တကုန်းခေါင်ခေါင် ကျောက်စရစ်တောမှာ လောကတ္တစရိယမျိုးစေ့သည် အစို့အညှောက်ကင်းနေ တတ်သည်။

အမေကတော့ မနက်တိုင်း ဝတ်မပျက်သစ္စာလေးပါးကို အာရုံပြု သည်။ ရတတ်သမျှ ဝတ်ရွတ်စဉ်တွေကို ရွတ်သည်။ မအိမ်သူက ပန်းတစ်ပွင့် ဆွမ်းတစ်အစ်ကပ်မြဲ၊ ကျွန်တော်က ငှက်ကလေးတွေကို အစာကျွေးမည်၊

http://www.cherrythitsar.org



ကုသိုလ်မရသည့်တိုင် အကုသိုလ်မဖြစ်လောက် သည့် စာတွေရေးမည်။ Kants နှင့် Hobbes က မနက်တိုင်း ကျွန် တော်တို့ အိမ်မှာ ကော်ဖီလာသောက်သည်။ မနက်ခင်း သတင်းတွေကို အတူလာကြည့်ကြသည်။ သည်အချိန်မှာပဲ အမေ ရိုက်လိုက် သော သံမှန်လုံး ကြေးစည်သံက လောကဟိတကို သယ်ဆောင်ကာ အနောက်ဘက် သို့ လွင့်ပါသွားလေသည်။ ။

■

*(IDEA / ၂၀၀၃ - ဇန်နဝါရီ)*

# အေးစက်စက် ကုမ်ရာသီ

ကျွန်တော့်ကို အမေက ကုမ်ရာသီတွင်မွေးပါသည်။ အမေ့ ဂုဏ်ကျေးဇူးတွေထဲမှာ ကုမ်ရာသီမှာမှ တိုက်တိုက်ဆိုင်ဆိုင် မွေးဖွားပေးသည့် ကျေးဇူးကိုပင် ကျွန်တော် ဆပ်နိုင်မည်မထင်။ အမေက ကုမ်ရာသီဆိုတာလည်း မသိ၊ အကွားရီယပ်စ် (Aquarius) ကို မသိ။ တပို့တွဲလကိုသာ သိပါသည်။

'ငါ့သားကို မွေးတော့ တပို့တွဲလကြီး၊ အေးကလည်း အေး ပူကလည်း ပူတဲ့ရာသီ၊ မင်းအဖေကတော့ သည်ကောင်က မီးစတစ်ဘက် ရေမှုတ်တစ်ဘက် လထဲ မွေးတဲ့ကောင်ပဲတဲ့'

အမေက ကျွန်တော်ကို ပြောဖူးသည်။ တကယ်တော့ ကုမ်ရာသီဆိုကတည်းက 'ကုမ္ဘ' က လာခြင်းဖြစ်သည်။ ရေပြည့်အိုး ဒါမှ မဟုတ် ရေချမ်းအိုး ဖြစ်သည်။ အနောက်တိုင်းရာသီခွင်များမှာလည်း ရေထမ်းယောကျ်ားရာသီပုံဖြင့် ဖော်ပြတတ်သည်။ ရေနှင့် နီးစပ်သည့် သဘော ဖြစ်သည်။ ဆယ့်နှစ်ရာသီခွင် (the Zodiac) တွင် ဧကော ဒဿမမြောက်လအဖြစ်ပြသည်။ ဇန်နဝါရီလ ၂၁ ရက်မှ ဖေဖော်ဝါရီ ၁၉ ရက်ကြား မွေးသူများ။

http://www.cherrythitsar.org



'တပိုဝ်' ဆိုသည့်စကားက ထန်းဖူးဟု ဆိုသည်။ တွဲက တွဲ လောင်းကျ ခြင်းကို ဆိုသည်။ သည်လမှ ထန်းဖူးကို အောက်ဘက်ရောက်အောင် ဆွဲချပြီး ထန်းရည်ခံကြသည်ဟု ဆိုသည်။ ရာသီပန်းက 'ပေါက်'။

ကျွန်တော်တို့အညာက အိမ်ကလေးရှေ့မှာ ပေါက်ပင်ကြီး ရှိသည်။ ပေါက်ပင်ကြီးက ဝင်းစပ်မှာဆိုတော့ လမ်းမကြောင်းနှင့် နီးသည်။ ပေါက်ပင်ခြေမှာ မိုင်တိုင်ပြကျောက်တိုင်ကလေး ရှိသည်။ ကျောက်တိုင်ပုကလေးဖြစ်ပြီး ထိပ်ပဲ့နေသည်။ မိုင်တိုင်ထိပ်ပဲ့က ညနေခင်း ကျွန်တော့်ထိုင်ခုံဖြစ်သည်။ ပေါက်ပွင့်တွေပွင့်သည့် ကျွန်တော့် မွေးလမှာ တစ်ပင်လုံး ရဲရဲမှည့်နေတတ်သည်။ ကျွန်တော်တို့ ရွာမှာတော့ သည်လိုနီတာကို 'ရဲပတောင်းခတ်' သည်ဟု သုံးတတ်ကြပါ သည်။

'တစ်ပင်လုံးကို ရဲပတောင်းကြီးခတ်လို့ လှလိုက်တာအေ . . . လက်ပံနီတာနဲ့လဲမတူဘူး သော်ကနီတာနဲ့လဲ မတူဘူး၊ ပေါက်ပွင့်နီတာက အဝါဘက်လုတယ်၊ နီဝါဝါကလေး'

အမေက ကျွန်တော့်ကိုလည်း တစ်ခါတစ်ခါ 'အေ' သုံးတတ်သည်။ ရွာဘုန်းကြီးကျောင်းရေတွင်းနားမှာ အင်ကြင်းပင်ကြီး ရှိသည်။ ဘွားဘက်တော် အင်ကြင်းလို့ ရွာက ခေါ်ကြပါသည်။ မြတ်စွာဘုရား ဖွားတော်မူစဉ်က ပွင့်သည့် ပန်းဆိုသည့်သဘော ဖြစ်ပါလိမ့်မည်။ ဒါကို ကြားဖူးနားဝ ရှိနေသည့် ကျွန်တော်က ထမင်းဝိုင်းမှာ ကျွန်တော့် စိတ်ကူးကို ထုတ်ဖော်ပြောမိသည်။ ကျွန်တော် မွေးသည့် နေ့က ပေါက်ပွင့်တွေပွင့်သည်ဆိုသည်ကိုး။

'အမေ အိမ်ရှေ့က ဖွားဘက်တော်ပင်ကြီးပွင့်ပြီဗျ . . . '

'ဟဲ့ . . . တို့အိမ်ရှေ့မှာ ဖွားဘက်တော်မရှိပါဘူး . . . ပေါက်ပင်ပါ. . . '

'အဲဒါ ကျွန်တော့်ဖွားဘက်တော် မဟုတ်ဘူးလား'

အမေက ထမင်းတွေသီးအောင် ရယ်သည်။ ရယ်ပြီးတော့မှ ခပ်တည်တည်ကြီး လုပ်လိုက်ပြီး 'နောင်ဒါမျိုး ဘယ်တော့မှ မပြောရဘူး၊ မကြံကြီးမစည်ရာ၊ မိုးကြိုးပစ်လိမ့်မယ် ဘာမှတ်တုံး' ဟု ကြိမ်းသည်။ ရယ်လည်းရယ် ကြိမ်းလည်းကြိမ်းတာကို ကျွန်တော် နားမလည်ပါ။ ဘာများမှားလို့လဲ။ ပေါက်ပွင့်နီနီတွေကို ကျွန်တော် အင်မတန် သဘောကျသည်။ ညနေခင်းတွေမှာ မိုင်တိုင်ထိပ်ပဲ့ကလေးပေါ် မရကုတ်ကပ်ထိုင်ရင်း ပေါက်ပွင့်ကြွေတွေကို ကြည့်နေတတ်တာ မှတ်မိသည်။ ပေါက်ရွက်ဝါဝါတွေက မြေပေါ်ကြွေချင်တိုင်း ကြွေနေသည်။ ပေါက်ပင်ကြီး၏ ပင်စည်က အထွတ်အထွတ်ထနေသည်။

http://www.cherrythitsar.org



ပေါက်ပင်ကိုင်းတွေက ပန်းချီဆန်သည်။ ရွက်ဝါများ၏ အောက်ဘက်က ပိုးသား လိုနူးညံ့နေတတ်သည်။ သည်ပိုးလျှာနုလေးကြောင့် အောက်ခြေကကြည့်လျှင် ပေါက်တစ်ပင်လုံး မီးခိုးမဲ့ရောင်ထနေတတ်သည်။ အရွက်တွေ မဝါခင်မှာတော့ ပေါက်ရွက်တွေက သံလွင်စိမ်းရောင်။ အပွင့်နီနီတစ်ပုံတစ်ခေါင်းက အစိမ်းတွေ ကြားက ရုန်းထွက် နေတတ်သည်။ အပွင့်နီနီများ အောက်ခြေမှာ ပွင့်ချပ်ညှာပန်း လိမ္မော်ရောင်ကလေးတွေ ဖောက်ထားတော့ လှချင်တိုင်း လှနေတတ်သည်။ နောင်ရုက္ခဗေဒသင်ရသည့်အခါ ဆရာမက 'အဲသည်အရောင်ကို 'ဆော်လမွန် ပန်းရောင်' (Salmon-pink) လို့ ခေါ်တယ်' ဟု သင်ပေးတာ မှတ်မိသည်။ ပေါက်ပန်းကိုတော့ တော၏မီးလျှံ (Flames of the forest) ခေါ်သည်ဟု ဆိုသည်။

ကျွန်တော်တို့ ရွာကျောင်းကလေးသို့ သွားသည်လမ်းမှာတော့ တမာ ပင်တန်းကလေး ရှိသည်။ ကျွန်တော့်မွေးလမှာ သည်တမာပင်တွေကလည်း အီတောက်တောက်သင်းရနံ့ဖြင့် နုချင်တိုင်း နုနေတတ်သည်။ ငယ်စဉ်က မလွမ်းတတ်သော်လည်း ကြီးလာတော့ တမာရွက်နုတာကလည်း ဘာကြောင့် မှန်းမသိ လွမ်းစရာ ဖြစ်နေတော့သည်။ ဆရာမြသန်းတင့်၏ တမာနုချိန် စစ်တမ်းကို ကျွန်တော့် မွေးလရောက်တိုင်း ပြန်ဖတ်ဖြစ်သည်။ လွမ်းလို့ ဖြစ်၏။

*'အညာသားဖြစ်၍လားမသိ။ ကျွန်တော်သည် နွေဆန်းလျှင် အညာကို လွမ်းတတ်လေသည်။ အညာကို အလွမ်းဆုံးအချိန်မှာ တပို့တွဲလဆန်းမှ တပို့တွဲလပြည့်ကျော် လောက်အထိ ဖြစ်ပါသည်။ တပေါင်းဆိုလျှင် အညာရာသီ ဥတုသည် ပူလွန်းသည်။ ရှုခင်းက ခြောက်သွေ့လွန်းသည်။ တံလှပ်တွေ ဗူးရဲလွန်းသည်။ တပို့တွဲလဆန်းမှာမူ သိပ်မပူ၊ သိပ်လည်း မချမ်း။ 'ဆောင်းကျွတ်လှပြီ နွေရာသီလည်း မပီတတ်သေး၊ ဝိုးဝါးထွေးလျက်' နေသောစပ်ကူး မတ်ကူးအချိန် ကလေး . . . ။*

*တမာနုချိန်သည် ကျွန်တော့်နွေလွမ်းဝေဒနာ၏ ရောဂါ လက္ခဏာချက် ဖြစ်ပါသည်။ ကျွန်တော့် အိမ်လွမ်း ဝေဒနာ၏ ပြဒါး တိုင်လည်း ဖြစ်ပါသည်။"*

ပြီးခဲ့သည့် တပို့တွဲလထဲမှာ ကျွန်တော်တို့ ယင်းမာပင်၊ ပုလဲ၊ မင်းတိုင် ပင်ရွာများသို့ စာပေဟောပြောပွဲ ခရီးထွက်ခဲ့ကြသည်။ မင်းတိုင်ပင်မှအပြန် ပုလဲကိုဝင်ကာ ပုလဲမှ ကျတက် (ကျားတက်) လမ်းဆုံကို ဖြတ်တက်ပြီး မြိုင်၊ ရေစကြိုနယ် ကျေးရွာတွေအနီးက ဖြတ်ခဲ့ရသည်။ မြိုင်ကိုနီးသည်ဆိုသော်ငြား

http://www.cherrythitsar.org



မြို့င်ကိုမရောက်ခဲ့။ သို့သော် မြို့င်ရိပ်က ဖြတ်ပြန်လာရသည်လို့တော့ ဆိုနိုင်သည်။ တမာတွေစီတန်းပေါက်နေသည့် ရွာတွေ၊ ထန်းပင်တွေ ဝေစည်နေသည့်ရွာတွေကို ကျွန်တော်တို့ မြင်ခဲ့ရသည်။ ထန်းပင်တွေက သဲသဲခဲခဲ။ ဆောင်း ကြွင်းက ထန်းပင်တွေကြားမှာ ရှိနေသေးသည်။ တမာရွက်နုတွေမှာ မြူစတွေလိမ်းကျံနေသည်။ ဖောက်ထွင်းမြင်နိုင်ဖို့ ခက်ခဲသည့် တောက်ပမှုမျိုး ဖြစ်သည်။ တောစိမ်းတွေထဲက ဘာသံမှ ထွက်မလာခဲ့။ တိတ်ဆိတ်သော ကုမ်ရာသီ၏ ကန္တာတောခြေသည်ပင် လွမ်းစရာ။ ဝက်သစ်ချမရှိ၊ မိုးခမမရှိ၊ ဘော့ချ်မရှိ။ ဒဟပ်၊ သန်း၊ ရှား၊ ထနောင်း၊ . . . မန်ကျည်းနှင့် တမာတွေသာ ရှိသည်။ နွေမပီသေးသော်လည်း နွေရိပ်ကိုမြင်ရပြီ။ ရွက်ရင့်တို့ ရွက်လိပ်ကတော့ထိုးတာက ထိုးနေချိန်မှာ ညှာတံပောင်း ပုရစ်ဖူးစို့စို့ကလေးတွေ ပြနေတာလည်း ရှိသည်။ ရွက်စိမ်းတိမ်ဖူးနုကို လောကပူပူထဲ ခင်းကျင်းချင်ကြပြီ။ ကျွန်တော်တို့စီမှာတော့ ကုမ်ရာသီကို နွေဦးခေါ်နိုင်လိမ့်မည်ထင်ပါသည်။ နွေဦးစောစော (Early Spring) ဆိုတာမျိုး၊ နွေဦးနှောင်း (Late Spring) ဆိုတာမျိုး ခေါ်ရလောက်အောင် ကျွန်တော်တို့ နွေဦးက မကြာတတ်ပါ။ မြန်မာနွေဦး ဒါမှမဟုတ် အညာ၏ နွေဦးသည် ဥရောပ နွေဦးနှင့် ကွာပါသည်။ ထိုအခါ ဆရာဒဂုန်တာရာ၏ 'တမာရိပ်၊ နေကြာပွင့်နှင့် အာဖရိကဒေစီ' ကို ကျွန်တော် သတိရမိပြန်သည်။

*'ကဗျာဆရာသည် လမ်းဆုံလမ်းခွ၌ ရောက်နေပေသည်။ ကဗျာဆရာသည် တမာရိပ်၌ ကြီးပြင်းကာ ခေတ်စမ်း ကဗျာစာအုပ် ဖတ်ရင်း ကဗျာဆရာဖြစ်လာသူ ဖြစ်သည်။ သို့သော် ဗေဒါပန်းများ မျောနေသော ချောင်းရေပြင်မှာ လှေတစ်စင်းနှင့် လှော်ခတ်နေရခြင်းကို စိတ်ကူးနေလေသည်။ သို့သော် သူ့ခေတ်မြို့င်အသံဗလံများက သူ့အလွမ်းသူ့တေးကို ဖောက်ထွင်းလိုက်ကြသည်။ တမာရိပ်သည် လှုပ်ရှားကာ ထွက်သွားသည်။ . . .*

*ထို့နောက် သူသည် တမာရိပ်မှခွာကာ ကတ္တရာ လမ်းမပေါ် ရောက်သွားသည်။ ခေတ်ဆီရနံ့ကို ရှူလာရသည်။ တမာရနံ့ကို လွမ်းနေဆဲ။ . . .*

*နေကြာပွင့်အဝါများ တစ်လမ်းလုံးမြင်ခဲ့ရသဖြင့် မေ၏ ဟောမာန်ဦးကို နေကြာပွင့်ဖြင့် တင်စားနေသည်။ အောင်ပန်းဘူတာ့ အာဖရိက ဒေစီပန်းလာရောင်းသော ပန်းသည်ကို ငေးရီ၍နေမိသည်။*

*နောင်ဆယ်နှစ်တွင် လူငယ်ကဗျာဆရာ. . . သည် ဤဒေစီ ပန်းကို ဖွဲ့ရပေလိမ့်မည်။*

http://www.cherrythitsar.org



*ယင်းသို့ ရထားသည် ရှမ်းပြည်နယ်မှ ထွက်ခွာလာရာ တမာ ရိပ်ဖြင့် လွှမ်းသော သာစည်လမ်းဆုံသို့ ရောက်လာပေပြီ။*

*ကဗျာဆရာသည် လမ်းခွဲ၌ ငေးရီနေသည်။ တမာရိပ် လွှမ်းခြင်းလော။ နေကြာပွင့်ကိုလော။ အာဖရိကဒေဇီကိုလော။ အတိတ် ကိုလော။ အနာဂတ်ကိုလော။*

ကျွန်တော့်မှာလည်း သည်ပြဿနာရှိနေသည်။ နာရီချိန်သီးသည် ပစ္စုပ္ပန်အလည်တည့်တည့်၌ ရောက်သည်ဆိုရုံကလေး ရောက်ရကာ တစ်ချိန်လုံး အချိန်ဆမှန်မှန် ဘယ်ညာနှစ်ဘက်သို့ လွဲရမ်းနေပုံမျိုးဖြင့် တင်စားရတော့မည်။ ရောက်နေဆဲ ပစ္စုပ္ပန် ကုမ်ရာသီကို ကျွန်တော်ခဏလေးလောက်သာ ခံစားနေရသော်လည်း အတိတ်နှင့်အနာဂတ် ကုမ်ရာသီ ဘယ်ညာနှစ်ဘက်သို့ ရှေ့တိုးနောက်ငင် လွဲရမ်းရင်း ခံစားနေမိတာ များသည်။ ကုမ်ရာသီ ငါးဆယ်ကို ကျော်ဖြတ်ခဲ့ပြီ။ ငယ်ဘဝ ကုမ်ရာသီ ဆယ်ကြိမ်က အညာကုမ် ရာသီနှစ်များ ဖြစ်သည်။ နောက်ထပ် ကုမ်ရာသီ အကြိမ်သုံးဆယ်က အကြေအရပ် ကုမ်ရာသီ တွေ။ လင်ငင်းကုမ်ရာသီဆယ်ကြိမ်က အညာဖြစ်နေပြန်သည်။ လက်ရှိ ကျွန်တော်ရောက်နေသည့် နေရာမှာ တမာတွေမရှိ။ လက်ပံပင်အိုကြီးတွေသာ ရှိသည်။ လက်ပံတွေကလည်း တပို့တွဲလမှာ ပွင့်တတ်ကြပါသည်။ လက်ပံတွေ ပွင့်သည့်အချိန်က လက်ပံရွက်ခြွေချိန်ဆိုတော့ ရိုးကြီးဆစ်ကြီးနိုင်သော လက်ပံပင်ကြီးတွေ အကျည်းတန်နေတတ်သည်။ လက်ပံပွင့်တွေ ကြွေပြီး သီးကင်းကလေးတွေ ‘ထွက်’ စပြုတော့မှ ရွက်နုကလေးတွေ ဝေသည်။ သည်တော့လည်း အမယ်အိုဆံရစ်ချသလိုလို။ သစ်ရွက်စိမ်းတွေထဲမှာ စိန်ပန်းစိမ်းကို ကျွန်တော် အင်မတန်ကြိုက်သည်။ သို့သော် မိုးကလေးတစ်စွက်နှစ်စွက်ကျပါမှ စိုစိုဖတ်ဖတ်ရှိဝံ့တာထက်စာလျှင် တမာ၊ ထနောင်းတွေကို ပိုသဘောကျပါသည်။ မြင်းခြံမြို့အဝင်က ထနောင်းတန်း၊ မုံရွာကျောက္ကာလမ်းက တမာတန်းကို ကျွန်တော် စွဲလန်းသည်။ ဆရာသိန်းဖေမြင့်ကတော့ သူ့ရွာအဝင်က တမာတန်းကို လွမ်းသည်။

*‘ဒုတိယကမ္ဘာစစ်ကြီးမတိုင်မီက ကျွန်တော်တို့ရွာ၏ ကျက်သရေဆောင်ဖြစ်သော မီးရထားဘူတာရုံကလေးကို ကျွန်တော် သည် မကြာခဏ သတိရသည်။ တမာပင်၏ အရိပ်အာဝါသကို ခိုလှုံချင် သည်။ ကြွေကျသော တမာသီးကလေးတွေကို ကောက်စုပ်ချင်သည်။ ဒုတိယကမ္ဘာစစ်အတွင်း ဘူတာလင်မီးရထားဘူတာရုံကလေး ပျက်စီး သွားလေပြီဟု ကြားသိရသောအခါ ကိုယ့်အိမ်ကိုယ့်ရွာ ပျက်စီး*

http://www.cherrythitsar.org



*သွားသလို ခံစားမိလေသည်။ စစ်ကြီးအပြီး ပထမဆုံး အခေါက် ဘုတလင်သို့ ပြန်ရောက်သွားသောအခါ ဘုတာပျက်နှင့် တမာငုတ်တို များကို တကူးတကသွားပြီးကြည့်ကာ လွမ်းဆွတ်ကြေကွဲရလေသည်။'*

လွမ်းမည်ဆိုတော့လည်း လွမ်းစရာချည်း။ ညံညံဆူသော ဆက်ရက်သံကို လွမ်းရလိမ့်မည်။ ယာဂုတော်ပွဲ၊ ထမင်းနဲပွဲကိုလည်း လွမ်းရလိမ့်မည်။ ယုဂန္ဓိုရ်တောင်ထိပ်က မာဃနက္ခတ်ကိုပင် မမြင်ဖူးဘဲ လွမ်းရတော့မည်။ နယ်ရှစ်ဆိုင်မြူငွေ့က ဖြူပြေ့ပြေ့သွင်ကျင်းလို့ ဆီးနှင်းကျန်တာကလည်း လွမ်းစရာ။

သည်နှစ်တော့ ကျွန်တော်၏ အကြိမ်၅၀မြောက် ကုမ်ရာသီက ကျွန်တော့် ပြတင်းပေါက်မှာ လာချိတ်နေသည်။ ပြတင်းပေါက်က မြင်နေရသည့် ကုမ်ရာသီက တရုတ်ကတ်မှန်တွေကြောင့် မျဉ်းပါ ဗလာစာရွက်ပေါ်မှာ ပန်းချီဆွဲထားတာနှင့် တူနေသည်။ မြစ်ကို မြင်နေရသည်။ တောင်ကို မြင်နေရသည်။ ကျွန်းနုစိုက်ခင်းကျယ်ကို မြင်နေရသည်။ ပြီးတော့. . . ကမ်းပါးထိပ်က မြစ်စောင့် လက်ပံပင်ကြီးတွေ။ စစ်ကိုင်းတောင်ကတော့ 'နေလည်းချမ်းမြ၊ လလည်း နှင်းရည်၊ ပြိုပြို မထွန်း၊ တောင်ထက်ဝန်းလည်း၊ ဆူး, ပန်း, လဲ, ပေါက်၊ ဝင်းဝင်း တောက်'မနေပါ။ တောင်ခိုးပြာတို့ မှုန်နေသည်။ မင်းဝံကတော့ မဲနယ်ရည်ဆိုးဖျင်စနှင့်တူ၏။

'ကုမ်ရာသီဟု၊ အညီခေါ်မြဲ၊ တပို့တွဲမူ၊ မဖွဲ့မိုးလေ' ဆိုတာလည်း မဟုတ်တော့။ တပို့တွဲဝင်သည်ဆိုကတည်းက လေမှုန်နေသည်။ မြစ်ရေအစုန်မှာ တောင်လေပြက်ပြက် ဆီး၍ဖျက်သည့်အခါ လှိုင်းထရေး (ထယ်ရေး) ကြီးထလေသည်။ ကျွန်တော်မွေးနေ့က မိုးပင်ရွာလိုက်သေးသည်။ မိုးနှင့်လေက 'ခြေလျင်ခြေချင်း၊ မြင်းလည်း မြင်းလျောက်' ဖြစ်နေလေသည်။ ဧရာဝတီ၏ အရှေ့ကမ်း အနောက်ကမ်း ကူးတို့လှေတို့ပင် အကူးအသန်းမဝံ့သည့် ရက်တွေ ရှိနေသည်။ မှာလည်းမကြား၊ သွားလည်းမသင့် ဖြစ်ကြရော့မည်။ ပြတင်းဝက ဝင်နေသည့် လေစွပ်ကြောင်းထဲမှာ သဲမှုန်တွေက တဖြောဖြော။ လက်ပံပင်တွေကလည်း 'လာဟေ့ ဒွား သွားကောက်ချေစို့' ခေါ်စရာမရှိ။ သည်နှစ် လက်ပံတွေ အပွင့်ဆွံ့သည်။ တစ်ပင်လုံးပုတ်လို့မှ သုံးစိတ် ဝင်ထန်းလျော်တောင်း ပေါင်းလန်အောင် မရချင်။

သည်နှစ် ကုမ်ရာသီမှာတော့ တမာပွင့်ရနံ့မရှိ။ ရဲပတောင်းခတ်သော ပေါက်ပွင့်မရှိ။ လက်ပံတွေကလည်း ဖြုတ်ခနဲပွင့် ဖြုတ်ခနဲ ကြွေ။ ပြတင်းဝက

http://www.cherrythitsar.org



မြင်ရသလောက် လွမ်းစရာမမြင်ချေ။ မိုးနှင့် လေ ပြင်းတွေသာ ရှိနေသည်ကော။ စုန်းမ၏ မီးဖိုချောင်နှင့်တူသော ပြုတ်စဖျင်းတောင်း ကုမ်ရာသီ ဖြစ်သည်။ အေးစက်စက်။ ။

■

*(IDEA / ၂၀၁၃ - ဩဂုတ်)*

# ညဏ်ရည်ကိန်းလျော့ ကြွက်တစ်ကောင်

ကျွန်တော်နေထိုင်သည့် မြို့စွန်အရပ်မှ မန္တလေးမြို့တွင်းသို့ သွားနိုင်သည့် ခရီးစဉ်လမ်းကြောင်းများတွင် ကျွန်တော့်အတွက် အဆင်ပြေဆုံးယာဉ်မှာ ဆိုက်ကားဖြစ်သည်။ စက်ဘီးမစီးတတ်သော ကျွန်တော့်အဖို့ စက်ဘီးမြို့တော်ဖြစ်သော မန္တလေးနှင့်သည်တစ်ချက်မှာတော့ အံမဝင်သလို ဖြစ်နေရသည်။ မန္တလေးမှာက စက်ဘီးသည် အရေးတကြီးယာဉ်ဖြစ်သည်။ ဖျိုးခနဲ ဖျပ်ခနဲ ထသွားထလာများတွင် စက်ဘီးသည် ခရီးရောက်သည်။ သည်တော့ ဆင်းရဲချမ်းသာမရွေး အနည်းဆုံး စက်ဘီးတစ်စီးတလေတော့ မန္တလေးအိမ်တွေမှာ ရှိတတ်သည်ချည်း၊ အများစုအတွက်ကတော့ ဖျိုးခနဲ ဖျပ်ခနဲပင် မဟုတ်ဘဲ မရှိမဖြစ် ယာဉ်ဖြစ်သည်။ မြို့သစ်လို ဝေးလံသော အရပ်မှပင် စက်ဘီးကို သုံးကာ အလုပ်ဆင်းကြသူတွေ ရှိသည်။ မနက်ခင်း ညနေခင်းများတွင် စက်ဘီးဒီဝီဇံတပ်မကြီးသည် အလုံးကြီးအရင်းကြီးပြုကာ သွားကြခြင်း ပြန်ကြခြင်း အမှုကို ကြိုတင်ညှိနှိုင်းထားခြင်း မရှိဘဲလျက် တစ်စုတဝေးတည်း ပြုကြမြဲ ဖြစ်၏။

ကျွန်တော့်အဖို့ မြို့ထဲသွားချင်လျှင် လိုင်းကားစီးနိုင်တာတော့ ရှိသည်။ အမှတ် (၇) အဝါလိုင်းကား ဖြစ်သည်။ သည်ကားက ဧရာထွန်းခေါ်ကြသည့်

http://www.cherrythitsar.org



မန္တလေးအနောက်တောင်ဖျားမှ အိုးဘိုခေါ်ကြသည့် မြောက်စူးစူးအရပ်အထိ ခရီးရှည်ချီလိုင်းကားဖြစ်သည်။ သည်လိုင်းကားပေါ် တက်လိုက်ရုံဖြင့် နာရီဝက်လောက်အကြာမှာ ခရီးထက်ဝက်ဖြစ်သော ဈေးချိုတစ်ဝိုက်ကို ရောက်နိုင်သည်။ သို့သော် ကျွန်တော့်အတွက် လိုင်းကားစီးရတာ အဆင်မပြေလှပါ။ ကြားမှတ်တိုင်က စီးရတော့ နေရာရဖို့ မလွယ်တာလည်း ပါသည်။ ဤမှာဘက် ဂိတ်ဖျားမှ ထိုးမှာဘက်ဂိတ်ရင်းအကြား သွားကြ လာကြသူတွေထဲမှာ ဈေးသည်တွေ များသည်။ ခံတောင်းကြီး၊ ခံတောင်းငယ်၊ အထုပ်ကြီး အထုပ်ငယ်တို့ကို လူနှင့် ထပ်တူထပ်မျှ ရိုသေလေးစားတတ်သော ယာဉ်နောက်လိုက်တို့က လူခရီးသည်ကို မျှော်ဘိသကဲ့သို့ အထုပ်ခရီးသည်ကိုလည်း တောင့်တကြသည်ဖြစ်ရာ ထိုစုံစီနဖာတွေကြား မိုးတိုးမတ်တပ်လိုက်ဖို့က ကျွန်တော့် ခန္ဓာကိုယ်နှင့် အငှားခန္ဓာ မပြောင်းနိုင်ခြင်းကြောင့်ဖြစ်သည်။ မနက်ခင်းများ၌ ဆွမ်းသပိတ်ကို တစ်ဘက်က ပိုက်လျက် ကျန်လက်တစ်ဘက် အပေါ်သံတန်းကို ကိုင်တော်မူကြရင်း ဆွမ်းခံကြွတော်မူကြရသည့် ရဟန်းတော်များကြားမှာ မတ်တပ်ရပ်စီးဖို့ ဆိုတာလည်း ခြေမြလက်မြမရှိသော ကျွန်တော့် အတွက် မစဉ်းစားဝံ့အောင် ဖြစ်ရသည်။

စာရေးဆရာတစ်ယောက်အတွက် မိမိနှင့်စာတိုက်ဆက်ဆံရေးသည် ပထမကိစ္စဖြစ်သည်။ စာပေမိတ်ဆွေများနှင့် တွေ့ကြ၊ ဆုံကြ၊ စာသတင်း ပေသတင်းကလေးတွေ နာကြ ကြားကြ၊ လူမှုရေး ကိစ္စများတွင် မရောက်မဖြစ် မျက်နှာပြကြရသည့်ကိစ္စတွေကလည်း ရှေ့တန်းမှာရှိသည်။ စာမူသစ်ကိုပို့ခြင်း၊ ပါပြီးစာမူခယူရခြင်းသည်လည်း စားဝတ်နေရေးအတွက် ပဓာနကျလေရာ နှစ်ရက်တစ်ခါ သုံးရက်တစ်ခါဆိုသလို မြို့ထဲကို သွားရသည်သာ ဖြစ်၏။ ကျွန်တော့် မြို့တွင်းခရီးစဉ်အကြမ်းမှာ ပထမဆုံး ကိုညီပုလေးရှိရာ လူထုတိုက်ကို ဝင်မည်။ အပေါ်ကို တစ်ပြတက်ကာ ဥတ္တရလွင်ပြင်ကို ဝင်မည်။ ဥတ္တရလွင်ပြင်မှာ ကိုသန်းဋ္ဌေးနှင့်တွေ့ပြီးလျှင် အနားက လက်ဖက်ရည်ဆိုင်မှာ တစ်အိုးတစ်အောင့်ထိုင်၊ ပြီးမှ ၂၉ လမ်း - ၈၄ လမ်း ထောင့်က ထွန်းဦးစာပေကို ဆက်သည်။ များသောအားဖြင့် ကိုထွန်းဦးဆိုင်မှာ လူစုံ၏။ ကိုသိုက်၊ ကိုငြိမ်း (မန္တလေး)၊ ကိုခင်အောင်ဝင့်၊ ကိုစိုးဘားဒိုင်၊ ကိုညိုထွန်းလူ၊ ကိုဖူလုံ၊ ကိုသင်းပန်းစသူတို့ကတော့ အမြဲလိုလိုတွေ့တတ်သည်။ ဆရာနတ်မောက်ထွန်းရှိန်လည်း လာထိုင် တတ်သည်။ ပြီးလျှင် ထွန်းဦးစာပေကို ရောက်လာတတ်သည့် စာအုပ်လက်ဆောင်၊ စာမူခတို့ကို ထုတ်ယူပြီးမှ စာမူထည့်ဖို့ စာတိုက်ကြီးပြေးရသည်။ ဒါက ခရီးစဉ်အကြမ်း။ သည်အခြေခံပေါ်မှာ ဈေးဝယ်ခြင်း၊ ဆေးဝယ်ခြင်းတွေ ပိုလာတတ်သည်။ BCL မှာ စာအုပ်သွားငှားရတာ ရှိမည်။ ညှော်ခံပွဲ တစ်ပွဲပွဲ

http://www.cherrythitsar.org



ရှိချင်ရှိမည်။ ရောယောင်နောက်လိုက်ပါသွားရတာ မျိုးရှိမည်။ အသွားအပြန် ပုတ်ပြတ်ခေါ်လာသည့် ဆိုက်ကားကို ပြန်လွှတ်လိုက်ရကာ မိတ်ဆွေ၏ ကားတစ်စီးပေါ် ဒါမှမဟုတ် ဆိုင်ကယ် တစ်စီးစီးပေါ် ရောက်သွားရတွေက လည်း အကြောင်းအားလျော်စွာ ဖြစ်တတ်သည်။

ထားပါတော့။ ဤသို့သော် အကြောင်းများဖြင့် မြို့ထဲသွားရသည့် အခါတိုင်း ကျွန်တော် ဆိုက်ကားစီးမြဲ ဖြစ်သည်။ တစ်ခါတစ်ရံ ကျွန်တော့်ထံ ရောက်လာတတ်သော မိတ်ဆွေက ကားသို့မဟုတ် ဆိုင်ကယ်ပါလာလို့ ခရီးကြုံ လိုက်သွားရင်း အပြန်ကျမှ မြို့ထဲက ဆိုက်ကားတစ်စီးစီးငှားပြန်ရတာမျိုးလည်း ရှိသည်။ ပုံမှန်အားဖြင့် အိမ်နားက ဆိုက်ကားဆရာတွေကို ကျွန်တော် ခေါ်နေ ကျ။ မြို့ထဲ ဟိုဝင် သည်ဝင် အသွားအပြန် ၅၀၀ ကျပ်။ ဆိုက်ကားဆရာကလည်း ငွေ ၅၀၀ ပက်ခနဲ ရလိုက်နိုင်သလို ကျွန်တော်ကလည်း အပြန်အတွက်ပါ Booking လုပ်ထားပြီးဖြစ်ရတော့ အဆင်ပြေသည်။

စင်စစ် သည် ၅၀၀ မှာ ပေးရသော ကျွန်တော့်အတွက် များသော်ငြား ယူရသော ဆိုက်ကားဆရာအဖို့ နည်းသည်။ ဒါကို သူရော ကျွန်တော်ပါ သိကြပြီးသား။ သို့သော် သူ့ဘက်ကလည်း ဆိုက်ကားသဘာဝအရ ခရီးပို့ရသူကို အသွားအပြန် အော်ဒါရဖို့ ဆိုတာ အခွင့်အရေးနည်းသည်။ လိုရာခရီးကို ပို့ရတာပဲများသည်။ ဆိုပါစို့ အသွားကို မြို့ထဲတစ်ခေါက် ၃၅၀ ကျပ်နှင့် ပို့နိုင်သော်လည်း အပြန် ၃၅၀ နှင့် ခရီးသည်တစ်ယောက် ပြန်ပါလာဖို့က သေချာတာ မဟုတ်။ သည်တော့ အသွားအပြန် ငွေ ၇၀၀ ရနိုင်သည်ဆိုတာ လည်း မရေရာတော့ ကျိန်းသေကံမ ငွေ ၅၀၀ ကို ပိုမက်သည်။

'ဆရာ့ကို ၅၀၀ နဲ့ပို့ရတာ တကယ်တော့ . . . သဘော ပြောတာပါ နော် . . . မကိုက်ဘူး . . . မြို့ထဲဆိုရင် အသွားချည်း ၃၅၀၊ ၄၀၀ လောက်ရမှ လိုက်ကြတာ၊ အသွားအပြန်ဆိုရင် အနည်းဆုံး ၇၀၀ လောက်ရမှ လိုက်ကြတာ ချည်းပဲ၊ ဆရာ့မို့လို့ . . . '

သည်စကားသည်လည်း အမှန်ဖြစ်သည်။ သို့သော်လည်း ဆိုက်ကား ဆရာတော်တော်များများမှာ ဆိုက်ကားခကို ပိုပြောတတ်သည်။ ဈေးဆစ်စာ ချန်ပြီး တင်ပြောကြတာရှိသလို တမင်မတန်တဆ တောင်းကြတာလည်း ရှိသည်။ လူတစ်ယောက်ဝန်ကို ခြေသလုံး ကြွက်သားအားစိုက်ကာ ကျားကုပ် ကျားခဲနင်းရင်း ဝမ်းကျောင်းရတာ ကို မစာနာလို့ မဟုတ်သော်လည်း မတန် တဆတောင်းလျှင် စီးရသူက စိတ်ဆင်းရဲကြရသည်။ သည်တော့ ကျွန်တော်က လည်း ညှိထားရ၏။

http://www.cherrythitsar.org



'သည်လိုလေ ကိုယ့်ဆရာရဲ့၊ ကျွန်တော်က လိုင်းကားရှိတဲ့ ခရီးကို ဆိုက်ကားသက်သက်စီးရတာ၊ ဆိုပါတော့ ခေါင်းခန်းကစီးမှ အသွား ၅၀ အပြန် ၅၀၊ အသွားအပြန် ၁၀၀ ပဲကုန်တာကို ခင်ဗျားကို ၅၀၀၊ ၆၀၀ ပေးစီးတာ ချမ်းသာလို့မဟုတ်ဘူးဗျ၊ ခင်ဗျားလည်းရစေ ကျွန်တော်လည်း အဆင်ပြေစေ မဟုတ်ဘူးလား'

တကယ်တော့ မြို့ထဲတစ်ခေါက် ၅၀၀၊ ၆၀၀ ပေးပြီး သွားနေရတာ တန်သည်ဆိုသော်လည်း တစ်နေ့ကိစ္စမဟုတ်။ နှဲတစ်လက် ၃ ကျပ်တန်ကို ဝယ်လာပြီး တစ်နေကုန် မှုတ်နေတာမျိုး ဖြစ်နေရော့မည်။ သည်တော့ ဖောက်သည်ဈေး။ အသွားအပြန် ၅၀၀။ သည်ကြားထဲက စာတိုက်ကြီး ၂၂ လမ်းဘက်သွားရလို့ လမ်း ၃၀ BCL သွားရလို့ ဒါမှမဟုတ် အကြောင်းတစ်ခုခု ကြောင့် ကြာသွားလို့ဆိုလျှင် ၆၀၀ သို့မဟုတ် ၇၀၀ ပေးမည်။ သည်တော့ အနည်းဆုံးက ၅၀၀ အများဆုံးက ၇၀၀။ အိုကေ။

ဤသို့ဖြင့် ကျွန်တော်နှင့် ဆိုက်ကားကို တွဲမြင်ကြရသည်။ စာပေ ရောင်းရင်းတွေက ကျွန်တော့်ကိုမြင်လျှင် ဆိုက်ကားနဲ့လား စ မေးကြသည်ချည်း။ မော်တော်ကားရှိသော်လည်း ဆိုက်ကားစီးတတ်သူတစ်ဦးမှာ လှဂုဏ်ရည် ကိုကျော်ဝင်းဖြစ်သည်။ သူကလည်း သူ့ ဆိုက်ကားမာစတာ ကိုယ်ပိုင်နှင့် ဖြစ်သည်။ စင်စစ်ဆိုက်ကားဆိုသည့် ယာဉ်ဖွဲ့စည်းပုံကို ကျွန်တော် နှစ်သက်တာ လည်း ပါပါသည်။ ဆိုက်ကားဆရာနှင့် မိမိအနီးကပ်ယှဉ်လျက် ပြေးနေရတာမျိုး။ ငါးထန်းရွက် နှစ်ကောင် ရေစုန်မျှောနေပုံနှင့် နှိုင်းရမည်။ ဆိုက်ကားဆရာက နည်းနည်းမြင့်မည်။ ကိုယ်က နည်းနည်းနိမ့်မည်။ ကိစ္စမရှိ။ ဒါကိုယ်က ဘဝဆန် သည်။ ဆိုက်ကားဆရာ၏ ညည်းချင်းတွေကို ကြားနိုင်သည်။ ကြွားချင်းတွေကို ကြားနိုင်သည်။ နက်နဲသော ဂမ္ဘီရအတွေးအမြင် များကို ကြားနိုင်သလို ခပ်ချာချာ အတွေးအခေါ်တွေလည်း ကြားနိုင်သည်။ ဆိုက်ကားဂိတ်တွေမှာမှ ရှိတတ်သော သတင်းတွေပင် ပါ တတ်သည်။ ဆိုက်ကားဆရာ၏ ချွေးနံ့ကို ရမည်။ ဆေးလိပ်နံ့ ကို ရမည်။ ထွေးလိုက်သော ကွမ်းတံတွေး (ကွမ်းသွေး) မှုန်တွေ စင်ချင် စင်လိမ့် မည်။

'ညက အချိန်မတော်မှ အောက်ထပ်က လာခေါ်တယ်။ ဘယ်လဲ ဆိုတော့ တောင်မြို့ဘက်ကိုတဲ့။ ဒါနဲ့ လိုက်သွားရော၊ မိုးကြီးကလည်း မှောင်လို့၊ မိုးဖွားကလေးတွေတောင် ကျနေတာကိုး ဆရာရဲ့၊ ကြောက်တာတော့ မကြောက် ဘူး၊ ဘားတန်းမှာ နှစ်တစ်လက်မ ကပ်ချည်ထားတာရယ်၊ အံထဲမှာ သံတုတ် တိုတစ်ချောင်း ထည့်ထားတာ ရယ် ပါတာကိုး . . . ဒါနဲ့ အပြန်ကျတော့ . . . '

http://www.cherrythitsar.org



ဟောင်ကောင်ကားတစ်ကား ကြည့်ရသလို ခံစားမှုမျိုး ကျွန်တော်ရနေတတ်သည်။ ဆိုက်ကားဆရာပြောသည့်အတိုင်း ဆိုလျှင် လောက၌ တရားဥပဒေသည် လူမှန်းသူမှန်းမသိအောင် မူးနေသလို ဖြစ်နေသည်။ ဆိုက်ကားခမပေးဘဲ မိုက်ကြေးခွဲသူနှင့် ဆိုက်ကားဆရာတို့၏ စွန့်စားခန်းက တိုင်းလုံးကျော်နှင့် ဇော်ဟိတ်တို့ လက် ဌေ့ပွဲထက် ကောင်းသော ဖြစ်စဉ်ပြ အဖွဲ့မျိုး ဖြစ်သည်။

'တစ်ခါတော့ ဥစ္စာစောင့်တင်မိတာဆရာ၊ မိန်းမက ချောချောရယ်၊ ကျွန်တော်ကတော့ ထင်တယ် ကြက်သီးတွေကလည်း တဖျန်းဖျန်း ထနေတာကိုး'

ဒါမျိုးဆိုလျှင် အင်းလိုက်ကောင်းရသည်။ အင်းလိုက်ခြင်း ရေချိန်ပေါ်မှာ အဖြစ်အပျက်အဖွဲ့သည် ဝေဆာနေတတ်သည်။ သူ မတူအောင် ချောမောလှပခြင်း၊ သင်းပျံ့သော ရနံ့ရှိခြင်း၊ ဆံပင်တွေက တဖျပ်ဖျပ်တောက်ပခြင်းတွေ ပါလာတတ်သည်။

'နေပါဦး ခင်ဗျားက ဥစ္စာစောင့်မှန်းသိသလား'

'သိပြီးလားဆရာရယ် . . . မျက်တောင် တစ်ချက်မှ မခတ်ဘူး ဆရာရေ့ . . . '

လူနှင့်ဥစ္စာစောင့်ခွဲခြားနည်းကို အရင်က ကျွန်တော် မသိ ရိုးအမှန်။ တစ်ခါတစ်ခါတော့ စားသောက်ဆိုင်တစ်ဆိုင်ကို ပို့ရသော တေးသံရှင်မကလေး အကြောင်း ပါတတ်သည်။ ဆိုက်ကားဆရာတွေထဲမှာ ကျွန်တော် သဘောအကျဆုံး ဆိုက်ကားဆရာမှာ ကိုပွဲရှောင် ဖြစ်သည်။ မြင်းခြံနယ်ကျေးရွာတစ်ရွာက မန္တလေးရောက်လာသူ။ ထူးခြားသော တိုက်ဆိုင်မှုလားတော့ မသိ။ ကျွန်တော်နှင့်ကြုံရသမျှ ဆိုက်ကားဆရာတော်တော်များများ မြင်းခြံနယ်ကျေးရွာတွေက ဖြစ်နေတတ်သည်။ ကိုပွဲရှောင်က သဘောကောင်းသော်ငြား ဆိုက်ကားက သဘောမကောင်းပါ။ ချိန်းကြိုးပြတ်ခြင်း၊ ခြေနင်းခွာပြုတ်ခြင်း၊ စပုတ်တိုင်ကျိုးခြင်း၊ ဘီးပေါက်ခြင်းတွေက ထားတော့။ အဆိုးဆုံးမှာ ဘရိတ်တုံးများက ဩော်နံ့ထွက်အောင် ညီတတ်ခြင်းနှင့် ဘရိတ်လုံးဝမမိခြင်းတို့ ဖြစ်သည်။ သည်အစွန်းနှစ်ဘက်က ကင်းလွတ်သော မဇ္ဈိမပဋိပဒါ သည်မရှိ။

'ဆိုက်ကားများ ပြင်ပါဦးတော့ဗျာ . . . ကိုပွဲရှောင်ရဲ့'

'အုံနာက မစွံပါဘူးဗျာ . . . ဆိုက်ကားဆွဲမထုတ်ရသေးဘူး . . . အုံနာကြေး ၁၅၀ ကြိုပေးခဲ့ရတာရယ်၊ ပြင်စရာရှိတော့ မပြင်ချင်ဘူး၊ ကျုပ်ကလည်း ဘယ်ပြင်လိမ့်မတုံးဆရာရဲ့ . . . သူ့ ပစ္စည်းပဲ'

http://www.cherrythitsar.org



သည်ပဋိပက္ခကြားမှာ 'နီဂိုရှေးတား' လုပ်လျှင် ကိုယ်သာ သိက္ခာကျဖို့ ရှိသည်။ နှစ်ဘက်တင်းမာမှုကြောင့် ကြားထဲက ဆိုက်ကားက ချုံးချုံးကျရုံမက စီးသူက ခရီးဖင့်ရသည်။ နောက်တော့ ကိုပွဲရှောင်ကို ကျွန်တော် ရှောင်ရသည်။ ကျွန်တော်တို့ လမ်းထောင့်က တင်မောင်စိုးကို စီးသည်။ လူက လူငယ်။ တစ်ထည်တည်းသော အင်္ကျီကြားသည် သူ့အမှတ်အသား ဖြစ်သည်။ ကွမ်းသွား ချေးထနေသည့် သူ့အပြုံးက အားမရှိ။ အရက်နှင့် ချွေးနံ့ပေါင်းထားသည့် ကော်ဒိုက်ယမ်းနံ့သည် သူ့ခန္ဓာကိုယ်မှ လှိုက်တက်နေသည်။

'ကျွန်တော် အရက်မသောက်တော့ဘူး ဆရာ၊ မနေ့ကပဲ ဆရာတော့် ကျောင်းမှာ အာမဘဏ္ဍေခံပြီး လျှုလိုက်ပြီ၊ သားမယားလည်း စိတ်ဆင်းရဲရတယ်၊ ခရီးသည်ကလည်း စိတ်ညစ်ရတယ်၊ ကျွန်တော်လည်း ချျချာလာတယ် ဆရာ'

'ဟုတ်မှလည်း လုပ်ပါ မောင်ရာ . . . သံဃာကိုလှူတာ တကယ် စောင့်ထိန်းရတာနော် ကိုယ့်လူ'

'ဟာ . . . ဆရာ့နှယ် ပြန်သောက်ရင်း ရှုးမှာပေါ့၊ ငါးပါး သီလခံပြီး လှူတာ'

နောက်နှစ်ရက်မှာတော့ တင်မောင်စိုး ရှူး မရှူး မသေချာသော်လည်း မူးနေတာတော့ သေချာသည်။ ကျွန်တော့်ကို မျက်စေ့ ဇောက်ထိုးကြည့်ရင်းက ပြုံးပြသည်။

'မင်းကတိကလည်း နှစ်ရက်တောင် မခံပါလားကွာ . . . '

မျက်ခုံးမှာ ဒဏ်ရာတွေ ပွထနေသည်။ ညက မူးမူးနှင့် ရန်ဖြစ်တော့ ရဲအချုပ်ခန်းထဲ ရောက်သည်။ သူ့အရက်အလှူခံသည့် ဦးဇင်းကပဲ ရဲစခန်းကို လိုက်ထုတ်ပေးသည်ဆို၏။တစ်လောကတော့ တင်မောင်စိုး ပျောက်သွားတော့ တခြား ဆိုက်ကားတစ်စီးကို ရှာရတော့သည်။ ကလေးမလေးတစ်ယောက်ကို ခိုးပြေးသည်ဆို၏။ တစ်လလောက်ကြာတော့ တင်မောင်စိုး ပြန်ရောက်လာ သည်။ 'ကျွန်တော်ဘာမှန်းတောင်မသိလိုက်ဘူး ဆရာရေ. . . ရိုးရာကိုင်တာနေ မှာ၊ ကျွန်တော်ဖြင့် လူစိတ်ပျောက်နေတာ' ဆိုသည့် စကားဖြင့် နတ်ကို တရားခံ လုပ်သည်။ ကျွန်တော့် ဆိုက်ကားဆရာတွေထဲကကို တောင်းပြည့်သည်လည်း ထူးခြားသူ ဖြစ်သည်။ သူကတော့ အတွေးသမား ဖြစ်၏။ သူ့မေးခွန်းတွေက သိချင်လို့ မေးသည့် မေးခွန်းများ မဟုတ်။ နှိုင်းယှဉ်ချင်လို့ မေးသည့် မေးခွန်း တွေ။

'နေပါဦး ဆရာ့ကို ကျွန်တော် မေးပါရစေ. . . စိတ်မရှိပါနဲ့ ကျွန်တော် တကယ်သိချင်လို့ပါ။ ဆရာ့ကိုယ်ဆရာ ဘယ်လောက် ရှိမယ်မှန်းတုံး . . . '

http://www.cherrythitsar.org



'ဘာကို ပြောတာလဲ'

'ဩော် သည်လိုပါ ပြည့်ဝတဲ့ လူတစ်ယောက်ကို တစ်ကျပ် ဆိုပါတော့ ကျပ်ပြည့်ပေါ့လေ။ ဆရာကျတော့ ကျပ်လွန်သလား. . . သိချင်တာ။ ဒါက လည်း အကြောင်းရှိလို့ မေးတာပါ'

ပြဿနာ။ ကျွန်တော့်ကိုယ်ကျွန်တော် အဲသလို တစ်ခါမှ တန်ဖိုးမသင့် ခဲ့ဘူးတာ ဝန်ခံရမည်။ ကျပ်ပြည့်လား၊ ကျပ်လွန်လား၊ ကျပ်လျော့လား။ ကျွန်တော်က မယုတ်မလွန် ဖြေရသည်။

'လူဆိုတာ တစ်ခုမဟုတ်တစ်ခုတော့ ရှုံးကြတာချည်း မဟုတ်လား ကိုတောင်းပြည့်ရဲ့။ ကျပ်ပြည့်ဖို့ ဆိုတာ ခဲယဉ်းသားပဲ၊ သည်တော့ ကျွန်တော် လည်း ရှိမှာပေါ့ ပြားခုနှစ်ဆယ်လောက်တော့. . .'

ကိုတောင်းပြည့်က ဆိုက်ကားကို ကြိတ်နင်းရင်း ပြုံးလေ၏။ ကျွန်တော့် အဖြေကို ကျေနပ်သွားပုံပေါ်သည်။ စာရေးဆရာဆိုပြီး သူ့ ကိုယ်သူ့ ပိုတွက်မယ် ထင်တာ သည်လိုဆိုတော့လည်း ကိုယ့် 'ပြားရေ' ကိုယ်သိသားပဲဆိုသည့် မျက်နှာမျိုး။

'ကျွန်တော်က ဆရာ့ကို ပြားရှစ်ဆယ်မှန်းထားတာ၊ ဆရာက ပြားခုနှစ် ဆယ်ဆိုတော့ မကွာလှပါဘူး၊ သည်လိုဆရာရဲ့၊ ကျွန်တော့်ကို ဂိတ်ကကောင် တွေက ပြားလေးဆယ်လောက် ရှိတယ်တဲ့။ ကျွန်တော်က မဟုတ်ဘူး ငါးမူးတော့ ကျော်တယ်၊ ပြားခြောက်ဆယ် သေချာတယ်ဆိုတာကို လက်မခံကြဘူး၊ အခု ဆရာလို စာရေးဆရာက ပြားခုနှစ်ဆယ် ပြောနေရင် ကျွန်တော်ပြားခြောက် ဆယ်တော့ကော ဘာဖြစ်လဲ ကျေနပ်တယ် . . .'

တစ်ခါတစ်ခါ သူတို့ ဂိတ်က ပြဿနာတွေထဲ ကျွန်တော်ပါ, ပါရသည် လည်း ရှိတတ်သည်။ ကိုတောင်းပြည့်ဆိုသော်လည်း သူက လူငယ်လူလတ် တစ်ယောက်သာ ဖြစ်သည်။ မိဘက ချမ်းသာသော် လည်း မိဘလက်ငုတ်ကို မလုပ်ချင်လို့ ဆိုက်ကားနင်းနေသူဖြစ်သည်။

'ကျွန်တော့်မိဘတွေက မော်တော်ရှိတယ်။ ကျွန်တော့်ကို မော်တော် အလုပ်ကို လုပ်စေချင်တာ၊ အဖေက ကျွန်တော် မော်တော် တက်ရင် နားချင် သတဲ့၊ ကျွန်တော်က မလုပ်ချင်ဘူး၊ ပင်လယ်ကူး သင်္ဘောသားဆို တော်သေး တယ်၊ မြစ်ထဲမှာ ဟိုဘက်ကမ်း သည်ဘက်ကမ်းမြင်နေရလျက်နဲ့ ကမ်းနဲ့ ဝေးနေရတဲ့ဘဝကို ကျွန်တော် မလုပ်ချင်ဘူး၊ သည်တော့ ဆိုက်ကားနင်းတယ်၊ နင်းတော့ အမေက ငိုရော . . .'

http://www.cherrythitsar.org



ဒါလည်း ကျွန်တော် မတွေးမိတာတွေဖြစ်သည်။ ဆိုက်ကားဆရာထဲမှာ ကိုမြပေါကလည်း ထူးဆန်းသည်။ ငါးရာတန်ခရီးကို နှစ်ရာသုံးရာ ပေးလျှင်ပင် ကျေနပ်လှပြီ။ ငါးရာတန်ကို ကြည့်ရင်း ဟာ များပါတယ်ဆရာ လုပ်တတ်သည်။ အစကတော့ ကျွန်တော့်ကို ရွဲ့ပြောတာ အောက်မေ့မိသည်။

'တောမှာ ကျွန်တော့်နှမတွေ တစ်နေကုန် ကြက်သွန်စိုက်တာမှ ၂၅၀ ရကြတာဆရာ. . . နေကုန် နေကုန်. . . ကျွန်တော်ကတော့ အခုခဏလေး နင်းတာ ၅၀၀ ဆိုတော့ များလွန်းတယ်၊ မတန်တာ ကျွန်တော် မယူချင်ဘူး'

သည်လို ဆိုက်ကားဆရာနဲ့ကျတော့လည်း အူချာပေါက်ရပြန်၏။ ကျွန်တော်က မြို့ထဲ တည်းခိုခန်းတစ်ခန်းမှာ ရက်ရှည်တည်းနေရတုန်းက ခင်မင်ခွင့်ရခဲ့သည့် ဆိုက်ကားဆရာတွေထဲမှာ ကဗျာ ဆရာတစ်ယောက် ပါသည်။ ကျွန်တော်နှင့် ကြုံလျှင် သူ့ဆိုက်ကား အံထဲက ဗလာစာအုပ်ကို ထုတ်ပေးတတ်သည်။ မော်ဒန်ကဗျာတွေ။

*'လေတင်းတော့လည်း ခုန်လွှန်း*
*လျော့လွှန်းပြန်တော့ ဖျစ်တွဲတွဲနင်းရ*
*အချင်း ၂၈ လက်မ ထက်ပိုချင်လို့မရတဲ့ ဘီး*
*တကယ်တော့ စပုတ်တံအသီးသီးက*
*ထောက်ကန် ထားတာပါလေ . . .'*

ဆိုတာမျိုးတွေ။ ကျွန်တော်က ဘဝဆန်တယ်ဗျာဆိုတော့ ကြိတ်နင်း တော့သည်။ စာအလွန်ဖတ်သော ကိုလှအောင်ကတော့ အမြဲတမ်းဖတ်နေတတ် သည်။ ဖြစ်တည်မှု ပဓာနဝါဒဆိုတာ ဘာလဲ၊ အတ္တအမှန်ဝါဒဆိုတာနဲ့ ဘာကွာ သလဲ၊ တစ်ကိုယ်တော် လွတ်မြောက်မှုဘဝဆိုတာကတော့ကော။ သူ့မေးခွန်းတွေ ဖြစ်သည်။ လူမှုအကျပ်အတည်းကို ပညာတတ်နည်းဖြင့် ဖြေရှင်းလို့ ရမရ။ ၁၉၁၃ မှာ ကမူးကိုမွေးလို့ ကမူးနှစ် ၁၀၀ ပြည့်မည့် သက္ကရာဇ် ၂၀၁၃ မှာ ဆိုက်ကားဂိတ်က ရဲဘော်တွေနဲ့ ပွဲတစ်ပွဲ လုပ်မည်ဟု ဆိုနေသေးသည်။

မန္တလေးမှာ ဆိုက်ကားမှတ်ပုံတင်အရ စင်းရေ ၂၀၀၀၀ ကျော် လောက်တော့ ရှိပါလိမ့်မည်။ သည်အထဲက တစ်ရာခိုင်နှုန်းသော ဆိုက်ကား ဆရာ ၂၀၀ လောက်ကို ကျွန်တော် ရင်းနှီးခင်မင်သည်ဆိုလျှင် ယုံကြည်စေချင် ပါသည်။ သူတို့နှင့် သွားရလာရတာ ကျွန်တော်ပျော်သည်။ တွေးစရာတွေ ရသည်။ သူတို့မှာ မာနမရှိ၊ မစ္ဆရိယ မရှိ၊ ဝန်တိုစဉ်းလဲမှု မရှိ။ သို့သော် သူတို့နှင့် ကျွန်တော် ဝေးဖို့ ဖြစ်လာရပြီ။ မြို့ထဲအသွားအပြန် ခုနှစ်ရာနှင့် လိုက်နိုင်ပုံ မရကြတော့။ ခုနှစ်ရာပေးတာကိုပင် မျက်နှာမကောင်းကြတော့။ ဆိုက်ကား

http://www.cherrythitsar.org



ပစ္စည်းတွေ ဈေးကြီးတာကို ညည်းသည်။ အုံနာကြေး ပိုတောင်းလာတာတွေကို ကျွန်တော် သိအောင် ပြောလာကြသည်။ မြို့ထဲကို အနည်းဆုံး အသွားအပြန် ၉၀၀, ၁၀၀၀ ရမှ လိုက် နိုင်တော့မည့်သဘော။

ဆောင်းပါးတစ်ပုဒ်မှ ကျပ်နှစ်ထောင်သာ ရသော ကျွန်တော့် အဖို့ ဆိုက်ကားခ ငွေတစ်ထောင်ပေးဖို့ဆိုတာ စဉ်းစားလာရပြီ။ သည်တော့ အမှတ် (၇) လိုင်းကားကို မျှော်ရသည်။ လူကြားထဲ တိုးကာ ဝင်ချင်ဝင်၊ မဝင်ချင်လျှင် သံတန်းကိုင်ကာ မတ်တပ်ရပ်လိုက်ရသည်။ သူတို့က ဆိုက်ကား ဈေးနှုန်းအရ ကျွန်တော့်ကို မညှာနိုင်ကြသလို ကျွန်တော်ကလည်း ဝင်ငွေ အခြေအနေအရ မစာနာနိုင်တော့။ လိုင်းကားပေါ် တိုးတက်နေသည့် ကျွန်တော့်နောက်ကျောကို သူတို့ကြည့်နေကြမှန်း ကျွန်တော် သိပါသည်။

အဲလဘတ်ကမူး၏ ပလိပ်ဝတ္ထုထဲက ကြွက်တစ်ကောင်လို လိုင်းကား ပေါ် ကျွန်တော်တိုးဝင်လိုက်သည်။ ထိုအခါ ကိုတောင်းပြည့် ပြောသည့် ကျပ်မပြည့်ဉာဏ်ရည်ကိန်း ပြားခုနှစ်ဆယ်သည်ပင် ပြားခြောက်ဆယ်သို့ ချက်ချင်း ထိုးကျသွားလေသည်။

■

*(IDEA / ၂၀၀၃ - မေ)*

http://www.cherrythitsar.org

# ရှပ်ဒိုးများ

ကျွန်တော့်ငယ်ဘဝ ကစားနည်းများတွင် ကျောက်ခဲသည် အတော် အရေးပါပါသည်။ တာလမ်းမပေါ် ထွက်လိုက်လျှင် ကျောက် ခဲများနှင့် တွေ့ရပြီ။ ဆိုက်စုံ။ အရွယ်စုံ။ ဖုန်မှုန့်နှင့် ကျောက်မှုန့်များက ခြေမျက်စေ့ တစ်မြုပ်စာ ထူသည်။ တစ်နေ့ခင်းလုံး ပူထားသည့်နေက ကျောက်ခဲ ကျောက်မှုန့်နှင့် ဖုန်မှုန့် ညနေခင်းတွေမှာ နွေးနေတတ်၏။ ငယ်ငယ်က များသောအားဖြင့် ဖိနပ်စီးလေ့ မရှိတတ်သော ကျွန်တော့်အဖို့ ဖုန်ပူ ကျောက်မှုန့်ပူသည်ပင် ခြေဖဝါးအရသာ ခံစရာဖြစ်နေတတ်သည်။ ကျောက်ခဲသေးသေးကလေးတွေက ခဲစစ် တိုက်တမ်း ကစားလို့ရသည်။ အာလူးကျောက်လောက်ကတော့ ထွေပစ်နိုင်သည်။ ဒိုးပစ် တမ်းကစားနိုင်သည်။ ကျွန်တော်နှင့် ရွယ်တူ သူငယ်ချင်းတစ်ယောက်ပါလျှင် တော့ ပိုကောင်းပါသည်။ အာလူး အရွယ် ကျောက်ခဲတစ်လုံးစီလောက် လမ်းမပေါ်က ကြုံရာကောက် ယူကာ သူပစ်ကိုယ်ပစ် ကစားနိုင်သည်။ သူငယ် ချင်းက ခပ်လှမ်းလှမ်းကို လှမ်းပစ်လိုက်တော့ ကျွန်တော်က သူ့ဒိုးကို မှန်အောင် ပစ်ရသည်။ မှန်လျှင်တော့ တစ်ပွဲ။ မမှန်လျှင်လည်း ကိစ္စမရှိ။ သူ့ဒိုးနားက မထိဘဲ ကပ်ကျော်သွားသော ကျွန်တော့်ဒိုးကို သူက ပြန်ပစ်လိမ့်မည်။ သူမှန်တော့

http://www.cherrythitsar.org



သူတစ်ပွဲရပြန်သည်။ သည်နေရာမှာ ရည်စူးချက် နှစ်ခု ရှိရသည်။ တစ်ခုက သူ့ဒိုးကို မှန်ဖို့ ဖြစ်၏။ နောက်တစ်ခုကတော့ မှန်အောင်ပစ်သည်ဆိုသော်ငြား မမှန်ခဲ့သော် ကိုယ့်ဒိုးက ဝေးဝေး ရောက်ဖို့ လိုသေးသည်။ ဝေးပါမှ တစ်ဘက်က မမှန်နိုင်ခြေများလိမ့်မည်။ သည်အလုပ်နှစ်ခုသည် ဆန့်ကျင်ဘက် ဖြစ်သည်။ ထိပါစေ၊ မထိလျှင် ဝေးပါစေ။ ဒါကလည်း ကိုယ့်ဘက်ကချည်း မဟုတ်။ သူ့ဘက်ကလည်း သည်နည်းဗျူဟာကို သုံးသည်။

နောက်ထပ်ကျောက်ခဲကစားနည်း တစ်မျိုးကတော့ ရှပ်ဒိုး ပစ်ခြင်း ဖြစ်၏။ ရှပ်ဒိုးပစ်ဖို့ ရေပြင်ကျယ်ကျယ် လိုပါသည် ကျွန်တော့် အဘိုး၏ ခြံဘေးတွင် ကျွန်တော်တို့ရွာ၏ ရေကန်ကျယ်ကြီးရှိသော်လည်း ကြာပင်များက အပင်ချင်း ဆက်နေသည်။ ကြာပွင့်ထောင် ထောင်၊ ကြာရွက်ပြားပြားများဖြင့် ရေကိုပင်မြင်ရဖို့ မလွယ်။ ထိုအခါ ရှပ်ဒိုးပစ်ဖို့ ချဉ်ခြင်းတပ်လျှင် မြောင်းမကြီးဘက် သွားရသည်။ မြောင်းမကြီးဆိုတာက မုန်းချောင်းက ဧရာဝတီမြစ်ထဲ ရောက်အောင် ဖောက်ထားသည့် ဆည်မြောင်းလက်တံမြောင်းကြီးကို ပြောခြင်း ဖြစ်ပါသည်။ တကယ်တော့ ဘယ်ကထွက်လာပြီး ဘယ်မှာဆုံးသည်ဆိုတာ ကျွန်တော် မသိ။ ရွာပြင် လယ်ကွင်းတွေနားက ဖြတ်သွားသဖြင့် လယ်ကွင်းတောတွေထဲ ကစားနိုင်သည်။ မြောင်းထဲ ရေချိုးနိုင်ကြသည်။ မြောင်းမကြီးမှာ ရေသွားချိုးတာကို အမေမကြိုက်။ မြောင်းဘောင်ပေါ် သွားတိုင်း၊ မြောင်းရေချိုးတိုင်း ကျွန်တော် အရိုက်ခံရမြဲ။ ရေချိုးတိုင်းလည်း အမေသိနှင့်သည်ချည်း။ သိတိုင်းလည်း ရိုက်သည်။ အသားတွေ ပြာနှမ်းလာလျှင် သိသည်။ နားရွက်ထဲ သဲပါလာလျှင် သိသည်။ မျက်လုံးတွေ နီရဲနေလျှင် သိသည်။ ခေါင်းထဲ ရွှံ့နှစ်တွေ ပါလာလျှင် သိသည်။ စေတနာ့ဝန်ထမ်း သတင်းပေးများကြောင့်သိသည်။ တစ်ခါတစ်ခါတော့ အစ်အောက် မေးရင်းက ပေါ်တတ်ပါသည်။

'မြောင်းဘောင်ပေါ်က သရက်သီးတွေ ကြီးရော့မယ်နော်. . . ငါ့သား'

အမေက သည်လောက်မေးလျှင်ပင် ကျွန်တော်က သရက်ပင်များ၏ အခြေအနေ၊ သရက်သီးများ၏ အခြေအနေများကို လွှတ်ခနဲ ပြောမိတတ်သည်။ ထိုအခါမျိုးမှာတော့ အမေ မရိုက်ပါ။ ခပ်တင်းတင်း ကြည့်တတ်မြဲ။

'မြောင်းထဲ ဘာသွားလုပ်ရတာလဲ . . . '

'ရှပ်ဒိုးသွားပစ်တာ'

ရှပ်ဒိုးပစ်သည်ဆိုကတည်းက ရေထဲဆင်းရသည်။ ရေထဲ ဆင်းရသည်ဆိုကတည်းက ရေချိုးသည်ဆိုသော မြုပ်နေသည့် အဓိပ္ပာယ်ပါသည်။ မြောင်းမကြီးမှာ ရေမချိုးစေချင်တာက ဘာဖြစ်လို့လဲ။ အမေ့ကိုမေးတော့ မြောင်းမကြီးက

http://www.cherrythitsar.org



ဒီနှစ်လူမစားသေးလို့ဟု ဖြေတတ်သည်။ စားကာမှစားရော ရှပ်ဒိုးပစ်တာကို ကျွန်တော် အလွန်သဘောကျပါသည်။ ရှပ်ဒိုးပစ်ဖို့ ကျောက်ခဲပြားပြားတွေလို သည်။ သည်နေရာမှာတော့ ကျောက်ခဲအလုံးက အသုံးမတည့်။ ပြားနိုင်မှ ကောင်းလေ၏။ တာလမ်းမပေါ်က ကျောက်ခဲတွေ တစ်ထမ်းစာ ပုဆိုးထဲ ထည့်ယူသွားရသည်။ ခါးလည်လောက်နက်သော မြောင်းမကြီးထဲ အားလုံး ဆင်းရသည်။ ပြိုင်ပွဲဝင်မည့်သူအားလုံး တစ်တန်းတည်း နေရာယူကာ ရေစုန် သို့မဟုတ် ရေဆန်ဘက်ကို ရှပ်ပစ်ရသည်။ မိမိလက်ထဲက အပြားလိုက်အားနှင့် ပစ်လိုက်သည့် ကျောက်ခဲက ရေပြင်တစ်နေရာကို ရွှမ်းခနဲထိကာ ပြန်တက်လာ သည်။ ဆက်ထွက်သွားကာ နောက်တစ်နေရာ ရွှမ်းခနဲထိ။ ဆက်ထွက်။ ထိ။ တစ်ဓွေ့ခုန်။ နှစ်ဓွေ့ခုန်။ သုံးဓွေ့ခုန်။ ကျွန်တော် မှတ်မိသလောက် ကျွန်တော့် စံချိန်က သုံးဓွေ့ခုန်ထက်မပို။ တချို့က ငါးဓွေ့ခုန်။ ခြောက်ဓွေ့ခုန်။ ကျွန်တော့် သူငယ်ချင်း သံခဲကတော့ ဘယ်နှစ် ဓွေ့မှန်းမှန်းမသိအောင် ပစ်နိုင်သူ ဖြစ်သည်။

'သံခဲ မင်းဘယ်လိုပစ်တာလဲ'

'သည်လိုပစ်လိုက်တာပဲ'

သူ့မှာလည်း နည်းစနစ်ရှိပုံ မရပါ။ လူတွေမှာ ဗီဇက ပါလာသည့် ပါရမီရှိရိုးမှန်လျှင် သံခဲက ရှပ်ဒိုးပစ်ပါရမီ ပါလာသူဖြစ်သည်။ ကျွန်တော် ငယ်ငယ်က အားကျသူတွေထဲမှာ သံခဲပါသည်။ သံခဲပစ်လိုက်သော ကျောက်ခဲ ပြားက ရေပြင်နှင့် အနီးဆုံးကပ်သွားကာ ရေပြင်ကို ငုံ့ငုံ့ကာ နမ်းရင်း နှုတ်ဆက် သွားတတ်သည်။

'အခုတော့ သူမအကြောင်းတွေးဖို့ ဘယ်မှာထိုင်ရမလဲ။ နှစ်ကာလ တွေ နှောင်းခဲ့ပြီ။ တစ်ဓွေ့ချင်းခုန်ရင်း သမိုင်းကျောက်ခဲပြားက ရေပြင်ပေါ် ရှပ်၍ ပြေးသွားလေသည်။ သို့အားဖြင့် အရွယ်ရှိကြပြီ ဖြစ်သော သူနှင့်သူမသည် လည်း မျက်နှာပြင်နှင့် နောက်တစ်ကြိမ် မထိတွေ့မီမှာပင် နစ်မြုပ်သွားခဲ့ကြ သည်။'

သီရိလင်္ကာနိုင်ငံသား စာရေးဆရာ မိုက်ကယ်အွန်ဒတ်ဂျီး (Michael Ondaatje) ၏ ဝတ္ထုတစ်ပုဒ်ထဲက စာသားများ ဖြစ်သည်။ သည်စာပိုဒ်ကို ဖတ်ပြီးသည့်အခါ ကျွန်တော် ဆက်မဖတ်နိုင်တော့။ ရှပ်ဒိုးပစ်လို့ မရသော အဘိုး၏ ကြာကန်ကို သတိရသည်။ မြောင်းမကြီးကို သတိရသည်။ သံခဲကို သတိရသည်။ ရှပ်ဒိုးကျောက်ခဲပြားကို သတိရသည်။ နှစ်ကာလ ရေပြင်ကို အပိုင်းအခြားဆိုသည့် ကျောက်ခဲပြားက ဆယ်စုနှစ်လျှင် တစ်ကြိမ်ထိသွားသည် ဆိုလျှင် ကျွန်တော့် အသက်အရ ငါးဓွေ့ခုန်ခဲ့ပြီးပြီ။ ဆယ်စုနှစ်ငါးစု။ စီးဆင်းနေ

http://www.cherrythitsar.org



သည့် ရေပြင်ကို ကျောက်ခဲပြားရှပ်ဒိုးက တစ်ကြိမ်ထိလိုက်တိုင်း ရေပြင်သည် ခါကျန်ရစ်ခဲ့သည်။ ကျောက်ခဲရှပ်ဒိုး၏ အရှိန်ကလည်း နည်းနည်းတော့ လျော့သွားလိမ့်မည်။ သို့သော် ရှပ်ဒိုးပြားက ဆက်ထွက်လာခဲ့၏။ နောက် ဆယ်စုနှစ်မှာ တစ်ကြိမ်ထိလိုက်ပြန်သည်။ ရှပ်ဒိုးပြားက အရှိန်မကုန်သေး။ ဆက်ထွက်လာခဲ့ပြန်၏။ ဘယ်နှကြိမ်ထိပြီး ဘယ်နှကြိမ် ပြန်ကန် ထွက်လာမှာ လဲ။ ဘယ်သူမှမပြောနိုင်။

ကျွန်တော်၏ ပထမဆုံး ဆယ်စုနှစ် အကန့်သည် အဝေးမှာ ကျန်ရစ်ခဲ့ သည်။ ၁၉၅၂ ခုနှစ်မှာ မွေးသော ကျွန်တော်သည် ၁၉၆၂ မှာ အသက်ဆယ်နှစ် ပြည့်သည်။ ဘဝ၏ ပထမဆုံး ထိုဆယ်စုသည် အမှတ်ထင်ထင် ရှိသည်။ အလင်း ရောင်ကို နေကရသည်။ လကရသည်။ ရေနံဆီမီးခွက်က ရသည်။ ရေကို ရေချိုတွင်းက ရသည်။ နို့းပုံးထဲက ရသည်။ ထမင်းကို အိုးထဲက ရသည်။ အနောက်ဘက်မှာ မုန်းချောင်းရှိသည်။ အရှေ့ဘက်မှာ ဧရာဝတီရှိသည်။ မြောက်ဘက်မှာ စာသင်ကျောင်းရှိ၍ တောင်ဘက်မှာ ဘုန်းကြီးကျောင်းရှိသည်။ ကျွန်တော်နှင့် အနီးဆုံးမှာ အမေရှိ၍ အဝေးဆုံးမှာ အဖေရှိသည်။ ကျောင်းပညာ သည် စာသင်ခန်းထဲမှာသာရှိ၍ ညဘက်ရောက်တော့ လွယ်အိတ်ထဲမှာ ခဲတံကျိုး နှင့်အတူ အိပ်ပျော်နေသည်။ ကျွန်တော် ကြောက်ရွံ့ထိတ်လန့်သော သင်္ချာ ဘာသာရပ်က စာသင်ခန်းထဲမှာမှ မဟုတ်ဘဲ ကျွန်တော့် ပတ်ဝန်းကျင်မှာလည်း ရှိနေသည်။ အိမ်ဘေးက သိုးကျောင်းသမားက သင်္ချာကို သိုးကောင် ရေနှင့် တွက်သည်။ မြေတူးသမားက သင်္ချာကို မြေကျင်းနှင့် တွက်သည်။ ထင်းသမားက သင်္ချာကို ဒဟပ်သား၊ သန်းသားနှင့် တွက်နေသည်။ မြင်းလှည်းသမားက သင်္ချာ ကို မြင်းခြေလှမ်း ဝေါက်ဂက်နှင့် တွက်နေသည်။ အမေက ငွေဝင်ငွေထွက်ကို ချွေးခံအင်္ကျီအိတ်အပိန်အဖောင်းနှင့် တွက်နေသည်။

၁၉၆၂ မှ ၁၉၇၂။ ၁၉၇၂ မှ ၁၉၈၂။ ၁၉၈၂ မှ ၁၉၉၂။ ၁၉၉၂ မှ ၂၀၀၂။ သည်ဆယ်စုလေးကန့်ကတော့ အတွေ့အကြုံနှင့် ခံစားမှုနှစ်များ ဖြစ်သည်။ ကျောင်းစာသင်ခန်းစာက မပေးနိုင်သော အတွေ့အကြုံနှင့်ခံစားမှု တွေက သည်အကန့်တွေထဲမှာ ပြည့်သိပ်နေသည်။ လက်ငင်းရောက်နေရသည့် ဆယ်စုနှစ် အကန့်မှာတော့ ပင်လယ်၊ ဒီရေ၊ လမု တော၊ ဆားငွေ့များဆီက ဝေးလာခဲ့သည်။ စစ်ကိုင်းတောင်နှင့် ရှမ်းရိုးမကြားက လွင်ပြင်ကြီးထဲကို ရောက်နေရပြီ။ အယုဇ္ဈပူရ၊ သူတစ်ပါး မတိုက်ခိုက်နိုင်သော ပြည်ထဲကို ရောက်နေရပြီ။ အသက်ဇီဝကို ရှည် စေသော မန်းတောင်ရိပ်ကို ရောက်နေရပြီ။

http://www.cherrythitsar.org



ကျွန်တော့် မိတ်ဆွေ သူငယ်ချင်းများသည်လည်း သည်ဘက်ဆယ်စုနှစ်မှာ ပြောင်းလဲကုန်သည်။ ကျွန်တော် စာအုပ်ဝယ်နေကျ ဥတ္တရလွင်ပြင် စာအုပ်ဆိုင်ကလေးသည်ပင် ဆယ်စုနှစ်အတွင်း နေရာတွေပြောင်းသွားသည်။ အခုတော့ ၈၃ လမ်းပေါ်မှာ။ ပုဆိုးတိုတို ခါးကိုင်းကိုင်း မျက်မှန်ထူထူကြီး တပ်ထားတတ်သော ကိုသန်းဌေးက မန္တလေးမှာ ကျွန်တော်နှင့် ပထမဆုံး လက်ဖက်ရည်သောက်ခဲ့သူ ဖြစ်သည်။ သူ့ဆိုင်ရှေ့မှာ သူ့စက်ဘီးအိုကလေး ရှိလျှင် သူရှိလိမ့်မည်။ စက်ဘီးမရှိလျှင် သူမရှိ။ ကိုထွန်းဦးဆိုင်မှာ ရှိလိမ့်မည်။

ကိုညီပုလေးကတော့ ၁၉၈၉ ခုနှစ် (ကျွန်တော်၏ စတုတ္ထ ဆယ်စုနှစ်အကန့်) ထဲမှာ ပထမဆုံး တွေ့ခဲ့ရသော်လည်း ပဉ္စမအကန့်မှာ ခရီးထွက်သွားခဲ့သည်။ ခရီးဝေးက သူပြန်ရောက်သည်နေ့က ကျွန်တော့်အိမ်ကို ပထမဆုံး ရောက်လာသည်။ သည်ဆယ်စုနှစ်ထဲမှာ သူ့အသားအရည်တွေ မည်းသွားသည်ကော။ သူ့ဟာသများ ဘဝဆန်လာသည်။ ပန်းပဲဖိုထဲက ထွက်ဦးစ ဓားတစ်ချောင်းလို သံသားထုတက်နေသည်။ ကျွန်တော့် သူငယ်ချင်း ကိုသိုက်ကတော့ မြောက်ပြင်က အနောက်ပြင်ကို ပြောင်းလာသည်။ သူက စာဖတ်နာသူ၊ စာရေးကောင်းသူ၊ မြောက်ပြင်မှာနေတုန်းက သူ့အိမ်ကို ကျွန်တော် မကြာခဏ ရောက်သည်။ သမီးနှစ်ယောက်က ချက်ကျွေးသည့် ထမင်းကို ကျွန်တော်မမေ့။ သူက အဖြောင့်မြားတစ်ချောင်း ဖြစ်သည်။ သည်ဘက် ဆယ်နှစ်က သူ့စိတ်ထားကို ပြောင်းမပစ်နိုင်သော်လည်း လူကို ရွှေ့ပြောင်းပစ်လိုက်သည်။ သည်ဆယ်နှစ်ထဲမှာ မြေး၏ ဘိုးဘိုးဖြစ်ခဲ့ပြီ။

ကိုညိုထွန်းလူကတော့ ကျွန်တော့်ဘဝနှင့် ရာခိုင်နှုန်းများစွာ ဆပ်စပ်နေသူ ဖြစ်သည်။ သူနှင့်ကျွန်တော်က မန္တလေးညတွေထဲမှာ အတူတူရှိနေကျ ဖြစ်သည်။ သူ့မှာ လိုက်လျောခြင်းနှင့် ပြတ်သားခြင်း ရောထွေးနေသည်ဟု ကျွန်တော်ထင်သည်။ လောကဓံက သူ့ကို အမျိုးမျိုး ရိုက်ပုတ်နေသော်လည်း အံ့ဩစရာကောင်းလောက်အောင် ခံနိုင်ရည်ရှိသူ ဖြစ်နေသည်။ သည်ဆယ်စုနှစ်ထဲမှာ သူ့မိခင်ကြီး ဆုံးပါးသည်။ သူ့ဇနီးသည် ဆုံးပါးသည်။ တစ်ခါတစ်ခါ ရက်ဆက်ဆိုသလို ရောက်လာတတ်သော်လည်း လပေါင်းများစွာ ပျောက်ချင်ရင်လည်း ပျောက်နေတတ်သည်။ သူ၏ 'ဘဝထိုထို' ကို ကျွန်တော် မသိ။ ဆရာဝန်ဆိုသော်လည်း ဆေးပညာကို သိပ်သဘောတွေ့ပုံ မရတာကလည်း ထူးခြားမှု ဖြစ်သည်။ သူနှင့် ကျွန်တော်၏ လွမ်းစရာကောင်းသော လမ်း ၈၀ ညတွေကတော့ နောက်ထပ် မရနိုင်တော့။

http://www.cherrythitsar.org



ကိုဆူးငှက်။ သူကတော့ ခင်စရာ ကောင်းတာရော ချစ်စရာ ကောင်းတာပါ ရောထွေးနေသူ ဖြစ်သည်။ နှုတ်နည်းသည်။ ဆိုခဲစေ မြဲစေဆိုသူ ဖြစ်သည်။ မန္တလေးချစ်စိတ်သည် သူ့ဆီက စိမ့်ထွက်နေသည်။ သူက ကျုံးရေနှင့် ဖျော်သော လက်ဖက်ရည် ကောင်းကောင်းတစ်ခွက် ဖြစ်သည်။ ဟေမာဇလမှာ နေစဉ်က ဆိုက်ကားတစ်စီးနှင့် ကျွန်တော် ရောက်သွားတတ်သည်။ မနက် မိုးလင်းလျှင် သူ့အိမ်က စုရပ်။ မိတ်ဆွေပေါင်းစုံ။ သူက ဒိုင်ခံ လက်ခံနေရသည်။ နေ့လယ်ဘက် လူထုကို ပြေးသည်။ စာဘယ်အချိန်ရေးမှန်း မသိရ သော်လည်း စာတွေ အများကြီးထွက်သည်။ သူ့စာတွေမှာ မန္တလေး ရနံ့သည် ကြိုင် လှောက်နေသည်။

သို့သော် သည်ဘက် ဆယ်စုနှစ်ထဲမှာ သူက အရှေ့စူးစူးကို ရောက်သွားသည်။ ကျွန်တော်နှင့် ထောင့်ဖြတ်။ ဝေးလွန်းသည်။ သူ့ကို တွေ့ချင်လျှင် လူထုကို သွားရသည်။ များသောအားဖြင့် ဟောပြောပွဲတွေမှာမှ စကားတွေ ပြောရသည်။ အောင်ပင်လယ် ကန်ဘောင်ပေါ်က လက်ဖက်ရည်ဆိုင်မှာ မနက်မနက် သူ့ကို တွေ့နိုင်သည်။

အင်္ဂလိပ်စကားလုံး Decade က ဆယ်စုနှစ်ဆိုသည့် အဓိပ္ပာယ်ရသည်။ Decadence ကတော့ ယိုယွင်းကျဆင်းခြင်းကို ဆိုသည်။ ကျွန်တော်ကတော့ သည် စကားလုံးနှစ်လုံးကိုပဲ တွေးနေ မိပါသည်။ ဆယ်စုနှစ်တိုင်းမှာ အပြောင်းအလဲတွေ ရှိနိုင်သည်။ ရှိလည်း ရှိသည်။ အကောင်းပြောင်းလဲခြင်း ဒါမှမဟုတ် အဆိုးပြောင်း လဲခြင်း။ ကိစ္စမရှိ။ သံခဲ၏ ရုပ်ဒိုးလို ဘဝရေပြင်ကို တစ်ကြိမ်ထိနမ်း ပြီးတိုင်း တစ်ကြိမ်အားယူနိုင်ဖို့ပဲ လိုသည်။ နောက်ထက် ဆယ်စုနှစ် တစ်စုစာ အားယူ ပျံသန်းနိုင်ဖို့ပဲ လိုသည်။ ထွေပစ်သလို ကိုယ်က မှန်အောင် ပစ်နိုင်လျှင် ပစ်၊ မမှန်နိုင်လျှင် ဝေးဝေး ရောက်နေဖို့ လိုသည်။

■

*(IDEA / ၂၀၀၃ - ဧပြီ)*

# တိတ်ဆိတ်လှည်းများ

သည်တစ်ခေါက် ရွာပြန်တော့ ရွာမှာ ဘုန်းကြီးပျံပွဲနှင့် ဆုံနေသည်။ သက်တော် ၈၃ နှစ် ဝါတော် ၆၂ ဝါရ ဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပန သဘင်ပွဲကြီးဆိုတော့ အနယ်နယ်အရွာရွာက သူ့ဆွေမျိုး ကိုယ့်ဆွေမျိုး၊ သူ့မိတ်ဆွေ ကိုယ့်မိတ်ဆွေတို့ သည်ရွာမှာ လာဆုံကြသည်။ ဆရာတော့် ဂုဏ်ကျေးဇူးတော်ကို အောက်မေ့ကြသည်လည်း ရှိ၏။ နောက်ဆုံးစျာပနမှာ ပြာတော်အကျ စောင့်ချင်သူတွေလည်း ပါသည်။ ဘုန်းကြီးပျံအကြောင်းခံ၍ ဘောင်းလံအောင် နွှဲလိုက်ချင်သူတွေကလည်း မနည်းလှ။ ကြည့်ချင်ပွဲ ဇာတ်ပွဲ အားခဲသူ တို့မှာလည်း လှေတစ်တန် လှည်းတစ်တန် အဝေးရွာတွေက ရောက် လာကြသည်။ လှေမရှိ လှည်းမရှိသော်လည်း မပူပါနှင့်။ လှည်းကြုံ လှေကြုံ စီးနိုင်ပါသည်။ မစီးချင်လို့ ကုန်းကြောင်း ကြည်းကြောင်းက လျှောက်လာရတော့ ကော ပင်ပန်းသည် မထင်။ အညာနွေ နေပူကြီးထဲမှာ တဘက်ကြမ်းကလေး ခေါင်းရုံ၊ ပုဆိုးဟောင်းခေါင်းပေါ်တင်ကာ လာကြသူတွေကလည်း ခါချဉ်ထုပ် လက်နှင့်ပုတ်လိုက်သလို ပွစာကြနေတော့သည်။

http://www.cherrythitsar.org



ထန်းလက်မိုးတံစက်မြိတ်ချ, ကြီးတော်အိမ်ကလေးထဲက လှမ်းကြည့် နေရုံဖြင့် လှည်းတပ်ကြီးချီလာတာ မြင်နေရသည်။ ရွာတာ လမ်းမှာ ဖုန်တွေ ထတက်နေလေတော့ လှည်းတပ်ကြီးအဖြတ်မှာ ဖုန်လုံးကြီးတွေ အူအူထလေ၏။ လှည်းဝင်းရိုးသံ တညံညံ။ အများအားဖြင့်က လှည်းကြမ်းကြီးတွေ။ တချို့ လှည်း တွေက ပေါင်းမိုးတပ်။ တချို့လှည်းတွေက အိမ်ကျယ်ကျယ် နောက်မြင့်ကြီးတွေ။ ရေနံချေးရောင်မည်းနေသည့် လှည်းတွေပါသလို အများစုကတော့ လှည်းအိမ် ခြောက်ခြောက်ကြီးတွေ ဖြစ်သည်။ လှည်းရုံတိုင်မှာ ရေပုံးတွေချိတ်ထားကြမည်။ သောက်ရေသန့်ဘူးပောင်းတွေ အတွဲလိုက်ပါမည်။ ဖိနပ်စုံချိတ်ထားတာက လည်း ဖိနပ်ဆိုင်လား မှတ်ရသည်။ လှည်းတွေပေါ်မှာတော့ အိုးကြီး အိုးငယ် တောင်းကြီးတောင်းငယ်၊ ဝန်စည်စလယ်တွေအပြည့်။ ဇာတ်ပွဲက နှစ်ညဆိုတော့ မယူမဖြစ်၊ မသုံးမဖြစ် ပစ္စည်းတွေ ပါကြသေးသည်။

'ခင်မာရေ သည်တစ်ခေါက် လှည်းမချွတ်တော့ဘူး ငါ့နှမ ရေပွဲတော် ကွင်းထဲမှာပဲ ရွာခံလှည်းတွေနဲ့ ပေါင်းချွတ်တော့မယ် . . . နင်တို့ဖို့ ကန်စွန်းဥ တွေပါသယ် . . . နောက်မှလာမဟေ့ . . . '

လှည်းပေါ်မှ အော်သံတွေ ဆူညံလွန်းလှချည့်။ အိမ်ပေါက်စေ့ အဝေး ဧည့်တွေ ရှိနှင့်ပြီ။ အိမ်ကလေးထဲမှာ မဆန့်တော့လည်း ဝိုင်းထဲက မန်ကျည်းရိပ် မှာ လှည်းချွတ်ပြီး၊ မန်ကျည်းရိပ်မှာပဲ ဖျာကလေးခင်း ဖိုခနောက်ကလေး တည်နိုင်သည်။ နွားစာရှားသည့် ရွာချင်းဆိုတော့ ကိုယ့်နွားစာကလေးကိုယ် တင်လာကြသူတွေ။ ဆန်ချေးလို့ မျက်နှာပူစရာမရှိ။ ရေကလေးတစ်ပုံးကလည်း အကြောင်းကြီး အကြောင်းငယ် မရှိ။ ရွာခံက လာသမျှ နွားစာထောက်ပံ့ချင်လို့ တော့ မဖြစ်၊ ပြောင်းရိုး ပြောင်းငုတ်၊ ပဲရိုး ပဲငုတ်နုတ်နုတ်စင်းထားပြီး ပဲမှော်တိုက် ပေါ်တင်ထားရသည့် အချိန်။ မိုးကျတော့မည်။ မြစ်ရေကြီးတော့မည်။ ရွာထဲ ရေဝင်တော့မည်။ တစ်နွေလုံး စုဆောင်းထားသမျှ ဘူးသီးခြောက်၊ အာလူး ခြောက်၊ သရက်သီးခြောက်၊ လက်ပံပွင့်ခြောက်၊ သည်ရေအဝင်မှာ စားကြရမည်။ ဝေမျှစားကြရမည်။ ကျွေးနိုင်သည်။ ပေးနိုင်သည်။ သူ့ပဲတီချဉ်အိုး ကိုယ်နှိုက် ခွင့်ရှိသည်။ ကိုယ့်ငါးပိအိုး သူလက်ထိုးခွင့်ရှိသည်။ ဒါက ပြဿနာမဟုတ်။ ကျွဲစာ နွားစာကတော့ ပြဿနာ။ မြစ်ရေဝင်ချိန် တစ်ကွင်းတစ်စပ်လုံး ရေပြင်အပြန့်မှာ ကျွဲစာ နွားစာ ဘယ်ကမှ ရှာမရနိုင်။

'ရေများကြီးရင်တော့ ကျုပ်တို့ရွာတွေမှာက ရေပြင်ကျယ်ကြီးပေါ့၊ သွားပါလေရော တစ်လကိုးသီတင်း၊ ဥဒကကန္တာရ ခေါ်ကြသာပဲ၊ ရဟန်းများက

http://www.cherrythitsar.org



လည်း လှေနဲ့ဆွမ်းခံကြွကြရသယ်၊ ဆွမ်းများ အိမ်ပေါ်က လှမ်းလောင်းရတဲ့ အချိန်ပေါ့ဗျာ၊ လှေမရှိတော့လည်း နွားစာကျင်းလှေလုပ်ရသာပေါ့ . . . ’

ရွာခံဘကြီးအုန်းက ရေဝင်ချိန်အကြောင်း ပြောပြတတ်သည်။ ရေကျသွားချိန်မှာတော့ လှည်းက ဘဝနှင့် ယှဉ်စပ်သော ကုန်လုပ်ကိရိယာ ဖြစ်သည်။ ပြောင်းရိုးတိုက်တော့လည်း လှည်း၊ ပဲရိုး တိုက်တော့လည်း လှည်း၊ ပဲသိမ်းချိန်ဆိုတော့လည်း လှည်း၊ ထန်းလက်တိုက်တော့ကော၊ လှည်းက အသုံးဝင်လှသည်။ အဝေးရွာတွေက ဘုရားပွဲနတ်ပွဲတွေကျတော့လည်း သည်လှည်းက ပဲ ကုန်းလမ်း ပို့ဆောင်ရေး တာဝန်ယူရမြဲဖြစ်၏။ ကျေးလက်မှာတော့ လှည်းက ချမ်းသာကြောင်းပြ သင်္ကေတဖြစ်သည်။ ဘဝနှင့်ဖွားဘက်တော်လည်း ဖြစ်သည်။ လယ်တစ်ပွဲ ယာတစ်ပွဲ၊ နွားတစ်ရှဉ်း၊ လှည်းတစ်စီး ရှိပါမှ။ အိုးသစ် အိမ်သစ် ထူထောင်တော့ သည်သုံးမျိုးပါပါမှ။ နှစ်ဘက်မိဘ တတ်အားသ၍ လယ်၊ လှည်း၊ လှေ၊ နွား ဖြည့်ဖို့ပေးကြမြဲ။ လှည်းမရှိ လို့မရ။ လှည်းငှားပါဦး၊ နွားငှားပါဦး ဆိုတာက တစ်ခါနှစ်ခါပဲ ကောင်း သည်။

‘ဖိုးတောကြီး မင်္ဂလာဆောင်တော့ လှည်းတစ်စီးလက်ဖွဲ့ရသတဲ့၊ ပခုက္ကူဆရာညို ဒေါက်ဖိုက မှာရသာ၊ လှည်းမြီးတိုလောက်ပေမယ့် ပေးရချက် ကတော့၊ သည်ခေတ်က သစ်ကောင်းကလည်း ရှားသမို့လား၊ ကျုပ်တို့တုန်းက လှည်းမျိုးတော့ ဘယ်မီလိမ့်မတုံး၊ စောင်းခြမ်းပင်ရိပ်က လှည်းဆိုရင် ကျုပ်တို့ အဘိုးများလက်ထက်က တည်းကလှည်း၊ မာလိုက်သာမှ . . . ’

လှည်းမြီးတိုဆိုတာက လှည်းအိမ်မပါသည့် ဘုရားစူးစေ့ လှည်း ဖြစ်သည်။ တိုင်ငုတ်ကလေးတွေ အရံစိုက်ထားရုံဖြင့် ဝန်မကျအောင် ထိန်းထား နိုင်ရုံ လှည်း။ ကျေးလက်လှည်းတွေကို ကြည့်လျှင် အတူတူထင်ရသော်ငြား ဖွဲ့စည်းပုံ ကွာသည်လည်း ရှိ၏။ ဖွဲ့စည်းပုံအရ အခေါ်အဝေါ်ကလည်း ကွာရ တော့သည်။ လှည်းယဉ်ရှိသည်။ ခြံအိမ်လှည်း ရှိသေးသည်။ ဘုံလျှိုလှည်းနှင့် မယားကန်လှည်း။ မယားကန်လှည်းဆိုသည်က လှည်းအိမ်နောက်မြင့်၊ လှည်းဦး နိမ့်နိမ့်၊ ခပ်လျောလျော ဖြစ်သည်။ တချို့က ‘လှည်းဇောင်းအင့်’ လို့ သုံးသည်။ တစ်ခြမ်းနိမ့်လျောကြီးဆိုတော့ စီးရပြုရတာ သက်သောင့်သက်သာ မရှိလှတာကို ဆိုသည်။ ဇောင်းအင့်အင့်ဆိုသည့်စကားက ပြေပြေလျောလျောမရှိတာကို အရပ် သုံးသုံးခြင်း ဖြစ်သည်။ လင်ကရှေ့က လှည်းမောင်း၊ မယားက နောက်ကလိုက်၊ နိမ့်လျောကြီးဆိုတော့ လင့်တင်ပါးခွက် မယားက ခြေဖြင့်ထောက်ကန်ထားရ သည်။ ဒါကို မယားကန်လှည်း ခေါ်ကြတာ ဖြစ်သည်။ စကားတန်ဆာမပါ။ လိုရင်းရောက်ဖို့ လိုသည်မဟုတ်လော။ ရေစည်လှည်းကတော့ ရှင်းသည်။

http://www.cherrythitsar.org



ရေစည် တစ်လုံးတင်နိုင်ရုံ သစ်သားကို ဘောင်ခတ်ထားသည့် ရေတိုက်လှည်း ဖြစ်သည်။ လှည်းကြမ်းကို အမိုးခုံးခုံးတပ်လိုက်တော့ ပေါင်းလှည်း၊ ဒါမှမဟုတ် ပေါင်းမိုးလှည်းဖြစ်ကရော။ ခြံအိမ်လှည်းများကတော့ စပါးသယ်၊ ပဲတိုက်၊ ပြောင်းတိုက်၊ ထင်းတိုက်အတွက် အဆင်ပြေသည်။ ဘုံလျှိုလှည်းကြီးတွေက တော့ လှည်းအိမ်မြင့်မြင့်၊ အံဖုံးတပ်လှည်းများ ဖြစ်သည်။ အံဖုံးက ပစ္စည်းထည့်ဖို့။ တောသူဌေးစီး ဘုန်းကြီးစီးလှည်းမျိုးဟု ဆိုနိုင်၏။ တော၏ မာစီဒီး။

ကျွန်တော်နှင့်ရင်းနှီးသော လှည်းသမားနှစ်ယောက် ရှိသည်။ လှည်း ဆရာဟု မသုံးဘဲ လှည်းသမားလို့ သုံးတာကို ကျွန်တော် ပိုသဘောကျပါသည်။ လှည်းသမားဆိုသည့်အခေါ်တွင် အသက်မွေးဝမ်းကျောင်း သဘောပါသည်။ လှည်းနှင့် စပ်လျဉ်းသမျှ ကျွမ်းကျင်သည့် အငွေ့ပါသည်။ ခေါ်ရတာ ပလုပ် ပလောင်း ရှိသည်။ မြေတော်နယ်ဘက်သွားလျှင် ကျွန်တော့်လက်စွဲတော် လှည်း သမားမှာ ကိုကြည်ဖြစ်၍၊ ဥဒယရွာဘက်မှာတော့ ကိုသန်းစိုးဖြစ်သည်။ လှည်း သမားကောင်း၏ ဂုဏ်ရည်များတွင် နွားကို သနားကြင်နာခြင်းလည်း တစ်ပါးဟု ဆိုနိုင်သည်။ 'ရော် . . . ဟဲ့'။ 'ငါ့ . . . နှယ့်ကွာ'။ 'ရော် ခက်ပါလားဟ . . .'။ 'ဟောဗျာ ဒါက ဘာလုပ်သာတုံး . . .'။ 'ခက်ပါ့ကွာ . . .'။ အပြင်းထန် ဆုံးသည် ငေါက်ငန်းမှုလောက်သာ ပြုသော်လည်း နွားတွေက ကျောကုန်းကို ဗုံးခနဲရိုက်လိုက်သလို နာခံကြသည်။ နွားမြီးချေကို ကုတ်လိုက်ရုံ၊ ကျောကုန်းရိုး အောက်နားက နံပုဆစ်ခွက်ကို ကုတ်လိုက်ရုံဖြင့် လှည်းစတီယာရင်ကို နိုင်ကြ သူများ ဖြစ်သည်။ ကျွန်တော်တို့က ကိုကြည့်လှည်းစီးရတာ ကားစီးရတာ ထက်တောင် ကောင်းသေးဟုဆိုလျှင် 'ရော် . . . ဆရာလေးနှယ် လှည်းစက္ကူ လူသိကြားဟာကိုးဗျ။ သွားချင်တိုင်းသာ သွားရော့ . . .' ဟု ဆိုတတ်သည်။ ကိုသန်းစိုးကတော့ စကားသိပ်မပြော။ သို့သော် စိတ်ချရသည်။

'လှည်းသန်ကောင်းကောင်း၊ ထမ်းပိုးတုံးကောင်းကောင်း၊ ဝန်ရိုး ကောင်းကောင်းပါမှ လှည်းကောင်းဆရာရဲ့၊ နို့မိုရင် နွားပန်း လူပန်း ဖြစ်ရသယ်၊ တချို့ နွားကိုမညှာဘူး လှည်းလှချင်တော့ ခိုင်ပေ့ ဆိုတဲ့ သစ်နဲ့လုပ်ကြရော၊ ရုန်းပေတော့ပဲ . . .'

ဧရာဝတီမြစ်အနောက်ဘက် နဂါးပေါက်၊ ချောင်းဆင်းဘက်တော့ ဘကြီးကျောင်းမောင်လှည်းကို ကျွန်တော်တို့ စီးနေကျ ဖြစ်သည်။ သူ့ဆီက ပုံတိုပတ်စတွေ ကြားရတတ်သည်။ ရွာသတင်းတွေ ကြားရတတ်သည်။ ဘကြီး ကျောင်းမောင်က ပြိုင်လှည်း ဒုန်းလှည်း မောင်းခဲ့သူဟု ဆိုသည်။ လှည်းယဉ် အလှပြမောင်း၊ ပြိုင်ပွဲမောင်း၊ ဒုန်းမောင်းများ နာမည်ကြီး။ တစ်ခါတော့ ရွာက

http://www.cherrythitsar.org



ကျောင်းထိုင်ဆရာတော်နှင့် တစ်ဘက်ရွာ ဆွမ်းကျွေးသွားရသည်။ လှည်းက ဆရာတော် ကျောင်းပိုင်လှည်းယာဉ်။ နွားက ကျောင်းနွား။ ဘကြီးကျောင်းမောင် ကလည်း လှည်းပေါ်ရောက်ကတည်းက စိတ်တိုင်းမကျ။ ကျောင်းလှည်း ကျောင်းနွားဆိုတာက မလွှဲသာမှ သုံးရသည့် သဘောရှိသည်။ တစ်ဘက်ရွာ ဆွမ်းစားချိန် မီအောင် မောင်းရတော့ ဒုန်းစိုင်းရသည်။

'လှည်းရုံတိုင် မြဲမြဲကိုင်ထားတော်မူပါဘုရား၊ ကျောင်းလှည်း ဆိုတော့ ခေါင်းကွဲနိုင်သယ်၊ ကျောင်းနွားဆိုတော့ ခေါင်းပြေးနိုင်သယ်၊ ဒုန်းပြေးမှ ကိုယ်တော် ဘုန်းပေးရမှာပါဘုရား မျက်စေ့သာ မှိတ်တော်မူပါရော့ . . . '

သည့်နောက်တော့ ဆရာတော်က ဘကြီးကျောင်းမောင်ကို မခေါ် တော့။ ဘကြီးကျောင်းမောင်က လှည်းနှင့် ပတ်သက်သမျှ ပြောပြတတ်သည်။ ဘီးစပ်လှည်း၊ ဝမ်းခြမ်းလှည်း၊ ဒိုင်းလှည်း၊ ဂုတ်လှည်း၊ ရွတ်လှည်းနှင့် ခြောက်စထောင်။

'ခြောက်စထောင်ဆိုတာတော့ ကြားဖူးတယ် ဘကြီးကျောင်း . . . ဘာကို ခေါ်တာလဲ'

ကျွန်တော်ကမေးတော့ ဘကြီးကျောင်းမောင်က ပြုံးသည်။ ကွမ်းသွေး ကို ဗျစ်ခနဲ ထွေးသည်။

'ခက်ပါမင့်ကော . . . ခြောက်စထောင်ဆိုတာက အစ ကလေး ခြောက်စထောင်သာပေါ့ . . . ဘာရမှာတုံး'

လှည်းယာဉ်များတွင် စင်ရော်တောင်၊ ဆင်စွယ်ညွှတ်၊ မွန်းတည့် ကောက်ဟူ၍ လှည်းကက်အိမ် အမွမ်းအမံ သုံးမျိုးရှိသည်။ လှည်းဆောင်ပန်း ပုခက်မှာအစကလေး လေးစထောင်တာကို လှည်းစွယ်ရန်း ကော့ဘယ်ညာ နှစ်ဘက်နှင့်ပေါင်းကာ ခြောက်စထောင်ခေါ် ကြောင်း ရှင်းပြသည်။ စင်ရော် တောင်က ပြေပြေကလေး ကွေးဝိုက် တက်သွားသည့် ဒီဇိုင်း။ ဆင်စွယ်ညွှတ်က စင်ရောင်တောင်လောက် မပြေ၊ မွန်းတည့်ကောက်လောက် မမတ်သည့် ဒီဇိုင်း။ မွန်းတည့် ကောက်ကတော့ လှည်းကက်အိမ်မှ ကိုးဆယ်ဒီဂရီ ထောင်ထားသည့် ဒီဇိုင်း။ လှည်းကက်အိမ်ဆိုသည်က လှည်းရုံတိုင်စိုက်ရာ အောက်ခံ သစ်သား ကျည်းခွေ ဖြစ်သည်။ သည်သစ်သားဘောင်ကို 'ကက်ပေါင်' ခေါ်၏။ ကက်ပေါင် အောက်ကမှ ဆင့်တုံး။ ဆင့်တုံးအောက်မှာတော့ ဝင်ရိုးရှိသည်။ ဝင်ရိုးဖျား နှစ်ဘက်မှာ လှည်းဘီးစွပ်လိုက်တော့ လှည်းပုံ ပေါ်လာသည်။ ဘကြီးကျောင်း မောင် ရှင်းပြမှ လှည်းအခေါ်အဝေါ်တွေ နားလည်ရသည်။ ပတောင်း (ပုံတောင်း)၊ တကူ (ထောက်ကူ)၊ ခွေသတ်ဘီးထောက်၊ နန်းရင်းခွေ၊ နန်းဖျားခွေ၊

http://www.cherrythitsar.org



သံဖိနပ်၊ ဆိတ်မျက် လုံး၊ လှည်းနားစောင့် (လှည်းနားပန်)၊ ဝင်ရိုးဖုံး၊ ဝက်စွယ်၊ ဆင့်တုံး၊ ခြံအိမ်၊ ရံတန်း၊ လက်တင်တန်း၊ ရံတိုင်၊ ရံမတိုင်၊ တိုင်၊ ယက်၊ ဖောက်ထုပ်၊ ကတ်ကျည်၊ လှည်းသန်၊ လှည်းသန်ထုပ်၊ ခြံအိမ်ကပ်၊ ကပ်ဖုံးငြိမ်၊ ဝန်ကော်၊ ဆောင်ပန်း၊ ဆောင်ပန်းကပ်၊ စွယ်ရန်း၊ စွယ်ရန်းတိုင်၊ ဓားမချပ်၊ ဘွဲ့ကြိုး၊ ထမ်းပိုးတုံး၊ ထမ်းပိုးကျည်၊ ဦးပွတ်ကြိုး၊ ဦးပွတ်ကျည်း၊ ကုပ်နှိပ်ကြိုး၊ ဦးကင်း၊ ဦးထောက်၊ ပြန်ကထောက်၊ နောက်ထောက် . . . စုံလို့ သည်အခေါ်အဝေါ် တွေက ကျွန်တော်တို့နှင့် နီးသော်လည်း ကျကျနန မသိခဲ့။ ဘကြီးကျောင်းမောင်က လှည်းကို လက်နှင့် ထောက်ကာ ထောက်ကာ ရှင်းပြသည်။

လှည်းတွေအကြောင်း ကျွန်တော်စဉ်းစားနေမိချိန်မှာ ကြီးတော်၏ အိမ်ဝိုင်းထဲသို့ လှည်းယဉ်ကလေးတစ်စီး ဝင်လာသည်။ ခြောက်စထောင်ဆိုတာ ဒါမျိုး ထင်ပါရဲ့။ ဘုန်းကြီးပျံပွဲကို လာကြည့်ကြသည့် အဝေးလှည်းတွေထဲက တစ်စီး။ အရှေ့ကြည်းတောရွာတွေက လာကြသူတွေ။ ချည်ကြမ်း ပိန်းထဘီ မာခေါက်ခေါက်၊ သရက်ထည်ပွင့်ရိုက်အကျႌ၊ သနပ်ခါးထူပျစ်ပျစ် လိမ်းကျံ ဝတ်စားထားကြသော်လည်း လှပခြင်းသည် သေးသိမ်မသွားဘဲ တောသွေး တောအလှတို့ဖြင့် ယဉ်ကြသူတွေ။ ကျွန်တော်က မိန်းမချောကလေးများ၏ အလှကို ခံစားရသလို လှည်းယာဉ်ကျော့ကလေးကိုလည်း ငေးနေမိသည်။

*'ပွဲဆင်တော် ပြသပေးရန်မို့၊*
*လှည်းယာဉ်တော် ကြွကြွလေးရယ်နဲ့*
*မမလေးကိုတဲ့ လိုက်ဖို့ခေါ်။*
*တချို့ ချောသနဲ့*
*တို့တောနယ်ရွာတစ်စဉ်မှာတော့*
*မြို့ကျော့ဖွယ်တန်ဆာဆင်ကြပုံက*
*အပြာတွင် မည်းရောင်ခရမ်းရယ်နဲ့'*

ကျေးတောသူလုံမေတို့ ထန်းလက်တံစက်မြိတ်စွန်းကို ငုံ့ကိုင်းကာ ဝင်လာကြသည့်အခါ သနပ်ခါးနံ့ကလေး သင်းလေ၏။ လှည်းသမားကတော့ နွားနှစ်ကောင်ကို နွားစာကျင်းရိပ်ဆွဲသွားသည်။ လှည်းယဉ်ကလေးကတော့ နေပူပူထဲမှာ ရေနံရောင် တောက်နေလေ၏။ သည်မိန်းကလေးတွေက အပြာတွင် မည်းရောင်ခရမ်းရယ်နဲ့၊ ပုဝါဆင် ဖဲစောင်မှ ဆန်းတယ်လို့၊ ထာဝစဉ်ပွဲဘောင်ကို မြန်းကြတယ်၊ ကဲ ပြောင်ခန်းဖော်တယ်နော်ကွယ်၊ လှည်းဆောင်ပန်းပေါ် ထိုင်လိုက် လာခဲ့ကြဟန်တူသည်။

http://www.cherrythitsar.org



ဘုန်းကြီးပျံကွင်းထဲမှာတော့ ပွဲကြည့်လှည်းတွေများလှသည်။ ငါးနှစ်မှ တစ်ခါ၊ ဆယ်နှစ်မှ တစ်ခါဆိုသလို မျက်စေ့လည်လာသည့်ပွဲ အလွတ်မခံ။ နရန်းရွာတွေက လှည်းတွေချည်း။ ပွဲကြည့်ကွင်းကို လှည်းတပ်ကြီး ဝိုင်းမိသည့် အခါ ပွဲခင်းထဲက ရုတ်တရက် ထွက်ဖို့ပင် မလွယ်နိုင်တော့။ ဘုန်းတော်ကြီး ကျောင်းအောက်မှတော့ ဘဝနတ်ထံ ပျံလွန်တော်မူသော ဆရာတော်ဘုရား ကြီး စီးနေကျ လှည်းယဉ်ကလေးရှိသည်။ လောလောဆယ်တော့ သခင်မဲ့။ ဆရာတော် တစ်ပါးပါးကို ကျောင်းအပ်ပြီးမှ ဟိုရွာသည့်ရွာ ပင့်ဖိတ်သမျှ ခြေဆန့်ရတော့မည်။ ဆရာတော်ကို လွမ်းသည်လား။ မြစ်ရိုး ရွာတွေကြွတော့ လှေကို သုံးတော်မူသည်။ ရေဝင်ကာလမှတော့ ဆွမ်းခံလှေ။ တစ်ကျိပ် ခြောက်ယောက်စီးပြိုင်လှေ၊ 'နန်းညွန့်' ကတော့ ကျောင်း၏ အဆင် တန်ဆာ၊ ကျောင်း၏ အလင်္ကာ။ ရွာသိက္ခာ။

'လှေပြိုင်ပွဲတွေ ခေတ်ထတုန်းက ဆရာတော့်လှေ နန်းညွန့်က အာဂ ထဲကပေါ့။ ရွာကလှေပြိုင်ပွဲတွေမှာ လောင်းကြေးသာ များလာတော့ သူ့လှေကို ထုတ်မပေးတော့ဘူး။ လှည်းယဉ်ကလေးကိုတော့ ကြွလေရာ စီးတော်မူသယ်'

ကပ္ပိယကြီး ဘိုးညဏ်က ပြောပြသည်။ ပွဲတော်ကွင်းထဲ ရောက်တော့ လှည်းကြမ်းကြီးတွေ များသလို လှည်းယဉ်ကလေးတွေကလည်း မနည်းတော့ ပါ။ ခြူကုန်းသံလွင်လွင်က နို့အေးချောင်းသည် ဂလိုင်နှင့်ရောကာ တစ်ကွင်း လုံး ချွမ်ချွမ်သံကြီး ဟည်းနေသည်။ ဆောင်ခွင့်ကိုရွယ်၊ မောင်နှင့်မယ်တူယှဉ်တွဲပါ လို့၊ နောင်တင့်တယ် လူမြင်ရဲကာမှ၊ ယူငင်ကာ ချူဆင်လို့ဆွဲပါ့မယ်၊ ပွဲဝင်မယ့် ချောင်းသူရဲ့၊ လှည်းယဉ်နဲ့မောင်းသူတွေပေလား။ ပွဲခင်းထဲက ပွဲကြိုက်ခင်တွေ ကို ကြည့်ရင်း သီချင်းရေးဆရာ တရုတ်တန်းဦးလူကလေး၏ 'ရပ်ကြီးသူ' ယိုးဒယားကို သတိရသည်။ အခွန်တော် စာရေးကြီး နေမျိုးမင်းထင် ကျော်ခေါင် ဦးလူကလေးသည်ပင် တရုတ်တန်းဦးလူကလေးများလား။ ရပ်ကြီးသူတို့ ပွဲကြည့် သွားတာကို ဖွဲ့သည့်သီချင်းက နန်းသိမ်း ယိုးဒယားအလိုက်ဖြစ်သည်။ နန်းသိမ်း ထဲမှာမှ ဘုန်းတော်ဘွဲ့ 'ရေမီး ထိန်လျက်' ရှိသည်။ ပုခက်တောင်တင် မဂ်လာဘွဲ့ 'စိန်ဇယောဉ်နန်'ရှိသည်။ အသူရာမိုးဘွဲ့ 'လျှပ်ပန်းခွေနွဲ့'ရှိသည်။ ရပ်ကြီးသူ ယိုးဒယား သီချင်း တက်တော့ ရန်ကုန် ၄၄ လမ်းက ဆရာကြီး ဦးဘဝင်းထံမှာ တက်ခဲ့ရသည်။ ဆရာက ပတ္တလားတီး။ ကျွန်တော်က အဆို။

'သီချင်းထဲမှာ မိန်းကလေးများ လှည်းယဉ်စီးလာကြတော့ ဆင်ယင် ခြယ်သလာတာတွေထဲမှာ အိုလေ့ ကွမ်းတုံပိန်းရယ်နဲ့ နွတ်စိမ်းပုဝါဆိုတာပါ တယ်၊ မင်းဆိုရင် နို့စိမ်းပုဝါတို့ နွယ်စိမ်းပုဝါတို့ မလုပ်လိုက်နဲ့နော်၊ သီချင်းကြီး

http://www.cherrythitsar.org



ဘုတ်မှာတင် ပြုတ်သွားလိမ့်မယ်၊ အမှန်က နွတ်ပုဝါ၊ ရှေးက နွတ်ပုဝါ၊ ပုသိမ်ဧပုဝါ၊ ဆာပါပုဝါ ဆိုတာတွေ ရှိခဲ့တယ်'

ဆရာက မိန်းကလေးများကလည်း နန်းချင်းပြောက်၊ အဝတ်အဆင်ကလည်း နန်းချင်းပြောက်၊ လှည်းယဉ်ကလည်း နန်းချင်းပြောက်ဟု ဆိုသည်။ နန်းချင်းပြောက်ဆိုတာက အလွန်တရာ နူးညံ့သိမ်မွေ့ခြင်းကို ဆိုသည်။ ကွမ်းတုံပိန်းဆိုတာက တစ်ရောင်တည်း ပိန်းခြယ်ထားသည့် တရုတ်ပြည် ဂွမ်းဒေါင်နယ်ထွက် ဖဲထဘီဖြစ်သည်။

*'ရုပ်ကြီးသူတို့ ဟန်မူပိုမို နေညိုညချမ်း ဆင်မြန်းဆာပါ၊*
*အိုလေကွမ်းတုံပိန်းရယ်နှင့် နွတ်စိမ်းပုဝါလှည်းယာဉ် လေလေ လှုပ်တယ်*
*မေရဲ့ - သုတ်သုတ်ကလေး နှင်လို့ သာ. . .'*

ဆာပါပုဝါ၊ နွတ်စိမ်းပုဝါ၊ ကွမ်းတုံပိန်းဖဲ ထဘီ။ မန္တလေးသူတို့ ပွဲကြည့်ရာပင် ဟန်ဓာတ်ခုတ်လှချည့်။ 'ဆင်အပ်တန်ဆာသည် နွားမှာလ၊ ကျင်ခတ်ပုဝါတွေ တင်ထားပါလို့' တဲ့။ လူတွင်မက နွားကိုပါ ကျင်ခတ်ပုဝါကြီး ခြုံပေးထားသည်။ 'အသော့နှင်ပြန်၊ နွားကျော့ ယဉ်ဟန် နှင်တံကိုင်လို့ မောင်း၊ ပိုးပုဝါ ဆာပါပေါင်း၊ ပတောင်းမှာ ကောင်းရာလိုပင် အရောင်လျှမ်းတယ်၊ ဆောင်ပန်းပေါ်သို့တင်' ဆိုတာကတော့ လှည်းသမားကို ညွှန်းသည်။ ပွဲကြည့်ချိန်ကကော။ မန္တလေးညနေခင်း။ မင်းဝံတောင်ရိုးမှာ နေဝင်ချိန်။ ပြလမ်းအိမ်ရာအစုအငန်းကို တိတိကျကျ တိုင်းထွာပြသထားသည်။ 'ပြ' လမ်းများပေါ်မှာ ပွဲကြည့်လှည်းယာဉ်တို့ ဘီးသံမစဲ ရှိခဲ့ကြတာကလည်း လွမ်းစရာ ကောင်းသည်။ နေဝင်ချိန်နီးပြီဆိုသည်နှင့် လှည်းယာဉ်တို့ ဟီးဟီးဟဲဟဲ ဝေါက်သံ၊ ပြလမ်းတွေပေါ်မှာ ညံပြီ။ လှည်းယဉ်ပေါ်က မန္တလေးသူတွေကို အဝေးက မြင်နိုင်သည်။ နေအကျမှာ ရွှေစတွေ ကြဲချထားသလား မှတ်ရသည်။

*'ပြလမ်းပေါ်တွင် ပျော်ရွှင်ခင်တို့လှည်း ဘီးသံက*
*မစဲ၊ ပုဝါ မျိုးအစုံစုံ နေရုံဖုံသို့လည်း ရွှေမှုန်စကြဲ'*

ကိုးနဝရတ်စိန်စီသည့် မိုးနတ်ဘုရင်ဂီသို့ ဝင်းထိန်ကြည် သိင်္ဂီပျိုစုပေါင်းဆိုသည့်အတိုင်း လှည်းယဉ်တော် ကြွကြွပေါ်မှာ စုမိကြပြီ။ လှည်းသမားကလည်း ပြောမကုန် ဇောဟုန်ကြွေလုညောင်း၊ ဝိသုကြုံကြိုးစုံကိုင်လို့ မောင်းသလားထင်ရအောင် မောင်းလေ၏။ သည်ဘုန်းကြီးပြန်ပွဲမှာတော့ ကိုးနဝရတ်စိန်စီသူလေးတို့ မပါပါ။ နွားတွေကလည်း အသော့နှင်ပြန် နွားကျော့ယာဉ်ဟန်တွေမဟုတ်။ ကွမ်းတုံထည်၊ ပိုးဖဲထည်၊ နွတ်ပုဝါ၊ ဆာပါပုဝါ၊ ပုသိမ်ဧပုဝါတို့မဆင်။ ပြလမ်းပေါ်မှာ မဟုတ်။ ကွင်းခေါင်ခေါင် ပဲရိုးငုတ်တင်း

http://www.cherrythitsar.org



ကြမ်း၊ မြေစိုင်ခဲအဖတ်လန်တွေထဲမှာ ကျေးတောသူတို့ လှည်းကြမ်းပေါ်က ပွဲဝေးနေကြတာပဲ ရှိသည်။ သနပ်ခါးပိန်းကြမ်း၊ သော်တာလိုက်ဆန်း တိုက်ပန်းကိုယ်စီ။ ရက်ကန်းဂျတ်ခုတ်ထည်ကြမ်းကြမ်းကို စွန်တောင်တစ်ဘက်ချ ကာ အထက်ဆင်အပြားလိုက် ခါးချပ်ချက်ပြုတ် ဝတ်ထားသူကလေးတွေပဲ ရှိသည်။ နွားညီနောင် ချိုကုတ်ကြိုးလှုပ်နိုင်မှ ရွှေ့ကြသည့် တောလှည်းတွေ။ ကာလသားတို့ကလည်း မမလေး လာမယ်ဆို လမ်းခွဲကကြို၊ မမလေးစီးတဲ့လှည်း ဘီးစပ်ကအကွဲ စောင့်ကြသူတွေ။ မဘုတ်ဆုံ တင်ပဆုံကြီး လှည်းလုပ်လို့ စီးချင်သူတွေ။ လှည်းတွေကကော။ တစ်ခေါက်ပြေးမဖြင့် မိုးတိုးမယောင်၊ ခလောက်ကလေးရယ်တဲ့ ဒိုးဒိုးမဒေါင်နိုင်သည့် လှည်းများ ဖြစ်သည်။ ပကာသန မရှိ၊ အဆင်တန်ဆာ မရှိ၊ အေးချမ်းပါဘိ။

ပွဲခင်းက ပြန်တော့ မှောင်ပြီ။ ကျောင်းအောက်မှာလည်း ဆရာတော့် ခြောက်စထောင်လှည်းယဉ်ကလေးသည်ပင် ကမ္မဋ္ဌာန်းတရားကို ရှုပွားနေလေ သည်။ ကျောင်းလှည်းနှင့် ပွဲကြည့်လှည်းတို့ ငြိမ်ချက်သားကောင်းလှချည့်။

■

*(IDEA / ၂၀၀၃ - ဇူလိုင်)*

# ရန္တပိုအိုးကလေး အေးပါဘိ

မနေ့တစ်နေ့က Battle For Control အစီအစဉ်တွင် အီရတ်နိုင်ငံမြေပုံကတစ်ဘက် သတင်းကြေညာသူက တစ်ဘက်ပြသရင်း စစ်သတင်းတွေ ထုတ်လွှင့်နေတာကို ကျွန်တော် ထိုင်ကြည့်ဖြစ်ပါသည်။ မျက်လုံးများက ဖန်သားပြင်ကို စိုက်ကြည့်နေမိသော်လည်း ကျွန်တော့်စိတ်က တခြားကို ရောက်နေသည်။ တကယ်တော့ အီရတ်သည် မက်ဆိုပိုတေးမီးယားနယ်ပယ်ကြီးမှ ဖွဲ့စည်းတည်ထောင်ခဲ့သော နိုင်ငံဖြစ်သည်။ တိုက်ဂရစ်နှင့် ယူဖရေးတီးမြစ်ကြီးနှစ်စင်း စီးဆင်းရာဒေသလည်းဖြစ်သည်။ သည်မြစ်ကြီးနှစ်မြစ်ကြားက မြစ်ဝှမ်းဒေသသည် ကမ္ဘာ့သမိုင်းတွင် အရေးပါလှသော ရှေးအကျဆုံး ယဉ်ကျေးမှုထွန်းကားရာဒေသအဖြစ် ကမ္ဘာ့ယဉ်ကျေးမှုသမိုင်းက နေရာပေးသည်။ ဗက်ဗီလုံနှင့် နင်းနိုဗ်မြို့ပြဟောင်းတွေကလည်း သည်အရပ်မှာပဲရှိသည်။ ဉရောပသားတို့ အမဲလိုက်စားနေရချိန်မှာ မက်ဆိုပိုတေးမီးယားက ယဉ်ကျေးမှုဖွံ့ဖြိုးနေပြီ။ ကောက် ပဲသီးနှံများ စိုက်ကြသည်။ အိုးများ ဖုတ်ကြသည်။ ကြေးညိုထည်များကို သုံးနေကြပြီ။ ရေသွင်းစိုက်ပျိုးခြင်း၊ အိမ်ရာဆောက်လုပ်ခြင်းများပင် ရှိခဲ့သည်။ သို့သော် ထိုဒေသသည် နိုင်ငံအချင်းချင်း စစ်ခင်းရာ စစ်တလင်းအဖြစ်

http://www.cherrythitsar.org



အသုံးချခံခဲ့ရသည်။ မြစ်ကြောင်းတွေ ပြောင်းလဲ စီးဆင်းခဲ့သည်။ ဆည်မြောင်းစနစ်တွေ ကန်းခဲ့ရသည်။ ရှေးဟောင်း မြို့ပြတို့ ပျက်ခြင်းမလှ ပျက်စီးခဲ့ရသည်။ တူရကီနိုင်ငံတွင် မြစ်ဖျားခံသည့် ယူဖရေးတီးစ်နှင့် တိုက်ဂရစ်မြစ်နှစ်စင်းကတော့ ပါရှန်းပင်လယ်ကွေ့ထဲ ဆက်လက် စီးဆင်းနေဆဲ ဖြစ်သည်။ သည်မြစ်များ၏ မြစ်ကမ်းတစ်လျှောက်သာ မြို့ကြီးများရှိ၍ ကျန်ဒေသတစ်ခုလုံးမှာ ခြောက်သွေ့လွန်းလှသည်။

သမိုင်းစာမျက်နှာကို သည်ဒေသကပဲ စာအရေးအသားဖြင့် စဖွင့်ခဲ့သည်။ ဘီစီ ၄၀၀၀ နောက်ပိုင်းတွင် ဆူမားရီးယန်းတို့၏ ရွှံ့ ပြားအရုပ်စာတွေ ပေါ်လာသည်။ ဘီစီ ၃၀၀၀ တွင် မြားသွားပုံ ဝဏ္ဏပါသည့် အက္ခရာတွေရှိလာခဲ့ပြီ။ မြစ်နှစ်မြစ်ကြား ယဉ်ကျေးမှုသည် အိုးများနှင့် အက္ခရာများကို မွေးထုတ်ပေးလိုက်သည်။ အိုးထိန်းစက်များ။ အိုးဖုတ်ဖိုများထဲက ထွက်လာသည့် ယဉ်ကျေးမှုသစ်သည် သည်ဒေသတစ်ဝိုက်မှာ စိမ်းလန်းနေသည်။ မက်ဆိုပိုတေးမီးယားပတ်ဝန်းကျင်ဒေသမှာ မင်းဆက်ကာလ ၁၈၀၀ ကျော်ခဲ့ကာ အက်ဒါး ဒီးယန်းများ၊ အာမိုရိုက်များ၊ အဆီးရီးယန်းများ၊ ဟစ်တိုက်မင်းဆက်များ၊ ကက်ဆက်မင်းဆက်များ၊ မီတန်နီမင်းဆက်များ။ သဘာဝစွမ်းအင်ကို ကိုယ်စားပြုသည့် ကောင်းကင်ဘုံဘုရား၊ ရေဘုရားများ ကိုးကွယ်ခဲ့ကြသည်။ မြစ်ကြီးနှစ်မြစ်ကြား မြစ်ဝှမ်းဒေသကြီးထဲမှ သမိုင်းအိုးဟောင်းကို ကျွန်တော် တွေးမိနေခြင်းဖြစ်သည်။

မနေ့တစ်နေ့ကပဲ မြင်းခြံနယ်ရန္တပိုရွာသို့ ကျွန်တော် ရောက်ခဲ့သည်။ ရန္တပိုအိုးလုပ်ငန်းသည် ရွာ၏ စီးပွားရေး ဖြစ်နေသည်။ မြစ်ကမ်းပါးမှရသော ရွှံ့မြေကိုနှပ်ကာ နှဲထားရသည်။ သည်ပတ်ဝန်းကျင်မှာ နာမည်ကြီးသော နဘက်အိုး၊ ကတောအိုး ဆိုတာလည်း ရှိသေးသည်။ ရွာအမည်ကို လိုက်၍ တွင်သည့် အိုးများဖြစ်သည်။ စစ်ကိုင်းအိုး၊ ကျောက်မြောင်းအိုးဆိုတာကကော။ သောက်ရေအိုး၊ ဖျဉ်းအိုး၊ ရေတကောင်းအိုး၊ ငါးပိအိုး၊ ညောင်ရေအိုး။ နတ်ပန်းအိုး၏ကအစ အိုးပုတ်အထိ ထွက်သည့်ရွာတွေ။

'အိုးများတော့ အိုးသည်က ဝါးတစ်ပြန်စာ ရိုက်ချလိုက်လို့ ကွဲကျေကုန်တာတောင် အရင်းမရှုံးဘူး၊ ဟောသည်နားကကတော အိုး၊ ရန္တပိုအိုး၊ ကျောက်မြောင်းအိုးတွေ ဖောင်နဲ့တိုက်ချ၊ ကားနဲ့ သယ်ပြီး ဆယ့်နှစ်ပွဲ လိုက်ရောင်းတာပဲ. . . '

အိုးကုန်သည် ဒေါ်ကြီးမြက ပြောပြဖူးသည်။ ဂေဇက်ရ ပွဲတော်ကြီးများတွင် အိုးဈေးတန်းကို တွေ့ရတတ်သည်။ အိုးမျိုးစုံတို့ ထားနိုင်ရန် နေရာကျယ်ကျယ်လိုသဖြင့် အိုးဈေးတန်းက ပွဲတော်ကွင်းနှင့် ခပ်ဝေးဝေး အစွန်အဖျား

http://www.cherrythitsar.org



တွေမှာ ရှိတတ်သည်။ သို့သော် အဝယ်မရောက်မှာ မပူရ။ အိုးတစ်မျိုးမျိုးတော့ ဝယ်ရသည်ချည်း။ ညောင်ရေအိုးနှင့် နတ်ပန်းအိုးကတော့ ဘာသာရေးနှင့် ကိုးကွယ်မှု ဆက်စပ်နေတော့ မဝယ်မဖြစ်ဝယ်ကြရသည်။ သောက်ရေအိုးက တော့ တစ်နှစ်တစ်ခါ နှစ်ဆန်းမှာ လဲတတ်ကြသည်။ ရေအိုးသစ်ကလေးဆိုဆော့ စိတ်သန့် ရှင်းရသည်။ အိုးသစ်၊ အိမ်သစ်၊ လူသစ်စိတ်သစ်ဆိုသည့် မြန်မာ စကားက အဓိပ္ပာယ်ရှိသည်။ အိုးထွက်ရာဒေသတွေက တစ်နှစ်ပတ်လည်အိုး များ ထုတ်လုပ်ကြသော်လည်း ပြာသိုလမှ ထုတ်လုပ်သည့် အိုးများကို 'ပြာသိုလ်' ဟု တကူးတက တံဆိပ်ထိုးကြသည်။ ပြာသိုလတွင် မြေဓာတ်က အအေးဆုံးဟု ဆို၏။ ပြာသိုလကတူးသည့်မြေဖြင့် သည်အိုး ပြုလုပ်ပါသည် ဆိုသည့် အာမခံ ချက် ဖြစ်သည်။ တကယ်တော့ မြေကလည်း အိုးတွင် အရေးပါသည်။ တစ်နှစ် ပတ်လုံး အေးမြသည့် ရေအိုးမျိုးမှ ကြိုက်ကြသည်။ ကျောက်ဆစ်အိုးက စိမ့်ထွက် နေသည့် ရေဓာတ်ကအိုးကိုပင် စိုနေစေသည်။ သည်တော့ မြင်ရသူက သောက် ချင်သည်။

'ရေကလေး အေးလိုက်သာတော် . . . အသည်းတောင်တုန်သယ် . . . သာဓုပါတော်'

ရေသောက်ရသူက အေးမြသောရေကို သောက်ရသဖြင့် အေးမြသော မေတ္တာကို တုန့်ပြန်သည်။ အဖေက ရေအိုးလှူတာ ဝါသနာပါသူ ဖြစ်သည်။ ရွာထိပ်ညောင်ပင်ကြီးအောက်က အုတ်ခုံမှာ ရေအိုးကောင်းကောင်း နှစ်ဆယ့် လေးလုံး နှစ်စဉ် ရေချမ်းစင်တည်သည်။ နှစ်စဉ်လည်း အိုးသစ်လဲတတ်သည်။ မနှစ်က အိုးဟောင်းတွေကတော့ လိုချင်သူယူကြ။ အိုးသစ်တွေ မတည်ခင် အိုးတွေကို ရေနှာအောင် စိမ်ရသေးသည်။ အိုးသစ်စော်မနံအောင်လို့ဟု ဆိုသည်။ ရေဖြည့်တာဝန်ကို ရေထမ်းသမား ကိုလှသန်းက တာဝန်ယူသည်။ နှစ်ကုန်တော့မှ ကိုလှသန်းကို ရေဖိုးပေးသည်။ အိုးတွေထဲ ရေမထည့်ခင် အဖေက လက်ညှိုးထုံးတို့က ၂၄ ပစ္စည်းကို အိုးတစ်လုံးချင်းမှာ ရေးသည်။ ဟေတုပစ္စယော၊ အရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော စသည်ဖြင့် ရေးပြီးမှ ဖြည့်သည်။ အိုးရေစိုစိုမှာ ထုံးဖြူဖြူတို့ ထင်းထင်းကြွလေ၏။

'လှသန်းရ ရေသောက်ရင်တောင် ဘုရားတရားသံဃာ ရတနာသုံးပါး ကို အပ်ပြီးမှ သောက်ကွ ဆေးဖြစ်တယ်။ မမအတ္တာနံ ဗုဒ္ဓသနိယျာတေမိ၊ မမအတ္တာနံ ဓမ္မသနိယျာတေမိ၊ မမအတ္တာနံ သံဃသနိယျာတေမိ . . . အရောဂေါ ဟောမိဆိုတော့ ရေလေးတစ်ကျိုက်လည်း သောက်ပြီးရော ရေက လည်း ဆေးဖြစ်ကရော . . . '

http://www.cherrythitsar.org



အဖေက 'ရေပြည့်အိုးများဟာ အသံမပြုသလို အရိယာ သူတော်စင်များဟာ စာပေကျမ်းဂန်များမှာဖြစ်ဖြစ်၊ မင်္ဂလိ တရားထူးမှာဖြစ်ဖြစ် အထွတ်အမြတ်ကို ရောက်သော်လည်း ဂုဏ်မာနကြောင့် မကျူး၊ ဝါးရာဘူး သူတော်ကောင်းများဟာ ရေလျှံအိုးနဲ့တူတယ် . . . ' လို့ ဆုံးမတတ်သည်။

အမေနှစ်စဉ်ဝယ်တတ်သော အိုးမှာ ပရိတ်အိုး၊ အတာအိုးများဖြစ်သည်။ ပရိတ်အိုးကတော့ သန့်ရှင်းကြည်လင်သော ရေများထည့်ကာ အိုးနှုတ်ခမ်းမှာ ငှက်ပျောဖက်၊ ငှက်ပျောရွက်များဖြင့် အလှဆင်သည်။ ငှက်ပျောဖက်ထိပ်မှာ ငှက်ပျောရွက်ငှက်ရုပ်ကလေးရှိကာ ရောင်စုံချည်မျှင်ကလေးများဖြင့် အိုးနှုတ်ခမ်းတိုင်ဆွဲယူသည်။ သင်္ကြန် အတာအိုးကတော့ သင်္ကြန်အကြိုနေ့ သိကြားမင်းကို ကြိုသော အိုးကလေးဖြစ်ပြီး အုန်းညွန့်၊ သီးညွန့်၊ ကံကော်ညွန့်၊ မြေစာများဖြင့် လှပနေတတ်သည်။

ကျွန်တော် ငယ်ငယ် အညာကျေးလက်မှာနေစဉ်က နွေဆိုလျှင် အိမ်ကအိုးမှာ ရေမသောက်ဘဲ အိမ်ရှေ့က ရေအိုးစဉ်မှာ သွားသောက်လေ့ရှိသည်။ တာလမ်းဘေး လူတကာသောက်ကြသည့် ရေအိုးက အိမ်ကရေအိုးထက် အေးသောကြောင့် ဖြစ်သည်။ စပါးပင်ကလေးတွေက အိုးဖင်သဲထုထဲက လွန့်တက်နေတာကို ကျွန်တော် သဘောကျသည်။ အိုးစိုစို၊ စပါးစိမ်းစိမ်း၊ သဲစိုစိုက ကျွန်တော့်ကို ဖျားယောင်းနေတတ်သည်။ နောက်ထပ် အမေအမှတ်တရ ဝယ်တတ်သော အိုးမှာ နတ်ညောင်ရေအိုးဖြစ်သည်။ အိုးကလေးသုံးအိုးမှာ တစ်မိုက်လောက်စီ ရှိသည်။ စင်ကလေးရိုက်ကာ ပိတ်စနီနီ ကာထားတတ်သည်။ အိမ်တွင်းမောင်နှမတွေ ပသတာဟု ဆိုသည်။ တစ်ခါတစ်လေတော့လည်း နတ်ပန်းတွေ ညှိုးခြောက်နေတတ်သည်။

'အမေငယ်ငယ်က နတ်ကွန်းစင်က နတ်အိုးကလေးတွေ ခိုးခဲ့ဖူးတယ်။ ကလေးဆိုတော့ ကစားမယ်ဆိုပြီး လူကြီးတွေမသိအောင် ယူလာတာပေါ့လေ။ မျက်လုံးသုံးရက်ကွယ်တော့မှ လူကြီးတွေက သိသွားတာ၊ တောင်းပန်ပြီး ပြန်ထားလိုက်တော့မှ ပြန်မြင်တာ . . . '

အမေ့အတွေ့အကြုံက ကြောက်စရာ။ ကျွန်တော့်တို့ အိမ်က အိုးတွေမှာ နာမည်တွေ ရှိသည်။ ရေချိုးခံရာ ရာ့ငါးဆယ်ဝင် စဥ့်အိုးကြီးကို ကျွန်တော်တို့က ဘိုးကံရုံလို့ ခေါ်ကြသည်။ ဘိုးကံရုံကလည်း စဥ့်အိုးကြီးလို ဝဖိုင့်ဖိုင့်ပေကိုး။ ဆီလေးငါးပိဿာဆန့်သည့် အိုးမည်းမည်းကိုတော့ 'စံထွန်းအေး'။ စံထွန်းအေးမှာ အသားအလွန်းမည်းသည်။ နှုတ်ခမ်းက လန်လိုက်သေးသည်။ သရက်သီးကုလားတည်ထည့်စဥ့်အိုးမှာတော့ စဥ့်ညိုပြောက်တွေ သီးနေအောင်ပါတော့

http://www.cherrythitsar.org



ဒါကို 'တင်ပု' ခေါ်ကြမြဲ။ အမေ့တူမ မတင်ပုမှာ ကျောက်ပေါက်မတွေ ပျစ်ခဲနေလို့ ဖြစ်သည်။ မီးခတ် မီးချိတ် သဲအိုး ရေအိုးဗွတ်အထားခိုင်းသော ဆယ်အိမ်ခေါင်း ကိုလူမောင်ကို ဂုဏ်ပြုသောအားဖြင့် မီးသတ် ရေအိုးဟောင်း သဲအိုးဟောင်းနှစ်လုံးကို 'လူမောင်အိုး' လို့ ခေါ်ကြသည်။

'လူမောင်အိုးထဲ ရေဖြည့်ကြဦးဟေ့ . . . သည်ကောင်က သည်အိုးလောက် လာလာစစ်နေတာ . . . '

ဒါဆိုလျှင် ကျွန်တော်တို့ သိကြပြီ။ ကြုံရာလူက ရေထည့်ရုံ၊ အဖေကတော့ 'လူမောင့်အိုးက တော်သေးတာပေါ့ကွာ သဲထည့်လို့ ရသေးတယ်။ နတ်အိုးကွဲတော့ မဖြစ်ကြစေနဲ့ဟ . . . ချေးကော်မရ ပဲလှော်မရနဲ့ . . . အသုံးတည့်ကြပစေကွ . . . ' လို့ ဆုံးမတတ်သည်။ တစ်ခါတစ်ခါတော့လည်း၊ 'နတ်ကြောက်ရတာ တော်ပါသေးကွာ၊ ခုတော့ နတ်အိုးကွဲတောင် ကြောက်နေရမှတော့ လူလုပ်မဖြစ်ပါဘူး' လို့ ညည်းတတ်သည်။

တကယ်တော့ သည်အိုးတွေက လူမှုဘဝကို ထင်ဟပ်နေသည်။ ခေတ်ကာလ၏ အမှတ်သင်္ကေတလည်း ဖြစ်သည်။ နှောင်နှစ်ပေါင်း ထောင်ချီသည့်အခါ သည်အိုးကွဲတို့က သမိုင်းအစကို ဆွဲထုတ် ကြလိမ့်မည်။ အစပိုင်းမှာ အိုး၏ အသုံးက ရေနှင့် စားစရာ ထည့်စရာလောက်သာ ဖြစ်သည်။ နောက်တော့ အနုပညာ အခင်းအကျင်း သဘောတွေ ပါလာသည်။ အရိုးအိုး၊ ပြာအိုး၊ ရွှေအိုး ငွေအိုး။ အိုးသည် လူ့ယဉ်ကျေးမှုဖြစ်စဉ်ကြီးတွင် ကာလသမိုင်းကို ဖော်ပြသော သမိုင်းပစ္စည်းဖြစ်လာရတော့သည်။ အိုးပေါ်မှာ အမှတ်အသား၊ အနု လက်ရာတို့ ထင်ကျန်နေတတ်သဖြင့် ခေတ်ကို ကောက်ချက်ဆွဲနိုင်သည်။ ပျူယဉ်ကျေးမှု လွှမ်းမိုးခဲ့သော ဗိဿနိုး၊ သရေခေတ္တရာ၊ ဟံလင်းမြို့ဟောင်း များတွင် ရှေးခေတ်အိုးများ၊ အိုးခြမ်းပဲ့များ တွေ့ရသည်။ သည်ကမှ အိုးထိန်းစက် သုံးခဲ့ကြကြောင်း သိခဲ့ကြသည်။ အိုးပေါ်မှာ လိပ်ရုပ်၊ ငါးရုပ်တွေ ပါတတ်သည်။ ဘီးကျိုးဆွဲဖြင့် အကွက်ဖော်တတ်သည်။ လိပ်ရုပ်ကြောင့် ဗိဿနိုးကိုးကွယ်မှု ရှိခဲ့ကြောင်း သိကြရသည်။ အရိုးအိုးတချို့မှာ မင်းဆက်အမည်များ တွေ့ကြရသည်။ လက်မှုအနုပညာ၏ တိုးတက်ခြင်း ဆုတ်ယုတ်ခြင်းကို လည်းကောင်း၊ နေရာဒေသပျံ့နှံ့ရောက်ရှိပုံကို လည်းကောင်း၊ ပျောက်ဆုံးနေသော သမိုင်းကွင်းဆက် အထောက်အထားများ ရှာဖွေ ရာတွင်လည်းကောင်း အိုးများ အသုံးတည့်သည်ဟု ပညာရှင်တို့က ဆိုသည်။ ရှေးဟောင်း သုတေသနပညာကို အိုးခြမ်းကွဲသိပံ (Science of Broken Pots) ဟူ ခေါ်ကြသည်လည်း ရှိသည်။ ရုရှားတို့၏ ရှေးဟောင်းအိုးများကို လေ့လာခြင်းအားဖြင့် ခေါင်းလောင်းမျောခွက်

http://www.cherrythitsar.org



အိုးယဉ်ကျေးမှု (The Culture of Bell Beaker) ကို တွေ့ရှိခဲ့ကြသည်။ ကြိုးတပ် အိုးယဉ်ကျေးမှု (The Culture of Corded Pottery) ကို လေ့လာနိုင်ခဲ့ကြသည်။

ဒေါက်တာသန်းထွန်း၏ ခေတ်ဟောင်းမြန်မာရာဇဝင်ကို ရှာဖတ်ဖြစ်သည်။ ဗိဿနိုးမြို့ဟောင်းနှင့် ပတ်သက်၍ သည်လိုရေးထားသည်။

*'မြေအိုးခွက်အမြောက်အမြား တူးဖော်တွေ့ရှိ၏။ ပုံစံလည်းများပြားဆန်းကြယ်သည်။ အရိုးအိုး၊ ခရားတည်အိုး၊ ချက်ပြုတ်အိုး၊ လည်တံရှည်အိုး၊ ရေသွန်းကရား၊ သပိတ်၊ ဆီမီးခွက်၊ ကလေးကစားရန် ရုပ်ဒိုး စသည်ဖြင့် အမျိုးအမည်လည်း များပါသည်။ မြေအိုးလုပ်ရာတွင် အသားကျစ်အောင် အတွင်းက အဝတ်စဖုံးသော ဒိုးလုံးခံ၍ အပြင်မှ လက်ခတ်နှင့် ရိုက်ဟန်တူပါသည်။ ထို့ကြောင့် အချို့အိုးတို့တွင် အတွင်းသား၌ ဖျင်စအရာ ထင်နေပါသည်။ ယင်းကို တွေ့မြင်ရသဖြင့် အထည်ရက်လုပ်သည့် လုပ်ငန်းလည်း ထိုအခါက ရှိသည်ဟု သိရသည်။ အိုးများကို အပြောက်အမွန်းဖော်ရာ၌ လက်ခတ်၌ အရုပ်ထုထားလျက် ထိုလက်ခတ်နှင့်ရိုက်၍ ပုံဖော်သည့်နည်းလည်း ရှိသည်။ အိန္ဒိယမှ အရိကမေဒုတွင် တွေ့ရသော ဘီးလုံးတွင် အရုပ်ထု၍ ထိုဘီးကို ရွှံ့ပျော့တွင် လှိမ့်လျက် အရုပ်တန်းဖော်ယူနည်းကိုလည်း ဗိဿနိုးမြို့ နေရာ၌ တူးဖော်တွေ့ရှိသော အိုးကွဲတို့၌ တွေ့ရပါသည်။ အချုပ်အားဖြင့် သရေခေတ္တရာမှ အိုးတို့ထက်များစွာ သာလွန် ကောင်းမွန်ပါသည်။*

ကျွန်တော်တို့မှာလည်း အိုးယဉ်ကျေးမှု ခမ်းနားခဲ့သည်ကော။ အိုးကို လွမ်းသည့်စိတ်ဖြင့် ကျွန်တော့်တို့အိမ်ထဲမှာ ရှိရှိသမျှ အိုးတွေကို လိုက်ကြည့်နေသည်။ သောက်ရေအိုးကလေးသာ အိုးအဖြစ် ရှိတော့သည်။ ဒန်အိုးနှင့် ပလတ်စတစ် အိုးခွက်တွေသာ ကြီးစိုးနေသည်။ ငယ်ငယ်ကတော့ ဖျင်းအိုးထဲက ရေကို ချိုးခဲ့ရသည်။ မြေအိုးနှင့် ချက်သောထမင်း၊ မြေအိုးနှင့်ချက်သော ဟင်းကို စားခဲ့ရသည်။ မြေရေနွေးကရားကကျသော ရေနွေးကြမ်းကမှ ကျသည်ထင်ခဲ့သည်။ ရေတကောင်းထဲကရေကမှ အေးသည်။ လက်ဖက်ရည် အချိုကိုပင် ပိုအိုးကလေးနှင့် သောက်ခဲ့ရသည်။ မြေငါးပိအိုးထဲက ငါးပိက လောက်တဖွားဖွားဆိုသော်ငြား အရသာရှိလှ၏။ ဆားအိုးကကော။ မြေအိုး။ နနွင်းမှုန့်ထည့်တော့လည်း မြေအိုးကလေးသာ ဖြစ်သည်။

'မင်းတို့ ထမင်းပေါင်းအိုးဆိုတာကြီးက ဇတ်တောက် တောက်နဲ့ပါကွာ၊ ပဲငါးပိကလေး ပြုတ်ချင်တော့လည်း ဒန်အိုးကြီးနဲ့ ဘယ်နူးနူးနပ်နပ် ရှိလိမ့်မတုံး၊ မင်းတို့ခေတ်များတော့ မြေခွာတ်မပါ လိုက်ပုံများ'

http://www.cherrythitsar.org



မြို့မှာ ကျွန်တော်နှင့်အတူနေသည့် အမေက မြေအိုး ယဉ်ကျေးမှု ယုတ်လျော့လာတာကို ကျေနပ်ပုံမရ။ အမေက ရေထည့်သည့်အိုးကို အိုးစရည်း ခေါ်သည်။ ချက်သည့် ပြုတ်သည့်အိုးကို အိုးတန်ခေါ်သည်။ အပေါက်ကျဉ်း ကျဉ်း အိုးဝမ်းပူကြီး တွေ့လျှင်တော့ အိုးတုတ်ခေါ်၏။ အိုးသေးသေးကလေး ကျတော့ အိုးပျစ်တဲ့။ တစ်ခါတစ်ခါတော့ 'အိုးစားမကွဲကြစေနဲ့၊ ချစ်ချစ် ခင်ခင်နေကြ' လို့ ဆိုတတ်သည်။

'အိုးစားကွဲတယ်ဆိုတာ ဘာကိုပြောတာလဲ အမေ. . .'

'ဟဲ့ ရှေးက တပ်သားငါးယောက်ပါတဲ့ ဘုရင်အမှုတော်ထမ်းအစုကို တစ်အိုးစားခေါ်တာ၊ လူမှငါးယောက်လောက်ရှိတာ ထပ်ပြီး စိတ်ဝမ်းမကွဲကြနဲ့ တော့လို့ ပြောတာပေါ့ဟဲ့'

ထိုညက နိုင်ငံတကာသတင်းတွေ ထိုင်ကြည့်ဖြစ်ခဲ့သည်။ ရိုက်တာမှ အီရတ်စစ်ပွဲသတင်းတွေ နေ့ညဥ့်မပြတ် ထုတ်လွှင့်နေသည်။ ယဉ်ကျေးမှုကြီးခဲ့ သော တိုင်းဂရစ်နှင့် ယူဖရေးတီးစ်မြစ်ဝှမ်း ဒေသတဝိုက် ကြီးမားလှသော ဗုံးအိုးကြီးတွေ တသည်းသည်း ပြုတ်ကျနေသည်။ ဥရောပသားတွေ အမဲလိုက်၊ သားကောင်လိုက်နေချိန်မှာ အိုးယဉ်ကျေးမှု ကြီးခဲ့သည်ဆိုသော မက်ဆိုပိုတေး မီးယား ယဉ်ကျေးမှုဖြစ်ဝှမ်း။ အခုတော့လည်း အမဲလိုက်သူတို့ ကြဲချနေသည့် ဗုံးအိုးတွေကြောင့် ရှိရှိသမျှ အိုးစားတိုက်နေပြီ။

ကျွန်တော်ကတော့ သည်ဒေသမှာ ရေချမ်းစင်ကလေး ဆောက်ချင် သည်။ ရေချမ်းအိုးကလေးတွေ တည်ချင်သည်။ ၂၄ ပစ္စည်းကို လက်ညှိုးထုံးတို့ ကာ အိုးတွေပေါ်မှာ ကမည်းတင်ချင်သည်။ ရေကို ဆေးဖြစ်အောင် သောက်စေ ချင်သည်။ ကတောအိုးကလေး အေးပါဘိ။ နဘက်အိုးကလေး အေးပါဘိ။ ရန္တပိုအိုးကလေး အေးပါဘိ။

■

*(IDEA / ၂၀၀၃ - ဧပြီ)*

# ဟိမဝန္တာသို့တမ်းချင်း

'အဲဒီတဲကလေးထဲ
အမေလဲလျှောင်းနေပေါ့ . . . ။
အမေ . . . ကျွန်တော်ရောက်လာပြီအမေ
အမေ. . . ကျွန်တော့်ကိုထပြီးနှုတ်ဆက်ပါဦးအမေ
အမေ့ခြေအစုံကို ပွေ့ဖက်
အသံမထွက်ဘဲ ကျွန်တော်ငိုတယ်။
ထန်းပင်မြင့်မြင့်ကြီးပေါ်က
ရွက်ဟောင်းခြောက်တွေ
တရှဲရှဲမြည်လို့ . . . ။

(ပိုင်စိုးဝေ)

http://www.cherrythitsar.org



ဆောင်းရဲ့ည။ ခရစ္စမတ်အကြိုညမို့ အပြင်မှာ နှင်းတွေ ရှိနေလိမ့်မည်။ အမေကတော့ ဆောင်းကိုလည်း မသိ။ နောက်ဆုံး ထွက်သက်ကလေးကိုတောင် သတိနှင့် ရှုမှတ်သွားနိုင်ခဲ့ရဲ့လား မသိ။ ဆေးစိမ်းရောင်တွေ မွဲသွေ့နေသော အိမ်ခန်းကလေးထဲက ခုတင်ဟောင်းလေးပေါ်မှာ လေးလံသော သစ္စာတုံး တစ်တုံးလို ရှိနေလေသည်။ လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ဆယ်လောက်တုန်းက လည်း သည်ခုတင်ကလေးပေါ်မှာပဲ အဖေဆုံးခဲ့သည်။

အခုလည်း သည်ခုတင်လေးပေါ်မှာပဲ အမေဆုံးလေသည်။ ခေါက်၍ သိမ်း၍ရသော သည်သံခုတင်လေးကလည်း အမေနှင့် အဖေ၏ 'အိမ်ထောင်ဦး အမှတ်တရ' ပစ္စည်းလေးမှန်း ကျွန်တော် သိပါသည်။ တစ်ခါတစ်ခါ အမေ ကိုယ်တိုင် စုတ်တံဟောင်းကလေးနှင့် ပန်းချီဆရာမတစ်ယောက် ပတ္တူဖျင်တွေ ကို ဆေးသုတ်နေသလို သုတ်နေတတ်သည်။ သည်ခုတင်လေးက သဘော်ဆေး ရသည့်အပေါ် မူတည်ကာ တချို့နှစ်တွေမှာ အနီ၊ တချို့နှစ်တွေမှာတော့ စိမ်းပုပ်ပုပ်၊ တစ်ခါတစ်ခါတော့လည်း နီညိုရောင်။ အဖေ့ခြေထောက်တွေကို သူ့လက်ဖဝါးကြမ်းတွေနဲ့ တယုတယ ဆုပ်နယ်ပေးတတ်သော အမေ၊ အိပ်ရာ ထဲမှာ အညစ်အကြေးတွေ ပေစွန်းနေတတ်သော ပုဆိုးအင်္ကျီတွေကို ဖွဖွ ညင်ညင် လဲလှယ်ပေးတတ်သော အမေ၊ ဆေးကြောက်သော အဖေ့ကို ဘာ စကားတစ်ခွန်းမှ မဆိုဘဲ ဝေသီသော်လည်း ဂရုဏာရည်တွေ တောက်လက်နေ တတ်သည့် မျက်လုံးတွေနှင့် ဆေးခါးရည်တွေ တိုက်နေတတ်သည့် အမေ၊ အဖေ့ နောက်ဆုံးရက်တွေတုန်းက မခွဲတမ်းမထတမ်း မျက်တောင်မပုတ် စောင့်ရှောက် ခဲ့သော အမေ။

သူ့အလှည့်မှာတော့ သံခုတင်လေးပေါ်မှာပဲ ကြိုးတွေဖြေလျှော့ ထားသော ရုပ်သေးရုပ်ကလေးလို ပုံ့ပုံ့ရှုံ့ရှုံ့ကလေး ရှိနေပြန်လေသည်။ နဂိုကပင် ပိန်သွယ်ပါးလျားသော အမေသည် ခုတင်လေးပေါ်မှာ ခပ်တင်းတင်းကျစ်ထား သော ချည်ခင်စကလေးလို သေးကျစ်စွာ ရှိနေသည်လို့ပဲ ပြောနိုင်တော့သည်။

တစ်ချိန်တည်းမှာပင် အမေ့ကိုကြည့်ရင်းက သံသတ္တုတစ်တုံး ချည်ခင် စကလေးတစ်စ၊ ရုပ်သေးရုပ်ကလေးတစ်ရုပ် စသည်ဖြင့် ကျွန်တော် ခံစားနေရ သည်။ အမေ့ဆံစ ဆွတ်ဆွတ်ဖွေးဖွေး တိုတိုမျှင်မျှင်တွေက ကျွန်တော်မဝတမ်း နမ်းရှုတ်ခဲ့ဖူးသော အမေ့နဖူးကျဉ်းကလေးပေါ်မှာ ချောက်ချားဖွယ် ဝဲကျနေ သည်။ ဆံစတွေကို နဖူးပေါ်ကို ပြန်မ,တင်ပေးရင်း အမေ့မျက်လုံးတွေကို ကျွန်တော်ကြည့်တော့ ကျွန်တော့်ကိုသာမက ကမ္ဘာလောကကြီးကိုပါ မမှတ်မိ

http://www.cherrythitsar.org



တော့ဟန် ညှို့မှိုင်းနေလေသည်။ သွားတွေ တစ်ချောင်းမှ မကျန်တော့အောင် ကျိုးကုန်ပြီဖြစ်သော်လည်း ပါးလျားသော နှုတ်ခမ်းတွေကို တင်းတင်းစေ့ထားဆဲပဲ ဖြစ်၏။ အမေ့လက်ချောင်းတွေထဲမှာ တင်းတင်းဆုပ်ထားသော ဂုဏ်တော်ပုတီး ကို အသာအယာ ချွတ်ယူလိုက်သည့်အခါ၌ အမေ့ဝိညာဉ်သည် ဝေးလံသော အရပ်ဆီမှာ လွင့်မျော နေချိန်ဖြစ်လိမ့်မည် ထင်သည်။

အသက်ဝိညာဉ်သည် 'လိပ်ပြာ' လို့ ဘယ်သူစခေါ်ခဲ့ပါသလဲ၊ ရှေးသူ ဟောင်းတို့ကိုသာ ကျေးဇူးတင်ရတော့မည်။ အသက်ဝိညာဉ်သည် လိပ်ပြာ တစ်ကောင်လို ဝဲလှည့်လွင့်မျောရိုးမှန်လျှင် အမေ့လိပ်ပြာသည် ဝေးလျားသော အရပ်က သူ့ရွာကလေးဆီသို့ လည်းကောင်း၊ အစိမ်းရောင်လှိုင်းတွေလို တငြိမ့်ငြိမ့်ရှိတတ်သော ကြံရွက်ပင်လယ်များဆီသို့ လည်းကောင်း၊ အမေ ကောက်သင်းကောက်တတ်သော အနောက်ဘက် နတ်ကွန်းစင်ကွင်းဆီသို့ လည်းကောင်း၊ ညိုမည်းရောင် ရေနံစင်ကြီးတွေရှိရာ နီညိုရောင်မြေပြင်များဆီသို့ လည်းကောင်း၊ ကိုင်းပင်၊ နာနတ်ရိုင်းပင်၊ ကန္တာရပင်၊ မိုးနံ့ပင်၊ တမာပင်၊ ဒဟပ် သန်းနှင့် ရှားပင်တွေရှိရာ တောင်စွယ်နိမ့်မြင့်များဆီသို့ လည်းကောင်း၊ မြင်းရိုင်းတစ်ကောင်လို အဆင်အခြင်မဲ့ လွှားပြေးနေ တတ်သည့် မုန်းချောင်းရေ ပြင်ဆီသို့ လည်းကောင်း၊ စိမ်းပြာရောင် ဧရာဝတီမြစ်ဘေးက ဝါညိုညို ကျောက်ကမ်းပါးဆီသို့ လည်းကောင်း တိုးထိဖက်ငင် နှုတ်ဆက်နေလိမ့် ထင်သည်။

(၂)

*. . . . . . . . .*

*ခုတစ်ခါ အမေဟာ*

*ခရီးထွက်တော့မယ်။*

*သေတ္တာရဲ့ နံဘေးမှာ*

*ဖက်မြှုတစ်လိပ်*

*မီးခြစ်တစ်လုံးညှပ်ထားတဲ့*

*ထမင်းတစ်ထုပ်နဲ့ . . . ။*

*ခြော် . . .*

*ခရီးသွားမယ့်အမေရယ်*

*နံ့သာတွေကိုတော့*

*လိမ်းကျံ သ လို့ ထားပါရဲ့*

http://www.cherrythitsar.org



*ဘယ့်နှယ်ဆံပင်ဖွေ့က*
*ပြေလို့ကျနေရတာလဲ . . .*

*(မောင်ဒီ)*

အမေ့မျက်နှာမှာတော့ နံ့သာတွေမရှိပါ။ ခါတိုင်းဝတ်နေကျ အညာဖျင်ထူထူကလေးကိုပဲ အမေဝတ်ထားသည်။ ပြေလျော့နေသော အညိုရောင် ထဘီဟောင်းကလေးက အမေ့အမှတ်တံဆိပ်လို့ ပြောနိုင်သည်။ အမေ့ခြေထောက်တွေကတော့ ခရီးမိုင်ပေါင်းများစွာကို မရပ်မနား သွားခဲ့ရဟန်ဖြင့် ကြမ်းခြောက်အက်ကွဲယောင်ယမ်းနေသည်။

ခရီးသည်အမေ။ ဆရာမောင်ဒီရဲ့ ကဗျာကလေးကိုသာ အမှတ်ရနေမိတော့သည်။ ဝေဒနာရက်တွေတုန်းက အမေ့ခြေထောက်တွေ ယောင်အမ်းနေခဲ့ဖူးသည်။ အမေကြိုက်သော နို့မပါသည့် ကော်ဖီကြမ်းနှင့် စပျစ်သီးတွေကို ပင်လျှင် အမေမစားနိုင်တော့တာ ကြာပြီ။ ယောင်အမ်းနေသည့် သူ့ခြေထောက်တွေကို ကိုင်တွယ်ရင်း အကြောင်းမဲ့ ငိုချင်လည်း ငိုနေတတ်သည်။

'ခြေထောက်တွေ ရောင်နေပြီဆိုရင်တော့ ပထဝီပျက်နေပြီ ပေါ့ကွယ် . . . အရိယာပုတ်၊ မဟာဘုတ် လွန်ယုတ်ဓာတ်မညီတဲ့'

လွန်ခဲ့သော ရက်တွေက မြန်မာဆေးဆရာ၏ စကားတွေကို မှတ်မိနေသည်။ ကိုင်စမ်းကြည့်တော့ အမေ့ခြေထောက်တွေကတော့ အေးစက်နေပြီ။ သည်ခြေထောက်ပါပဲ၊ အညာရွာကလေးမှာတုန်းက အမေပင်ပန်းကြီးစွာ အလုပ်လုပ်ခဲ့ရသည်။ နေပူဖုန်ထူမှာ မိုင်ပေါင်းများစွာ အမေ လျှောက်ခဲ့ရဖူးသည်။ ဖုန်ခိုးတွေ ဝေနေတတ်သော အနောက်ကွင်းပြင်တွေဆီက မှုန်မှုန်ကလေး လှမ်းမြင်ရတတ်သော ကောက်သင်းကောက်သူတွေထဲမှာ 'အမေဘယ်သူလဲ' ဝေခွဲရင်း မျှော်နေရတာကို ကျွန်တော်မေ့၍မရနိုင်ခဲ့။ တစ်ခါတစ်လေတော့လည်း မိုးကြီးချုပ်တာတောင် အမေ့ကို မမြင်ရ။ အလွန်ဝေးသောအရပ်က မိုးပြာရောင်နောက်ခံဖြင့် မြင်ရတတ်သော ပုပ္ပားတောင်ကြီးကို ငေးရီ ရင်းမှာပင် မိုးမှောင်ကြီး ကျလာတတ်သေးသည်။

'ကနေ့ ကောက်သင်းတော်တော်ရလို့ သားရဲ့ . . . အဝေး ကြီးသွားရတာသားရေ့၊ မှောင်နေပါပြီကော . . . အမေလာမှာပေါ့ . . . သားမကြောက်ဘူးလား . . . '

ခေါင်းပေါ်က လက်တစ်ဘက်ခန့် ကောက်သင်းထုတ်ကြီးကို ပုတ်ပြရင်း အမေပြောတတ်သည်။ မည်းချိတ်နေသော အမေ့ မျက်နှာပေါ်က အပြုံးတွေ၊ အမေ့ချွေးနံ့တွေ. . . ပူလောင်နေတတ်သော အမေ့လက်ဖဝါးတွေ

http://www.cherrythitsar.org



ကို အဲသည်တုန်းက ခံစားရမှန်း ကျွန်တော်မသိပါ။ ဆောင်းဝင်စရာသီတွေမှာ မိန်းမ သားတန်မဲ့ ကြံဘောင်တွေ ဖော်ချင် ဖော်နေတတ်သည်။ တစ်ခါတစ်ခါ တော့လည်း ကြံခင်းထဲမှာ ကြံရွက်ဟောင်းတွေ မီးရှို့ချင်လည်း ရှို့နေတတ်သည်။ ကြံဖတ်ခွာချိန်တွေမှာတော့ အမေ့မျက်နှာတွေ၊ လည်ပင်းတွေ၊ လက်တွေမှာ ကြံရွက်ရှရာတွေ အပြည့်။ ညနေတိုင်း ကြံချောင်းရင့်ရင့် တစ်ချောင်းကို ခုတ်ကာ ညဘက်လသာသာမှာ ကွပ်ပျစ်ပေါ်ထိုင်ရင်း ကြံစုပ်ကြ၊ စကားတွေပြောကြ၊ တစ်ခါတစ်ခါတော့ ညဥ့်နက်သန်းခေါင်အထိ။ အမေက သူ့ငယ်ဘဝတွေ၊ ရှေးဟောင်းနှောင်းဖြစ်တွေ၊ ဈေးထောင့်တမာပင်က တစ္ဆေအကြောင်းတွေ၊ ကြံဈေးအတက်အကျတွေ၊ ပုံပြင်တွေ၊ စိတ်လိုလက်ရ ပြောတတ်ချိန်မှာ သည်အချိန်ကလေးမှာပဲ ဖြစ်လေသည်။

မိုးတွေလေတွေ တသည်းသည်းရှိတတ်သော မိုးနှောင်းရာသီမှာတော့ အမေ မုန်းချောင်းထဲမှာ ထင်းဆယ်တတ်သည်။ မုန်းချောင်းနှင့်ရွာက တစ်ဆက် တစ်စပ်တည်းပေမယ့် အတော်ကလေး ဝေးသည်။ မိုးသည်းသည်းထဲမှာ ကြီးမား သော ထင်းတုံးတစ်တုံးကို ရွက်ကာ အမေပြန်လာတတ်သည်။ မီးဖိုကလေးမှာ ပဲကြီးရေတွန့် လက်တွေကို မီးကင်နေရင်းက အမေ့နှုတ်ခမ်းတွေ တဆတ်ဆတ် တုန်နေသည်။

တစ်ခါတုန်းကတော့ ကျွန်တော် ကျောင်းမတက်ချင်သဖြင့် အိမ်သာ ပေါ်မှာ နေ့တစ်ဝက်လောက် ထိုင်ခဲ့ဖူးသည်။ အိမ်သာထရံ ပေါက်က ကျွန်တော် ချောင်းကြည့်တော့ အမေက အိမ်သာရှေ့ မန်ကျည်းပင်ရိပ်မှာ ငုတ်တုတ်။ ကျွန်တော် နောက်ထပ် နာရီဝက်လောက် ထိုင်နေသော်လည်း အမေရှိနေသည် သာ။ သည်လိုနှင့် နာရီ ပေါင်းများစွာ ကျွန်တော် ထိုင်နေသော်လည်း အမေက ဘာတစ်ခွန်းမှ မပြောဘဲ စောင့်နေလေသည်။ ကြာတော့ အမေ့ကို သနားလာ သည်။ အိမ်သာပေါ်က ကျွန်တော်ဆင်းတော့ အမေပြုံးသည်။ ပြီးမှ တိုးတိုး ကလေး ပြောသည်။

'သားကလေးက ဖွဲကောင်းလိုက်တာ အဲဒီဖွဲမျိုးနဲ့သာ စာကြိုးစားရင် ဒေါက်တာအေး ဖြစ်မှာပဲ သိလား . . . '

ဒေါက်တာအေးမှာ ရွာဆေးခန်းက ကျန်းမာရေးမှူးကို ခေါ်ခြင်း ဖြစ်သည်။ တစ်ခါကလည်း ရွာနှင့်သိပ်မဝေးသော ဘုရားပျက်တွေကြားမှာ သုံးလေးရက်လောက် ကျွန်တော်ကျောင်းပြေးဖူးသည်။

ပထမတော့ အမေမသိပါ။ နောက်တော့ အမေ ကျွန်တော့်ကို လိုက် ရှာသည်။ လွယ်အိတ်ကို ဇရပ်ဟောင်းအစွန်းက သံမှာချိတ်ထားရင်းက

http://www.cherrythitsar.org



ဘုန်းကြီးကျောင်းသားတွေနှင့် ကျောက်ခဲတွေ စီပစ်နေတုန်း ဖြစ်သည်။ အမေ ရုတ်တရက် ရောက်လာကာ နေပူထဲမှာ သဲကြီးမဲကြီး ကစားနေသော ကျွန်တော့် နားရွက်တွေကို အမေ ဆွဲလိမ်သည်။ နားရွက်ကို ဆွဲရင်းကပဲ အိမ်တွေကို ဖြတ်ကာ အိမ်ကိုခေါ်လာတော့ တစ်ရွာလုံးက ထွက်ကြည့်သည်။ ဤသည်ပင် အမေက ဒဏ်ပေးလိုက်ခြင်းဖြစ်၍ အိမ်ရောက်တော့ မရိုက်တော့ပါ။ အမေက ရှက်ပါစေတော့ဟု ရည်ရွယ်ပုံရသော်လည်း ကျွန်တော် မရှက်ပါ။ နောက်တော့ လည်း ကျောင်းမပြေးဖြစ်တော့။

တစ်ခါတော့လည်း ကျွန်တော်ကိုယ်တိုင် စိတ်ထိခိုက်ခဲ့ရဖူးသည်။ စိတ်လိုလက်ရ ရှိတတ်သည့် ညတွေမှာ ကျွန်တော့် ကျောင်းစာအုပ်တွေကို အမေကြည့်လေ့ရှိသည်။ စာတွေကို နားလည်လို့ မဟုတ်ဘဲ ကြက်ခြေခတ် ထားသော မင်နီတွေကို အမေကြည့်ခြင်း ဖြစ်လေသည်။ မင်နီကြက်ခြေခတ်တွေ ဗလာစာအုပ်ထဲမှာ ပြည့်နှက်နေလျှင် အမေ့မျက်နှာ သိသိသာသာကြီး အိုမင်း သွားတတ်သည်။ ထို့နေ့က ကျောင်းကအပြန်မှာ ပညာရည်တိုးတက်မှု မှတ်တမ်း ကလေးပါလာသည်။ မိဘအုပ်ထိန်းသူနေရာမှာ အမေ့ကို လက်မှတ် ထိုးခိုင်း တော့ 'ဟယ် . . . ငါမှမထိုးတတ်တာ' ဟု ဆိုရင်း အမေ ရှက်နေလေသည်။ တကယ်ကလည်း အမေလက်မှတ် မထိုးတတ်ပါ။ အမေစာလည်း မတတ်ရှာပါ။ ကျွန်တော်က လက်မှတ် မထိုးတတ်ရင် ကြက်ခြေခတ်လို့ ရတယ်ဆိုတော့ အမေ မရဲတရဲ ကြက်ခြေခတ်ပါ သည်။ ပြီးတော့မှ . . .

'အမေကလေ . . . မင်းကရတယ်ဆိုလို့သာ . . . သား ကတ်ပြားမှာ အမေကြက်ခြေမခတ်ချင်ပါဘူး'

ဟု ဆိုလေသည်။ အနီရောင် ကြက်ခြေခတ်တွေကို မုန်းသောအမေ . . . ထိုနေ့က အမေ့စကားတွေမှာ ဝမ်းနည်းစရာ မပါသော်လည်း ကျွန်တော် ထိုအဖြစ်အပျက်ကို တစ်သက်လုံး သတိရနေ လိမ့်မည်ထင်ပါသည်။

(၃)

*'အမေ့ကို သူတို့*
*ဟိုးမှာ မန်ကျည်းပင်တွေ စိမ်းညို့ညို့နဲ့*
*ဇရပ်အိုအို*
*ကျောက်တုံးနီညိုညိုတွေ စီထားတဲ့*
*သင်္ချိုင်းဆိုတဲ့ နေရာကို*
*ပို့ကြတော့မလို့တဲ့။*

http://www.cherrythitsar.org



*လှည်းဘီးကို ဖြင်ဆင်ပြီးကြပေါ့*
*အမေ့အလောင်းကို*
*ခေါင်းထဲထည့်ကြပေါ့ . . .*
*ကြေးစည်ကို*
*ရိုက်နှက်ကြပေါ့ . . .*

*(ပိုင်စိုးဝေ)*

ကြေးစည်ရိုက်သံက ကျယ်လောင်စွာထွက်ပေါ်လာသည်။ ကြေးစည်သံများကို မကြာခဏ ကြားဖူးသော်လည်း အမေ့အတွက် ရိုက်ခတ်လိုက်သောသည်ကြေးစည်သံကမူ ရင်ကို ဆို့နစ်သွားစေလေသည်။ အတန်ငယ် နက်ရှိုင်းသော မြေကျင်းထဲမှာ နေရဖို့ နီးပြီလို့ သတိပေးလိုက်တဲ့ အသံထင်ပါရဲ့။ အမေရှိတုန်းကတော့ အညာသူပီပီ သင်္ချိုင်းကို 'လုပ်တိုင်း' လို့ ခေါ်လေ့ရှိသည်။ အမေက ကိုင်းတံတွေ လေးဘက်လေးတန် ဆန့်တန်းဖြာထွက်နေတတ်သော ညောင် မုတ်ဆိတ်ပင် အမွေးဖွားဖွားအောက်က သူ့ရွာသင်္ချိုင်းဟောင်းကို စွဲလန်းစရာမရှိ စွဲလန်းနေတတ်သည်။

'ကိုယ့်ရွာက လုပ်တိုင်းလေးမှာပဲ အမေ ခေါင်းချချင်တယ်၊ အဲဒီ လုပ်တိုင်းကလေးမှာ ငါ့အဖေရှိတယ်၊ ငါ့အမေလည်း ရှိတယ် . . . ငါ့သူငယ်ချင်းတွေလည်း ရှိတယ်'

အမေ မကြာခဏပြောတတ်သော စကားတွေ ဖြစ်လေသည်။ အမေ့ရွာက သင်္ချိုင်းကို ကျွန်တော် ရောက်ဖူးသည်။ ရွာမြောက်ဘက်က နှမ်းခင်းတွေဆီကို သွားသည့် လှည်းလမ်းက သည်သင်္ချိုင်းထဲကို ဖြတ်သွားသည်။ ယာခင်းထဲမှာ လှည်းစီးဖို့ လှည်းတစ်စီးစီးနဲ့ လိုက်ပါသွားရတိုင်း သည်သင်္ချိုင်းကို ဖြတ်ရသည့်အခါ မျက်စိတွေကို စုံမှိတ်၊ အသက်တွေ အောင့်ကာ လိုက်သွားလေ့ရှိသည်။ တစ်ခါတစ်လေတော့လည်း သင်္ချိုင်းကို ကြည့်ချင်သည်။ လှည်းခပ်ဝေးဝေး ရောက်တော့မှ သင်္ချိုင်းကို လှမ်းကြည့်ရဲတော့သည်။ သင်္ချိုင်းဆိုတာ ဘာမှလဲ မထူးဆန်းပါလား။ အုတ်ဂူလေးသုံးလေးလုံးနှင့် ကျန်တာက မြေကမူမို့မို့တွေ၊ ကြက်ဆူပင်တွေ အလိုလေးပင်တွေ . . . အဘိုးကြီး အမယ်ကြီးပင်တွေ . . .။ ဘကြီးပန်းဥက ကွမ်းယာ တစ်ယာ ပါးစပ်ထဲမှာ မြုံ့ရင်းက ဗုံရှည်ကြီးကို ဖြုတ်ကာ သိုင်းလွယ်သည်။ ဟိုဘက်သည်ဘက် လက်တဆန့်ရှည်လျားသော ဗုံရှည်ကြီးကို 'ပေတိုးပတ် . . . ပေတိုးပတ် . . . ပေ့ ပေ့ ဗြိန်း' ဟူ၍ လည်းကောင်း 'ပေ့ ပိန် ပေ့ ပိန် ဗြိန်းဗြိန်း' ဟူ၍လည်းကောင်း အဆစ်ကျကျတီးလေ့ရှိသည်။ နှုတ်ခမ်းသားတွေထူနေသဖြင့် အသံအ,နေသည့် လင်းကွင်းနှင့် နှဲကြီးက

http://www.cherrythitsar.org



သာယာကြည်နူးဖွယ် မကောင်းလှသော်လည်း ရင်ထဲမှာ ထိခိုက်သွားစေလေသည်။ အမေက ဘကြီးပန်းဥအိမ်ကို လာလည်တိုင်း၊ 'ကိုပန်းဥ. . . တော်သေလို့ မဖြစ်ဘူးနော် . . . ကျုပ်အသုဘ တော်ပါမှစည်မှာ' ဆိုတော့ ဘကြီးက 'စိတ်ချ ကောင်မရေ . . . ညည်းမပြောနဲ့ တစ်ရွာလုံးသေပြီးမှ ကျုပ်က သေမှာဗျ' လို့ ပြောတတ်သည်။

အဲသည်တုန်းက ဘကြီးပန်းဥက သူ့ဗုံရှည်ဝိုင်းနောက်က လိုက်သည့် ကလေးတွေကို ကျပ်စေ့ဒင်္ဂါးတစ်ပြားစီ ပေးလေ့ရှိသည်။ တီးဝိုင်းနောက်က လိုက်ရင်း သချိုင်းက အပြန်မှာ ကျပ်စေ့တစ်စေ့ ပါလာတတ်သော ကျွန်တော့်ကို အမေက မဆူပါ။

'အေး ကောင်းတယ်သား . . . လိုက်လိုက် . . . မသာ တစ်ခေါက် ကျောင်းဆယ်ခေါက်တဲ့'

ဟု ပြောတတ်သည်။ တစ်ခါတော့ နေပူကြီးထဲမှာ ဗုံရှည်ဝိုင်းနှင့် လိုက်မိသဖြင့် အပူရှပ်ကာ ကျွန်တော် အပြင်းဖျားပါသည်။ တစ်ရက်က နှစ်ရက် သတိလစ်မတတ်ဖျားတော့ အမေက မဆီမဆိုင် ဘကြီးပန်းဥကို ရန်တွေ့ပါသည်။ နောက်နောင် ဗုံရှည်ဝိုင်းနား ကျွန်တော်ရောက်သွားလျှင် ဘကြီးက. . .

'မင်းမလိုက်ပါနဲ့ကွာ၊ မင်းအမေက ငါ့ကို ရန်တွေ့တယ်ကွ၊ ရော့ . . . ဒင်္ဂါးတစ်စေ့ယူသွား . . . မလိုက်နဲ့ ကြားလား'

ဗုံရှည်ဝိုင်းနှင့် လိုက်ပါခွင့်မရဘဲ ဒင်္ဂါးတစ်စေ့ရလာတော့ လည်း ဘာကြောင့်မှန်းမသိဘဲ အမေ့မရိုက်စဖူး ရိုက်ပါသည်။ အမေ့ကို ကျွန်တော် နားမလည်နိုင်ပါ။ ဘာကြောင့်ရိုက်မှန်းလည်း မသိပါ။ နောက်တော့လည်း လိုက်ခွင့်ရပြန်ပါသည်။

*'မယ့် မျက်ရည်ငယ်လေ . . . စီးသွယ်ကျဆင်း . . . ရွှေသဲလျှင်းနှင့် မသကြိုပ်ရှာ ဓတာ၀ကန္တာ ဖိုကျင်ထိုးလို့ ပြုရိုးပါ သံစကာနဲ့ ပြာတော်ကျအောင် သကြိုပ်ရပဲ . . .'*

အရက်တွေမူးအောင် သောက်ထားသော ဘဒွေးလေး စံအောင့် သီချင်းကို သံကျတွေ လိုက်မှုတ်ပေးသော နှဲကြီးသံဝါဝါကြီးက အညာနေပူထဲမှာ ပိုမို လွမ်းစရာကောင်းနေတတ်သည်။ ဘကြီး ပန်းဥကတော့ အဆစ်ကိုက် 'ဗေတိုးပတ် . . . ဗေတိုးပတ် . . . ဗေဗေဗြိန်း' ကို မျက်စိကြီး စုံမှိတ်တီးရင်းက စိတ်မကောင်းဖြစ်နေတတ်သည်။ ထိုအခါမျိုးတွင် ဘယ်သူ့အသုဘဖြစ်ဖြစ် ခေါင်းက တဘက်ကလေးကို ရုတ်ကာ အမေငိုတတ်သည်။

'တို့ရွာက စိတ်ကောင်းရှိတဲ့ လူတစ်ယောက် လျော့သွားပြန်ပြီပေါ့'

http://www.cherrythitsar.org



လို့လည်း အသုဘတွေက ပြန်တိုင်း အမေပြောတတ်သည်။ အဲသည် နေ့တစ်နေ့လုံး သေဆုံး၏ လွမ်းမောဖွယ်ကောင်းသော အကြောင်းထုပ္ပတ်ကို စီကာပတ်ကုံး တတွတ်တွတ် ပြောနေတတ်သည်။ အခုတော့ မြို့ပြ၏ ဆင်ခြေဖုံး ကလေးတစ်ခုမှာ အကြောင်းအားလျော်စွာ ကျွန်တော်နှင့်အတူ အမေနေနေရ ပြီ။ မော်တော်ကားနှင့် ရုပ်အလောင်းကို တင်ကာ အပူရုပ်မဲ့ ကားစီးရင်း ပို့တတ် ကြသည့် မြို့ပြအသုဘရှုကို အမေတွေ့ကာစက ကြီးစွာသော အံ့သြခြင်း ဖြစ်ဖူး သည်။ နောက်တော့လည်း ရိုးသွားဟန်ဖြင့် မြို့ပြသင်္ချိုင်းတ မြို့ပြအာရုံတွေထဲ မှာ အမေနေတတ်သွားလေသည်။

**(4)**

*'. . . . . . . . .*
*လမ်းကကြမ်းလိုက်တာ အမေ*
*တောင်ကမူ ကျတ်တီးကြား*
*နှစ်တွေများစွာ ရေတိုက်စားမှုနဲ့*
*ပျက်လုလုလှည်းလမ်းပေါ်မှာ*
*အမေ့ခေါင်းဟာ လှုပ်ယမ်းလှချည့်*
*ဖြည်းဖြည်း . . . ဖြည်းဖြည်း . . .*
*ဆူးကိုင်းတွေ ဘေးဖယ် . . .*
*မျက်နှာကို ခြစ်မိကြဦးမယ်။'*

*(ပိုင်စိုးဝေ)*

အမေ့အလောင်းကို ရပ်ကွက်သင်္ချိုင်းကလေးမှာပဲ မြှုပ်နှံဖို့ စီစဉ်ရတော့ သည်။ အမေ့ကို ပို့ဆောင်သည့်နေ့က လူသိပ်မများလှပါ။ ယိမ်းလှုပ်နေသော အမေ့ခေါင်းကိုကြည့်ရင်း ဘကြီးပန်းဥရဲ့ ဗုံရှည်တီးသံတွေကို ကြားယောင်နေမိ လေသည်။ သင်္ချိုင်းက တော်တော်ကလေး လှမ်းသည်။ ရိုးပြတ်တောကို ဖြတ် တော့ သင်္ချိုင်းဇရပ်ခနိမိုးကလေးကို လှမ်းတွေ့နေရပြီ။ ရွာကသင်္ချိုင်းလို ညောင် မုတ်ဆိတ်ပင်မရှိ။ အုန္နဲ့ပင် ကလေးတစ်ပင်ပဲ ရှိသည်။ သင်္ချိုင်းကို ကြိုတင် ရောက်ရှိကာ ကျင်းတူး နှင့်သူတွေက 'နောက်လာဦးမလားဟေ့' ဟု အော်ရင်း မြေစိုင်ခဲတွေနဲ့ လှမ်းပစ်တော့ လူတွေက 'မလာတော့ပါဘူး' တဲ့။

သင်္ချိုင်းကို မလာတော့ပါဘူးတဲ့။ ရနိုင်သလား။ အဲသလို ပြောရင် သင်္ချိုင်းကို တကယ်မသွားရတော့ဘူးလား။ လှမ်းပစ်လိုက်သော မြေစိုင်ခဲတွေက လူတွေကို မထိ။ ရိုးပြတ်ကွင်းထဲမှာပဲ ကျရောက် ကျေပျက်သွားလေသည်။

http://www.cherrythitsar.org



အမေ့အလောင်းကို မြေကျင်းထဲသို့ ကြိုးဖြင့်လျှော၍ ဖြည်းညှင်းစွာမချမီ ဓားမဦးဖြင့် ဒုတ်ခဲနဲဒုတ်ခနဲ ခုန့်စ်ခါတိုက်သည်။ ဤသို့ဖြင့် မြေကျင်းထဲမှာအမေ့ကို ကျဉ်းကျပ်စွာ ထားရစ်ခဲ့ရတော့သည်။

'ကိုင်း. . . ကန်တော့လို့ရပြီ. . . ကျန်တဲ့ . . . လူများက မြေခဲခုနှစ်ခဲ စီလောက် ဖို့ကြပါ'

အသုဘပို့သူတွေက မြေစိုင်ခဲတွေကို ကိုင်ကာ ဖို့သည်။ ကျင်းတူးသူတွေကတော့ ပေါက်ပြားတွေနဲ့ ယက်ကာ ဖို့ကြသော်လည်း ကျွန်တော်ကတော့ လက်ထဲမှာ ကိုင်ထားသော မြေစိုင်ခဲတွေနဲ့ အမေ့ကိုယ်ပေါ်ကို မဖို့ရက်ပါ။ လူတစ်ယောက်ကတော့ ခပ်လှမ်းလှမ်းက ဇီးကိုင်းခက်ကလေးတစ်ခက်ကိုချိုးကာ အမေ့ခေါင်းရင်း မြေပုံကို ရိုက်သည်။

'ရော့ . . . အမေအိမ်ကို ပြန်လိုက်ခဲ့ပါလို့ပြော . . . ရက်လည်တဲ့ညနေ ကျတော့ ပြန်ပို့'

ဇီးရိုင်းခက်ကလေးမှာ အမေ့ဝိညာဉ်တွယ်ကပ်နေသတဲ့။ သည်ဇီးရိုင်းခက်ကလေးနဲ့အတူ ရက်လည်သည်အထိ အမေအိမ်မှာပဲ ရှိနေလိမ့်မယ်တဲ့။

အခုထိ အမေဟာ သူ့ကိုသူ သေမှန်းမသိဘူးလို့လည်း ဆိုသည်။ ခုနှစ်ရက်လည်တော့မှ အိမ်ကို နောက်ပြန်ဆင်းရတာတဲ့။ သိပ် သနားဖို့ကောင်းတာပဲတဲ့။ ဇီးရိုင်းခက်ကလေးနားမှာ အမေကြိုက်တဲ့ နို့မပါတဲ့ ကော်ဖီကြမ်း၊ စပျစ်သီး၊ ထမင်းဟင်း စတာတွေ နေ့စဉ် ထားရသတဲ့။ သပိတ်သွပ်တဲ့နေ့မှာ ဇီးကိုင်းခက်ကလေးနားကို သွားပြီး၊ 'အမေ တရားနာရအောင် ကြွပါ' လို့ ခေါ်ရသတဲ့။

လူတွေက တစ်ယောက်တစ်မျိုး ကျွန်တော့်ကို ပြောနေကြသည်။ ကျွန်တော်က ဇီးရိုင်းခက်ကလေးမှာ အမေ့ ဝိညာဉ်ပူးကပ်ပါလာသည် ဆိုတာကိုပဲ အံ့သြနေမိလေသည်။

http://www.cherrythitsar.org



(၅)

*". . . . . . . . . . . .*
*ကလေးဘဝအရွယ်*
*ငယ်ငယ်တုန်းကလေ*
*တောရိုပ်တောင်ကြား*
*မားမားရပ်နေ၊ တစေတွေလား*
*အမေရေ . . .*
*တစ္ဆေဆို ကျွန်တော်ကြောက်လှချည်။"*

*(ပိုင်စိုးဝေ)*

ဇီးရိုင်းခက်ကလေး ပြန်ပို့သည့်နေ့က မိုးကြီးချုပ်ပြီ။ ရိုးဖြတ်တောကလေးကို ဖြတ်တော့မှ သင်္ချိုင်းဆိုတာကို သတိရတော့သည်။ သင်္ချိုင်းနှင့်မလှမ်းမကမ်းမှာ စိုက်ခင်းတွေ ရှိသည်။ ရေလောင်း ပေါင်းသင်သူတွေ ရှိသည်။ ဒါပေမယ့် . . . သင်္ချိုင်းဟု သတ်မှတ်ထားသော ကွင်းထဲမှာတော့ ကျွန်တော်တစ်ယောက်တည်းပဲ ရှိနေသည်။ သွားနေတုန်းမှာပင် ကြောက်စိတ်တွေတဖျပ်ဖျပ်ရှိနေခဲ့သော်လည်း အမေ့မြေပုံနားကို ရောက်တော့ ဝမ်းနည်းကြေကွဲသည့် ခံစားမှုသာ ရှိတော့သည်။ ဇီးရိုင်းခက်ကလေးကို အမေ့ခေါင်းရင်းမြေကြီးမှာ ထိုးစိုက်လိုက်ရင်း ထိုင်ကန်တော့လိုက်သည်။

ကျွန်တော်ပြန်လာတော့ အမေလိုက်ပို့မှန်း ကျွန်တော် သိပါသည်။ ကျွန်တော့် ဘေးက၊ ရှေ့က၊ တစ်ခါတစ်ခါ နောက်နားက တစ်ခါတစ်ခါတော့လည်း ခပ်လှမ်းလှမ်း သင်္ချိုင်းဝအထိ ကျွန်တော့်ကို လိုက်ပို့မှန်း ကျွန်တော်သိပါသည်။ ကျွန်တော်ကတော့ ရိုးဖြတ်ချောင်းကို တရှဲရှဲတိုးဖြတ်ရင်း အိပ်ရာဝင်တစ္ဆေပုံပြင်တွေ စီကာစဉ်ကာ ပြောတတ်သော အမေ့အသံတွေကို အောက်မေ့နေမိလေသည်။ ဖြစ်နိုင်လျှင် အမေ့ကိုယ်ခန္ဓာတစ်ခုလုံးက ပြာစတွေကို မဟာဟိမဝန္တာ တောင်တန်းများပေါ်သို့ လည်းကောင်း၊ ဂင်္ဂါ၊ ယမုနာ၊ အစိရဝတီ၊ မဟီ၊ သရဘူ ဖြစ်ကြီးငါးသွယ်ပေါ်သို့ လည်းကောင်း ကျွန်တော် ကြဲချပူဇော်ချင်ပါသည်။ ဖြစ်နိုင်သေးလျှင် အမေချစ်သော မုန်းချောင်း ရေပြင်ပေါ်သို့ လည်းကောင်း၊ တောင်စွယ်နိမ့်မြင့်တွေ စီကာရီကာ ရှိတတ်သော ရွှေညိုရောင်မြက်ခင်းတွေ တလျားလျား ရှိတတ်သော ရေနံသံစင်ကြီးတွေ ထိုးထိုးထောင်ထောင်ရှိတတ်သော ဆာရီယယ် လစ်ဇင် ရေနံမြေကွင်းပြင်များပေါ်သို့ လည်းကောင်း

http://www.cherrythitsar.org



ကြဲချ ပူဇော်ချင်ပါသည်။ ဒါပေမယ့် အမေသည် သူနှင့် အတန်ငယ်စိမ်းသော မြို့ပြ၏ ဆင်ခြေဖုံး၊ 'လုပ်တိုင်း' ကလေးမှာ လိုအပ်စွာ ရှိနေရတော့သည်။

မှောင်ကြီးထဲမှာ သချိုင်းသည် ငြိမ်သက်လို့။ ရိုးပြတ်တော လေတိုးသံ တရှဲရှဲမြည်လို့။ အမေ . . . နေရစ်ခဲ့ပါတော့။

(၆)

*'စစ်စနက်မီးအကြွင်းအကျန်တွေနဲ့*
*ခေတ်အပျက်ကြီးကို တွန်းလှန်ရင်း*
*အမေရယ် . . . တခြားအမေတွေရယ်*
*အမေတွေ အားလုံး . . . '*

ဘုရားသခင်သည် ကမ္ဘာလောကထဲမှာ သူ့ကိုယ်စား အမေများကို ထားရစ်ခဲ့သတဲ့။ အမေကတော့ သူပိုင်ဆိုင်သမျှ၊ သူတွယ်ငင်သမျှ အရာရာကို သိမ်းနှုတ်ထားရစ်ကာ ကမ္ဘာလောကထဲက ထွက်ခွာသွားခဲ့ပြီ။ အမေမရှိတော့ တစ်ခုခုလစ်ဟာနေသလို ခံစားနေရသည်။ လူမျိုးဘာသာ နေရာဒေသကွဲပြား စေကာမူ အမေခံစားမှု၊ အမေရသသည် ထာဝရချိုမြိန်နေလိမ့်မည်ဖြစ်၏။ အဲသည် ခံစားမှု ကလေးကိုပဲ ဆရာပိုင်စိုးဝေက -

*'နွေဦးရက်တွေအကြောင်း*
*သီချင်းမဆိုနိုင်တဲ့*
*ဥဩငှက်တစ်ကောင်ရဲ့ ကြေကွဲမှုလို'*

ဟု ခံစားရေးဖွဲ့သည်။

မည်သို့ပင်ဆိုစေ အမေမရှိတော့သော်လည်း ကျွန်တော် ဝမ်းမနည်း ဖြစ်တော့ပါ။ ကမ္ဘာလောကထဲမှာ အမေပေါင်းများစွာ တည်ရှိနေဦးမည်သာ ဖြစ်သည်။ အမေမရှိတော့သော်လည်း အမေ့ကိုယ်စား အမေ့ကိုယ်ပွား အမေ တွေ ရှိနေဦးမည်။

အမေတွေကပဲ သူရဲကောင်းတွေကို မွေးဖွားလိမ့်ဦးမည်။ အမေတွေ ကပဲ . . .

http://www.cherrythitsar.org



'အာမေရေ -
အာမေရေ -
ကြေးစည်ကို ရိုက်နှက်ကြပေါ့
လှည်းဘီးကို သူတို့တွန်းကြပေါ့။
ဟိုအနောက်တောင် တောတန်းက
ထန်းပင်တွေရဲ့ ထိပ်ဖျားမှာ -
နေလုံးဟာ တဖြည်းဖြည်း ညိုခဲ့ပေါ့။

■

ဗေသိုး ထပ္ပုာတိုး
(၁) ဒိုင်ဆိုးဗေဝ ယိန်းမွှန်ပှက်ဗာပြုန်ပေမ်း
(၂) ဗေဟင်ဒီ ခရီးသည်အာမေ

(ပိတောက်ပွင့်သစ်)

http://www.cherrythitsar.org

# အသေရဲသူများ

(၁)

*'မိုးကြိုးချုပ်မှ*
*ထုပ်ပိုးပိုက်ငင်၊ လှေကိုပြင်သော်*
*ငါလျှင် နောက်ကျခဲ့လေပြီ . . .။'*

*ဒေါင်းနွယ်ဆွေ*

ဟောင်းနွမ်းသော သံခုတင်လေးပေါ်မှာ အဖေရှိနေသည်။ နှုတ်ခမ်းတွေ တင်းခြောက်နေကာ မုတ်ဆိတ်ကျင်စွယ်တွေနှင့် အဖေသည် အုန်းသီးခြောက်တစ်လုံးနှင့် တူနေလေသည်။ အဖေ့ခုတင်ပေါ်မှာ ခင်းထားသော အိပ်ရာခင်းနွမ်းနွမ်းပေါ်မှာ ပုရွက်ဆိတ်နက်တွေ ပြေးလွှားနေတာကို ကျွန်တော်မြင်နေရသော်လည်း ဖယ်ရှားမပစ်မိ။ ပုရွက်ဆိတ်နက်တွေက အဖေ့လက်မောင်းပေါ်မှာ၊ ရင်ဘတ်ပေါ်မှာ၊ နှုတ်ခမ်းတွေပေါ်မှာ . . .၊ ရှည်လျားသည့်လက်သည်းခွံတွေပေါ်မှာ။ ပုရွက်ဆိတ်နက်တွေက ပုရွက်ဆိတ်နီကလေးတွေလို မဟုတ်။ ပုရွက်ဆိတ်နီတွေက လေးလေးနွေးနွေး ဆင်ဆင်ခြင်ခြင် တိုးရွေ့သည် ဆိုရုံကလေးသာ သွားတတ်သည်။ ပုရွက်ဆိတ်နက်တွေကတော့ သည်လို

http://www.cherrythitsar.org



မဟုတ်။ တစ်ခုခုကို လောဘတကြီး ရှာဖွေနေသလို ပြေးပြေးလွှားလွှား ဖြစ်သည်။ အဖေကတော့ ပုရွက်ဆိတ်တွေကိုလည်း သိဟန်မတူတော့။ အဖေ့ မျက်လုံးတွေက ပွင့်ဟနေသော်လည်း ဘာကိုမှလည်း မြင်ဟန်မတူတော့။ လှိုင်း တွန့်တွေလို ကွေးကောက်သော ဆံပင်တွေက ကြမ်းခြောက်ရှည်လျားနေသည်။ (အရင်ကတော့ သည်ဆံပင်တွေကို အုန်းဆီကလေး တသသရှိတတ်သည်။) အဖေ့ အိပ်ရာဘေးမှာတော့ ဆေးပုလင်းတချို့ရှိသည်။ သကြားအုပ်ဆေးပြား တချို့က ရေထိထားသဖြင့် အရောင်ပျက်နေသည်။ အချိုရည်တွေ ပျော်စီးနေ သဖြင့် အထဲက ဆေးခါးခဲ ဖြူဖြူကလေးတွေကိုပင် တွေ့နေရသည်။ ပြီးတော့ ပျော့တွဲနေပြီဖြစ်သော ဘီစကွတ်မုန့်ထုပ်ကလေးထဲမှာလည်း ပုရွက်ဆိတ်တွေ အိမ်ဖွဲ့နေပေါ့။ အဖေ့ရင်ဘတ်ပေါ်ကို လက်တင်ကြည့်တော့ အသက်ငွေ့ငွေ့ ကလေး ရှူနေသည်ဟု ထင်သည်။ တစ်ခါတစ်ခါတော့ ကြာမြင့်စွာ အသက်ရှူ ရပ်ဆိုင်းသွားသလို ထင်ရသော်လည်း နှလုံးက ခုန်နေဆဲ။

ရေနံဆီမီးတိုင်ခွက်ကို ကိုင်ထားသော အမေ့လက်တွေက တုန်ယင်နေ သည်။ မီးခွက်မှိန်မှိန်ကလေးအောက်မှာ အဖေသည် သူ၏ နောက်ဆုံးထွက် သက်ကလေးကို လွတ်လပ်ငြိမ်းချမ်းစွာ တိုးထွက်သွားဖို့ စိတ်ရှည်လက်ရှည် စောင့်ဆိုင်း နှုတ်ဆက်နေသည်နှင့်ပင် တူတော့သည်။ အမေက မီးတိုင်ကလေး ကို ချကာ အဖေ့ရင်ဘတ်ပေါ် လက်တင်ကြည့်သည်။ ပြီးတော့ ကျွန်တော့်ကို မော့ကြည့်သည်။ မီးရောင်ထဲမှာ အမေ့မျက်နှာဆီက ဥဿဖယားကျောက်ပွင့် ကလေးတွေလို လက်ခနဲ လက်ခနဲ တောက်လက်သွားတာ တွေ့တော့မှ အမေငို နေမှန်း ကျွန်တော် သိပါသည်။ ခနိမိုးခေါင်ပေါက်တွေက မြင်ရသော ညကောင်း ကင်မှာ ကြယ်ပွင့်တွေရှိသည်။ မပီမသ ကြားရသော တစ်တီတူးငှက်အော်သံတွေ အိမ်ခန်းကလေးထဲ တိုးဝင်ရောက်လာချိန်နှင့် အမေ့ရှိုက်သံတွေ တစ်ပြိုင်နက် တည်း ရောထွေး သွားလေသည်။

*. . . ဗောဇ္ဈင်္ဂေါ . . . သတိသင်္ခါတော*

*ဓမ္မာနံ . . . ဝိစယော တထာ . . .*

*ဝီရိယ ပီတိ . . . ပဿဒ္ဓိ*

ရှိုက်သံတစ်ဝက် ရောနှောနေသော အမေ့ပရိတ်ရွတ်သံက ကြေကွဲ ဖွယ်ကောင်းသည်။ ရေနံဆီမီးတိုင်၏ အလင်းရောင်မှိန်မှိန်ထဲမှာ ငြိမ်သက် နေသော အဖေကတော့ . . . တစ်တီတူးငှက် အော်သံကို လည်းကောင်း၊ အမေ့ ငိုရှိုက်သံကို လည်းကောင်း လူ့ဘဝ၏ နောက်ဆုံး အသံဗလံများအဖြစ် တမလွန်သို့ သယ်ဆောင်သွားလိုဟန် မရှိချေ။ ကျွန်တော်က ပွင့်ဟနေသော

http://www.cherrythitsar.org



အဖေ့ပါးစပ်ထဲကို ရေအေးစက်တွေ တပေါက်ပေါက် ချပေးသည်။ ပြီးတော့ ပောင်းမြင်းသော မော်တော်ကား အင်ဂျင်ပောင်းတစ်လုံးကို မဆီမဆိုင် သတိရနေမိပြန်သည်။ သံစက်သွားတွေ တစ်ထစ်ပြီး တစ်ထစ်ကြွေ . . . စက်ဆီတွေ တငွေ့ငွေ့တခြောင်းခြောင်း အူထွက်နေသော အင်ဂျင်ပောင်းမျိုးကို မြင်တွေ့ဖူးပါသလား . . . ။ အဲသလိုပဲ ဖြစ်လိမ့်မည်ထင်သည်။ လူသည် ဒါလောက်ပဲ ဖြစ်မည်။ ဘဝသည် ခရီးလမ်းဖြစ်၍၊ လူသည် အင်ဂျင်ပောင်း တစ်လုံးဖြစ်ကာ လောင်စာသည် မျှော်လင့်ခြင်းတရား . . . ဟု ဆိုပါစို့။ လူကို ဒါထက် ပိုတွက်၍ မရနိုင်။

အဖေ့နှုတ်ခမ်းတွေ တွန့်လှုပ်လာသည်။ အမေက အဖေနှင့် နီးကပ်နိုင်သမျှ နီးကပ်သွားအောင် ငုံ့ကိုင်းလိုက်သည်။

'. . . . . . . . .'

ဘာမျှမကြားရ။ အဖေငြိမ်သက်သွားသည်။ များစွာသော တစ်တီတူး ငှက်သံတွေ ဝေးရာက နီးကပ်လာသည်။ အမေက အဖေ့ ဆံစတွေ၊ ပါးတွေ၊ လက်ချောင်းတွေကို တယုတယကိုင်ကြည့်နေသည်။

ပြီးတော့ ဆွေးမြေ့ကြေကွဲစွာ ရှိုက်လေသည်။ ကျွန်တော်ကတော့ အဖေ ဘာပြောခဲ့တာလဲ ဆိုတာကိုပဲ သိချင်နေခဲ့သည်။

(၂)

*ငါ့သီချင်းကို ငါ စွန့်ပစ်ခဲ့တယ်*
*ပြီးတော့ . . . ငါ့ကို ကူးတို့ ပို့ပေးဖို့*
*သင့်ကို ငါ အော်ခေါ်လိုက်တယ်။*

*တဂိုး*

ထို့နေ့က မိုးကြီးချုပ်မှ လှိုင်မြစ်ကမ်းပါးသို့ ရောက်သည်။ နေရောင်ခြည်တချို့ ကျန်နေသေးသည်။ နေဝန်းကို မမြင်ရသော်လည်း သူ၏ နေရောင်ခြည်တွေကိုတော့ ရုပ်ငင်သိမ်းဆည်း မသွားနိုင်သေး။ ဟိုဘက်ကမ်းမှာ တသိမ့်သိမ့် လှုပ်ခုန်နေသော ကူးတို့ လှေကလေးရှိသည်။ ရွှံ့ညွှန်တွေထဲမှာ ဝါးလုံး တစ်လုံး စိုက်ထားသည်။ အဲသည် ဝါးလုံးမှာ ကူးတို့လှေကလေးကို မပြေးသွားနိုင်အောင် ချည်ထားသည်။ လူအကူးအဖြတ် ကျဲပါးတတ်သော ညနေခင်းတွေမှာ ကူးတို့သမားအသင့်မရှိတတ်။ အော်ခေါ်လိုက်ရင်တော့ မြစ်ကမ်းနှင့် အတန်ငယ်ဝေးသော အိမ်ဆိုင်ကလေးတွေဆီက ထွက်လာတတ်သည်။ ပြီးတော့ လှေကလေးကို လှော်ကာ သည်ဘက်ကမ်းကို လာကြိုမည်။ ဆည်းဆာ၊ အပျော်

လွန် ငှက်တချို့၊ ဝါးလုံးတိုင်ကလေးနှင့် လှုပ်ခုန်နေသော ကူးတို့လှေကလေးက တော့ ပြိုင်ပွဲဓာတ်ပုံကလေးနှင့် တူသည်။ မြစ်ရေထဲမှာတော့ တစ်ရွာဝင်တစ်ရွာ ထွက် ဈေးပြန်လှေကလေးတွေ၊ ငါးရှာလှေကလေးတွေ . . .။

ကျွန်တော်က ကူးတို့သမားကို အော်မခေါ်ဖြစ်သေးဘဲ သည် မြင်ကွင်း ကလေးကိုပဲ ဝအောင် ကြည့်နေမိလေသည်။ ကူးတို့ လှေကလေး. . . ကူးတို့။ ကမ္ဘာကျော်ကဗျာစာဆို ရာဘင်ဒြာနတ် တဂိုးရဲ့ ကူးတို့လှေကလေး။ တဂိုးရဲ့ 'အို . . . ကူးတို့'ကလည်း သည်မြင်ကွင်းတွေကိုပဲ ဖွဲ့သည်။ တဂိုးရဲ့ ကဗျာထဲမှာ မည်းနက်သည့် ရေပြင်ကျယ်ပါသည်။ ဈေးပြန်လှေကလေးတွေပါသည်။ ကူးတို့ သမားလည်းပါသည်။ မှိုင်းပျနေခြည်၊ ရွှေရောင် သစ်ရွက်တွေ ပါသည်။ ၁၉၀၄ ခုနှစ်က သူ၏ အမှတ်တရ ကဗျာစာစုတွေကို ထုတ်ဝေသည့်အခါ . . . 'ခေယာ' လို့ အမည်ပေးသည့် အဲသည် ကဗျာစုတွေထဲက 'ကူးတို့' သည် တဂိုး၏ သေခြင်းတရားကို ဖွဲ့သော အဖွဲ့လို့ ဆိုကြသည်။ ဥယျာဉ်မှူး၊ ဂီတဥ္စလီ၊ သစ်သီးခူး။ ချစ်သူ လက်ဆောင် . . . တိမ်းရှောင်သူ၊ ငှက်တေလေ စသည့် ကဗျာစုတွေထဲက 'ကူးတို့' ကဗျာစုကို ကျွန်တော် ပိုမိုစွဲလမ်းပါသည်။

*'ဈေးသိမ်းလို့ နေဝင်ရီတရောအချိန်*
*သူတို့အိမ်ပြန်ကြတဲ့အခါ*
*မည်းနက်တဲ့ ရေပြင်ကိုဖြတ်ပြီး*
*သင့်လှေကို သင်*
*လှော်ခတ်နေတာကို စောင့်ကြည့်ဖို့*
*ငါ လမ်းဘေးမှာ ထိုင်နေတယ်။*
*ဝင်လှုဆဲနေရဲ့ ဖျော့တော့တဲ့ အလင်းတန်းက*
*သစ်ရွက်ပေါ်မှာ လာကျလို့ပေါ့ . . .။*
*တက်မကိုင်တဲ့ နေရာမှာ ရပ်နေတဲ့*
*တည်ငြိမ်တဲ့ သင့်ရုပ်သွင်ကို မြင်နေရတယ်. . .။*
*ပြီးတော့ ငါ့ကို စိုက်ကြည့်နေတဲ့*
*မျက်လုံးတွေကို*
*ချက်ချင်း ငါ မြင်တွေ့သွားတယ် . . . '*
*ငါ့သီချင်းကို ငါစွန့်ပစ်ခဲ့တယ်*
*ပြီးတော့ ငါ့ကို 'ကူးတို့' ပို့ပေးဖို့*
*သင့်ကို ငါ အော်ခေါ်လိုက်တယ်။ ။*

http://www.cherrythitsar.org



လှိုင်မြစ်ရေပြင်ထဲမှာလည်း ဈေးပြန် လှေကလေးတွေ ရှိနေသည်။ ဝေးတော့ တော်တော် ဝေးသည်။ မြစ်ကွေ့ထဲသို့ ချိုးဝင်တော့မည်။ ပြီးတော့ ဟိုဘက်ကမ်းက မည်းခြောက်ခြောက် ကူးတို့လှေကလေးက ရေစီးနှင့်အတူ လိုက်တော့မလို့ ရုန်းကန်နေသည်။

တကိုးရဲ့ ကဗျာမှာတော့ ဈေးလှေကလေးတွေကို ဖွဲ့သည်။ နေ့အလင်း ရောင်ထဲမှာ တစ်နေ့လုံး ဆူညံစည်ကားနေခဲ့သောဈေး . . .။ အချိန်တန်လို့ ဈေးသိမ်းချိန် ရောက်တော့လည်း ဈေးလှေကလေးတွေက ဈေးကို ခွာတော့ သည်။ ဈေးဆိုတာ 'ဖြစ်တည်ခြင်း တဒင်္ဂ'ပေါ်မှာ ပျော်မောတွယ်ဖက်ထားရ သော လူ့ဘဝကို ဖွဲ့တာများလား . . .။ သည်လိုပဲ ဈေးကွဲချိန်မှာ ကိုယ့်ခရီး ကိုယ်သွား၊ ကိုယ့်လှေကိုယ်စီး ပြန်ကြရတာပဲလား . . .။ မည်းနက်တဲ့ ရေပြင်က ကော . . .။ ပြီးတော့ ကူးတို့လှေပေါ်က လူတစ်ယောက်။ သူကကော ဘယ်သူ ပါလိမ့်။

'ငါ့ကို စိုက်ကြည့်နေတဲ့ မျက်လုံးတွေ' တဲ့။

သည်မျက်လုံးတွေက စူးရှလွန်းသည် ထင်ပါရဲ့။ သည်မျက်လုံးတွေကို တွေ့တော့. . . ငါ့သီချင်းကို စွန့်ပစ်ခဲ့တယ်. . . လို့လည်း ဆိုသည်။ သေခြင်း တရားကို မျက်မှောင်ပြုရပြီဆိုမှတော့ . . . ဘဝသီချင်းတွေဟာ ဆွတ်ပျံ့ဖွယ် ကောင်းတော့မည် မဟုတ်။ သေခြင်းမရဏ၏ အေးစက်သော မျက်ဝန်းအကြည့် ကို ခံရပြီဆိုမှတော့ . . . ဆိုလက်စ ဘဝသီချင်းတွေကို ကြောက်လန့်တကြား၊ ဒါမှမဟုတ် အေးစက်စွာ၊ ဒါမှမဟုတ်. . . မထီမဲ့မြင်၊ ဒါမှမဟုတ် . . . ပြုံးရွှင် ကြည်သာစွာ၊ ဒါမှမဟုတ် . . . ဝမ်းနည်းကြေကွဲစွာ။ တစ်ခုခုကို ရွေးချယ်ကာ စွန့်ပစ်ရတော့မည်။

*ပြီးတော့ ငါ့ကို ကူးတို့ပို့ဖေးဖို့*
*သင့်ကို အော်ခေါ်လိုက်တယ် . . .။*

ကဗျာစာဆိုကတော့ မည်းနက်သော ရေပြင်ကို နားလည်သည်။ ကူးတို့သမား၏ မျက်လုံးတွေကို နားလည်သည်။ ဟိုဘက်ကမ်းကို ရဲဝံ့စွာ ဖြတ် သန်းဖို့ သူ့မှာ ခွန်အားတွေ ရှိနေလို့ ထင်ပါရဲ့။

လှိုင်မြစ်ထဲမှာ နေရောင်ခြည် လုံးဝမရှိတော့။ ရေသည် မည်းညစ်လာ သည်။ ဈေးလှေတွေကို မမြင်ရတော့ . . .။ ရေစီးသံကသာ အမှောင်ထဲမှာ တိုးသဲ့နေသည်။ ဟိုဘက်ကမ်းက ကူးတို့လှေ ကလေးကတော့ . . . နောက်ခံ ကောင်းကင်ရောင်ထဲမှာ ဝိုးတဝါး. . .။

http://www.cherrythitsar.org



ကျွန်တော်က တစ်ဘက်ကမ်း၏ မနီးမဝေး အိမ်ဆိုင်ကလေးတွေဆီက ကူးတို့သမားကို ကျယ်လောင်စွာ အော်ခေါ်လိုက် ချိန်မှာတော့ . . . ညသည် ပိုမို မည်းမှောင်သွားလေသည်။

(၃)

ဆရာဒေါင်းနွယ်ဆွေ ဆေးရုံတက်စဉ်က ဆေးရုံပေါ်မှာ ရေးဖွဲ့ခဲ့သော ကဗျာတွေကို စုဆောင်းထားဖြစ်သည်။ အဲသည်တုန်းကတော့ ဘာရယ်မဟုတ်။ ကဗျာဆရာတစ်ယောက်၏ ခံစားမှုလောက်သာ ကျွန်တော် နားလည်ခဲ့သည်။ ဆရာဒေါင်းနွယ်ဆွေနှင့် ကျွန်တော် မရင်းနှီးခဲ့ဘူးပါ။ မြင်လည်းမမြင်ခဲ့ဖူးပါ။ ကျွန်တော့်နှင့် နီးသော ရေးဖော်များကတစ်ဆင့် ဆရာ့ကျန်းမာရေးသတင်းများကြားရတုန်းကတော့ ဆရာနှင့် သွားတွေ့ဖို့ စဉ်းစားမိသေးသည်။ ဒါပေမယ့် ကျွန်တော် ဆရာ့ထံမရောက်ဖြစ်ပါ။ သို့သော်လည်း ရှုမဝ မဂ္ဂဇင်းမှာ ဆရာနောက်ဆုံးရေးဖွဲ့ခဲ့သော ကဗျာတွေကိုတော့ စိတ်လိုလက်ရ သိမ်းဆည်းထားမိပါသည်။ ကြောက်မက်ဖွယ်ကောင်းသော 'ကင်ဆာ' ရောဂါ၏ ဖိစီးမှုအောက်မှာ ပြင်းထန်သော ဝေဒနာများနှင့် လွန်းထိုးသတ်ပုတ် နေရသော်လည်း ကဗျာများစွာကို ဖွဲ့နိုင်ခဲ့သည်။ ကဗျာဆရာ၏ ခွန်အားကို ကျွန်တော် မလေးနက်ဘဲ မနေနိုင်ခဲ့။

*'ဟော . . . တံခါးမခေါက်၊ တိုးလျှိုပေါက်ပင်*
*သူ ဝင်လာ၊ ငါ မသိလိုက်*
*ငါ့အခိုက်တွင်၊ အရှိက်ကိုထိုး*
*အရိုးအသား၊ သွမ်းဆိုးဝေဒနာ*
*ဒုက်ရာမမြင်ရ၊ ခံခက်လှဘိ . . .'*

ဆရာဒေါင်းနွယ်ဆွေ၏ 'ပြန်ပါလေတော့. . . ဧည့်သည် ဆိုး'

ကဗျာထဲက ဖြစ်လေသည်။ တံခါး မခေါက်ဘဲ၊ မျှော်လင့်မထားဘဲ ဝင်လာသည့်ဝေဒနာ ဧည့်သည်ဆိုးကို ဖွဲ့ရာ၌ကဗျာဆရာ၏ စိတ်ခံစားမှုအတိုင်း တွေ့မြင်နိုင်သည်။ ကဗျာအဖွဲ့ထဲမှာပင် ထိုညကိုဖွဲ့ရာ၌

*'တိမ်ညိုးဖွဲ့နှောင်၊ ဝေမှိုင်းမှောင်ခဲ့*
*လရောင်မဲ့ည . . .'*

လို့ ဖွဲ့သည်။

ဆေးရုံပြတင်းမှ မြင်ရသောည။ ထိုညကို သူမေ့နိုင်ခဲ့ဟန် မတူ။ ညမိုက်ကောင်းကင်မှာ တစ်ချက် တစ်ချက် စီးပြက်သော ကြယ်ကြွေအလင်း

တန်း၊ ခွေးဟောင်သံများ၊ သေမင်း၏ တေးဆိုသံများကို သူခံစားရသလို ဖွဲ့ခဲ့သည်။ ဆရာဆေးရုံပေါ်မှာ ရေးခဲ့သော နောက်ဆုံးကဗျာစုတွေထဲမှာ ထိထိခိုက်ခိုက်ခံစားရသော ကဗျာတစ်ပုဒ်က 'အော်ပရေးရှင်း သီယေတာမှ ဆေးရုံည' ဖြစ်လေသည်။ ထိုကဗျာအဖွဲ့က စိတ်ခံစားမှုကို နိမိတ်ပုံများဖြင့် လှပစွာ ဖော်ကျူးနိုင်သော ကဗျာလည်း ဖြစ်သည်။

*'မျက်လုံးပြာထဲ၊ နီရဲအရောင်*
*မှောင်လိုက်လင်းလိုက်၊ မှဉ်းငိုက်ဝေသမ်း*
*လခြမ်းမည်းညို၊ ဘိမ်ကိုလှည့်ပတ်*
*လူသတ်သမား . . .။*

*. . . . . . . . .*

*. . . . . . . . .*

*'ရေပူအိုင်ထဲ၊ လဲကျပြန်ပြီ*
*ဝေသီမှောင်မှိုင်း၊ ညတံတိုင်းမျှ*
*ဟားတိုက်ရယ်မော . . .။*

*. . . . . . . . .*

*လူသေအလောင်း၊ ငါ့ခေါင်းရင်းမှ*
*သယ်ယူကြသည်၊ မျက်ရည်တစ်စ*
*ကျမည်ဘယ်သူ၊ မရှိမှုစွ*
*သောကဆိုတာ . . . ပင်လယ်ပြာထဲ*
*ရေမြုပ်ခဲ့သို့၊ မမြဲပါလား . . .'*

*. . . . . . . . .*

*. . . . . . . . .*

*'ခေါင်းထူမနိုက်၊ လွတ်ကျပုလင်း*
*ငါ့ရင်တွင်းဝယ်*
*သေမင်းရှိုက်သံ ကြားရသည် . . .။'*

ဝေဒနာကို ခံစားရင်းက ထိုဝေဒနာကိုပင် ရှုမှတ်နိုင်သော ကဗျာဆရာ၏ ဝိညာဉ်သည် အံ့သြဖွယ်ကောင်းလွန်းသည်။ အဆုံးမဲ့ ကျယ်ပြန့်သော အမှောင်ထဲမှာ လွင့်မျောချင်တိုင်း လွင့်မျောနေသည့် ကဗျာဆရာ၏ လိပ်ပြာကို ဒီကဗျာလေးထဲမှာပဲ ကျွန်တော် တွေ့သည်။ ရုပ်ခန္ဓာနှင့် နာမ်ဝိညာဉ်တို့ ပူးချည် ခွာချည် လွင့်မျောနေချိန်မှာပင် စိတ်၏ ရွေ့လျားစီးဆင်းမှုကို ကဗျာစကား

http://www.cherrythitsar.org



လုံးများ၏ ရွှေ့လျားစီးဆင်းမှုအဖြစ် အမိအရကုပ်တွယ် သီချိတ်နိုင်ခဲ့သော သူ၏ ခွန်အားသည် လေးမြတ်ကြည်ညိုဖွယ်လည်း ဖြစ်လေသည်။

(၄)

ဆရာဒေါင်းနွယ်ဆွေ၏ ဆေးရုံပေါ်မှ ကဗျာတွေကို အခု ပြန်ဖတ်ရသည့်အခါ ပိုမိုပြုံးပြက်လာသည်ဟု ထင်ပါသည်။ ထိုကဗျာတွေကို ဖတ်ရတိုင်း သတိထားမိတာ တစ်ခုရှိသည်။ သေမင်း(သို့မဟုတ်)သေခြင်းတရား၏ အေးစက်သောလက်များ၊ ရက်စက်သော မျက်လုံးများကို အန်တုဝံ့သော 'သတ္တိ' များကိုပင် ဖြစ်လေသည်။

ထို 'သေရဲသောသတ္တိ ဘယ်ကရသလဲ'

ဝေဒနာ၏ အပြင်းပြဆုံး၊ အဆိုးရွားဆုံးကာလများ၌ပင် တည်ငြိမ်စွာ သေဝံ့ရဲသော၊ နောက်ဆုံးထွက်သက်အထိ၊ မြင်သမျှ ကြားသမျှ စိတ်မှာ ခံစားရသမျှ ကဗျာရေးဖွဲ့နိုင်ခဲ့သော ထိုသတ္တိမျိုး၊ ထိုဝိညာဉ်မျိုး ကဗျာဆရာ ဘယ်က ရသလဲ . . .။

ဆရာ၏ 'ဆေးရုံပေါ်ကကဗျာ' တွေကို ဖတ်မိတိုင်း ကျွန်တော်ခံစားရသည့် မေးခွန်းများ ဖြစ်လေသည်။ ထိုမေးခွန်း၏ အဖြေ များကို ဆရာကပင် ပေးခဲ့ပါသည်။ ကဗျာတစ်ပုဒ်မှာ . . .

*'သေမင်းတေးဆို၊ ငါမငိုပြီ*
*ပဥ္စသီနှလုံးသား၊ မြတ်တရားဖြင့်*
*ကျောက်သားထက်မာ . . .* 'တဲ့။

နောက်ကဗျာတစ်ပုဒ်မှာတော့ . . .

*'အားမငယ်ပါ*
*ရှေ့မှာ ကြယ်ဝါ၊ မြင်ရလာပြီ*
*တံငါကွန်တိုင်၊ တောင်ယွန်းယိုင်မှ*
*လမ်းညွှန်ပြနေ၊ တောက်ရှန်းမငွေလျှက်*
*သေမင်းလက်မှ၊ လုံးဝ လွတ်မြောက်*
*တံခါးပေါက်ကို ငါတွေ့ပြီ . . .။*
*အရှေ့မိုးကောင်းကင် အဝါရောင်ကြယ် . . .။*
*သို့မဟုတ် တရားဓမ္မ၏ သင်္ကေတ . . .။*

http://www.cherrythitsar.org



(၅)

*'ခမ္မပေါက်ပြားနဲ့*
*ဘဝမြေသားထဲ*
*ဘာမျှားကြံချ*
*လောကသစ်စေ့*
*အောက်မေ့ဆင်ခြင်မှုတရား*
*စိုက်ထားရှင်သန်*
*မနက်ဖြန်တစ်ခု*
*ပွင့်သစ်နုလျက် . . .။*

*ကိုကြည်လင်*

ညကို လှုပ်ခါလိုက်သော အဝေးကုန်ရထားတစ်တွဲ၏ ဥဩ သံ ပြီးဆုံးသည်နှင့် တစ်ဖန် တိတ်ဆိတ်သွားပြန်လေသည်။ အမေက အဖေ့ ခုတင်စွန်းမှာ ထိုင်ရင်း အဖေ့ကို ငေးစိုက်ကြည့်နေသည်။ ကျွန်တော်ကတော့ အဖေ့ ခန္ဓာကိုယ်ပေါ်က၊ အဖေ့အိပ်ရာပေါ်က ပုရွက်ဆိတ်တွေကို တစ်ကောင်ချင်း ဖယ်ရှားနေမိလေသည်။ ဘီစကွတ် မုန့်ထုပ်ထဲမှာ စုခဲနေသော ပုရွက်ဆိတ်တွေကတော့ ပြေးလွှားနေသည် မဟုတ်။ ဘီစကွတ်မုန့်ဝိုင်းတွေရဲ့ အနားစက် ဝိုင်းပတ်လည်မှာ စီကာ ရီကာ ဝိုင်းဖွဲ့စားသောက်ရင်း ငြိမ်ငြိမ်သက်သက် ရှိနေကြလေသည်။

ရှာဖွေနေသူတွေက ယောက်ယက်ခတ်နေကြသလောက် တွေ့ရှိသူတွေကတော့ တည်ငြိမ်စွာ ရှိနေတတ်သည် ထင်ပါရဲ့။

အိမ်ခန်းကျဉ်းကလေးအပြင်ကို ထွက်လာခဲ့တော့ အခန်းထဲမှာ အမေတစ်ယောက်တည်း ကျန်ရစ်သည်။ မိုးကောင်ကင်မှာ ကြယ်ပွင့်တွေ ရှိသည်။ ကြယ်ပွင့်တွေက ညဦးကထက် ပိုမိုများပြားနေသည်ဟု ထင်ရသည်။ တစ်တီတူးငှက်တွေရဲ့ အော်မြည်သံ မကြားရတော့ . . .။

အရှေ့ဘက်မိုးကောင်းကင်က အဝါရောင် ကြယ်တစ်ပွင့်ကို လိုက်ရှာနေမိသေးသည်။ ကြယ်ပွင့်တချို့ ကြွေသည်။ ရှည်လျားသော အမြီးရှည်ကြီးဖြင့် ကြွေတတ်သော ကြယ်တွေကိုတော့ နတ်သက်ကြွေ သည်လို့ ခေါ်သတဲ့ . . .။ ပြီးတော့ ငှက်တွေကတော့ ပျံရင်း သေသည်လို့လည်း ကြားဖူးသည်။ လူတွေကတော့ သေခြင်းတရားကို တရားဓမ္မနှင့် ဆက်စပ်ခံစားသည်လည်း ရှိသည်။ မိမိယုံကြည်ရာ အယူဝါဒတစ်ခုခုနှင့်ယှဉ်၍ တွေးခေါ်တတ်ကြသည်လည်း ရှိသည်။

http://www.cherrythitsar.org



*'မရဏာဟူသည်ကား တစ်ခုသောဘဝဖြင့် ပိုင်းခြား အပ်သော ဇီဝိတိန္ဒြေအစဉ်၏ ပြတ်ခြင်း၊ အသက်ကုန်ခြင်း စသည်တို့၏ အစွမ်း အားဖြင့် ကွယ်ခြင်းပင်တည်း . . .*

လို့ ဘာဝနာနယ ဒီပနီမှာ ဖတ်ခဲ့ဖူးသည်။ 'ကမူး' ကတော့ သေခြင်းဆို တာ စိတ်ပျက်ဝမ်းနည်းစရာမဟုတ်၊ လူသားတို့၏ လှုပ်ရှားရုန်းကန်မှုသည်ပင် သေခြင်းကို ရင်ဆိုင်ခြင်းဖြစ်သတဲ့။

ဆာ့တ်ကတော့ တစ်မျိုး။ တကယ်တော့ သေခြင်းဆိုတာ သူ့သဘာဝ အတိုင်း ဘာမှမဟုတ်ပါဘူး။ အသက်ရှင်တုန်းကလိုပဲ အဓိပ္ပာယ်မရှိမှုမှာ အတူ တူပါပဲ . . . လို့ ဆိုဖူးသည်။

ပြီးတော့ သေခါနီးအချိန်ကလေးမှာ ပြောခဲ့ကြသော ပညာရှင်တချို့ရဲ့ စကားတွေ ရှိသေးသည်။

ဂီတပညာရှင် ဗီသိုဗင်က 'ကောင်းကင်ဘုံမှာ နားဆင်တော့မယ်' တဲ့။ ဟင်းမလက်ပြဇာတ်ထဲမှာ ဟင်းမလက်က. . . 'တကယ်တော့ ကျန်တဲ့အပိုင်းက တိတ်ဆိတ်မှုပါပဲလား' တဲ့။

ဘောလ်တဲက 'အေးအေးချမ်းချမ်းသာ သေခွင့်ပေးပါတော့ . . . ' လို့ ဆိုခဲ့ဖူးသည်။ ဂိုထေးကတော့ မီးအိမ်ကလေး နည်းနည်း မြှင့်လိုက်စမ်းပါဦး ဆိုလား . . . ။

အော်စကာဝိုင်းလ်ဒ်ကတော့ နံရံကပ်စက္ကူတွေက ရွှေ့လျားနေတာ လား၊ ငါက ရွှေ့လျားနေတာလား . . . တဲ့။

အဖေကတော့ နှုတ်ခမ်းတွေလှုပ်ကာ ပြောသွားသော်လည်း မကြားခဲ့ ရ။ အဖေသည် ဟင်းမလက်မဟုတ်။ ဗီသိုဗင်မဟုတ်။ အောင်စကားဝိုင်းလ် မဟုတ်။ သေမင်း၏ တွင်းချိုင့်ထဲကို ခုန်ဆင်းနိုင်ဖို့ အဖေ့မှာ ပြင်ဆင်ပြီးသား ရှိချင်ရှိမည်။ ဘဝမြေသားထဲကို ဓမ္မပေါက်ပြားနဲ့ တူးဆွကာ သံသရာအတွက် ပျိုးပင်တချို့ အဖေ စိုက်နိုင်ခဲ့သည် ထင်သည်။

အိမ်ခန်းလေးထဲက အမေ့ရှိုက်သံတွေ အပြင်ကိုပေါက်ကျလာသည်။

ဟိုအဝေးမှာတော့ အတော်လင်းကျင်းသော ကြယ်တစ်ပွင့်ကို မြင်နေ ရသည်။

ပြီးတော့ . . . အရှေ့မိုးကောင်းကင်မှာ လက်သည်းစောင်းရာ နုမျှင် သော အက်ကြောင်းကလေးတစ်ခု။

http://www.cherrythitsar.org



(၆)

ထောင့်ကျဉ်းကလေးတစ်ခုထဲမှာ ကြောက်ရွံ့စွာ သေဆုံးဖို့နှင့် ရဲဝံ့စွာ ကျဆုံးဖို့ . . . တစ်ခုခုကို ရွေးချယ်ရမည်ဆိုပါတော့။

ကျွန်တော်သည် . . . ။

ဒါသည်ပင် ကဗျာတွေက ပေးသော ‘ဘဝကိုနားလည်နိုင်ခြင်း’ ရသ ဖြစ်လေသည်။

တစ်ခါတစ်ခါတော့ ကျွန်တော်သည် ကဗျာတွေကို ခံစားဖို့ဖတ်သည်။ တစ်ခါတစ်ခါတော့လည်း ကဗျာတွေကို သေရဲဖို့ ဖတ်ဖြစ်ပါသည်။

■

*ကိုးကားသည့်ကဗျာများ*

*ကမ်းသစ်သို့ (မေဒါင်းနွယ်မွှေး)၊*
*မြန်ပါလေတော့ ဧည့်သည်ဆိုး (မေဒါင်းနွယ်မွှေး)၊*
*မအော်ပေရရှင် ယီးမယာဟာမှာ မေလာရှုံ့ည (မေဒါင်းနွယ်မွှေး)၊*
*ဘိုးဘွားရိပ်သာ (ကိုကြည်ပင်)၊*
*အို . . . ကုတ္တို (မောင်သန့်ဇင်)*

*(ဟန်သစ်မဂ္ဂဇင်း)*

# ပိတောက်ပွင့်တဲ့ရာသီ

(၁)

*'အဲဒါငါပေါ့*
*ငါ့ကိုယ်တိုင်ပေါ့ကွယ်*
*ဟိုအဝေးခပ်လှမ်းလှမ်း*
*ဖြတ်သန်းသွားသော အလွမ်းတစ်ခု။*
*သူတို့က*
*ဘဝတွဲလား။*
*ငြင်းခုန်မနေပါနဲ့*
*ထားခဲ့တော့လေ။'*

*(ပိုင်စိုးဝေ)*

မြင်ရသမျှ သကြၤန်စတွေ ပေကျံနေသည်။ မြစ်သည်ပင် 'အခါရေ' တိုးသဖြင့် စိမ်းသစ်နေလေ၏။ အက်ကွဲစ လက်ပံသီးတွေ ထဲက 'လဲမှို့' စတွေကလည်း နှင်းခဲအဆုပ်ဆုပ်တွေလို တဝဲဝဲ တလွင့်လွင့်။ သစ်ပင်တော်တော်များများကတော့ ဒေါင်းစရစ်စိမ်း။ နုသစ်သော ပုရစ်ဖူးတွေကလည်း သကြၤန်နှစ်

http://www.cherrythitsar.org



တွေ လူးထားသလို အခါရနံ့သင်းပျံ့နေသည်။ စစ်ကိုင်းတောင်ပေါ်က မိုးတိမ်များသည်ပင် ခါတိုင်းလို မဟုတ်။ မှုန်အုံ့အုံ့ကောင်းကင်ထဲမှာ အခါတော်သကြ်န်ရက်ကို ငံ့လင့်နေကြပုံများ။

တာရိုးပေါ်မှာတော့ ရေတမာ (တည်)နှင့် ခရေပင်ပျိုကလေးတွေပဲ ရှိသည်။ သူတို့ကတော့ ရေအတွက် ပူစရာမရှိ။ ရေသည်ယာဉ်ကြီးတစ်စင်းက လာလောင်းသော ပိုက်ထိုးရေကို သောက်နေကြရသည်။ ပန်းပင်ဆီကို လှမ်းပက်လိုက်သော ပိုက်ရေ ဖျိုးခနဲ ဖျတ်ခနဲသည်ကပင် သူတို့အတွက် လုံလောက်နေကြပုံရ သည်။ စိမ်းလန်းသော အညွှန့်အဖူးတို့ဖြင့် သကြ်န်ကောင်းကင်ကို မော့ကြည့်နေကြသည်။ လမ်းဘေးပိတောက်ပင်ကလေးကတော့ ပိုက်ရေခွဲတမ်းမရှိ။ ချိုင်းထောက်တစ်ချောင်းဖြင့် ရေလာလောင်းတတ်သော အမျိုးသမီးကလေးသာ မရှိလျှင် ပိတောက်ပင် ငုတ်စိကလေးလည်း မရှိနိုင်။ သည်အမျိုးသမီးက ညနေခင်းတိုင်း ပလပ်စတစ်ပုံး အဝါကလေးကို ဆွဲရင်း တစ်ထောက်ထောက် ရောက်လာတတ်ကာ ပိတောက်ပင်ကလေးကို ဝတ်မပျက် ရေလောင်းတတ်သည်။ ပိတောက်ပင်ကလေးမှာ အညွှန့်စိမ်းကလေး လူးနေကြပြီ။ အပွင့်တော့ မရှိ။ နေပါစေလေ။ ဒီနှစ်မဟုတ်တော့လည်း နောက်တစ်နှစ်ပေါ့။ နောက်တစ်နှစ်မဟုတ်တော့လည်း နောက်တစ်နှစ်ပေါ့။ သူမကို ကျွန်တော် တိုက်တန်းစကြ်န်ပေါ်က ညနေတိုင်း မြင်နေရသည်။ သူမကတော့ ကမ္ဘာလောကကိုပင် သတိရဟန်မရှိ။ ပိတောက်ပင်ကလေးကိုသာ ရာသီမပြတ် ယုယနေတတ်သည်။ ပိတောက်ပွင့်တို့ မရှိသော်လည်း စိတ်သင်္ကေတအားဖြင့် ခက်ညွှန့်စိမ်းစိမ်းပေါ်က ပိတောက်ပွင့်ကလေးတွေကို ကျွန်တော် မြင်နေရသည်။

သူမအတွက်တော့ ဟိုအဝေး ခပ်လှမ်းလှမ်းက ဖြတ်သန်းသွားသော အလွမ်းတစ်ခု ဟုတ်ပုံမရ။ သူမက 'ဘဝ' ဆိုမှတော့ ကျွန်တော်မငြင်းခုန်ရက်ပါ။

(၂)

*'ဘုရားပွဲလည်း စပြီ*
*တန်ခူးလဆန်း ဆယ်ရက်မှသည်။*
*လပြည့်အမှီသည်အတွင်း*
*မိုးမင်းလည်းကူ ဘုရားလှူဖို့*
*သင်းကြူပိတောက် ဆိုစလောက်ပွင့်*
*ဘုရားပွဲနှင့် ပိတောက်နှင့်။'*

*(ညက်ဇလ)*

http://www.cherrythitsar.org



သင်္ကြန်ရက်တွေထဲမှာ ကဗျာစာအုပ်ကလေးတွေ ကျွန်တော်ဖတ်သည်။ ဆရာဉာဏ်ဗလကိုယ်တိုင် ကျွန်တော့်ကို ပေးခဲ့သော အင်ကြင်းတောဘုရားပွဲ၊ ကဗျာများစာအုပ်ကို ဖတ်ရင်း အင်ကြင်းတောဘုရားပွဲနှင့် ဆိတ်ခွန်ပိတောက်ကို ကျွန်တော် လွမ်းသည်။ ကဗျာဆရာက သူ့ရွာပိတောက်ပန်းတွေက သူ့ရွာဘုရားပွဲကြောင့် ပွင့်သည်လို့ ဆိုချင်ပုံရသည်။ 'ကိုယ်စီကိုယ်စီ ရွှေရည်ပိတောက်ပန်း အံ့မခန်းလှိုင်ဝေ ကျက်သရေတိုးပွား အများအကျိုးမို့ ပွင့်စေသား။ အင်းကြင်းတော ဘုရားရဲ့ အံ့တပါး။' တဲ့ ကျွန်တော်တို့ရွာကလေးမှာလည်း ဘုရားစေတီတွေကြားမှာ ပိတောက်ပင်တွေ ရှိသည်။ သင်္ကြန်အခါတော်ရက်တွေမှာ ပိတောက်ပန်း၊ ငုဝါပန်းတို့ ဝါဝါထိန်လေသည်။ စေတီဖြူဖြူ သင်္ကြန်ပန်းဝါဝါ ပင်အောက်ခြေရှင်းရှင်း မြေတလင်း သဲမွေ့ရာမှာ ပျော်မောခဲ့ရတာတွေကတော့ လွမ်းစရာ။ ဖုတ်တထောင်းထောင်း တောဘုရားပွဲမှာ ပိတောက်ရနံ့တွေ သင်းကြိုင်နေတတ်သည်။ ယာခင်း၊ ကိုင်းခင်းထဲ ပဲသိမ်းချိန်၊ ပဲရိုးနယ်ချိန်တွေမှာလည်း ပိတောက်ရနံ့တွေက မွှေးပျံ့နေတတ်သည်။ တစ်ခါက အမေ ကျွန်တော့်ကို အဝေးတစ်နေရာ ပို့ထားဖူးသည်။ ဦးကြီး၊ ဘကြီးများ ရှိရာ မြစ်တစ်ဘက်ကမ်းက မြို့ကလေးတစ်မြို့ဆီကို ပို့ထားခြင်း ဖြစ်သည်။ အမေနှင့် ဝေးဝေးမှာ နေရကတည်းက ကျွန်တော် မြို့ကလေးမှာ မပျော်ပါ။ တစ်ရက်မှ မငိုရသည့်ရက်မရှိ။ သို့သော် ဘဝပေးသည့် နေရာမှာ နေတတ်ဖို့ ဘဝကပဲ ပြဌာန်းပေးထားပုံရသည်။ သည်တုန်းက ကျွန်တော် သုံးတန်းလောက် ရှိဦးမည်။ တစ်ရက်တော့ ကျွန်တော် ကျောင်းပိတ် ရွာပြန်ဖို့၊ လိုက်ပို့ဖို့ ဦးကြီး၊ ဘကြီးတွေကို ပူဆာသော်လည်း မပို့ကြတော့ ကျွန်တော်အမေ့ထံ ဗလာစာအုပ် ကလေးတစ်အုပ် လူကြုံနှင့် ပို့လိုက်သည်။ ဗလာစာအုပ်ကလေးပေါ်မှာ 'လွမ်းစရာစာအုပ်' လို့ ကျွန်တော် ရေးသည်။ ပထမစာမျက်နှာမှာ ပိတောက်ခက်ကလေးတစ်ခက် ညှပ်ပေးလိုက်သည်။ အခြားစာ တစ်လုံးတစ်ပါဒမှ မပါ။ နောင်မှာ သည်အကြောင်းကို ပြောရင်း အမေ ရယ်မောတတ်ပါသည်။

'သားကလေ လူလည်ပဲ လွမ်းစရာစာအုပ်လို့ ရေးထားတော့ အမေ စိတ်မကောင်းလိုက်တာကွယ်။ ပြီးတော့ ပိတောက်ပန်းကလေး ညှပ်ပေးလိုက်သေးတယ်။ ငါ့သား၊ ရွာဘုရားပွဲကို လွမ်းတာ အမေ သိတာပေါ့'။

ဖြတ်သန်းသွားခဲ့ဖူးသော အလွမ်းတစ်ခုများလား၊ အခုတော့ အညာရနံ့အားလုံးသည်ပင် ကျွန်တော့်အတွက်တော့ 'လွမ်းစရာစာအုပ်' တစ်အုပ် ဖြစ်နေဆဲပင်။

http://www.cherrythitsar.org



(၃)

*'အချစ်ရယ်*
*ငါစပိန်ကို သွားရဦးမယ်*
*ပိတောက်ပန်း တစ်ပွေ့တစ်ပိုက်နဲ့*
*မင်းလိုက်ခဲ့'*

*(မောင်သင်းခိုင်)*

ပိတောက်ပန်းက အမျိုးသားလက္ခဏာ ဖြစ်နေသည်။ စပိန်မှာ သကြ်န်မိုးရေမရှိ။ မုတ်သုံမိုးမရှိ။ မြေထဲပင်လယ်ရာသီမိုးသာ ရှိသည်။ ကဗျာဆရာက သည်မိုးရေကို ချိုးချင်သည်ဟု ဆိုသည်။ အနှစ်သုံးဆယ်နီးပါး ညစ်ပေနေသည့် ကြေးညော်တွေကို မြေထဲပင်လယ်ထဲ ပို့ချင်နေသည်။ ကန်တာဘာရီတောင်တန်းပေါ်က မိုးချုန်းသံကို ချစ်သူနှင့် နားထောင်ချင်နေသည်။ ကိုလံဗတ်ကို ဂုဏ်ပြုချင်နေသည်။ 'ဖရန်ကို' ၏ လက်ညှိုးအကွေးမှာ အသက်ပေးရသော ဂါစီယာလောရကာကို ပိတောက်လွမ်းသူ့ပန်းခွေ ပို့ချင်နေသည်။ 'ဂွရာနီကာ' စပိန်ရွာကလေးကို ဖွဲ့သည့် ပန်းချီဆရာ ပီကာဆိုနှင့် တွေ့ချင်နေသည်။ စပိန်ပြည်တွင်းစစ်နောက်ခံ 'ဟဲမင်းဝေး' ၏ ခေါင်းလောင်းထိုးသံ ဘယ်သူ့ထံက နှလုံးသားနံရံကို ရိုက်ခတ်တုန်းရှိသေးသည်ဟု ဖွဲ့သည်။

*'စပိန်ဥယျာဉ်ပေါ်ကညှ*
*ပီကာဆိုရဲ့ ချိုးငှက်တို့*
*ကခုန်ကြ*
*ဂျစ်ပစီဂီတသံတို့ ထုံမြ*
*နားနဲ့မွေးတော့လည်း သင်းရှရှ*
*တိမ်ရဲတိုက်ထဲက . . . လ'*

မြန်မာကဗျာဆရာတစ်ယောက်၏ ပိတောက်တစ်ပွေ့ဖြင့် နှင်ခဲ့သော ခရီးကို ကျွန်တော်လည်း လိုက်ချင်သည်။ ကဗျာဆရာက သူ၏ ရပ်တည်မှုကို လှပစွာ သီကုံးပြသွားသည့် ကဗျာလည်း ဖြစ်သည်။ 'နားနဲ့မွေးတော့လည်း သင်းရှရှ တိမ်ရဲတိုက်ထဲကလ' ဆိုသည့် အဖွဲ့ကို ကျွန်တော် စွဲလန်းပါသည်။

*'တစ်လမ်းလုံးပဲ*
*အဆုပ်လိုက်အခဲလိုက်*
*ပွင့်လိုက်ကြတာ*
*ဖန်ဂိုးရဲ့နေကြာ*

http://www.cherrythitsar.org



*အဝါ*
*ဝါချင်သလောက်ဝါ၍*
*ပိတောက်လို ဝါနိုင်ပါ့မလား'*

ဆရာမောင်သင်းခိုင်၏ နောက်ကဗျာတစ်ပုဒ်မှာတော့ ဆင်ခြင်တုံတရား တံခါးခေါက်နေရပုံကို တွေ့ရသည်။ သည်ကဗျာထဲမှာတော့ ဆရာဒဂုန်တာရာ မှော်ဘီမှာနေစဉ်က ပိတောက်ရက်များအတွင်း ရောက်ခဲ့ရပုံကို ရေးသည်။ ဆရာ့ဧည့်ခန်းထဲမှာ ပိတောက်ပန်းတွေ တဝေဝေ ပိတောက်ရနံ့တွေ တသင်းသင်း ပိတောက် ခုနှစ်ဆယ်တမ်းချင်း. . . လှပသော ပိတောက်နံနက်ခင်းကို ဖွဲ့သည်။ ပိတောက်ကိုလည်းချစ်၊ မြန်မာပြည်ကိုလည်းချစ်၊ ဆရာ့ကိုလည်း ချစ်သော ချီလီပြည်သား ကဗျာဆရာ ပါဗလိုနီရူဒါကို ဖွဲ့သည်။ ဆရာမောင်သင်းခိုင်၏ ကဗျာကိုဖတ်ရတော့ ဆရာဒဂုန်တာရာ၏ 'နီရူဒါနှင့် ပိတောက်ပန်း' (ရောဝတီ၊ ယန်စီ၊ ဗော်လဂါ) ကို ပြန်ဖတ်ဖြစ်ပြန်သည်။ ၁၉၅၁ ခုနှစ်က ပီကင်းတွင်ကျင်းပသော တရုတ်ပြည်လုံးဆိုင်ရာ ငြိမ်းချမ်းရေး အမျိုးသားကော်မတီကခေါ်သည့် ဆွေးနွေးပွဲကို မြန်မာကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။ အစည်းအဝေးနားချိန်မှာ ဆိုဗီယက်စာရေးဆရာ အီလျာ အာရင်ဘာ့ခ်နှင့် ချီလီနိုင်ငံသား ကဗျာဆရာ ပါဗလိုနီရူဒါတို့နှင့် ဆရာဒဂုန်တာရာ ကဗျာစာပေ ဆွေးနွေးခွင့်ရခဲ့သည်။ နီရူဒါ၏ ဇနီးက မြန်မာပြည်ဟာ သိပ်သာယာလှပပြီး နေချင်စရာကောင်းတယ်။ သင်္ကြန်ရေပက်တာ ပျော်စရာကောင်းတယ်ဟု ပြောခဲ့သည်။

'အာရင်ဘာ့ခ်နှင့် ဇနီးသည်ကလည်း မြန်မာပြည်သို့ ရောက်ဖူးချင်ကြောင်း ပြောဆိုနှုတ်ဆက်ကြသည်။ နီရူဒါသည် တံခါးဝအထိလိုက်ပို့ကာ မြန်မာပြည်ကို သတိရကြောင်း မြန်မာပြည်သားများကို ပြောပြလိုက်ပါ။ နောက်ပြီး ရွှေရောင်လိုလှတဲ့ ပိတောက်ပန်းကိုလည်း သတိရနေပါတယ်'ဟု ဆိုသည်။

သူက ပိတောက်ပန်းကို မြန်မာအသံထွက်အတိုင်း ပိတောက်ဟု ပီသစွာပင်ခေါ်သည်။ ကျွန်တော်က နီရူဒါ၏ဇနီးအား ပိတောက်ပန်း ပန်ရအောင် မြန်မာပြည်ကို လာလည်ပါလားဟု ပြောဆိုလေသည်။ ချီလီယံကဗျာဆရာက ပိတောက်ပန်းတွေ ဝေတဲ့ရာသီဟာ အင်မတန်လှပတယ်ဟု ပြောသည်။ ကျွန်တော်လည်း ပိတောက် ပင်ကို တသသည့် နီရူဒါထံမှ ထွက်ခွာခဲ့သည်။'

ပါဗလိုနီရူဒါပြောသလို 'ပိတောက်ပန်းတွေ ပွင့်တဲ့ရာသီကလည်း လှပါသည်။ မဟာဂီတ သင်္ကြန်တော် ကြိုးမှာပဲ ကြည့်လေ။ 'စိန်ကောင်း

http://www.cherrythitsar.org



ကျောက်ကောင်း ဆင်ယင်ကာ၊ မြူးကြွပျော်ရွှင်စွာ၊ နွေယံအခါ၊ လေပြန်လာ တိမ်အာကာက အုံ့မှိုင်း အုံ့မှိုင်း လွမ်းရန် အဆင့်ဆင့်ဆိုင်း . . .'။ သောက်ရှူးဥပါ၊ ညီလာရုံဝန်းထက်မိုး ညို့မှိုန်မှိုန်နှင့် နဂါးလိမ်အိမ်ဖွဲ့သည့် လ . . . မဟုတ်လား။

## (4)

*'တစ်ခါတစ်ရံ*
*လေသံမိုးပေါက်*
*လက်နှင့်တောက်ဟန်*
*ရက်ဖောက်ကဲ့ဝင်*
*မြေ့ဦဝင်က*
*ကြင်သူလာဘိ*
*ခေါ်လှည့်နှင့်ကြို . . .'။*

*(ကြည်အေး)*

တိုက်တန်းစကြံပေါ်မှာ ရောက်တတ်ရာရာတွေးရင်း ထိစင်နေသည့် မိုးပေါက်တွေကိုပင် မေ့နေသည်။ သကြံန်လက်ဆေး မိုးပြေးကလေးက မြေသင်းရနံ့တွေကို တိုးဖွလှန်လှောပစ်လိုက်သည်။ စစ်ကိုင်းတောင်ပေါ်က မိုးတိမ်တွေကတော့ မိုးအမှုန်ကို စိုးပုံရလေသည်။ နေလုံးကတော့မရှိ။ ရောင်ခြည်တွေကတော့ အုပ်လုံးသိမ်းစ အမွှေးကြမ်းတွေလို ထိုးထိုးထောင်ထောင်။ လက်ဆွဲပုံးဝါဝါကို ကိုင်ရင်း ချိုင်းထောက်ကို အားပြုရင်း သူမ ပိတောက်ပင်ကလေးဆီ လျှောက်လာနေတာ မြင်နေရပြန်သည်။ မိုးပါးပါးကလေးထဲမှာ သူမ ရယ်မောနေသလား၊ ငိုနေသလား ကျွန်တော် မမြင်ရပါ။ ကျောက်လှေကားထစ်တွေကို တစ်ထောက်ထောက်ရုန်းတက်ရင်း ပိတောက်ပင်ခြေက အမှိုက်သရိုက်တွေကို ရှင်းသည်။ ခက်ညွှန့်စိမ်းစိမ်းကို ကြည့်သည်။ ပြီးတော့ ရေကို ဖြည်းဖြည်းကလေး လောင်းနေသည်။ မိုးမှုန်ထဲမှာ ရေပုံးဝါဝါသည် ထင်းကြွနေသည်။ ပိတောက်ဝါတို့ ပွင့်စေသတည်း။

ကျွန်တော်ကတော့ ပိတောက်ကို မလွမ်း၊ ပိတောက်ပွင့် သည့်ရာသီကိုသာ လွမ်းသည်။ အလို . . . ဝမ်းနည်းဝမ်းသာ . . . အပြင်မှာ အခါတော်နှစ်သစ်ဆန်းပါပကော။

■

*(မြန်မာ့သစ်ဂျာနယ်)*

# ရွှေမန္တလေး . . . ဝေးဝေးသကြိန်

*'တပေါင်းတန်ခူး၊ ဝသန္တ*
*ဥဩတွန်၍၊ တောင်လေလာ'*

သည်ရက်တွေထဲမှာ ဥဩသံမကြားရသော်လည်း တောင်လေက တော့ ဝတ္တရားမပျက်သွေးနေလေသည်။ ကောင်းကင်က မှိုင်းနေလေသည်။ မြစ်ထဲမှာ လေမှုန်နေသည်။ 'မိုးစနေ၊ လေရာဟု' ဆိုသော်လည်း စနေထောင့်မှာ မိုးမရှိ။ ရာဟုထောင့်မှာ လေမရှိ။ သို့သော် ရာသီဥတုက ပိတောက် အဆင်သင့် မရှိသေး။ စင်စစ် ကျွန်တော် မြင်ရသလောက် မန္တလေးမှာ ပိတောက်တွေ မြင်ရခဲသည်။ မရှိတာတော့ မဟုတ်။ မနှစ်က တစ်ရက်နှစ်ရက် ပိတောက်ပန်း တွေ သဲသဲခဲခဲ မြင်ခဲ့ရသည်။ သို့သော် ပိတောက်ပွင့်ရက်တွေက တော်တော့်ကို နောက်ကျပြီးမှ ရောက်လာခဲ့တာ မှတ်မိသည်။

*'တပေါင်းသစ်ပင်၊ ရွက်နုဆင်၍*
*ရွှင်ရွှင်ပျပျ၊ သီဆိုကြ၏'*

အညာမန္တလေးမှာ ပိတောက်ထက်စာလျှင် လက်ပံတွေကို ပိုမြင်ရ တတ်သည်။ ဧရာဝတီမြစ်ကမ်းဘေးက လက်ပံတောမှာ သည်ရက်ထဲ

http://www.cherrythitsar.org



လက်ပံတွေ တစ်တောလုံး ရဲနေခဲ့သည်။ စိန်ပန်းပင်တွေကတော့ မိုးအကျကို စောင့်နေပုံရသည်။ မန္တလေးမှာ စိန်ပန်းပွင့်တွေကလည်း မြို့၏ ပတ္တမြား လည်ဆွဲဖြစ်သည်။ ရှားရှားပါးပါး ပွင့်တတ်သော ပေါက်ပွင့်နီနီကလည်း သည် ရက်ထဲမှာပဲ ပွင့်တတ်ကြသည်။ တစ်လောက ပြင်ဦးလွင်အသွား ကားလမ်းဘေး မှာ လက်ပံပွင့်တွေ ပေါက်ပွင့်တွေ ရဲရဲလှုပ်ကြွေနေတာ တွေ့ခဲ့ရသည်။ ပန်းပွင့် အနီတွေများသော မန္တလေးမှာ ပိတောက်ဝါဝါကို ကျွန်တော် ရှာသည်။ ကျွန်တော့် ပတ်ဝန်းကျင်မှာ မရှိ။

*'မိုးသင်္ကြန်ရေသောက်လို့*
*ရွှေပိတောက်တဝါဝါ၊ သင်းကြွယ်နံ့ဖြာ'*

အောက်ပြည်အောက်ရွာမှာ အနေကြာခဲ့သော ကျွန်တော့်အဖို့ ပိတောက်နှင့် နေသားတကျရှိခဲ့သည် မှန်သော်လည်း ပိတောက်ပန်းကို ကျွန်တော်ခံစားလို့မရ။ မည်သို့ပင်ဖြစ်စေ ပိတောက်က အမျိုးသားပန်း ဖြစ် သည်။ မြန်မာတို့၏ ရိုးရာသင်္ကေတပန်းဖြစ်သည်။ ပိတောက်တစ်ရာသီမှာ အသက် တစ်နှစ်တစ်ရစ်တိုးတာကို အသက်ကလေး တော်တော်ရကာမှ သံဝေဂ အမြင်ဖြင့် ကျွန်တော် ကြည့်တတ်ခဲ့သည်။ ပိတောက်ရာသီ (၅၀) ကျော်ခဲ့ပြီပေါ့။

*'တစ်သိန်တင့်ပါဘိ*
*တိမ်မြင့်ရှိပြာပြာက*
*ကြည်သာသာပင့်လေအဖြူးတွင်ဖြင့်*
*တီတာတာပွင့်ရွှေဖူးငယ်တို့*
*လည်ယှက်ကာ ဘယ်ညာလူးလေတော့*
*သူတို့လို ဘယ်သူမြူးနိုင်ပါ'*

မည်သို့ပင်ဖြစ်စေ မန္တလေးမှာ သင်္ကြန်တော်နီးပြန်ခဲ့ပြီ။ မန်းမြို့သူရဲ့ ဂုဏ်နှင့်အညီပေ၊ ယဉ်ကျေးသူတွေကို ငေးရဦးမည်။ 'လှပါ တယ်၊ ဆိုလာလေသူ . . . လှတယ်ဆို လာသူလာသူ . . . ရွှေမန်း သူလို့ ခေါ်မူ၊ မန်းဟန်နွဲ့ယဉ်သူ၊ နန်းဆန်တဲ့ပျိုဖြူ ဒီရေနန်းကို မြို့မ မောင်တွေ လာပေါ့အတူ' ဆိုသည့် သင်္ကြန် သီချင်းသံတွေကို လွမ်းရဦးမည်။ ပွင့်ငုံကို လင့်ကုန်ကြတော့လို့ ခေါင်းကြွကာ ဆာဝေဝေရှိ သော မန္တလေး၏ ရှားရှားပါးပါး ပိတောက်တွေကို တမ်းရဦးမည်။

http://www.cherrythitsar.org



(၂)

သင်္ကြန်ဆိုသည်နှင့် ပုဂံကို ကျွန်တော်သတိရသည်။ ပုဂံခေတ်ကပင် သင်္ကြန်တော်ရှိခဲ့သည်။ ပုဂံနရသီဟပတေ့မင်းလက်ထက် မိဖုရားစောလုံ၏ သင်္ကြန်အမျက်အဒီကို နှစ်ပေါင်း ၉၀၀, ၁၀၀၀ ပြောလို့ပဲ မဆုံးနိုင်ကြ။ သင်္ကြန် တော် အကျီစယ်လွန်ရာက မင်းဧကရာဇ်ကို သေကြောင်းကြံ နောက်တော့ သေကြောင်းကြံသူသာ အကွပ်အမျက်ခံခဲ့ရသည်။ ကြေကွဲစရာကောင်းလှသည့် ခပ်ရိုးရိုး ဇာတ်လမ်းတစ်ပုဒ်ဖြစ်သည်။

*'မြန်လှန်ဆပြန်တော့ သင်္ကြန်ကျချိန်ပေါ့၊ ယမန်သမယဆီက ပုဂံသမ္မတရှင်ဘုရင်သားမြွာဘပါတဲ့၊ ဆောင်းမှ နွေအလယ် ဘုန်းရောင် တော်ပြနေကျ၊ မောင်းမရွှေညီ မဟေသီသုံးထောင်ကျော်မျှရယ်နှင့် သည်လနွေရာသီမဖြင့် ခွေလျာမဒီတွေကို ချစ်စိတ်စမ်းလို့တဲ့ အားရယ် နှင့်၊ ဧရာဝတီ မြစ်ဆိပ်ကမ်းတခိုသို့ သွားပါလို့ ရွှေနန်းအစဉ်အလာ ရေဖြန်း မင်္ဂလာကစားစဉ်က ချစ်သားတော် ဇလောင်ဆန်လို့မို့ တစ် ဆောင်စံ စောလုံပက်စဉ်က သွက်သွက်လယ် ကြမ္မာငင်ဖို့'*

စင်စစ်သင်္ကြန်သည် ကူးပြောင်းခြင်းအနက်ရှိသည်။ သကန္တပါဠိပုဒ်မှ လာသည့် သင်္က္ကတရရစ်သံနှင့် သင်္ကြန်ဖြစ်လာသည် ဆို၏။ ဟိန္ဒူအယူဝါဒနှင့် ယဉ်ကျေးမှုချင်း ကူးလူးကာ ရောက်ရှိလာသည့် အစဉ်အလာဟု ပညာရှင်တွေ က ဆိုသည်။ ရှေးမြန်မာမင်းများ လက်ထက်ကတည်းက သင်္ကြန်တွက်ရိုးကျမ်း များ၊ ဝေဒင်္ဂကျမ်း၊ အသီ တိတ်ကျမ်း စသည်တို့နှင့် တွက်ချက်ညှိနှိုင်းကာ ရေကစားခဲ့ကြသည်။ သိကြားနှင့်ပြဟ္မာ အချင်းများသည့်အခါ ကဝိလမိုင်းဆရာ က အဆုံးအဖြတ်ပေးရာတွင် ပြဟ္မာမင်းရှုံးသဖြင့် သိကြားမင်းက ပြဟ္မာမင်း ဦးခေါင်းကိုဖြတ်၊ နတ်သမီးခုနှစ်ဖော်ကို အလှည့်ကျ ကိုင်စေခဲ့သည် ဆိုတာမျိုး လည်း သင်္ကြန်ထိုးဇာတ်အဖြစ် ကျွန်တော် ကြားခဲ့ဖူးသည်။

'သူရိယသိဒ္ဓန္တကျမ်းအလိုအားဖြင့် စတုယုဂ်တစ်ခုမှာ နှစ်ပေါင်း ၄၃၂၀၀၀၀ ရှိတယ်။ အဲဒါကို ယုဂ်လေးပါးပိုင်းလိုက်တော့ ကတယုဂ်က နှစ် ၁၇၂၈၀၀၀၊ စတြေတာယုဂ်ပေါင်း ၁၂၉၆၀၀၀၊ ဒွါပရယုဂ်က နှစ်ပေါင်း ၈၆၄၀၀၀ နဲ့ ကလိယုဂ်က နှစ်ပေါင်း ၄၃၂၀၀၀၀ ဖြစ်ကရော။ အဲဒီကိန်းကမှ သာဝရရက် ပေါင်း ၁၅၇၇၉၁၇၈၂၈ ရက် ကို ချတွက်တော့ သင်္ကြန်တစ်ကြိမ်က တစ်ကြိမ်ကို ၃၆၅ ရက် ၆ နာရီ ၁၂ မိနစ် ၁၇ စက္ကန့်ရတယ်။ သိုးဆောင်းရာသီနှစ်ကတော့ ၃၆၅ ရက် ၅ နာရီ ၄၆ စက္ကန့်ရှိသတဲ့။ နေသွားလမ်းစက်ဝိုင်းကို ရာသီ၁၂ပါး

http://www.cherrythitsar.org



ပိုင်းပြီး ပထမမိဿရာသီအစ သုညအံ့သာဟာ အသဝဏီ နက္ခတ် တနင်္ဂနွေရ ဝိဖုဋ္ဌဂြိုဟ်ယှဉ်တယ်လို့လည်း ဆိုရော အတာသင်္ကြန်ကျတာပဲ’

အဘိုးက ခေါင်းရင်းခန်းမှာ လူကြီးသူမတွေနဲ့ စကားပြောချိန်မှာ ကျွန်တော်တို့က သံဖြူဆရာ ကိုသောင်း၏ လက်ရာ သံဖြူ ရေပွက်၏ အတွင်း ဝါရှာကို ပုဆိုးစုတ်ပတ်နေချိန် ဖြစ်သည်။ အညာကျေးလက်ဆိုတော့ ရေလုံလုံ လောက်လောက်မရှိ။ အမေ့ ချိုးအိုးကလေးထဲက ရေကို စစ်ယူကာ ပက်ရသည်။ ပက်စရာ လူကလည်း သိပ်မရှိ။ ဖုံတထောင်းထောင်းထ တာလမ်းပေါ်က မြင်းလှည်းနှစ်စီ သုံးစီး၊ အဝေးရွာက ထင်းလှည်းတစ်စီးနှစ်စီးကို စောင့်ပက်ရ ခြင်းဖြစ်သည်။ ကျွန်တော်မှတ်မိသလောက် ပိတောက်က ဘုန်းကြီးကျောင်းတွေ မှာပဲ ရှိသည်။ ပေါပေါလောလော ဝါဝါထိန်ထိန်ပွင့်တာက ငုပန်းများသာ ဖြစ် သည်။ အမေက သီးညွန့်၊ အုန်းညွန့်၊ မြေစာ၊ ငုပန်း၊ တောပန်း၊ တောင်ပန်းတွေ ကို အတာအိုးကလေးထဲ ထည့်ကာ သိကြားမင်းကို ကြိုသည်။ ကျွန်တော့်ငယ် သင်္ကြန်က သံဖြူ ရေပွက်၊ အတာအိုးကလေးနှင့် ငုပွင့်ဝါဝါများသာ ဖြစ်သည်။

(၃)

‘သင်္ကြန်နားနီးလာပြီဆိုရင် သံဖြူသမားတွေက လုပ်ရောင်းတဲ့ ရေပွက် ရေဖလားတွေကို ဇန်းကြီးတွေထဲ ထည့်ပြီး အရပ်ထဲ လည်ရောင်းတဲ့ ဈေးသည် တွေ ပေါ်လာပြီ။ အမေ ရေပွက်ကလေး ဝယ်ပေးစမ်းပါ။ ဖလားလေးဝယ်ပေး စမ်းပါ။ သင်္ကြန်ကျတော့မယ်လို့ အသည်ကိုကြည့်ပြီး အမေတို့ကို ပူဆာရပြီ. . .’

‘အဲဒီအမြောက်က အသံကြီးသာမြည်တာ ဘယ်သူ့မှ ဘာမှ ထိခိုက် တာမဟုတ်ဘူး။ အဲဒါကြောင့် အမေတို့ဆီမှာ ဟန်သာရှိပြီး အဆန်မပါဘူး၊ သင်္ကြန်အမြောက်ပဲလို့ တင်စားပြောခဲ့တာ စကား တစ်ခွန်းတောင်ရှိခဲ့တယ်’

‘အမေတို့ ငယ်ငယ်က ရေကစားတယ်ဆိုတာ ရေပက်တယ် ဆိုတာက တကယ့် ၁၀ နှစ် ၁၂ နှစ်အောက်ကလေးတွေရဲ့ ပွဲသက်သက်ပဲ။ အပျိုလူပျိုတွေ က ရေကစားတာမရှိဘူးလား ရှိပါရဲ့။ ရှိပုံက ဒီလိုလေ။ ဘယ်အိမ်မှာ အပျိုရှိ တယ်။ တစ်ယောက်မကရှိတယ်ဆိုရင် အဲဒီအိမ်က အပျိုကိုရေလောင်းဖို့ တစ်ရပ် တည်းက လူပျိုတွေက ချောင်းနေကြရတယ် . . . ’

‘ရှေးတုန်းက ခုခေတ်လို ပိုက်ရေတွေက ပေါပေါများများ လုံလုံ လောက်လောက်ရှိတာမဟုတ်ဘူး။ ရေတွင်းကို အားကိုးရတဲ့ မြို့လူထုက လူများ စု၊ ဒါကြောင့် ရပ်ကွက်ထဲက ယောကျ်ားလေး လူငယ်တွေက ရေတွင်းချေးဆယ် ကြတာ သင်္ကြန်တွင်းရက်မှာ လုပ် ကြတဲ့ လူမှုရေးကုသိုလ်ပဲ’

http://www.cherrythitsar.org



'ရပ်ကွက်အလိုက်ရှိကြတဲ့ ဘုရား၊ ဇရပ်တွေက ဘုရားတွေကို ရေသပ္ပာယ်ကြတယ်လေ။ ပြီးတော့မှ နှစ်ဆန်းတစ်ရက်မှာ ရပ်ကွက်အလိုက် ပရိတ်ရွတ်ပွဲတွေ လုပ်တယ်။ ဘေးအမျိုးမျိုး ရန်အသွယ်သွယ်က ကင်းဝေးအောင် သံဃာတော်တွေက အန္တရာယ်ကင်းပရိတ်တော်တွေ ရွတ်တော်မူပေးကြတာပါ'

အမေလူထု ဒေါ်အမာ၏ 'အမေ့ရှေးစကား' ထဲက အမေတို့ငယ်ငယ် မန္တလေး သင်္ကြန်ဖြစ်သည်။ ၁၉၂၈ ခုနှစ်လောက်မှာတော့ မြို့မအပျော်တမ်း တူရိယာ အသင်းကြီးပေါ်လာသည်။ ခေတ်ပြိုင်တူရိယာအဖွဲ့က မာဃ ဖြစ်သည်။ ငန်းရုပ်ကြီးချီးပြီး ကားပေါ်တင်၊ အတီးအမှုတ်များဖြင့် ဘုရားကြီးကို ရေကန်တော့ သွားခဲ့ကြပုံတွေကို အမေရေးပြတော့ မန္တလေးသင်္ကြန်၏ ကနဦး ရက်များကို မြင်ယောင်နေမိသည်။ မြို့မရေပက်ခံကားက ကချင်သူရှိရင် ကနိုင်ပါ တယ်ဆိုတော့ တစ်ဦးစ နှစ်ဦးစ ထွက်ကကြရင်းက 'သင်္ကြန်အက ယဉ်ကျေးမှု' ဖြစ်လာခဲ့သည်။

'ရေပက်တဲ့အသင်းတွေက အကြီးအကျယ် ပြင်ဆင်ကြတာကို စတင်သူကတော့ နဂါးရေသဘင်လို့ အမေထင်ပါတယ်။ နဂါးရေသဘင်ဆိုတာ နဂါးဆေးလိပ်ခုံကြီးကဖွဲ့တဲ့ ရေသဘင်အဖွဲ့ပါ။ နဂါးဆေးလိပ်ခုံက ဖွဲ့တာပေမယ့် 'နဂါးမယ်' ဆိုတဲ့ နာမည်မှည့်တာကလွဲလို့ ဆေးလိပ်ကြော်ငြာသဘော လုံးဝ မဆောင်ပါဘူး။

အမေရေးတာကို ဖတ်ရင်း မန္တလေးကို ဘင်္ဂါလီကဗျာ စာဆိုကြီး 'ရာဗင်ဒြာနာ့သ်တဂိုး' (Rabindranath Tagore) ရောက်လာတာကို သတိရ သည်။ ၁၉၁၆ ခု၊ မေလ ၆ ရက်နေ့က ဖြစ်သည်။ သင်္ကြန်တော်ပြီးစ မန္တလေးက တဂိုးကို ဂီတဖြင့် ဧည့်ခံသည်။ မန္တလေး ရွှေတိုက်ရုံမှာ ဘိလစ်စာရေးကြီးဦးထင်၊ ဦးဘသန်း၊ ရွှေနေ ဦးခင်မောင်ဒွေးတို့က ဧည့်ခံသည်။ ဦးဘသက်က သံပတ္တလားနှင့် တယော၊ ဦးဘပုက ဘင်ဂျို၊ မြို့မငြိမ်းက မယ်ဒလင်။ တဂိုးက လည်း သီချင်းတွေ ဆိုပြခဲ့သည်။

၁၉၂၅ ခုနှစ်လောက်မှာ ဈေးချိုတော် ကုလားကုန်သည်တွေက ကုန်တင်ကားတွေပေါ် ရေစည်ရေအိုးတွေတင်ကာ ရေပက်ခဲ့ကြသည်။ ၁၉၂၇ မှာတော့ အလှပြရေပက်ယာဉ်တစ်စီးပေါ်လာခဲ့ဖူးသည်။ ကလေးတွေက ဓာတ်ရှင်ကြော်ငြာကားထင်ပြီး ကြော်ငြာ လိုက်တောင်းခဲ့ကြသေးသည်။

*'ပြည်ရွှေမန်းမြို့ နဂရာတစ်ခွင်၊ ပထမထွင်တဲ့ ရေပက်အသင်း'*

http://www.cherrythitsar.org



*'တူညီဝတ်လို့ ပျော်ရွှင်ရွှင်၊ မောင်တို့ဖက်ရှင် မြင် ကြရဲ့လား'*
*'ပျို့တို့မောင်များ တောင်းဆုဆောင် မြန်ပြည်တစ်ခွင် အေးမြ စေသား'*

ပျို့တို့မောင်သင်္ကြန်အဖွဲ့ (PDM) ဟု ဆိုသည်။ မန္တလေး အကွက်နံပတ် ၆၁၇၊ ပေဟမာဇလအရှေ့ပိုင်း ၂၇ လမ်းနှင့် ၇၆ လမ်းထောင့်က စာကြည့်သင်းအသင်းသားများ၏ အလှပြယာဉ်ဖြစ်သည်။ သည့်နောက်တော့ မြို့မ၊ မာဃ၊ မင်္ဂလာ၊ အေဝမ်း၊ ရှုတိုင်းယဉ်၊ ဖူးစာရှင်၊ လင်းရောင်ခြည်၊ နေပြည်တော် စသည့် ရေပက်ခံအလှပြယာဉ် တွေ ပေါ်ထွက်လာခဲ့သည်။

*'သောတရှင်တွေ စိတ်တွေဝင်၊ ငွေတွေဝင် ရာကျော်သက် ကောင်းရှည်၊ ကျုပ်တို့ ကရုဝိတ်သည် မြူးဇစ်တီးရပါတော့မယ်ခင်ဗျာ၊ ထုံချွန်၊ ထုံထုံချွန်ချွန်၊ ချွန်ထုံ ချွန်ထုံ၊ ထုံချွန်ထုံ . . .'*

(၄)

တစ်လောက မြို့မ၏ ကနဦးစန္ဒရားဆရာတွေထဲက တစ်ဦး ဖြစ်သော စန္ဒရားဦးသိန်းမောင်နှင့် တွေ့ဆုံ အသံသွင်းဖြစ်ခဲ့သည်။ ဆရာက သူမှတ်မိသရွေ့ မန္တလေးသင်္ကြန်တော်ခေတ်တွေထဲက တချို့ကို မှတ်မိသရွေ့ ပြောပြခဲ့သည်။ ၁၉၇၀တစ်ဝိုက်က မန်းသင်္ကြန် ညတွေအကြောင်းလည်း ပါသည်။ မြို့မငယ်ဘဝတွေလည်း ပါသည်။ မြို့မသီချင်းတွေ အကြောင်းလည်း ပါသည်။

'ကျွန်တော်က သင်္ကြန်လေညင်းလုလင်ကို Crazy ဗျ။ မြို့ထဲမှာ မြို့မနဲ့ တွဲပြီး ဧည့်ခံခဲ့တယ်။ မြို့ထဲက ကောင်းပေ့ညွှန့်ပေ့ ဆိုတဲ့ မဏ္ဍပ်ကြီးတွေမှာ မီးရောင်တထိန်ထိန်နဲ့ တီးခဲ့ရတာရှိသလို ပိုက်ကျုံးဘက်မှာ အောက်လင်းဓာတ်မီးနဲ့ အုန်းလက်မဏ္ဍပ်ကလေးမှာလည်း တီးခဲ့ရတယ်။ ကျွန်တော် မန်းသင်္ကြန်ညတွေကို မမေ့ဘူး'

စန္ဒရား ဆရာက အတိတ်ကို လွမ်းနေပုံရသည်။ တိမ်ညိုမှိုင်းထပ်၊ ပြက်လျှပ်ပြကာ၊ စိမ်းဝါမိုးပန်း၊ ထွေထွေစွန်းက ရေသွန်းသာကြည်၊ ပျော်ရမည်ကို လွမ်းနေသည်လား။ အနားမှာသာ စန္ဒရားတစ်လုံးရှိလျှင် စန္ဒရားဆရာနှင့် ကျွန်တော် သီချင်းတစ်ပုဒ်တော့ ဆိုဖြစ်လောက်မည်ထင်၏။

'ပိတောက်တွေ ရွှေရည်လူးကြမယ့်အခြေ၊ ပုလဲငုံ စပယ်ဖြူ ဖူးခိုက် ဝေဝေ၊ ပန်းမျိုးစုံရာသီကိုကူးခဲ့ပေါ့လေ၊ ချစ်သူကို ရည်စူးခူးတဲ့ လို့ခြွေ'။

http://www.cherrythitsar.org



မန္တလေးသူ မန္တလေးသားက အကြောင်းအားလျော်စွာ မန္တလေးနှင့် ဝေးကွာနေကြသည့်တိုင် မန္တလေးကို လွမ်းတတ်ကြမြဲ။ သည်အထဲမှာ မန္တလေးသင်္ကြန်ကို လွမ်းတာက ပိုပိုသာသာရှိလိမ့်မည်။

(၅)

မန္တလေးကို ကျွန်တော် ရောက်နေတာကြာပြီ။ သင်္ကြန်ရက်တွေနှင့်လည်း စုံပေါင်းများလှပြီ။ ကျုံးပတ်လည်မှာ ရေသဘင် မဏ္ဍပ်ကြီးတွေ ဟီးထနေသည်။ သင်္ကြန်သီချင်းသံကို ဒိုးစည်သံမြိုင်မြိုင်ဖြင့် အဝေးဆီက သဲ့သဲ့သွေ့သွေ့ ရောက်လာတတ်သည်။ မဏ္ဍပ်ကြီးတွေ နည်းသွားသော်လည်း ရေပက်ခံခုံမြင့်တွေ များနေတာကိုပဲ တစ်နှစ် တစ်နှစ် တွေ့နေရသည်။ ကြော်ငြာပေါင်းစုံက သင်္ကြန်တော်ကို ရာသီ ဈေးရောင်းပွဲ (Seasonal promotion) အင်္ကျီကျပ်ကျပ်ကို မဆန့်ရင် ကာစွပ်ပေးနေသည်။ ဘီယာမျိုးစုံ၊ အရက်တံဆိပ်မျိုးစုံ၊ အလှကုန်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းမျိုးစုံ ကြော်ငြာတွေက မလွတ်နိုင်။ မနေ့တစ်နေ့ကတော့ မန္တလေးမြို့စွန်က လူငယ်တွေ ဂျစ်ကားငှားကြတာ၊ တစ်ရက်လည် ၄၀၀၀၀ တဲ့။ သင်္ကြန်တော်က အမေရေးခဲ့သလို ၁၀ နှစ် ၁၂ နှစ်သားသမီးတို့၏ ပွဲမဟုတ်တော့။ လူရွယ်လူကြီးတို့၏ ပျော်ပွဲဖြစ်လာခဲ့ပါပြီ။ ပိတောက်တစ်ခက်ဖြင့် ချစ်သူကို 'ဆင်မပေးရဆံမြည္ဍာကေ' လုပ်နေဖို့မလိုတော့။ ခံစားမှုအဟောင်းတွေက ရှေးသင်္ကြန်နှင့်အတူ ဝေးကျန်ခဲ့ပြီ။

ဘာပဲဖြစ်ဖြစ် မန္တလေးသင်္ကြန်က ယဉ်ကျေးဆဲ၊ မွှေးမြဆဲ၊ ဆွတ်ပျံ့ဆဲ၊ မြန်မာ့ရနံ့ဖြင့် သင်းထုံဆဲ။

*'နှစ်ဦးသစ်မြူး ခေတ်ဦးကောဇာ၊*
*ဆန်းစချမ်းမြ ဆန်းလသော်တာ၊*
*မြိုင်အောက်၊ ကြိုင်လှောက်၊ ပိတောက်ပမာ*
*ကျန်းရှင်ကြောင်း သွန်းလောင်းရေသီတာ။'*

မည်သို့ပင်ဆိုစေ၊ နှစ်ဆန်းခါတော်မီမို့ ဇမ္ဗော်ရည် ပြေပြေလိမ်းလေသည့် ရွှေပိတောက်တို့ နွေအလျှောက် ရောက်လာတော့မည်။ မန္တလေးသည် သင်းပျံ့ပါစေသတည်း။ မန္တလေးသည် ဝင်းဖန့်ပါစေသတည်း။ မန္တလေးသည် ရှင်းသန့်ပါစေသတည်း။

■

*(မြန်မာ့သစ်ဂျာနယ်)*

http://www.cherrythitsar.org

# ဆောင်းခိုငှက်၊ ဆောင်းပွင့်နှင့် စကားပင်အောက်ကတစ္ဆေ

*'အချစ်ဦးကို*
*ယစ်မူးလွမ်းတာ၊ တွေ့ရလို့ရှ်*
*စကားမွှေးပွင့်၊ နေခြည်လင့်သော*
*နှင်းသင့်နံနက်၊ နတ်တော်ရက်မှာ*
*သီးရက်ပတ်တွေး၊ လက်ဖျားအေးစက်*

*(ကြည်အေး)*

မနေ့က သည်နှစ်၏ ပထမဆုံး နှင်းပွင့်တွေကျသည်ဟု ထင်သည်။ ဘာပဲဖြစ်ဖြစ် ပထမဆုံးသော နှင်းသင့်နံနက်သည် မိမိအား ပုတ်ခတ်လှုပ်နှိုးနိုင်စွမ်း မရှိတော့အောင် ချည့်နဲ့နေပြီထင်၏။ သို့သော်လည်း အသိအမှတ်မပြုဘဲ တော့လည်း မနေနိုင်။ အရင်ကတော့ သည်လို ပထမဆုံးသော ဆောင်းဝင်ရက်တွေကို အမှတ်တရ တို့ခြစ်ဖူးနေကျလေ။ 'ပထမဆုံး နှင်းပွင့်ကလေးတွေကျတဲ့နေ့' လို့ Diray စာမျက်နှာထိပ်မှာ ရေးရင်း၊ မင်နီကလေးတစ်ကြောင်းနှစ်ကြောင်း ဒါမှမဟုတ် ကဗျာ ကလေး တစ်ကြောင်း နှစ်ကြောင်းရေးကြည့်ရင်း . . . ဒါမှမဟုတ် ခံစား နှစ်သက်ခဲ့သမျှ ကဗျာတချို့ကို ရေးကူးရင်း . . . ဆောင်းကို ကြိုဆိုနေကျ . . .၊ ခံစားနေကျ . . .။ ဒါမှမဟုတ်ရင်လည်း စန္ဒရားခလုတ်တွေကို မောင်းနင်းဂျောင်ဂျင်တီးရင်း ဆောင်းဘွဲ့ပတ်ပျိုး တစ်ပုဒ်ပုဒ်ကို

http://www.cherrythitsar.org



သီဆိုချင်လည်း ဆိုမည်။ များသောအားဖြင့်တော့ 'ဘုံပျံနေနန်း' ဆောင်းဖွဲ့ ပတ်ပျိုးကို တီးမိ ဆိုမိတတ်လေသည်။

'ဘုံပျံနေနန်း . . . ပြင်ခန်းစံမွေ့
လျှံငွေ့နှင်းစီစီ၊
နွှာပြာညှိုလဲ့လန်း . . . ငုံမြန်းကြဖူးတံချီ။
ရီဝေဝေ . . . တိမ်ခြေမြူလွှာ . . မှုန်မှုန်ငွေလင်း . .
လေသွင်းစရာသီမှာ . . .

အပြင်ဘက်မှာ ပြင်ခန်းစံမွေ့၊ လျှံငွေ့နှင်းစီစီ မပီတတ်သေး။ 'ငွေနှင်းတဖျန်းဖျန်း အဆန်းဆန်း၊ လေညှင်းတသန်းသန်း' လို့လည်း မဆိုနိုင်သေး။ ဟိုပဝေရှေးတုန်းကတော့ ရွှေနန်းတော်ကြီးထဲမှာ ဆောင်းဆိုလည်း ဆောင်းဖွဲ့၊ နွေဆိုလည်း နွေဖွဲ့ . . . သဲ့သဲ့ တိုးတိုး သီကုံးကျူးရင့် နေကြလိမ့်မည် ထင်သည်။ များသောအားဖြင့် ဆောင်းဘွဲ့တွေက ခံစားမှုတွေကိုပဲ ဖွဲ့တာ များသည်။ အချုပ်တန်း ဆရာဖေကတော့ ဆောင်းကို စိတ်နာဟန်တူသည်။ ဘာတဲ့ . . .

'သနင်းဆွေကင်း ကွေမဲ့သူမို့ ပြတင်းလေ နှင်းငွေတွဲ့လျှင်ဖြင့်
သင်းသေဟဲ့ ဆိုသလို . . . 'တဲ့။ လှလိုက်သည့် အဖွဲ့ . . .။
'စနေနံ့ ငွေခြံသော့်ငယ်နှင့် ရဝေစံ မေခင်ပွေ့ပါလို့
ရွှေရင်ငွေ့မထွေးလို့၊ သွေးကိုဖြင့်မရှိတောင်း . . .။
မချင့်လေ . . သည်သည့်တာရှည်စေလို့ ဗြဟ္မာ ဘွေ ကမ္ဘာ
ရှေးငယ်က ပြက္ခဒိန် သည်လို ရေးခဲ့တယ် . . ဘေးသင့်တဲ့
ဆောင်း . . .'

အို . . . ဘေးသင့်တဲ့ ဆောင်းတဲ့လား။

## (၂)

စင်စစ် မိုးရက်တွေ ကုန်သေးသည်မဟုတ်။ အပြင်မှာ မြူလား၊ နှင်းလား၊ မိုးငွေ့လား မခွဲခြားနိုင်တတ်သေး။ သည်ရာသီက မိုးနှင့်ဆောင်း လက်တလှိမ့်ကလေး အပြောင်းမို့ မိုးစက်လက်ကျန်တွေလည်း ဖြစ်နိုင်သည်။ မိုးစက်တွေကလည်း နှင်းပွင့် ဖြစ်သွားနိုင်သည် လား . . . မိမိ မသိချေ။

နံနက်ခင်း ပြတင်းဝကို တိုးဖြတ်ခုန်ကျော်ဝင်လာတတ်သော လေပြည်ထဲမှာ ဆောင်းငွေ့ငွေ့တွေ ပါလာတတ်တာကတော့ သေချာလေသည်။ မြင်ကွင်းထဲက နှင်းသင့်နံနက်ခင်းထဲမှာ ဆောင်းရည် ဆောင်းငွေ့ကို ကြိုလင့်သော နှင်းသောက်ပန်းတွေ တစ်ထွေးတစ်ဆုပ်ကြီး ပွင့်နေလေသည်။ မိုးစံပယ်

http://www.cherrythitsar.org



ပွင့်တွေပေါ်မှာ ဆောင်းနှင်းစတွေ . . .၊ ပတ္တမြားတစ်ဘက် မြတစ်ဘက် ရွက်လှရွက်တွေပေါ်မှာ ဆောင်းနှင်းစတွေ၊ ယိုးဒယားနှင်းဆီပင်ကလေးများ၏ ကျိုးဆတ်လွယ်သော အကိုင်းစိမ်းစိမ်းတွေပေါ်မှာ ဆောင်းနှင်းပွင့်တွေ. . .။ ပွင့်တူရွက်တူ ပွင့်တွေပေါ်မှာ ဆောင်းနှင်းပွင့်တွေ . . .။ ဖြတ်သန်းခဲ့သော မိမိ၏ဘဝခရီးမှာ အချို့ ဆောင်းတွေမှာ ခါးခါးရိုင်းရိုင်း ရှိခဲ့ဖူးသည်။

အမှတ်ထင်ထင်ရှိခဲ့ဖူးသော ဆောင်းတွေလည်း ရှိခဲ့ဖူးသည်ပင်။ ငယ်ငယ်တုန်းကတော့ အညာဆောင်းကြမ်းကြမ်းထဲမှာ ကျောင်းတက်ခဲ့၊ ပျော်ခဲ့၊ ပါးခဲ့၊ ကစားခဲ့။ ဆောင်းည လသာသာတွေထဲမှာ ကြည်ခဲ့နူးခဲ့ရတာတွေကို တစ်ခါတစ်ခါ သတိရသည်။ ကျောင်းကပြန်လျှင် မီးလှုံဖို့ ထင်းခြောက်တွေ စည်းရိုးစပ်တွေမှာ လိုက်ကောက်ရတာ အမောပါ။ များများကောက်တဲ့လူက 'များများလှုံရမယ်၊ နည်းနည်းကောက်သူက နည်းနည်းပဲ လှုံရမယ်' လို့ ဩဇာပေးတတ်သော မမကမူ တစ်ခါမှ ဝင်ကောက်ဖူးသည်မဟုတ်။ နံနက်လင်းတော့လည်း ဘယ်သူမှထ၍ မီးလှုံဖြစ်သည် မဟုတ်။ အိပ်ရာထဲမှာ ကွေးရင်း ဘယ်သူ ထပြီး မီးမွေးမလဲ . . . ဆိုတာကို စောင့်ရင်း မိုးလင်းသွားတတ်လေသည်။ တစ်ခါတစ်ခါတော့ မီးလှုံရင်း 'ရာသီဥတုထဲမှာ နင် ဘာရာသီကို အကြိုက်ဆုံးလဲ' ဟု တစ်ယောက်ကို တစ်ယောက် မေးသည့်အခါ 'ဆောင်းပေါ့' ဟု ဖြေခဲ့ဖူးသည့်ကို သတိရနေသည်။ အခု ပြန်စဉ်းစားကြည့်သည့်အခါ မီးလှုံရတာ၊ ကောက်ညှင်းပေါင်းစားရတာ၊ ဘကြီးဆယ်တို့ ကောက်ပြန့်တလင်းမှာ 'တလင်းခေါက်' ရင်း လှည်းစီးရတာ၊ အုန်းဆီပုလင်းထဲက ခဲနေသော ဆီခဲဖြူဖြူကို တုတ်နှင့်ကော် လိမ်းရတာက လွဲလျှင် . . . ဘာမှ မက်မက်မောမော မရှိပါဘဲ နှင့် ဘာဖြစ်လို့ အဲသလို ဖြေခဲ့ပါလိမ့်လို စဉ်းစား၍မရနိုင်။

(၃)

မိမိ၏ ပထမဆုံးသော သူမနှင့် ပတ်သက်၍ ခံစားရသည့် အခါတွင်မတော့ ဆောင်းသည် ခံစားစရာ ရာသီဖြစ်လာရပြန်သည်။ အပြာရောင်စာရွက်ကလေးတွေရဲ့ထိပ်မှာ 'ချစ်ရတဲ့ နှင်းပွင့်ကလေး ရယ် . . .'ဟု ဘယ်သူကမှ မသင်ရဘဲ ရေးတတ်လာသောအခါ 'နှင်းနဲ့တူတဲ့ ချစ်သူ' ဟု ကယုကယင် လက်မှတ်ရေးထိုးတတ်သော သူမ၏ စာတွေကို ဖတ်ရသည့်အခါ ဆောင်းသည် အမှတ်တရ ရာသီ ဖြစ်လာရလေသည်။

*'. . . နောက်ဆုံးထင်ရဲ့၊ ပင်ပန်းလိုက်တာ*
*ရှိုက်နမ်းပါဦး၊ နှုတ်ဖူးပါးပြင်*

*မိန်းမူးချင်သေး၊ ဝေးမသွားမီ*
*ရင်ခုန်လှုပ်လှုပ်၊ မခနေတတ်သူ*
*မြေအငွေ့ထိပ်၊ ရှိုက်ရှိုက်နေခြည်*
*မပီဝိုးဝါး၊ မောသလားမေ*
*နှင်းဝေဝေထဲ၊ လက်တွဲပြေးသွား*
*စကားပွင့် ကြွေကောက်၊ နှစ်ယောက်အတူ . . .။*

အဲသည်တုန်းက မအိရဲ့ 'စကားပင်အောက်ကတစ္ဆေ' ကဗျာကလေးကို တစွဲလမ်းလမ်း ရှိခဲ့ဖူးသည်။ ကြည်အေးကတော့ 'စကားမွှေးပွင့်၊ နေခြည်လင့်သော၊ နှင်းသင့်နံနက် . . .'တဲ့။ ဆောင်းနေခြည်ထဲမှာ ပြန့်ကျဲနေတတ်သော စကားမွှေးပွင့်တွေကို ဖွဲ့သည်။ စကားမွှေးပွင့်ဆိုတော့ . . . စကားဝါပွင့်တွေ ဖြစ်မည်။ မအိကလည်း စကားပွင့် ကြွေကောက် နှစ်ယောက်အတူတဲ့။ စကားပင်တောမှ စကားပွင့်တွေ မကောက်ခဲ့ဖူးသော်လည်း နှင်းဆွတ် ရေတမာပင်တန်း မှာ၊ မြောက်လေလေငွေ့ငွေ့လူသော ရိုးပြတ်ကွင်းထဲမှာ၊ ကံ့ကော်ပင်ရိပ်တွေမှာ . . .။ တည်ဆောက်ရင်း ဖျက်သိမ်းနေရသော သမုဒယတို့သည် ပွင့်ကြွေတွေလိုပင် ပြန်လက်ဆက်စပ်၍ မရနိုင်ချေ။ ဝေးမသွားမီက ရှိုက်နမ်းခဲ့ဖူးသော နောက်ဆုံး အနမ်းခါးတွေကိုမူ နှစ်ပေါင်းများစွာ သတိရနေတတ်သူတွေထဲမှာ မိမိပါဝင်ကြောင်း မိမိကိုယ်တိုင် သိပါသည်။ နှင်းဝေဝေထဲမှာ လွင့်ပျောက်ကွယ်သွားရသော နှင်းပွင့်ကလေးတစ်ပေါက်၏ အကြောင်းအရာသည်ပင် တစ်ခါတစ်ရံ ဘဝကို တစ်သက်ထာဝရ အရိပ်ထိုးနေတတ်လေသည်။

(၄)

မအိရဲ့ . . . ကဗျာကလေးတစ်ပုဒ်။ Diary ထဲမှာပဲ တွေ့သည်။ Diary ထဲမှာ ကူးထားခဲ့ဖူးသော ကဗျာကလေးတွေက တိုက်တိုက်ဆိုင်ဆိုင် ဆောင်းဖွဲ့ကဗျာကလေးတွေ . . . ဖြစ်လေသည်။ 'ဆောင်းခိုငှက်'။

*'အဲသလိုညမျိုးမှာ*
*ပြာမွဲမွဲနှင်းလက်*
*လောကကို ငွေ့ဖက်ဆဲ၊*
*ကန်ထဲကလ၊ ဝယက်အလ*
*လှုပ်ခတ်နှုတ်ဆက်၊ အနေခက်ပြီ*
*သီဝေမူးမူး၊ စိတ်ကူးအရ*
*ငါက ပြန်ကြည့်၊ သူသိသည်လား . . .*

*တအားစိတ်ရှုပ်၊ မြုပ်လုလု။*
*ခြံဝမှာမှီ*
*ဇီဇဝါနှံ့၊ ငှက်လန့်ပျံမှု*
*နှင်းဥကြွေကျ၊ မကြွားလိုက်မိ*
*အသိနောက်ကျ၊ သက်မရှိုက်သံ*
*ဝဲပျံလွင့်ဝေ၊ တမြည့်မြည့်ဝင် . . .။*
*ခြေလှမ်းအကြွ၊ ဆူးတစ်စငြိ*
*ဘဝမီးစ၊ ထိုးနှက်စူးရှ'*

ခြံစပ်မှာ ဇီဇဝါပန်းရုံတွေရှိသည်။ နွေနွေ မိုးမိုး ဆောင်းဆောင်း ဇီဇဝါပွင့်တွေက ရိုင်းရိုင်းထအောင် ပွင့်နေတတ်လေသည်။ ရာသီရယ် ဥတုရယ် လို့မဟုတ်။ ပွင်ချင်သလို ပွင့်တတ်သော ဇီဇဝါပွင့်တွေကို မြင်ရပြန်တော့လည်း အလေးအနက်မရှိချင်။ အထူးသဖြင့် ဇီဇဝါပန်းရနံ့တွေကို မနှစ်သက်ချင်။ ဖွေးဖွေးလက်နေတတ်သော ပွင့်ဖတ်တွေက နူးညံ့ကာ ကတ္တီပါစတွေလို ထူအမ်းနေတတ်သည်။ နှစ်ရက်သုံးရက်ဆိုလျှင်တော့ ပွင့်ဖတ်ဖြူတွေက ဝါကြန်နေတတ်ပြန် သည်။ ပွင့်သစ်စ နှင်းပွင့်ကျန်တွေက တစ်ပင်တည်းမှာပင် ဖြူတချို့ ဝါတချို့ ကတ္တီပါ ဖွေးဖွေးပွင့်ချပ်တွေပေါ်မှာ နှင်းစက်တွေ စိုရွှဲနေတတ်သော ဆောင်းရက်တွေမှာ ထူးထူးခြားခြား တအားပွင့်နေတတ်သည်။ ဆောင်းညထဲမှာ လမင်းရှိနေသည်။ လရိပ်က ရေကန်ထဲမှာ အရိပ်ထနေသည်။ နောက် . . . ဇီဇဝါပန်းနံ့ ရိုင်းစူးစူး၊ ရှတ်ခြည်း ထပျံတတ်သော ညငှက်၏ လှုပ်ရှားမှု၊ သစ်ကိုင်းပေါ်က နှင်းစက်ကျ သံ အတွေ့အထိ၊ အဆင်း . . . ရနံ့၊ လှုပ်ရှားတုန်ခါမှုနှင့် ရစ်သမ်။ သည်ကဗျာကလေးကို မိမိနှစ်သက်သည်။ အထူးသဖြင့် 'မအိရဲ့ ကဗျာတွေကို မိမိ နှစ်သက်သည်။

*ခြေလှမ်းအကြွ၊ ဆူးတစ်စငြိ*
*ဘဝမီးစ၊ ထိုးနှက်စူးရှ . . .*

ခြေလှမ်းအကြွတိုင်းမှာ ငြိတွယ်ဖူးသော ဆူးပေါင်းများစွာ လို မနုတ်နိုင်၊ မသိမ်းနိုင်၊ မျက်မျက်ကျဉ်ကျဉ် ခံစားရသော မိမိအဖို့ သည်ကဗျာ၏ အဖွဲ့ကို စွဲလမ်းနေမိလေသည်။

(၅)

အဝေးမိုးကုပ်စက်ဝိုင်းမှာ မြူရိပ်ပါးပါး ရှိနေလေသည်။ အိမ်ရှေ့က သရက်တို့ မဖူးတတ်သေး။ ဇီးရိုင်းပင်ကလေးမှာတော့ ဇီးပွင့်တွေ ခဲနေသည်။

http://www.cherrythitsar.org



နေကာတန်းပေါ်မှာ မိုးလုံးမှိုင်း၊ သနပ်ခါး၊ ယုဇနပင်ပေါက်၊ ဂန္ဓမာ၊ နောက် အမေစိုက်ခဲ့သော နှင်းဆီ။ အညာမှာတုန်းကတော့ အမေ နှင်းဆီတွေ အများ ကြီး စိုက်ဖူးသည်။ အညာ ရာသီဉတုနှင့် မိုးနှင်းဆီ မျိုးကောင်းကောင်းထက် အကြမ်းခံ၊ အပူခံ၊ ကျောက်နှင်းဆီစပ်မျိုးတွေကို အမေ စိုက်တတ်သည်။

ဆောင်းရက်တွေမှာတော့ ကျောက်နှင်းဆီပင် ရိုးရှည်ရှည်ကြီးတွေ တနွဲ့နွဲ့မှာ နှင်းဆီဖြူပွင့်တွေ တဆုပ်တခဲကြီး ပွင့်နေတတ်လေသည်။ အညာ ဆောင်းမှာ နှင်းတွေက ရင့်ထော်နေအောင် ကျသည်။ နှင်းဆီပွင့်တွေပေါ်မှာ နှင်းဉတွေက ပုလဲပွင့်ကလေးတွေလို လှသည်။ ဆောင်းနံနက်မှာ နှင်းဆီရနံ့တွေ သင်းပျံ့နေလေသည်။ အခုတော့ အမေလည်း မရှိတော့။ အညာက နှင်းဆီခင်း လည်း မရှိတော့။ နေကာတန်းမှာ နေရာရသလောက် ကပ်ပိုးကပ်ဖဲ့ စိုက်ထား သော နှင်းဆီပင်ကလေးတော့ ရှိနေသေးသည်။ သည်နှင်းဆီပင်ကလေးက အတန်အသင့်ကြီးသော နှင်းဆီပွင့်တွေ စိတ်လိုလက်ရ ပွင့်သည့်အခါ အမေ့ကို သတိရစရာ ဖြစ်နေပြန်သည်။ ကျွန်တော်က နှင်းဆီပင်ကလေးကို ကြည့်သည့် အခါ ပွင့်ဖို့ အားယူနေသည်ကို တွေ့ရသည်။

နှင်းဆီ။ နှင်းဆီကိုဖွဲ့သော ကဗျာတစ်ပုဒ်ကို သတိရမိပြန်သည်။ သည်လို ဆောင်းညထဲမှာ ပွင့်သော နှင်းဆီပွင့်ကလေး တစ်ပွင့်အကြောင်းပင် ဖြစ်လေသည်။

*ညဝတ်ခြုံ၍*
*လုံတော့နှင်းဆီ . . .။*

နှစ်သက်ခဲ့ဖူးသော ကဗျာတစ်ပုဒ်၏ အစ။ မိမိ အလွတ်ရ နေသည့် ထင်သော်လည်း ရွတ်ကြည့်တော့မရ။ အစကလေးသာ ရသည်။ ရှုမဝ မဂ္ဂဇင်းမှ ကူးသည့် Diary ဟောင်းကလေးထဲမှာ ရှာကြည့်တော့မှ တွေ့သည်။ ‘၁၉၈၃၊ ဒီဇင်ဘာလ၊ ရှုမဝမှ ကူးသည်’ ဟု အမှတ်အတေး ရေးထားသော စာကြောင်း ကလေးအောက်မှာ ကဗျာကို တွေ့သည်။

ညဝတ်ခြုံ၍ လုံတော့ နှင်းဆီ. . . တဲ့။ ည . . . ထိုဆောင်းညထဲမှာ လှပစွာ ဖူးပွင့်နိုင်ဖို့ ကာလတစ်ခုကို ဖြတ်သန်းရပေဦးမည်။

ကဗျာအဖွဲ့ထဲမှာ ထိုညက ကျသည့်နှင်းတွေကို ဖွဲ့သည်။ မြူတွေကို ဖွဲ့သည်။ ညအေးအေးထဲမှာ ခနိမိုးပေါ်ကျသည့် နှင်းပေါက်သံတွေကို ဖွဲ့သည်။

အဲသလိုညထဲမှာမှ . . . လုံပေတော့ နှင်းဆီ . . . တဲ့။ ကဗျာကို ဖတ်ရင်း ထိုညကို ကျွန်တော် မြင်နေရလေသည်။ အပြင်ဘက်မှာ မှောင်သွားပြီ။ ဆောင်းလေသည် ရနံ့တစ်မျိုးကို သယ်ဆောင်ကာ တရှူရှူ ပွတ်သပ်နေလေ

http://www.cherrythitsar.org



သည်။ ညသည် အေးခဲမတတ် သိပ်သည်းနေသည်။ နှင်းပေါက်ကျသံတွေကိုမူ နားစွင့်ကြည့်သော်လည်း မကြားရ။ ဆောင်းကြမ်းထဲမှာ နှင်းဆီပွင့်ကလေး တစ်ပွင့်။ သွေးခဲအောင် အေးတတ်သော ဆောင်းက နှင်းဆီပွင့်ကလေးအတွက် ကုန်းရုပ် (ဂုံးရုပ်) ဖြစ်နေလေသည်။

*တံစက်စွန်းက*
*လျှောကျခုန်ဆင်း၊ နှင်းပေါက်ခြေရာ*
*မြေမှာစိုကွက်၊ ချိုင့်ခွက်ဖြစ်ကျန်*
*ဒဏ်ရာပြည့်နှက်၊ အကျည်းတန်။*
*ခြော် . . .*
*ဂီတမဟုတ်၊ တစ်ပုဒ်ညည်းချင်း*
*ပုစဉ်းရင်ကွဲ၊ သီနေဆဲပင်*
*မရှင်နွမ်းလဲ၊ အချမ်းပြေရုံ*
*မြေငွေ့လုံ၍၊ လုံမလားကွယ်။*
*နှင်းခါးပင့်ရိုက်၊ ဖြိုက်ဖြိုက်ကြွေဆင်း*
*သီးကင်းများစွာ၊ ပျက်ခဲ့ပါလဲ*
*ကျန်ဆဲသီးကင်း၊ အားတင်းခိုင်ခံ့*
*အရှက်ငုံ၍၊ ကြံ့မလားကွယ်။*

ကဗျာထဲမှာ နှင်းရိုင်းတွေကြောင့် ညသည် ကြောက်မက်ဖွယ် ကောင်းနေလေသည်။ နရီစည်းပျက် နှင်းပေါက်ဂီတသံ၊ သွေးပျက်အိမ်မြှောင်၊ တံစက်မြိတ်စွန်းက နှင်းပေါက်ခြေရာ ချိုင့်ခွက်များ၊ ပုစဉ်းရင်းကွဲ၏ နာနာ ကြည်းကြည်း အော်ဟစ်သံ၊ နှင်းခါးရိုက်၍ ကြွေသက်ရသော သီးကင်းများစွာတို့ ၏ ငိုရှိုက်သံ . . .

အဲသည်လို ညမျိုးထဲမှာ ထိုးခွဲရုန်းထွက်ရမည့် 'ဆောင်းပွင့်' သို့မဟုတ် နှင်းဆီ . . . ။ ပန်းချီကားတစ်ချပ်လို ပြောရလျှင် နှင်းဆီပွင့်ကလေးက အာရုံဖမ်း ဇာတ်ရုပ်၊ တစ်နည်းအားဖြင့် ရဲရင့်ခိုင်ကျည် ခြင်းသင်္ကေတ . . . ။

*အို . . . နှင်းဆီရယ်*
*ရာသီမုဆိုး၊ လေးကြိုးငင်ဖွဲ့*
*ညနဲ့မိတ်ပြု၊ ရက်စက်မှုအောက်*
*ဆောက်တည်ရာမဲ့၊ ဖြစ်ခဲ့သရွေ့*
*သင်အတွေ့လေ . . .*
*နေနှင့်ဦးပ၊ တစ်ဝေတစ်ပြန်*

http://www.cherrythitsar.org



*နက်ဖြန်မနက်၊ နှင်းခွဲလက်နှင့်*
*ရွှန်းပြက်ဝံ့စား၊ ပွင့်နိုင်အားစေ*
*ကြိုနေပါမည် နှင်းဆီရေ . . . ။*

ကဗျာထဲက ဆောင်းပွင့်ကလေးကို မိမိ ဘာကြောင့် စွဲလမ်း တမ်းမက်နေမိသည်မသိ။ နေကာတန်းပေါ်က နှင်းဆီပင်ကလေးကတော့ နှင်းဆီဖူးကလေးတစ်ဖူးကို ချီမထားဆဲ။ နောက် နှစ်ရက်လောက်ဆိုလျှင် ပွင့်နိုင်ပြီပေါ့ . . . ။ ဒါဆိုရင် ဆောင်းညနှစ်ညကို ဖြတ်သန်းရဦးမည်ပေါ့။ နှင်းဆီရနံ့တွေ သင်းပျံ့လာသလို ခံစားရပြန်သည်။

(၆)

မနေ့က သည်နှစ်၏ ပထမဆုံး နှင်းပွင့်တွေ ကျသည်ဟု ထင်သည်။ ရာသီဥတုတွေထဲမှာ ဘယ်ရာသီ ဘယ်ဥတုကို အကြိုက်ဆုံးလဲ . . . ယခုနေခါ တစ်စုံတစ်ဦးက မေးသည်ဆိုလျှင် 'ဆောင်းပေါ့' ဟု လွယ်လွယ်ကူကူ ဖြေလိမ့်မည်မထင်။ အသက်ဝန်းကျင် အတွေ့အကြုံ၊ ကာလ၊ ဖြတ်သန်းမှုနှင့် အတန်အသင့် ရင့်ကျက်မှုတွေက ဘဝကို အထိုက်အလျောက် ပြဋ္ဌာန်းပေးသည်ဟု ဆိုရလိမ့်မည် ထင်ပါသည်။ ယခုအခါ မိမိသည် ဆောင်းခိုငှက်တစ်ကောင်၊ ဒါမှမဟုတ် ဆောင်းပွင့်တစ်ပွင့်၊ ဒါမှမဟုတ် စကားပင်အောက် တစ္ဆေ မဟုတ်တော့။

ဒါပေမယ့် ပထမဆုံးသော နှင်းသင့်နံနက်ထဲမှာ ပြုနေကျ ဝတ်မပျက်၊ ကဗျာကလေးတစ်ပိုဒ်၊ နှစ်ပိုဒ်၊ သီချင်းကလေး တစ်စ တစ်ဖွဲ့၊ သီဆိုနေချင်သေးသည်။ စွဲမက်ဖူးသည့် ကဗျာကလေးတွေကို ရေးကူးချင်သေးသည်။ ပြတင်းကို ဖွင့် သင်းပျံ့သော စကားရနံ့၊ နှင်းဆီရနံ့တွေကို ခံစားရှိုက်မက်ချင်သေးသည်။

■

*ကျွမ်းကိုးသည့်ကဗျာများ*
*မအိ (စကားပင်အောက်ကတစ္ဆေ)*
*မအိ (ဆောင်းခိုငှက်)*
*(အောင်ပြုံး ရှုမဝမဂ္ဂဇင်း)*

*(ချယ်မတော်မဂ္ဂဇင်း / ၁၉၈၉ - မေလ)*

http://www.cherrythitsar.org



နေဝင်းမြင့်

အိုင်ဒီယာအက်ဆေးများ